
ပတ္တမြားစာအုပ်တိုက်

အခြေခံပညာအလယ်တန်း

# စံပြစာစီစာကုံးများ

ဦးဝမ်ထိန်



သတ္တမတန်း နှင့် အဋ္ဌမတန်းအတွက်

ပထမအကြိမ်

အုပ်ရေ - ၁၀၀၀

၂၀၀၂ - ခုနှစ်

တန်ဖိုး - ၁၀၀၀ ကျပ်

စာမူခွင့်ပြုချက်အမှတ် - ၅၆၈/၂၀၀၂ (၆)

မျက်နှာဖုံးခွင့်ပြုအမှတ် - ၆၁၅/၂၀၀၂ (၇)

အတွင်းပုံနှိပ် - ဦးစိန်ဝင်း (၀၆၅၈၇)
စိန်ရတနာပုံနှိပ်တိုက်
အမှတ်- (၁၂၅)၊ မြရာကုန်းလမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ် - ဦးကျော်စိန် (၀၂၉၀၉)
ကျောက်စိမ်းအော့ဖ်ဆက်
အမှတ်-၁၇၁၊ ၃၃ လမ်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ - ဦးကျော်ဟင်း (၀၉၁၀)
ယုံကြည်ချက်စာပေ
အမှတ်(၁၁၁)၊ ၃၃လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်း။

မျက်နှာဖုံးဒီဇိုင်း - နေမင်းဦး

ကွန်ပျူတာစာစီ - နေမင်းဦး

ဖြည့်လုံးကျွတ်ဖြန့်ချိရေး

ပဏ္ဏမြားဧမောက်စာပေ

အမှတ်-၁၆၈၊ ၃၃-လမ်း၊ ရန်ကုန်မြို့။
ဖုန်း-၃၈၆၄၀၈

## မာတိကာ


| | | |
|---|---|---|
| | စာရေးသူ၏စကားလက်ဆောင် | ၇ |
| ၁။ | ကျေးဇူးရှင်ဆရာ | ၁၃ |
| ၂။ | ကျွန်ုပ်တို့စာသင်ကျောင်း | ၁၈ |
| ၃။ | ကျောင်းသားတာဝန် | ၂၃ |
| ၄။ | ကျွန်ုပ်၏မျှော်မှန်းချက် | ၂၉ |
| ၅။ | ကျောင်းသွားကျောင်းပြန်မြင်ကွင်း | ၃၅ |
| ၆။ | ကျောင်းသားတစ်ယောက်၏တစ်နေ့တာ | ၄၁ |
| ၇။ | ကျွန်ုပ်အနှစ်သက်ဆုံးသောဘာသာရပ် | ၄၇ |
| ၈။ | လေ့လာရေးခရီးတစ်ခေါက် | ၅၃ |
| ၉။ | သီတင်းကျွတ်ကျောင်းပိတ်ရက် | ၅၉ |
| ၁၀။ | ကျောင်းစာကြည့်တိုက် | ၆၅ |
| ၁၁။ | ကျောင်းဥယျာဉ် | ၇၁ |
| ၁၂။ | ငယ်စဉ်အခါပညာရှာ | ၇၇ |
| ၁၃။ | ကျောင်းသားနှင့်အားကစား | ၈၃ |
| ၁၄။ | ကျောင်းသားနှင့်ယဉ်ကျေးမှု | ၈၉ |
| ၁၅။ | ကျွန်ုပ်၏ဆရာများ | ၉၄ |
| ၁၆။ | ကျွန်ုပ်၏ဘောလ်ပင်ကလေး | ၁၀၀ |
| ၁၇။ | လွတ်လပ်ရေးနေ့ | ၁၀၆ |
| ၁၈။ | အာဇာနည်နေ့ | ၁၁၂ |
| ၁၉။ | တို့နိုင်ငံအလံတော် | ၁၁၈ |
| ၂၀။ | တို့နိုင်ငံနှင့်တို့လူမျိုး | ၁၂၄ |
| ၂၁။ | ရေဒီယိုနားထောင်ခြင်း | ၁၂၉ |
| ၂၂။ | ကျွန်ုပ်လေးစားရသောပုဂ္ဂိုလ်တစ်ဦး | ၁၃၄ |
| ၂၃။ | တို့လယ်သမား | ၁၄၀ |
| ၂၄။ | အချစ်ဆုံးသူငယ်ချင်း | ၁၄၆ |

၂၅။ ကျွန်ုပ်အနှစ်သက်ဆုံးသော ၁၅၂
ရုပ်မြင်သံကြားအစီအစဉ်တစ်ခု
၂၆။ ကျွန်ုပ်၏ဝါသနာ ၁၅၈
၂၇။ ချစ်ဖေဖေ ၁၆၄
၂၈။ မွေးမေမေ ၁၆၉
၂၉။ အချစ်တော်ခွေးကလေး ၁၇၅
၃၀။ စာဖတ်ခြင်းအကျိုး ၁၈၀
၃၁။ မိုးရာသီ ၁၈၆
၃၂။ ဆောင်းဟေမန် ၁၉၁
၃၃။ နွေဂိမှာန် ၁၉၇
၃၄။ နေဝင်ချိန်အလှ ၂၀၂
၃၅။ မြန်မာ့သင်္ကြန် ၂၀၇
၃၆။ ကောက်ရိတ်ချိန် ၂၁၂
၃၇။ ပညာရဲရင့်ပွဲလယ်တင့် ၂၁၇
၃၈။ စည်းကမ်းသည်လူ့တန်ဖိုး ၂၂၂
၃၉။ ဇွဲလုံ့လ ၂၂၈
၄၀။ တစ်နေ့တစ်လံ ပုဂံဘယ်ပြေး ၂၃၄
၄၁။ ကျန်းမာခြင်းသည် လာဘ်တစ်ပါး ၂၃၉
၄၂။ တို့တောရွာ ၂၄၅
၄၃။ မူးယစ်ဆေးဝါး တို့ရှောင်ရှား ၂၅၀
၄၄။ မေ့မရနိုင်သောမြင်ကွင်းတစ်ခု ၂၅၆
၄၅။ စာမတတ်သူပပျောက်ရေး ၂၆၂
၄၆။ စားနပ်ရိက္ခာတိုးစေရာ ၂၆၇
၄၇။ သစ်ပင်များ ၂၇၃
၄၈။ ခုခံအားကျဆင်းမှုရောဂါကာကွယ်ပါ ၂၇၉
၄၉။ ကျွန်ုပ်၏ အိမ်နားနီးပါးများ ၂၈၅
၅၀။ စည်းလုံးခြင်းသည်ခွန်အား ၂၉၁

## စာရေးသူ၏ စကားသက်သေခံ

နိုင်ငံတော်၏ပညာရေးကို ကမ္ဘာ့အဆင့်မီအောင်မြှင့်တင်ရာတွင် အခြေခံပညာရေးကဏ္ဍသည် အရေးကြီးလှပါသည်။ အခြေခံအုတ်မြစ် ခိုင်ခန့်မြဲမြံမှုမရှိဘဲ မည်သို့သောအဆောက်အအုံကမျှ ဆန်းကြယ်တင့်တယ်နိုင်မည်မဟုတ်ချေ။ ထိုနည်းတူပင် အခြေခံပညာရေးပိုင်းက တောင့်တင်းခိုင်မာပြီးပြည့်စုံခြင်းမရှိဘဲ နိုင်ငံတကာပညာရေး အဆင့်မီပညာရေးစနစ်တစ်ခုသည် ဝင့်ကြွားစွာပေါ်ပေါက်လာရန်မှာ ခဲယဉ်းလှပါသည်။ ထို့ကြောင့် အခြေခံပညာရေးတောင့်တင်းခိုင်မာရေးအတွက် မဖြစ်မနေကြိုးပမ်းကြရပေမည်။

အခြေခံပညာရေးကို တစ်ဖန်ခွဲခြမ်းစိတ်ဖြာကြည့်ပြန်လျှင် အထက်တန်းဆင့်သည် အလယ်တန်းဆင့်အပေါ် ရပ်တည်နေပြီး အလယ်တန်းဆင့်သည် မူလတန်းဆင့်ပေါ်တွင် အခြေခံထားသည်ကိုတွေ့ရမည်ဖြစ်ပါသည်။ မူလတန်းအခြေခံ တောင့်တင်းသည်နှင့်အမျှ အလယ်တန်းဆင့်သည် ခိုင်မာတောင့်တင်းလာပြီး၊ ခိုင်မာတောင့်တင်းသော အလယ်တန်းဆင့်အပေါ် အခြေခံထားနိုင်မှသာ အခြေခံပညာအထက်တန်းဆင့်သည် လိုလားအပ်သော ရည်မှန်းချက်များနှင့်အညီ ဖြစ်ထွန်းပေါ်ပေါက်လာမည်ဖြစ်ပါသည်။

အခြေခံပညာအလယ်တန်းဆင့်အခြေခိုင်ရေးသည် အထက်တန်းဆင့်ကျောင်းသားကျောင်းသူများအတွက် လွန်စွာပင်လိုအပ်နေပါသည်။

အခြေခံပညာအလယ်တန်းဆင့် မြန်မာစာသင်ကြားခြင်း၏ ရည်ရွယ်ချက်မှာ (၅)ချက်ရှိပါသည်။ ယင်းတို့မှာ -

၁။ စာကိုဖတ်၍နားလည်ရန်နှင့် နားလည်သည်ကို ရှင်းလင်းပြောပြတတ်ရန်။
၂။ ဝေါဟာရကြွယ်ဝ၍ စကားအသုံးအနှုန်းများကို နားလည်ပြီး မှန်ကန်စွာအသုံးပြုတတ်ရန်။
၃။ ဝါကျသဘောကိုနားလည်ပြီး ဝါကျဖွဲ့ပုံမှန်ကန်ရန်။
၄။ သဒ္ဒါစည်းကမ်းနှင့်အညီ မှန်ကန်တိကျ ရှင်းလင်းပြေပြစ်စွာ ရေးတတ်ရန်။
၅။ စကားပြေနှင့်ကဗျာများကို လေ့လာတတ်ရန် - တို့ဖြစ်ပါသည်။

ထိုရည်ရွယ်ချက်များကိုကြည့်လျှင် အလယ်တန်းဆင့် မြန်မာစာကို သင်ယူနေသည့်ကလေးတစ်ယောက်အဖို့ စာဖတ်စွမ်းရည်၊ နားလည်မှုစွမ်းရည်နှင့် ရေးသားစီကုံးမှုစွမ်းရည်သုံးမျိုးကို တစ်ပါတည်းရရှိသွားနိုင်ရေးသည် အဓိကဖြစ်ကြောင်းတွေ့ရမည်ဖြစ်ပါသည်။ ရည်ရွယ်ချက် (၅)ချက်အနက် ဝေါဟာရကြွယ်၍ စကားအသုံးအနှုန်းများကိုနားလည်ပြီး မှန်ကန်စွာအသုံးပြုတတ်ရန်၊ ဝါကျသဘောကိုနားလည်ပြီး ဝါကျဖွဲ့ပုံမှန်ကန်ရန်၊ သဒ္ဒါစည်းကမ်းနှင့်အညီ မှန်ကန်တိကျ၊ ရှင်းလင်းပြေပြစ်စွာရေးတတ်ရန်ဟူသော ရည်ရွယ်ချက် (၃)ခုမှာ ရေးသားစီကုံးမှုစွမ်းရည် ထက်သန်အား



ကောင်းလာစေရန် ဦးတည်ထားသဖြင့် အလယ်တန်းဆင့်ကျောင်းသားများအတွက် အထူးအလေးပေးရမည့်စွမ်းရည်မှာ ရေးသားစီကုံးမှုစွမ်းရည်ဖြစ်ကြောင်း အထင်အရှားတွေ့ရမည်ဖြစ်ပါသည်။

ထို့ကြောင့် အလယ်တန်းဆင့်ကျောင်းသားများအတွက် ရေးသားစီကုံးမှုစွမ်းရည်ကို မရ-ရအောင် ကြိုးပမ်းပျိုးထောင်ကြရမည့်အလုပ်မှာ အဓိကကျသောတာဝန်တစ်ရပ်ဖြစ်လာပါသည်။

တစ်ဖန် ရေးသားစီကုံးမှုအပိုင်းတွင် -

(၁) ဝေါဟာရစကားအသုံးအနှုန်းများကို မှန်ကန်စွာအသုံးပြုနိုင်ရေး
(၂) ဝါကျသဘောကိုနားလည်ပြီး သဒ္ဒါစည်းကမ်းနှင့်အညီ ရေးဖွဲ့နိုင်ရေး
(၃) ဝါကျကို မှန်မှန်ကန်ကန်၊ တိတိကျကျ၊ ရှင်းရှင်း လင်းလင်း၊ ပြေပြေပြစ်ပြစ် ရေးတတ်ရန် - ဟူသော အချက် (၃)ချက်သည် အရေးတကြီးလိုအပ်ကြောင်း တွေ့ရပြန်ပါသည်။

ထို့ကြောင့် အလယ်တန်းဆင့်ကျောင်းသားများအဖို့ မြန်မာစာသင်ကြားရခြင်း၏ အဓိကရည်မှန်းချက်ကြီးဖြစ်သော ရေးသားစီကုံးမှုစွမ်းရည်ကို လက်ဝယ်ပိုင်ပိုင်ရရှိနိုင်ရန် မြန်မာစာစီစာကုံးတစ်ပုဒ်ကို ကောင်းကောင်းမွန်မွန် အဆင့်အတန်းရှိရှိရေးတတ်အောင် သင်ကြားလေ့ကျင့်ပေးခြင်းသည်သာ အကောင်းဆုံး၊ အထိရောက်ဆုံးသောနည်းလမ်းတစ်ရပ် ဖြစ်သည်ဟုဆိုနိုင်ပါသည်။

ဤခံယူချက်ဖြင့် စာရေးသူသည် ဤ "အခြေခံပညာအလယ်တန်း စံပြစာစီစာကုံးများ" စာအုပ်ကို အလယ်တန်းဆင့်မြန်မာစာစီစာကုံးရေးသားရာတွင် အထောက်အကူပြုနိုင်ရန်အလို့ငှာ ပြုစုရေး

သားလိုက်ရခြင်းဖြစ်ပါသည်။ ရေးသားရာ၌ သံရုပ်ဖေါ်စာစီစာကုံး၊ ဇာတ်ကြောင်းပြန်စာစီစာကုံး၊ အတွေးအခေါ်စာစီစာကုံး၊ စိတ်ကူးယဉ်စာစီစာကုံး၊ အနက်ဖေါ်စာစီစာကုံးဟူ၍ (၅)မျိုးရှိပေရာ ထိုအကြောင်းအရာ (၅)မျိုးစလုံးပါဝင်အောင် ရေးသားတင်ပြထားပါသည်။

ဤစာအုပ်ထဲတွင် အလယ်တန်းဆင့် ကျောင်းသားကျောင်းသူများနှင့် အပ်စပ်ဆီလျော်အောင် မလွယ်လွန်း၊ မခက်လွန်း၊ မတိုလွန်း၊ မရှည်လွန်းသော စာစီစာကုံး အပုဒ် (၅၀)ကိုထည့်သွင်းဖေါ်ပြထားပါသည်။ မိမိတို့အဆင့်နှင့်လျော်ညီစွာ သိရှိဆည်းပူးထားသည့် ဗဟုသုတ၊ အတွေးအခေါ်များဖြင့် စာစီစာကုံးတစ်ပုဒ်ကို မည်သို့ရေးသားနိုင်ကြောင်းနားလည်သိရှိပြီး ကိုယ်တိုင်လေ့ကျင့်သွားနိုင်ရန် ရည်ရွယ်ပါသည်။

အလယ်တန်းကျောင်းသားများအနေဖြင့် အထက်တန်းဆင့်သို့ရောက်သောအခါ စာစီစာကုံးတစ်ပုဒ်ကို ပေးထားသောပုံစံကြမ်းအချက်အလက်များနှင့်အညီ ရေးသားစီကုံးတတ်စေရန်ရည်ရွယ်ပြီး စာစီစာကုံးအားလုံးကို ပုံစံကြမ်းအချက်အလက်များချကာ အချက်တစ်ချက်စီကို ချဲ့ထွင်စီကုံးထားပေရာ အလယ်တန်းကျောင်းသားများသာမက အထက်တန်းကျောင်းသားများပါ လေ့လာဖတ်ရှုနိုင်ကြမည်ဟု မျှော်လင့်မိပါသည်။ အထူးသဖြင့် စာစီစာကုံးတိုင်းတွင် နိဒါန်းကိုဘယ်လိုဖျိုး၍ နိဂုံးကိုဘယ်လိုချုပ်ထားသည်ကိုလည်းကောင်း၊ ပုံစံကြမ်းပါအချက်အလက်များကို ချဲ့ထွင်ဆက်စပ်၍ ခေါင်းစဉ်နှင့်ဆီလျော်သော စာကိုယ်ကို ဘယ်လိုရေးသားစီကုံးထားသည်ကိုလည်းကောင်း မှတ်သားနမူနာယူကြစေလိုပါသည်။



ဤ "အခြေခံပညာအလယ်တန်း စံပြစာစီစာကုံးများ" ကို ပြုစုရေးသားနိုင်ရန် အကြံပြုတိုက်တွန်းပေးပြီး စာအုပ်ဖြစ်မြောက်လာအောင် ရိုက်နှိပ်ထုတ်ဝေပေးသော ရန်ကုန်မြို့ ပတ္တမြားငမောက်စာပေမှ တာဝန်ခံဆရာ ဦးကြည်ထွေးနှင့် ဒေါ်ဝင်းသန္တာတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း ဖေါ်ပြအပ်ပါသည်။

အခြေခံပညာအလယ်တန်းဆင့် ကျောင်းသူကျောင်းသားတိုင်း မြန်မာစာစီစာကုံးတစ်ပုဒ်ကို မှန်မှန်ကန်ကန်၊ တိတိကျကျ၊ ရှင်းရှင်းလင်းလင်း၊ ပြေပြေပြစ်ပြစ် ရေးသားစီကုံးနိုင်ကြပါစေ။

စာရေးသူ

❖ ❖ ❖ ❖ ❖

# ၁။ ကျေးဇူးရှင်ဆရာ

**ရေးရန်ပုံကြမ်းအချက်အလက်များ**

- ကျေးဇူးရှင်ဟူသည်
- အနန္တဂိုဏ်းဝင်ကျေးဇူးရှင်ဆရာ
- ဆရာ၏အမည်၊ အသက်၊ နေရပ်၊ အသွင်အပြင်
- ဆရာ၏သင်ပြလမ်းညွှန်ပေးပုံ
- ဆရာ၏စေတနာ ကောင်းမွန်မြင့်မြတ်ပုံ
- ဆရာ့ကျေးဇူး ဆပ်၍မကုန်နိုင်အောင်ကြီးမားပုံ
- ဆရာ့အပေါ်ရှိသေလေးစားရပုံ

လူ့လောကတွင် ကျေးဇူးရှင်ဟုခေါ်ဆိုထိုက်သူ များစွာရှိပါသည်။ မိဘနှစ်ပါးသည် ကျေးဇူးရှင်များဖြစ်ကြသည်။ ဆရာ၊ ဆရာမများသည် ကျေးဇူးရှင်များဖြစ်ကြသည်။ လူများကိုမဆိုထားနှင့် ကျွန်ုပ်တို့အသက်ရှင်နေထိုင်ရာ ဤမြေကြီး၊ ဤတောတောင်သစ်ပင်တို့သည်လည်း ကျွန်ုပ်တို့၏ကျေးဇူးရှင်များပင်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် မိဘနှင့်ဆရာသမားတို့သည် ကျွန်ုပ်တို့အား

လူလားမြောက်အောင် မွေးကျွေးစောင့်ရှောက်ပေးကြပြီး လူ့လောက၌ သိအပ်တတ်အပ်သော အသိပညာ၊ အတတ်ပညာများကို သင်ကြားပြသပေးခဲ့ကြသည်။ ဤမြေကြီးနှင့် တောတောင် သစ်ပင်တို့သည် ကျွန်ုပ်တို့အသက်ရှင်နေထိုင်ရန် နေစရာ၊ ဝတ်ဆင်စရာ၊ စားစရာများကိုထုတ်လုပ်ပေးကာ လူသားတို့အကျိုးသယ်ပိုးပေးနေသောကြောင့် ဖြစ်ပါသည်။

ထိုထိုသောကျေးဇူးရှင်ကြီးများတွင် ကျွန်ုပ်တို့အား စာသင်ပေးနေကြသည့် ဆရာ၊ ဆရာမများသည် ကျွန်ုပ်တို့အတွက် ပေးဆပ်၍ မကုန်နိုင်သော ကျေးဇူးရှင်များဖြစ်ကြပါသည်။ ထိုကျေးဇူးရှင် ဆရာ၊ ဆရာမများစွာအထဲ အထူးခြားဆုံး၊ အလေးစားဆုံးသော ဆရာ တစ်ဦး၏အကြောင်းကို ရေးသားတင်ပြလိုပါသည်။ မြန်မာမှုတွင် "အာစရိယဂုဏော၊ အနန္တော" ဟူ၍ ဆရာတို့၏ ကျေးဇူးဂုဏ်ကြီးမားပုံကို ဖွင့်ဆိုထားကြပါသည်။ ထိုအဆိုနှင့်ကိုက်ညီအံဝင်စွာ ဆရာသည် သူ၏တပည့်များပညာတတ်မြောက်အောင် သင်ကြားပေးပါသည်။ ကျွန်ုပ်၏ကျေးဇူးရှင်ဆရာကားအခြားမဟုတ်။ ဆရာဦးဘမောင်ပင်ဖြစ်ပါသည်။

ဆရာဦးဘမောင်သည် ကျွန်ုပ်တို့ကျောင်းမှ အလယ်တန်းပြဆရာတစ်ဦးဖြစ်ပါသည်။ အသက် (၄၀)ခန့်ရှိပါပြီ။ ဆရာသည် တက္ကသိုလ်တစ်ခုမှ ဘီအေခေါ် ဝိဇ္ဇာဘွဲ့ရရှိထားသူဖြစ်ပါသည်။ စာသင်ကျောင်းနှင့်မဝေးလှသော ရပ်ကွက်ထဲတွင်နေထိုင်ပါသည်။ သူသည် ကျွန်ုပ်တို့ သတ္တမတန်း (က) အတန်းပိုင်ဆရာလည်းဖြစ်ပါသည်။ ဆရာသည် အရပ်အမောင်းမနိမ့်မမြင့်၊ မပိန်မဝ၊ မဖြူမညိုသောအသားအရည်ရှိပြီး ကြည့်၍ကောင်းပါသည်။ စကား





ပြောလျှင်ပြုံးပြီးပြောတတ်သဖြင့် တပည့်များကသူ့အား ချစ်ကြောက်ရိုသေကြပါသည်။

ဆရာသည် အပြင်ပန်းပုံသဏ္ဍာန် ကြည့်၍ကောင်းသလောက် အတွင်းစိတ်ထားလည်းကောင်းသူဖြစ်ပါသည်။ စာသင်ရာ၌ စိတ်ရှည်ပြီး တပည့်များနားလည်သည်အထိ အချိန်ယူသင်ပေးပါသည်။ ထို့ကြောင့် ဆရာ၏စာသင်ချိန်တွင် ကျွန်ုပ်တို့သည်အလွန်ပျော်ပါသည်။ သူသည် မြန်မာစာကိုသင်ပါသည်။ သူသည် စာအလွန်ဖတ်ပြီး ဗဟုသုတလည်း ပြည့်စုံကြွယ်ဝပါသည်။ စကားကိုလည်း ရှင်းလင်းပြတ်သားစွာပြောနိုင်ပါသည်။ ထို့ကြောင့်ဆရာသည် မြန်မာစာကို တပည့်များစိတ်ဝင်စားအောင်သင်ပြနိုင်ပါသည်။ သင်ကြားရသောအကြောင်းအရာကိုသာမက ထိုအကြောင်းအရာနှင့်သက်ဆိုင်သော ဗဟုသုတများ၊ သိမှတ်စရာများကိုပါ ထည့်သွင်းပြောပြသဖြင့် တပည့်များအဖို့ အကျိုးများလှပါသည်။

ကျွန်ုပ်၏ကျေးဇူးရှင်ဆရာဦးဘမောင် စာသင်အလွန်ကောင်းသည်ဟု ကျောင်းတွင်နာမည်ကြီးလှပါသည်။ အထူးသဖြင့် မြန်မာကဗျာများကိုသင်သောအခါ အလွန်နားထောင်ကောင်းပါသည်။ မကြားဘူးသည့်စကားလုံးများ၊ အကြောင်းအရာများ၊ ဇာတ်နိပါတ်များကို နာယူမှတ်သားရသောကြောင့် ကျွန်ုပ်တို့အဖို့ မြန်မာမှုများနှင့်ရင်းနှီးကျွမ်းဝင်စေပါသည်။ သင်ခန်းစာပါဝေါဟာရတစ်လုံးချင်းကိုလည်း စိတ်ရှည်လက်ရှည်ရှင်းပြပါသည်။ မြန်မာစာ၏အသက်သည် မြန်မာဝါကျကို သဒ္ဒါစည်းကမ်းနှင့်အညီ ရေးဖွဲ့တတ်ခြင်းနှင့် သတ်ပုံသတ်ညွှန်းမှန်ကန်ခြင်းအပေါ် တည်မှီနေကြောင်းပြောပြ၍ ဝါကျဖွဲ့ပုံနှင့် သတ်ပုံများကို စနစ်တကျသင်ပြပေးပါသည်။

ဆရာသည် တပည့်များအား "စာ" ကိုသာမက "လိမ္မာရေးခြားရှိရေး" ကိုပါ ဦးစားပေးသင်ကြားပေးလေ့ရှိပါသည်။ စာသာတတ်ပြီး အလိမ္မာမရှိပါက အချည်းနှီးဖြစ်ရကြောင်းကို နားလည်အောင်ရှင်းပြပါသည်။ သူ့တပည့်များကို ကြီးပြင်းလာပါက စာတတ်ပညာတတ်တစ်ယောက်ဖြစ်လာရုံသာမက အများကလေးစားရသော လူကောင်းလူတော်များ ဖြစ်လာစေလိုသောကြောင့်ဖြစ်ပါသည်။ ကျွန်ုပ်တို့တပည့်များအပေါ်ထားရှိသော ဆရာ၏စိတ်ဓါတ်မှာ မွန်မြတ်သန့်စင်လှပါသည်။ တပည့်များ၏ကောင်းကျိုးလိုလားသော စေတနာမှာလည်း ကြီးမားထက်သန်လှပါသည်။

ဆရာသည် မြန်မာစာစီစာကုံးရေးနည်းကို စနစ်တကျသင်ပေးတတ်ပါသည်။ စာစီစာကုံးရေးရာ၌ စိတ်ကူးဉာဏ်ထက်သန်မှုနှင့် အတွေ့အကြုံသည် အရေးကြီးကြောင်း လမ်းညွှန်ပေးလေ့ရှိပါသည်။ ထို့ကြောင့် တစ်ခါကဆရာသည် ကျွန်ုပ်တို့အား "ရွာသာယာ" ခေါ် ရွာကလေးဆီသို့ခေါ်သွားပြီး လေ့လာစေပါသည်။ ရွာထဲရှိ ဘုရားစေတီ၊ ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်းနှင့် လူအများ၏လုပ်ကိုင်နေထိုင်ပုံကို လက်တွေ့လေ့လာမှတ်သားနိုင်ပါသည်။ ထိုမျှသာမက ရွာအပြင်ဘက်ရှိ ရွာစည်းရိုးတစ်လျှောက် လှည့်ပတ်ကြည့်ရှုစေပါသည်။ ရွာတောင်ဘက်ရှိ လယ်ကွင်းပြင်၊ ရွာမြောက်ဘက်ရှိ ချောင်းကလေးနှင့် ရွာအရှေ့ဘက်ရှိတောတန်းကလေးများ၏ ကြည်နူးဖွယ်သဘာဝကို ကြည့်ရှုခံစားစေပါသည်။ နေ့ခင်းပိုင်းတွင် ရွာလယ်ရှိညောင်ပင်ကြီးအောက်၌ စုရုံးပြီး အသင့်ပါလာသည့်ထမင်းထုပ်များကို ဖြည်၍ စားသောက်ကြရင်း ဆရာက ရွာကလေးအကြောင်း စိတ်ဝင်စားဖွယ် ကောင်းစွာရှင်းပြပါသည်။





ဤသို့ ကျွန်ုပ်တို့ ကျောင်းသားများကိုယ်တိုင် ကွင်းဆင်းလေ့လာစေပြီးမှ နောက်တစ်နေ့ ကျောင်းပြန်တက်သောအခါ "တို့တောရွာ" ဟူသောခေါင်းစဉ်ဖြင့် စာစီစာကုံးတစ်ပုဒ်ကိုရေးခိုင်းပါသည်။

ကျွန်ုပ်၏ကျေးဇူးရှင်ဆရာ၊ ဆရာဦးဘမောင်၏ကျေးဇူးတရားကြီးမားလှပါသည်။ ဆရာဦးဘမောင်ကဲ့သို့သော စာသင်ကောင်း၊ စေတနာကောင်းသော ဆရာတစ်ဦးနှင့်တွေ့ဆုံရသည့် ကျွန်ုပ်အဖို့ ကံကောင်းပါသည်။ လူ့လောက၌ ဆရာကောင်း၊ မိဘကောင်း၊ မိတ်ဆွေကောင်းများနှင့် တွေ့ဆုံဆက်ဆံခွင့်ရခြင်းသည် ကြီးမြတ်လှသော မင်္ဂလာတရားတစ်ခုမဟုတ်ပါလော။

ကျွန်ုပ်သည် ဆရာဦးဘမောင်နှင့်တွေ့ဆုံ၍ သူ၏ သင်ကြားပြသလမ်းညွှန်မှုကို ခံယူရသောကြောင့် ကြိုးစားချင်စိတ်များပေါ်လာပါသည်။ ဆရာ၏စိတ်ထားကောင်း၊ စေတနာကောင်းများသည် ကျွန်ုပ်တို့ထံသို့ ကူးစက်လာသလားမပြောတတ်ပါ။ ကျွန်ုပ်သည် ဆရာကဲ့သို့ သဘောကောင်းသူ၊ စိတ်ထားဖြူစင်သူ၊ စေတနာထက်သန်သူ ဆရာကောင်းတစ်ယောက်ဖြစ်လိုသော စိတ်ဓါတ်များ တဖွားဖွားပေါ်လာပါသည်။ ထို့ကြောင့်ကျွန်ုပ်သည် ကျေးဇူးရှင်ဆရာအပေါ်၌ တင်ရှိနေသောကျေးဇူးများကို တစ်ချိန်ချိန်၌ မည်သို့ပြန်လည်ပေးဆပ်ရမည်ကိုသာ စိတ်ကူးလျှက် နေမိပါတော့သည်။

◆ ◆ ◆ ◆ ◆

## ၂။ ကျွန်ုပ်တို့စာသင်ကျောင်း

**ရေးရန်ပုံကြမ်းအချက်အလက်များ**

- ကျွန်ုပ်ကျောင်းစတင်နေသောနေ့
- ကျွန်ုပ်နေရသော အတန်းနှင့်ကျောင်း
- ကျောင်းတည်နေရာနှင့် ပုံသဏ္ဍာန်
- ကျောင်းရှိ ဆရာ၊ ဆရာမများ
- ကျောင်းကလေးက ပျော်စရာကောင်းပုံ
- ထိုကျောင်းသည် ကျွန်ုပ်အတွက် တစ်သက်တာ မေ့မရနိုင်ပုံ

ကျွန်ုပ်ဘဝတွင် ကျောင်းစတင်အပ်နှံ၍ ကျောင်းစတက်ရသောဘဝကိုမေ့မရနိုင်ဘဲ အမှတ်ထင်ထင်ရှိနေဆဲဖြစ်ပါသည်။ လွန်ခဲ့သော (၈)နှစ်ခန့်ကဖြစ်ပါသည်။ မိုးဖြိုင်ဖြိုင်ရွာသွန်းနေသည့် ဇွန်လ၏တစ်ခုသောနံနက်ခင်းတွင် အဖေသည်ကျွန်ုပ်အား စာသင်ကျောင်းဆီသို့ခေါ်သွား၍ ကျောင်းအပ်နှံပါသည်။ အဖေသည် ကျောင်းဆရာကြီးရုံးခန်းထဲသို့ခေါ်သွားကာ ဆရာကြီးထံအပ်ပါ





သည်။ စာရွက်ပေါ်တွင် အဖေသည် လက်မှတ်များကိုရေးထိုးပြီး ပြန်သွားပြီးနောက် ဆရာတစ်ယောက်ကကျွန်ုပ်အား သူငယ်တန်းအခန်းသို့ခေါ်သွားကာ ရှေ့ဆုံးအတန်းတွင် ထိုင်ခိုင်းပါသည်။ စာသင်ခန်းမှာ သစ်ခင်းသစ်ကာဖြစ်ပြီး ဓနိဖက်မိုးထားပါသည်။ စာရေးခုံများမှာ ခုံနိမ့်များဖြစ်၍ ကြမ်းပြင်ပေါ်တွင်ထိုင်ရပါသည်။

ကျွန်ုပ်နေသောကျောင်းမှာ ညောင်ပင်သာကျေးရွာ အစိုးရအလယ်တန်းကျောင်းဖြစ်ပါသည်။ အလွန်ကျယ်ဝန်းသော မြေကွက်လပ်အလယ်တွင် ဆောက်လုပ်ထားခြင်းဖြစ်ပါသည်။ ကျောင်းမှာ မြေစိုက်တစ်ထပ်ကျောင်းဖြစ်၍ သစ်ခင်း၊ သစ်ကာ၊ သွပ်မိုးထားပါသည်။ ကျောင်း၏အရှေ့ဘက်တွင် လယ်ကွင်းပြင်ကြီးရှိပါသည်။ မိုးရာသီတွင် ထိုလယ်ကွင်းကြီးသည် မြရောင်လွှမ်းထားသောကမ္ဗလာကြီးတစ်ချပ်ကဲ့သို့ ကြည့်၍အလွန်ကောင်းပါသည်။ ကျောင်းဝင်းအတွင်း၌မူ သရက်၊ ပိန္နဲ၊ ပိတောက်နှင့် အုန်းပင်များကိုစိုက်ပျိုးထားပြီး ကျောင်း၏အလံတိုင်တည့်တည့်တွင် မြောင့်တန်းညီညာသည့် မြေနီလမ်းကလေးရှိပါသည်။

ယခု ကျွန်ုပ်ပညာသင်နေသောကျောင်းမှာ ကျွန်ုပ်ကိုယ်တိုင်သူငယ်တန်းကျောင်းသားဘဝက နေခဲ့သောကျောင်းဖြစ်ပါသည်။ ထိုစဉ်က ဓနိဖက်မိုးထားသော်လည်း ယခုအခါ အနည်းငယ်ချဲ့ထွင်ကာ သွပ်မိုးထားပါသည်။ ကျွန်ုပ်တို့ကျောင်းသည် ရွာ၏ထိပ်ဝတွင်ရှိ၍ ရွာကိုဝင်လာသူတိုင်းသည် ထိုကျောင်း၏ရှေ့မှလျှောက်လာရသည်ချည်းသာဖြစ်၍ လူသွားလူလာစည်းကားလှပါသည်။ ကျောင်း၏ပုံသဏ္ဍာန်မှာ အင်္ဂလိပ်အက္ခရာ "အီး" ပုံရှိ၍ ရှေ့တည့်တည့်တွင် အလံတိုင်တစ်ခုကိုစိုက်ထူထားပါသည်။ ထိုအလံတိုင်ထိပ်တွင် ပြည်

ထောင်စုမြန်မာနိုင်ငံတော်၏အလံမှာ ကျောင်းပိတ်ရက်များမှအပ တလူလူလွင့်နေတတ်ပါသည်။ ကျွန်ုပ်တို့ကျောင်းမှာ တောကျောင်း ကလေးတစ်ကျောင်းဖြစ်သော်လည်း သပ်ရပ်သန့်ရှင်းကာ ကျက်သ ရေရှိလှပါသည်။ ထို့ကြောင့်လားမသိ။ ပြီးခဲ့သောကျောင်းနှစ်တွင် ကျွန်ုပ်တို့ကျောင်းသည် မြို့နယ်အတွင်းရှိကျောင်းများထဲမှ အသပ် ရပ်၊ အသန့်ရှင်းဆုံးဆုကိုရခဲ့သဖြင့် ကျောင်းရှိဆရာ၊ ဆရာမများ နှင့်တကွ ကျောင်းသားများ၊ ကျေးရွာသားများကပါ ဂုဏ်ယူမဆုံး ဖြစ်ခဲ့ရပါသည်။

ကျောင်းက သပ်ရပ်သန့်ရှင်းသည့်နေရာ၌ နာမည်ရသလို ကျောင်းရှိဆရာ၊ ဆရာမများကလည်း အောင်ချက်ကောင်းအောင် သင်ကြားပြသရာ၌ နာမည်ရကြပါသည်။ ပြီးခဲ့သောကျောင်းနှစ်တွင် ကျွန်ုပ်တို့ကျောင်းသည် မြို့နယ်အလယ်တန်းကျောင်းအဆင့် အောလုံးပွဲ၌ တံခွန်စိုက်ဒိုင်းဆုကြီးကိုပင် ဆွတ်ခူးရရှိခဲ့ပါသည်။ ကျောင်းဆရာကြီးသည် ဦးလှဖေဖြစ်ပါသည်။ သူက စည်းကမ်း ကြီးသူတစ်ယောက်ဖြစ်ပြီး ကျောင်းကိုအုပ်ချုပ်စီမံရာ၌ ကျွမ်းကျင် ပိုင်နိုင်သူဖြစ်ပါသည်။ ကျောင်းရှိ ဆရာ၊ ဆရာမများနှင့်လည်း ကောင်း၊ ကျေးရွာလူကြီးများ၊ ကျောင်းသားမိဘများနှင့်လည်း ကောင်း ရင်းနှီးခင်မင် စွာ ဆက်ဆံပေါင်းသင်းတတ်သူ ဆရာကြီး ကောင်းတစ်ယောက်ဖြစ်ပါသည်။ ထို့ကြောင့် ဆရာကြီးသည် ကျောင်းရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူအားလုံး ၏ ချစ်ကြောက်ရိုသေခြင်းကို ခံရသကဲ့သို့ ကျေးရွာလူထု၏ ပူးပေါင်း ကူညီမှုကိုလည်း ရရှိပါသည်။





ထိုမျှသာမကသေး။ ဆရာကြီးတွင် အားသာချက်တစ်ချက် လည်း ရှိပါသေးသည်။ ရွာဦးကျောင်းဆရာတော် ဦးတေဇသည် သူ၏ ဝမ်းကွဲအကိုတော်စပ်နေခြင်းပင်တည်း။ ကျေးရွာစာသင် ကျောင်းအတွက်လိုအပ်ချက်များရှိလျှင် ဆရာကြီးက ဆရာတော် ကိုပြောလိုက်ရုံနှင့်ပင် ကိစ္စပြီးပါသည်။ ကျောင်းအုပ်ဆရာကြီး အနေ နှင့် ကျောင်းကိုကောင်းစွာစီမံအုပ်ချုပ်နိုင်သည့်နည်းတူ လက် ထောက် ဆရာ၊ ဆရာမများအနေဖြင့်လည်း မခိုကပ်ဘဲအလုပ်လုပ် ကြပါသည်။ စိတ်ရင်းကောင်းသူများဖြစ်ကြပြီး တပည့်များအပေါ် တွင် စေတနာထက်သန်သူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့ကျောင်း တွင် ဆရာ၊ ဆရာမများစုစုပေါင်း (၃၂)ယောက်ရှိပါသည်။ အမျိုး သားဆရာ (၅)ယောက်ဖြစ်ပြီး ကျန်သောဆရာများမှာ ဆရာမများ ဖြစ်ကြပါသည်။ ဆရာ၊ ဆရာမ အများစုမှာ ရွာခံများဖြစ်ကြပြီး ရပ်ဝေးနေဆရာ၊ ဆရာမတို့မှာ လူနည်းစုဖြစ်ပါသည်။

ကျွန်ုပ်တို့ကျောင်းတွင် ကျောင်းသူကျောင်းသားပေါင်း တစ် ထောင်ကျော်ရှိပါသည်။ သူတို့သည် ညောင်ပင်သာရွာက သာမက ရွာနီးချုပ်စပ် ကျေးရွာကလေးများမှလာကြသူများ ဖြစ်ကြပါသည်။ အများစုမှာ လယ်သမားသားသမီးများ ဖြစ်ကြသော်လည်း ပညာကို လိုလားသူများ ဖြစ်ကြသည်။ အချို့ဆိုလျှင် (၅)မိုင်မျှဝေးသောနေရာ ကပင် ခြေကျင်လျှောက်၍ ကျောင်းတက်ကြသည်မှာ ချီးမွမ်းဖွယ် ကောင်းလှသည်။ ကျေးလက်နေ လယ်သမားသားသမီးအများစုမှာ မူလတန်းပညာလောက်သာရပြီးလျှင် နွားကျောင်း၊ မိဘကူရန် ကျောင်းမှထွက်သွားကြပါသည်။ အလယ်တန်းပညာကို ဆက်လက် သင်ကြားသူများသည် လူနည်းစုဖြစ်ပါသည်။ ထို့ကြောင့် ကျေးလက်

တောရွာများတွင် စာမတတ်သူများသည် မကုန်နိုင်ဘဲ ဆက်၍ ကျန်ရှိနေကြခြင်းဖြစ်ပါသည်။

ကျွန်ုပ်တို့ကျောင်းမှ ကျောင်းသူ ကျောင်းသားများသည် လူမျိုးစုံလှပါသည်။ မွန်လည်းရှိသည်။ ကရင်လည်းပါသည်။ ရခိုင်၊ ရှမ်း၊ ပအို့စသည်ဖြင့် ရှိကြပါသည်။ လူမျိုးမတူကြသော်လည်း ညီအစ်ကိုအရင်းလို ချစ်ခင်ကြသည်။ ဆရာ၊ ဆရာမများကို ချစ်ကြောက်ရိုသေကြပြီး ဆိုဆုံးမစကားကိုလည်း တသွေမတိမ်းနားထောင်ကြပါသည်။ ဤသို့ ရွာနှင့်ကျောင်း၊ ဆရာနှင့်တပည့် ခင်မင်ရင်းနှီးမှုရှိကြသဖြင့် ကျွန်ုပ်တို့ကျောင်းသူ ကျောင်းသားများမှာ ပျော်ရွှင်ကြည်နူးရပါသည်။ ထို့ပြင် ကျွန်ုပ်တို့ကျောင်းမှာ အုန်းပင်၊ သရက်ပင်၊ ဝိန္နဲပင်၊ ပိတောက်ပင်များအလယ်တွင် အကွက်အကွင်းကျစွာတည်ရှိနေပြန်ရာ ပို၍ပင်နေချင်စရာ ကောင်းလှပါသည်။

ကျွန်ုပ်တို့ကျောင်းတွင် ဝါဆိုလ၌ ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ တန်ဆောင်မုန်းလတွင် ကထိန်ပွဲနှင့် မီးထွန်းပွဲများကို ကျောင်းဆရာကြီး၊ ဆရာ၊ ဆရာမများ၏ ဦးဆောင်မှုဖြင့် နှစ်စဉ်ကျင်းပလေ့ရှိပါသည်။ ထိုအခါ ကျောင်းသူကျောင်းသားများသာမက တစ်ရွာလုံးမှ ရွာသားများပါ၊ ပါဝင်ဆင်နွှဲကြသဖြင့် အလွန်စည်ကားလှပါသည်။ ကျွန်ုပ်တို့ကျောင်းသည် သင်ကြားရေး၊ စည်းကမ်းထိန်းသိမ်းရေး၊ အားကစားနှင့်ဘာသာရေးပါမကျန် အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်နေသည့် စံပြကျောင်းတစ်ကျောင်း ဖြစ်သည်ဟုဆိုလျှင် မှားမည်မထင်ပါ။ ထို့ကြောင့်ကျွန်ုပ်သည် ယခုနှစ်တွင် အဋ္ဌမတန်းအောင်၍ မြို့ပေါ်ရှိ အထက်တန်းကျောင်းသို့ ပြောင်းရွှေ့သွားရမည်ကိုပင် ဝန်လေး၍နေပါတော့သည်။

◆ ◆ ◆ ◆ ◆

# ၃။ ကျောင်းသားတာဝန်

**ရေးရန်ပုံကြမ်းအချက်အလက်များ**

- လူ့ဘဝရလာသူတိုင်း ပညာသင်ယူဆည်းပူးရေးသည် အရေးကြီးပုံ
- ပညာသင်ယူနေသူတိုင်း တတ်သိပညာတစ်ခုကို ရရှိနိုင်ရန်လိုအပ်ပုံ
- ပညာတတ်မြောက်စေရန်မှာ ပညာသင်သူ ကျောင်းသားက ပြုရန်ရှိသည့် တာဝန်များ ကျေပွန်ရန်လိုအပ်ပုံ
- နေ့တိုင်း ကျောင်းမှန်မှန်တက်ပြီး သင်သမျှကို မှတ်သားနာယူသင့်ပုံ
- ကျောင်းသားအချင်းချင်းဆက်ဆံရေး၊ မိဘနှင့် အိမ်သူအိမ်သားအချင်းချင်းဆက်ဆံရေး၊ ရက်ကွက်၊ ရပ်ရွာအတွင်းရှိလူများနှင့် ဆက်ဆံရေးပြေပြစ်ချောမွေ့စွာ ပြုမူနေထိုင်သင့်ပုံ

- မိမိတို့ကြီးပြင်းလာသည့်အခါ မိမိအိမ်ထောင်စုနှင့် နိုင်ငံတော်ကအားထားရသည့် နိုင်ငံ့သားကောင်း ရတနာများဖြစ်လာရေးကိုဦးတည်ပြီး သင်ယူရသည့်ပညာရပ်များကိုတတ်မြောက်အောင် ကြိုးစားသင်ယူသင့်ပုံ

လူသည် အခြားသောသတ္တဝါများနှင့်မတူ၊ တမူထူးခြားသည့် အချက်တစ်ခုမှာ မိမိတို့ဘဝအတွက် တတ်သိနားလည်အပ်သော ပညာကို ဆည်းပူးရခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့် လူ့ယဉ်ကျေးမှု အစဉ်အလာတွင် သင်ယူသူ ကျောင်းသားနှင့် သင်ပေးသူဆရာ ဟူ၍ လူတန်းစားနှစ်မျိုးပေါ်လာရပါသည်။ ပညာသည် လူတစ်ဦးစီ ၏ဘဝ တိုးတက်ဖွံ့ဖြိုးရေးနှင့် လူ့လောကကြီး ထာဝစဉ်တည်တန့် နေနိုင်ရေးအတွက် မရှိမဖြစ်အရေးကြီးလှပါသည်။ လူ့လောကကြီး တစ်ခုလုံး၏ ဖြစ်ပေါ်တိုးတက်မှုအဝဝသည် ပညာကို အခြေခံ၊ အမှီ ပြု၍သာလျှင် ဖြစ်ပေါ်လာရခြင်းဖြစ်ပါသည်။

ပညာကိုအခြေပြု၍ တိုးတက်ဖွံ့ဖြိုးအောင် ကြံဆောင်ကြိုးပမ်း ကြရာတွင် လူတိုင်းလူတိုင်းသည် မိမိတို့ပြုရန်တာဝန်ကြေရေးသည် အရေးကြီးလှပါသည်။ မိဘဖြစ်သူများသည် မိဘတာဝန်ကြေရပါ မည်။ ဆရာဖြစ်သူသည် ဆရာတာဝန်ကြေရပါမည်။ သားသမီးများ သည် သားသမီးတာဝန်ကြေရပါမည်။ ကျောင်းသားများသည်လည်း ကျောင်းသားတာဝန်ကြေကြရပါမည်။ သို့မှသာလျှင် ပြုဖွယ်ကိစ္စဟူ သမျှသည် အောင်မြင်နိုင်မည်ဖြစ်ပါသည်။





ပညာသင်ယူနေသူတိုင်းသည် တတ်သိပညာတစ်ခုခုကို ရရှိ သွားနိုင်ရန် အရေးကြီးလှပါသည်။ ပညာသင်ယူရာ၌ အချိန်၊ ငွေ ကြေး၊ အင်အားတို့ကိုရင်းနှီးကာ တစ်နည်းနည်းဖြင့် အသုံးချကြရ ပါသည်။ ငွေကုန်၊ အချိန်ကုန်၊ လူပမ်းဘဝမရောက်သွားရန် သတိပြု သင့်ကြသည်။ ထိုသို့မဖြစ်စေဘဲ သင်ယူလိုသည့်ပညာကို ရည်မှန်း ထားသည့်အတိုင်း တတ်မြောက်လာရန်မှာ ပညာသင်သူ ကျောင်း သားတိုင်းသည် တာဝန်ကြေကြရန်အရေးကြီးလှပါသည်။

ကျောင်းသားတစ်ယောက်၏တာဝန်ဆိုသည်မှာ အဘယ် နည်း။ ပညာသင်ယူနေကြသူ ကျောင်းသား၊ ကျောင်းသူတိုင်း သိရှိ နားလည်ထားသင့်ကြသည်။ ကျောင်းသားတာဝန်ကား များမြောင် ထွေပြားလှပါသည်။ ကျောင်းတက်ပြီးစာသင်ကြားရာ၌ ပြုရမည့် တာဝန်၊ ကျောင်းစည်းကမ်းများကို လိုက်နာရမည့်တာဝန်၊ ဆရာ၊ ဆရာမများ၏ သင်ကြားဆုံးမသမျှကို လေးစားစွာ မှတ်သားလိုက် နာရမည့်တာဝန်၊ အိမ်တွင်နေထိုင်ရာ၌ ပြုကျင့်ရမည့်တာဝန် စသည်ဖြင့်ရှိနိုင်ပါသည်။ ထိုတာဝန်များသည် မှတ်သားလိုက်နာ သူတို့အတွက် အကျိုးထူးများပေးနိုင်သဖြင့် ပညာသင်နေကြသူ ကျောင်းသားတိုင်းက အလေးထားလိုက်နာသင့်ကြသည်။

ကျောင်းသားကောင်းတစ်ယောက် လိုက်နာရမည့် တာဝန် များကို မြန်မာတို့ နှစ်ပေါင်းထောင်နှင့်ချီပြီး လိုက်နာကျင့်ကြံခဲ့သည့် သိင်္ဂါလောဝါဒသုတ်လာ အဆုံးအမများထဲတွင် တွေ့မြင်နိုင်ပါ သည်။ "ညီညာထကြွ၊ ဆုံးမနာယူ၊ လာမူကြိုဆီး၊ ထံနီးလုပ်ကျွေး၊ သင်တွေးအံ့ရွတ်၊ တပည့်ဝတ် မချွတ်ငါးခုသာ" ဟူသော တပည့် ကျင့်ဝတ်ငါးပါးပင်ဖြစ်ပါသည်။ ထိုကျင့်ဝတ်ငါးပါး ကိုချုပ်၍ဆို

ရလျှင် ဆရာက ပညာကိုသင်ကြားနေစဉ်တွင် ညီညီညာညာ၊ တက်တက်ကြွကြွရှိရမည်။ ဆရာသင်ကြားပြသဆုံးမသည်တို့ကို မှတ်သားနာယူရမည်။ ဆရာလာလျှင် နေရာမှထကာကြိုဆိုရမည်။ ဆရာ့အပေါ် ဝတ်ကြီးဝတ်ငယ် ဖြည့်ဆီးဆောင်ရွက်ပေးရမည်။ ဆရာသင်ပေးလိုက်သော အကြောင်းအရာကို သင်အံတွေးခေါ်ရှုတ် ဆိုကျက်မှတ်ရမည်ဟူသောအချက်များပင် ဖြစ်ပါသည်။

ယခုအခါတွင် လူနေမှုစနစ်သည် ကျယ်ဝန်းရှုပ်ထွေးလာသဖြင့် တပည့်ကျောင်းသားများ လိုက်နာဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများသည် ထို သိင်္ဂါလောဝါဒသုတ်လာ ကျင့်ဝတ်ငါးမျိုးနှင့် လုံလောက်တော့မည် မဟုတ်ချေ။ ထို့ထက် ကျယ်ပြန့်အရေးပါလှသည့်တာဝန်များကို မဖြစ်မနေလိုက်နာကြရန် လိုအပ်လာပါသည်။ ကျောင်းသားတိုင်းအတွက် အရေးအကြီးဆုံးနှင့် အရင်ဆုံးလိုက်နာရမည့်တာဝန်မှာ ကျောင်းမှန်မှန်တက်ရန်ပင်ဖြစ်ပါသည်။ ကျောင်းသားတိုင်းသည် ကျောင်းပျက်ရက်မရှိ နေ့စဉ် ကျောင်းမှန်မှန်တက်မှသာလျှင် ဆရာများသင်ကြားပို့ချလိုက်သော သင်ခန်းစာများကို အမှီလိုက်နိုင်ပြီး နားလည်သဘောပေါက်နိုင်မည်ဖြစ်ပါသည်။ "ကျောင်းမှန်မှန်တက်စာမခက်" ဆိုသော ဆောင်ပုဒ်သည် ထိုသဘောကိုဖော်ညွှန်းထားသည့် သတိပေးစကားတစ်ခွန်းဖြစ်၍ ကျောင်းမှန်မှန်တက်ခြင်းဖြင့် တာဝန်ကြေကြရပါမည်။

ကျောင်းသားတစ်ယောက်သည် ကျောင်းမှန်မှန်တက်ရုံမျှနှင့် မပြီးသေးချေ။ ဆရာ၊ ဆရာမများ၏ ဆိုဆုံးမစကားတို့ကိုလည်း လေးလေးစားစားလိုက်နာကြရပေဦးမည်။ ဆရာ၊ ဆရာမများသည် မိမိတို့အား အတတ်ပညာကိုသာ သင်ကြားပေးနေကြသူများမဟုတ်





ဘဲ၊ မိမိတို့၏တပည့်များကို ပဲ့ပြင်ဆုံးမ လမ်းညွှန်နေသူများလည်း ဖြစ်ကြပါသည်။ ထိုဆုံးမစကားများကို နာယူခြင်းအားဖြင့် လိမ္မာယဉ်ကျေးသူများ ဖြစ်လာနိုင်ပါသည်။

ကျောင်းသားများသည် တစ်နေ့လျှင် (၅)နာရီမျှ ကျောင်းမှာနေကာ ပညာများကိုသင်ယူပြီး ကျန်အချိန်များတွင် အိမ်မှာနေရပါသည်။ အိမ်မှာနေရသောအချိန်များကို ကျောင်း၌သင်ယူခဲ့သည့် ဘာသာရပ်သင်ခန်းစာများကို ပြန်လည်လေ့ကျင့်ခြင်း၊ ကျက်မှတ်ခြင်းတို့ဖြင့် အသုံးချကြရမည်ဖြစ်သည်။ မည်သည့်အချိန်တွင် အိပ်ယာထမည်။ မည်သည့်အချိန်တွင် လေ့ကျင့်ခန်းလုပ်မည်။ ကျက်မှတ်မည်။ မည်သည့်အချိန်တွင် အိပ်ယာဝင်မည် စသည်ဖြင့် အချိန်ဇယားများရေးဆွဲကာ လေ့လာကျက်မှတ်သင့်ကြပါသည်။

ထို့ပြင် မိမိနှင့်ဆက်စပ်နေသော ပုဂ္ဂိုလ်များနှင့် သင့်တင့်ညီညွတ်စွာ ပေါင်းသင်းဆက်ဆံနိုင်ရေးသည်လည်း အရေးကြီးလှပါသည်။ ကျောင်းတွင် ဆရာ၊ ဆရာမများနှင့် ဆက်ဆံရေး၊ ကျောင်းသားအချင်းချင်း ဆက်ဆံရေးတို့သည် အရေးကြီးသကဲ့သို့ အိမ်တွင်လည်း မိဘ၊ မောင်နှမများနှင့်ဆက်ဆံရေး၊ အိမ်နီးချင်း ပတ်ဝန်းကျင်ဆက်ဆံရေးတို့၌ ပြေပြစ်ဖို့လိုပါသည်။ မိမိသည် ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူတစ်ယောက်ဖြစ်သည့်အတိုင်း အများနှင့်ဆက်ဆံရာတွင် စံနမူနာကောင်းပြနိုင်သည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်အောင် နေထိုင်သင့်ကြပါသည်။

မိမိသည် နောင်တစ်ချိန်တွင် နိုင်ငံတော်ကယုံမှတ် အားထားရမည့် သားကောင်း၊ သမီးကောင်းတစ်ယောက် ဖြစ်လာရမည်ဆိုသော ရည်မှန်းချက်ကိုထားရှိကာ ပညာကို အပတ်တကုတ် ကြိုးစား

သင်ယူသွားနိုင်ရန် အရေးကြီးလှသည်။ ကျောင်းသည် အနာဂတ်သားကောင်းရတနာများ ပျိုးထောင်ပေးရာဌာနအဖြစ် မှတ်ယူကာ ကျောင်းကချမှတ်ပုံသွင်းပေးသည့်အတိုင်း ကျင့်ကြံနေထိုင်ခြင်းဖြင့် ကျောင်းသားတာဝန်ကို ကျေပွန်ကြရပါမည်။

အားလုံးကိုခြုံပြီးဆိုရလျှင် ယနေ့လူငယ်၊ နောင်ဝယ်လူကြီးဖြစ်ကြရမည့် ကျောင်းသား၊ ကျောင်းသူတိုင်းသည် မိမိတို့ လိုက်နာကျင့်ကြံကြရမည့် တာဝန်များကို တသွေမတိမ်းကျေပွန်စွာ လိုက်နာဆောင်ရွက်ကြရပေမည်။ သို့မှသာ မိမိတို့ရည်မှန်းထားသော အသိပညာရှင်၊ အတတ်ပညာရှင်များအဖြစ် ရောက်ရှိကြပြီး နိုင်ငံတော်မှလိုအပ်သော သားကောင်းရတနာများဖြစ်လာနိုင်မည်မှာ သေချာနေပါတော့သည်။

◆ ◆ ◆ ◆ ◆



## ၄။ ကျွန်ုပ်၏မျှော်မှန်းချက်

**ရေးရန်ပုံကြမ်းအချက်အလက်များ**

- လူတိုင်းလူတိုင်းတွင် မျှော်မှန်းချက်တစ်ခုစီရှိတတ်ပုံ
- ကျွန်ုပ်တွင်ရှိသော မျှော်မှန်းချက်
- ထိုမျှော်မှန်းချက်ကို ထားရှိရသောအကြောင်းရင်း
- ထိုမျှော်မှန်းချက်ကို ရရှိအောင်ကြိုးစားရမည်ဟု ဆုံးဖြတ်ထားပုံ
- ကြိုးစားအားထုတ်ရာ၌ လိုက်နာရမည့်အချက်များ
- ထိုမျှော်မှန်းချက်ကို မုချရရှိမည်ဟုယုံကြည်ထားပုံ

လူတိုင်းလူတိုင်းတွင် မျှော်မှန်းချက်ဟူသည် ရှိကြသည်သာဖြစ်ပါသည်။ အချို့က ပြည်သူပြည်သားတို့ကို ဆေးပညာဖြင့်အကျိုးပြုနိုင်သည့် ဆရာဝန်ကြီးဖြစ်ရန် ရည်မှန်းထားကြသည်။ အချို့က လူအများနေထိုင်သွားလာနိုင်စေရန် အဆောက်အဦ၊ လမ်းတံတား၊ နေအိမ်တိုက်တာများ ဆောက်လုပ်တတ်သော အင်ဂျင်နီယာကြီးဖြစ်ရန်ရည်မှန်းထားကြသည်။ အချို့ကမူ လူငယ်လူရွယ်ကလေးများ

ကို တတ်သိလိမ္မာအောင် သွန်သင်လမ်းညွှန်ပေးသော ကျောင်းဆရာ၊ ဆရာမအဖြစ် အမှုထမ်းလိုကြသည်။ အချို့ကမူ နိုင်ငံတော်ကို စောင့်ရှောက်ကာကွယ်ပေးသော စစ်ဗိုလ် ကြီးများဖြစ်လိုကြသည်။ လူတစ်ကိုယ်အကြိုက်တစ်မျိုးဆိုသလို မိမိတို့ဘဝတွင် ဖြစ်လိုသော မျှော်မှန်းချက်အမျိုးမျိုးထားရှိကြသည်မှာ သဘာဝကျလှပါသည်။

ကျွန်ုပ်သည်လည်း လူထဲကလူတစ်ယောက်သာဖြစ်၍ လူတကာနည်းတူ ပြင်းပြထက်သန်သော ရည်မှန်းချက်တစ်ခုကို ငယ်စဉ်ကပင်ထားရှိခဲ့ပါသည်။ ကျွန်ုပ်မျှော်မှန်းချက်ကားအခြားမဟုတ်။ ပြည်သူလူထုအား မှန်ကန်သောအသိအလိမ္မာပေးနိုင်သည့် နိုင်ငံကျော်စာရေးဆရာကြီးတစ်ယောက် ဖြစ်လာရေးပင်ဖြစ်ပါသည်။

ကျွန်ုပ်သည် ကြီးပြင်းလာသောတစ်နေ့တွင် တိုင်းပြည်နှင့်လူမျိုးကိုအကျိုးပြုနိုင်မည့် နိုင်ငံကျော်စာရေးဆရာကြီးတစ်ယောက်ဖြစ်လိုသော မျှော်မှန်းချက်ကိုထားရှိခြင်းမှာ စိတ်ကူးတည့်ရာ၊ စိတ်ကူးယဉ်ပြီး မျှော်မှန်းထားခြင်းမဟုတ်ပါ။ ခိုင်လုံ၍ အဓိပ္ပါယ်ရှိသော အကြောင်းရင်းများရှိပါသည်။ ကျွန်ုပ်စာရေးဆရာကြီးဖြစ်လိုသော အဓိကအကြောင်းရင်းမှာ နိုင်ငံတွင်းရှိ ပြည်သူပြည်သားများအားလုံး လူတော်လူကောင်းများဖြစ်ပြီး ကမ္ဘာ့အဆင့်မီ အသိပညာ၊ ဗဟုသုတများ ရရှိစေလိုသောကြောင့်ဖြစ်ပါသည်။

ဤနေရာတွင် ကျွန်ုပ်၏ စာရေးဆရာကြီးဖြစ်လိုသော အကြောင်းရင်းနှင့် ထိုမျှော်မှန်းချက်ဖြစ်ပေါ်လာရပုံကို ထပ်ပြီးရှင်းပြလိုပါသည်။ ကျွန်ုပ်၏အမြင်ကိုဖော်ပြရလျှင် လူတိုင်းလူတိုင်းသည် မိမိတို့ဘဝတာတွင် ဖြစ်လိုသော မျှော်မှန်းချက်များကိုထားရှိပြီး ကြိုးစားအားထုတ်သွားကြရန် လိုအပ်သည်မှန်သော်လည်း မိမိဘဝအ





တွက် ရေသောက်မြစ်သဖွယ်အရေးကြီးလှသော ကိုယ်ကျင့်စာရိတ္တနှင့် တတ်သိနားလည်အပ်သော ပညာရပ်များကို ဦးစွာဖြည့်ဆည်းသင်ယူထားရန် လိုအပ်သည်ဆိုသောအချက်ပင်ဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုရသော် မိမိ၏ ကာယ၊ ဉာဏ၊ စာရိတ္တ နှင့် ရသခံစားတတ်သော အရည်အသွေးကောင်းများကို ကြိုတင်အားဖြည့်ထားရန်လိုအပ်ပါသည်။ သို့မှသာလျှင် မိမိရည်မှန်းထားသည့်ဘဝကို လွယ်ကူချောမောစွာ ရရှိနိုင်မည်ဖြစ်ပါသည်။ ကျွန်ုပ်သည် ဤယုံကြည်ချက်ကိုရင်ဝယ်ပိုက်၍ စာရေးဆရာကြီးဖြစ်လာရန် မျှော်မှန်းထားရခြင်း ဖြစ်ပါသည်။

လူတစ်ဦးတစ်ယောက်တွင် အဓိကအကျဆုံးနှင့် အလိုအပ်ဆုံးသောအရည်အချင်းမှာ လူ့အသိ၊ လူ့အလိမ္မာရှိခြင်းပင်ဖြစ်ပါသည်။ လူ၌ရှိသင့်ရှိထိုက်သော အသိအလိမ္မာမရှိဘဲနှင့် မည်သူသည် ဆရာဝန်ကောင်းတစ်ယောက် ဖြစ်လာနိုင်ပါအံ့နည်း။ မည်သူသည် အင်ဂျင်နီယာကောင်းတစ်ယောက်၊ စစ်ဗိုလ်ကောင်းတစ်ယောက် ဖြစ်လာနိုင်ပါအံ့နည်း။ မည်သည့်နည်းနှင့်မျှ ဖြစ်လာနိုင်မည်မဟုတ်ချေ။ ထို့ကြောင့် မည်သူသည် မည်သည့်ရည်မှန်းချက်ကိုထားရှိစေကာမူ အသိအလိမ္မာမရှိလျှင် မဖြစ်နိုင်သောကြောင့် ကျွန်ုပ်သည် အများပြည်သူတို့အား အသိအလိမ္မာပေးလိုသော စာရေးဆရာကောင်းတစ်ယောက်ဖြစ်ရန် မျှော်မှန်းထားရခြင်းဖြစ်ပါသည်။

ကျွန်ုပ်သည် ထားရှိသောမျှော်မှန်းချက် ဖြစ်မြောက်အောင်မြင်လာနိုင်စေရန် အစွမ်းကုန်ကြိုးစားသွားမည်ဟု ဆုံးဖြတ်ထားပြီးဖြစ်ပါသည်။ ဆုံးဖြတ်ချက်ဟူသည် ခိုင်မာမြဲမြံဖို့ အထူးပင်လိုအပ်

ပါသည်။ ယနေ့တစ်မျိုး၊ နက်ဖြန်တစ်မျိုးလုပ်၍မရချေ။ မိမိမျှော်မှန်းထားသောပန်းတိုင်ဆီကို ဆိုက်ဆိုက်မြိုက်မြိုက်၊ ချောချောမောမောရောက်ရှိသွားအောင် မဖြစ်မနေကြိုးစားအားထုတ်သွားရမည်သာဖြစ်ပါသည်။ မျှော်မှန်းချက်ထားသည်ဆိုရာ၌ သတိပြုရန်အချက် တစ်ခုရှိပါသည်။ မိမိရည်မှန်းချက်ဖြစ်မြောက်လာအောင် နောက်ကတွန်းအားပေးမည့် ဖြစ်လိုသောဆန္ဒသည် ပြင်းပြရန်အထူး လိုအပ်ပါသည်။ ကျွန်ုပ်အနေနှင့် နိုင်ငံကျော်စာရေးဆရာတစ်ယောက်ဖြစ်ရန် ဟူသောဆန္ဒသည် ထက်သန်ပြင်းပြလှပါသည်။

မျှော်မှန်းချက်ဟူသည် စိတ်ကူးအဆင့်တွင်သာရှိသေး၍ လက်တွေ့မပါသေးပါ။ ထိုစိတ်ကူးကိုလက်တွေ့ဖြစ်လာအောင် ကြိုးစားအားထုတ်နိုင်ရေးသည် လိုအပ်လှပါသည်။ ကြိုးစားအားထုတ်ရာ၌ နည်းစနစ်မှန်၊ အတွေးအခေါ်မှန်ဖို့လိုပါသည်။ ကျွန်ုပ်သည် နည်းစနစ်မှန်မှန်၊ အတွေးအခေါ်မှန်မှန်နှင့် ကြိုးစားသွားပါမည်။ ကျွန်ုပ် စာရေးဆရာဖြစ်လိုသောမျှော်မှန်းချက်မှာ အခြားပုဂ္ဂိုလ်များ၏ မျှော်မှန်းချက်နှင့်မတူပါ။ အခြားသောမျှော်မှန်းချက်များ ပြည့်စုံအောင်မြင်ရေးအတွက် သက်ဆိုင်ရာကျောင်း၊ တက္ကသိုလ်များရှိပါသည်။ သင်ပေးမည့်ဆရာများလည်းရှိပါသည်။ ဥပမာ - ဆရာဝန်ကြီးဖြစ်ရန် မျှော်မှန်းထားသူသည် အခြေခံပညာကျောင်းများနှင့် ဆေးတက္ကသိုလ်များကို တက်ရောက်သင်ကြားလိုက်ရုံဖြင့် ဆရာဝန်ကြီးတစ်ယောက်ဖြစ်လာနိုင်ပါသည်။ သို့သော် ကျွန်ုပ်၏မျှော်မှန်းချက်ဖြစ်သော စာရေးဆရာဖြစ်ရေးအတွက် မည်သည့် ကျောင်း၊ မည်သည့် တက္ကသိုလ်ကိုမျှ တက်ရောက်သင်ကြားနိုင်မည်မဟုတ်ပါ။ ဥစ္စာရင်လို ဥစ္စာရင်ခဲသဘောဖြင့် လေ့လာဆည်းပူးသွားရပါမည်။





စာရေးဆရာဖြစ်လိုသူတို့အတွက် ရှေးဆရာကြီးများက လမ်းညွှန်မှာကြားချက်တစ်ခုရှိပါသည်။ "စု၊ တု၊ ပြု" ဟူ၍ဖြစ်ပါသည်။ စာပေဗဟုသုတများကို အရင်စုဆောင်းမှတ်သားရမည်။ အခြားစာရေးဆရာကြီးများ၏ ရေးနည်းရေးဟန်များကိုနည်းယူအတုခိုးရမည်။ ပြီးမှ မိမိရေးချင်သည်ကို ရေးရမည်ဟူ၍ ဆိုလိုခြင်းဖြစ်ပါသည်။ စာရေးဆရာဖြစ် ကျောင်း၊ တက္ကသိုလ် မရှိ သောကြောင့် ကျွန်ုပ်သည် ဤ "စု၊ တု၊ ပြု" နည်းဗျူဟာကို လိုက်နာကျင့်သုံးရပါမည်။ ဤနည်းဗျူဟာ၏ အခြေခံအုတ်မြစ်မှာ စာများများဖတ်ရန်သာဖြစ်ပါသည်။ စာများများဖတ်မှ အသိပညာ၊ ဗဟုသုတများကို ရရှိမည်ဖြစ်ပါသည်။ မိမိရရှိဆည်းပူးထားသော ပညာဗဟုသုတများကိုအခြေခံ၍ အခြားစာရေးဆရာကြီးများ မည်သို့ရေးသားတင်ပြကြသည်ကိုလေ့လာရပါမည်။ မိမိအတွက်လိုအပ်သော အသိပညာဗဟုသုတများလည်း စုဆောင်းဆည်းပူးထားပြီးပြီ၊ စာရေးဆရာကြီးများရေးသောစာများကိုလည်း လေ့လာဆည်းပူးထားပြီးပြီဆိုလျှင် မိမိရေးချင်သောအကြောင်းအရာကိုရေးနိုင်ပါသည်။

သို့သော် မိမိရေးလိုသောအကြောင်းအရာကို ရေးတတ်ရုံနှင့် စာရေးဆရာတစ်ယောက်ဖြစ်လာဦးမည် မဟုတ်သေးချေ။ ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးဟူသော စာပေပုံသဏ္ဌာန်သုံးမျိုးကို ဂနသေချာစွာ သိရှိနားလည်ထားရန်လိုပါသေးသည်။ ထို့ကြောင့် ကျွန်ုပ်သည် "စု၊ တု၊ ပြု" ရုံသာမဟုတ်၊ ထိုစာပေပုံသဏ္ဌာန် (၃)မျိုးကို နားလည်၍ ကိုယ်တိုင်ကျွမ်းကျင်ပိုင်နိုင်စွာရေးတတ်အောင် ကြိုးစားလေ့လာသွားပါမည်။

ကျွန်ုပ် စာရေးဆရာဖြစ်လာသောအခါ ကျောင်းသားလူငယ်များနှင့် စာဖတ်ပရိသတ်တို့အား အသိအလိမ္မာတိုးစေသောစာများကို ဦးစားပေးရေးမည်ဟုရည်ရွယ်ထားပါသည်။ သို့မှသာအသိအလိမ္မာရှိ၍ ယဉ်ကျေးသူများ၊ ဥပဒေကိုရိုသေလေးစားသူများ ပေါ်ပေါက်လာမည်ဖြစ်ပါသည်။ နိုင်ငံတော်ကအားထားရသော မျိုးဆက်သစ်လူငယ်များ၊ လူ့အရင်းအမြစ်များဆိုသည်မှာ အသိအလိမ္မာရှိ၍ ယဉ်ကျေးသူများ၊ တရားဥပဒေကိုလေးစား လိုက်နာသူများသာဖြစ်ပါသည်။ ထိုသို့သောလူငယ်လူရွယ်လေးများ ထွက် ပေါ်လာစေရန် ကျွန်ုပ်သည် ကဗျာနှင့်တစ်မျိုး၊ ဝတ္ထုနှင့်တစ်ဖုံ၊ ဆောင်းပါးနှင့်တစ်တန် ပုံသဏ္ဍာန်အမျိုးမျိုးနှင့် ရေးသားတင်ပြသွားပါမည်။

ကျွန်ုပ်သည် စာရေးဆရာဖြစ်လိုသောမျှော်မှန်းချက်ကို ထမြောက်အောင်မြင်သည်အထိ ကြိုးစားသွားမည်သာဖြစ်ပါသည်။ အခက်အခဲများကို တွေ့ပါကလည်း နောက်မဆုတ်တမ်း ကျော်လွှားသွားမည်ဖြစ်ပါသည်။ မည်သို့ဆိုစေ ကျွန်ုပ်သည်တစ်ချိန်တွင် နိုင်ငံကျော်စာရေးဆရာကြီး တစ်ယောက်ဖြစ်လာမည်ကို စွဲမြဲစွာယုံကြည်ထားပါသည်။

◆ ◆ ◆ ◆ ◆



## ၅။ ကျောင်းသွားကျောင်းပြန်မြင်ကွင်း

**ရေးရန်ပုံကြမ်းအချက်အလက်များ**

- နေ့စဉ်ပုံမှန်ကျင့်ရသော ကျောင်းသားတာဝန်
- ကျောင်းသွားပြန်ချိန်တွင် လမ်းတစ်လျှောက်၌တွေ့မြင်ရပုံ
- မိမိမြင်ရသော မြင်ကွင်းများနှင့် စပ်လျဉ်းပြီး ခံစားရပုံ
- ထိုမြင်ကွင်းများပေါ် မိမိ၏ သဘောထားအယူအဆများ
- ကျောင်းသွားကျောင်းပြန်မြင်ကွင်းများသည် မိမိ၏ဘဝတက္ကသိုလ်ကြီးဖြစ်ပုံ

ကျွန်ုပ်သည် အဋ္ဌမတန်းကျောင်းသားတစ်ယောက် ဖြစ်ပါသည်။ ထို့ကြောင့် နေ့စဉ်မှန်မှန် ကျောင်းတက်ရပါသည်။ အိပ်ရာကစောစောထရသည်။ သင်ခန်းစာများကို ကျက်မှတ်ရသည်။ မိဘများကို ကူညီရသည်။ နံနက် (၈)နာရီထိုးသည်နှင့် ကျောင်းသွားရန်ပြင်ဆင်ရပါသည်။ ရေမိုးချိုးပြီး၊ ထမင်းစားပြီးနောက် ကျောင်းသို့သွားရပါသည်။ နေ့စဉ်မှန်မှန်ကျောင်းတက်ရသည်မှာ ကျောင်းသားတစ်ယောက်အဖို့ အနိမ့်ဆုံးတာဝန်ဖြစ်ပါသည်။

အကြောင်းမှုကား နေ့စဉ်ကျောင်းမှန်မှန်တက်မှ ကျောင်းမှ ဆရာ၊ ဆရာမ သင်ကြားပေးသော သင်ခန်းစာများကို အဆက်အစပ်ရှိရှိ နားလည်သဘောပေါက်နိုင်မည် မဟုတ်ပါလော။

ကျွန်ုပ်တို့အိမ်သည် မြို့၏တောင်ဘက်တွင်ရှိပါသည်။ ထို့ကြောင့် မြို့၏မြောက်ဘက်တွင်ရှိသော စာသင်ကျောင်းသို့လာရသည်မှာ (၁၅)မိနစ်ခန့်ကြာပါသည်။ အကယ်၍ စက်ဘီးနှင့်မဟုတ်ဘဲ လမ်းလျှောက်ရပါက ထို့ထက်ပို၍ကြာမည်ဖြစ်ပါသည်။ ကျွန်ုပ်သည် ကျွန်ုပ်တို့၏ မြို့၏တောင်ဘက်နှင့် မြောက်ဘက်ကို အသွားအပြန် နေ့စဉ်သွားနေရပါသည်။ ထိုအသွားအပြန်ခရီးတွင် ကျွန်ုပ်သည် လူမျိုးစုံ၊ ယာဉ်မျိုးစုံ၊ မြင်ကွင်းမျိုးစုံကို တွေ့မြင်ရပါသည်။ လမ်းတစ်လျှောက်တွင် နေအိမ်အဆောက်အဦမျိုးစုံကို တွေ့ရပါသည်။ လမ်းပေါ်တွင် ကား၊ စက်ဘီး၊ ဆိုက်ကား၊ မော်တော်ကားစသည်တို့သည် ပြေးလွှားနေပါသည်။ မြို့၏အလယ်ခေါင်တွင်မူ လူနှင့်ယာဉ်များသည် ပို၍ပင်ရှုပ်ထွေးများပြားလှသည်။ မြို့လယ်ခေါင်သည် မြို့မဈေးကြီးနှင့်နီးနေသောကြောင့် တစ်ခါတစ်ရံတွင် စက်ဘီးနင်း၍မရအောင် လမ်းမကြီးသည် ရှုပ်ထွေးလှပါသည်။

နံနက်ပိုင်းကျောင်းတက်ချိန်သည် ညနေကျောင်းပြန်ချိန်ထက် လမ်းမှာပိုရှုပ်ပါသည်။ အထူးသဖြင့် မြို့မဈေးကြီးရှေ့တွင်မူ အထူထပ်၊ အရှုပ်ထွေးဆုံးဖြစ်ပါသည်။ နဂိုကပင် လူရှုပ်လှသောဈေးကြီးရှေ့တွင် ကားဂိတ်ရှိပြန်သဖြင့် ခရီးသွားသူ၊ ကားပေါ်တက်သူ၊ ဆင်းသူတို့ဖြင့်စည်ကားလှပါသည်။ ကျွန်ုပ်၏ နံနက်ကျောင်းတက်ရသည့်အခါ အိမ်မှမြို့မဈေးကြီးအထိလာရသော ခရီးတစ်လျှောက်တွင် မြင်ရသောမြင်ကွင်းမှာ မထူးခြားလှသော်လည်း မြို့မဈေးကြီး





အနီးသို့ ရောက်သောအခါ ထူးခြားပြီးစိတ်ဝင်စားဖွယ်ကောင်းလှသည်။ ဆိုင်းဘုတ်နဖူးဝိုင်းတပ်ထားသော ဈေးဆိုင်များ၊ လက်ဖက်ရည်ဆိုင်များ၊ စားသောက်ဆိုင်များ၊ အစိုးရရုံး၊ အဆောက်အဦများကိုတွေ့ရပါသည်။ လမ်းပေါ်တွင်မူ စက်ဘီးနှင့်တစ်မျိုး၊ ဆိုက်ကားနှင့်တစ်သွယ်၊ ကားနှင့်တစ်ဖုံ သွားလာလှုပ်ရှားနေသူများကိုမြင်ရပါသည်။ အချို့မှာမူ လမ်းဘေးပလက်ဖေါင်းမှလျှောက်၍ သွားနေကြပါသည်။

ဈေးအရှေ့တွင်ကား ကားပေါ်တက်သူ၊ ဆင်းသူ၊ ဈေးအထဲသို့ဝင်သူ၊ ဈေးထဲမှထွက်လာသူများနှင့် ရှုပ်ထွေးနေပါသည်။ နံနက်ခင်း အိပ်ယာမှထကာ တစ်နေ့တာလုပ်ငန်းခွင်ဝင်မည့်သူများ၊ တစ်ခြား တစ်ပါးသို့ ခရီးသွားမည့်သူများဖြစ်ကြ၍ သူတို့၏မျက်နှာများသည် ရွှင်လန်းနေပြီး တက်ကြွနေပါသည်။ သူတို့ကိုကြည့်ရသည်မှာ ကျွန်ုပ်အဖို့ အားတက်ဖွယ်ရာကောင်းလှပါသည်။

ညနေကျောင်းဆင်းချိန် အပြန်ခရီးသည် အသွားခရီးလောက် လူသွားလူလာမရှိဘဲ ရှင်းနေတတ်ပါသည်။ ကားဂိတ်မှာလည်း နံနက်ပိုင်းကကဲ့သို့ တက်သူ၊ ဆင်းသူနည်းပါးနေပါသည်။ နံနက်ပိုင်းတွင် ရှုပ်ရှက်ခတ်နေသော လက်ဖက်ရည်ဆိုင် စားသောက်ဆိုင်များသည်လည်း ဟိုမှာတစ်စု၊ ဒီမှာတစ်စုထိုင်နေသည်ကိုတွေ့ရပါသည်။ သို့သော် လမ်းပေါ်တွင် နံနက်ပိုင်းမှာထက်ပို၍ရှုပ်ထွေးလာသည်ကား ကျောင်းဆင်းလာသော ကျောင်းသူကျောင်းသားများ၏ စက်ဘီးများပင်ဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူအများစုသည် အိမ်အမြန်ရောက်လိုသောစိတ်ဖြင့် စက်ဘီးကို အားကုန်နင်းလေ့ရှိသဖြင့် တစ်ခါတစ်ရံ ဈေးကြီး၏ရှေ့တွင် တိုက်မိ၊ ချိတ်မိ တတ်ကြ

ပါသည်။ တစ်ခါတစ်ရံဒါဏ်ရာပြင်းသဖြင့် ဆေးရုံကိုပင်ပို့ရသည်ကိုတွေ့ရပါသည်။

ကျွန်ုပ်တွေ့မြင်ခံစားရသော ကျောင်းသွားနံနက်ခင်းမြင်ကွင်းနှင့် ကျောင်းပြန်ညနေပိုင်းမြင်ကွင်းနှစ်ခုအနက် နံနက်ခင်းမြင်ကွင်းသည် ကျွန်ုပ်အတွက်ပို၍ စိတ်ဝင်စားဖွယ်ကောင်းလှသည်ဟု ဆိုချင်ပါသည်။ အဘယ်ကြောင့်ဆိုသော် နံနက်ခင်းသည် သစ်လွင်ခြင်း၊ တက်ကြွခြင်း၊ ရွှင်လန်းခြင်းဟူသော အားသစ် အားမာန်များပြည့်နှက်ချယ်မှုန်းထားသည်ဖြစ်ရာ နံနက်ခင်းတွင် လူးလာလှုပ်ရှားနေသောအရာခပ်သိမ်းသည်လည်း တက်ကြွရွှင်လန်းနေသောကြောင့်ဖြစ်ပါသည်။

နံနက်ပိုင်းတွင် လမ်းတစ်လျှောက်၌ တွေ့ရသောလူများသည် အားသစ်မာန်သစ်နှင့်အတူ တက်ကြွနေပါသည်။ လမ်းပေါ်တွင် ကားကြီးကားငယ် အသွယ်သွယ်နှင့် စက်ဘီး၊ ဆိုက်ကား၊ မြင်းလှည်းတို့သည်လည်း သွားလို၊ ရောက်လိုရာဆီသို့ အရှိန်ပြင်းစွာသွားလာနေကြပါသည်။ တစ်နေ့တာ ရောင်းဝယ်ရေးလုပ်ငန်းကို စတင်နေကြသော ဆိုင်ရှင်၊ လုပ်ငန်းရှင်များသည် ရွှင်ပျသောအပြုံးများဖြင့် ဖောက်သည်များကိုစောင့်ကြိုနေကြသည်။ လမ်းဘေးရှိ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်များတွင် လူများသည် အလကားရသည့်အလား အလုအယက် တိုးဝှေ့စားသောက်နေကြပါသည်။

ညနေပိုင်းကျောင်းပြန်မြင်ကွင်းကား နံနက်ပိုင်းမြင်ကွင်းကဲ့သို့ လန်းဆန်းတက်ကြွမှုမရှိ နွမ်းလျလျ၊ ခြောက်ကပ်ကပ်နှင့်ရှိနေသည်ကိုတွေ့နိုင်ပါသည်။ ရပ်ဝေးမှပြန်လာသော ကားကြီး ကားငယ်များမှာ မောပန်းနွမ်းနယ်နေသည့် လူတစ်ယောက်ပမာ လမ်းဘေး





သို့ ထိုးဆိုက်လာပါသည်။ ထိုအခါ ကားပေါ်မှ အထုတ်အပိုးများကိုသယ်ပြီး မလှမ်းချင်လှမ်းချင်နှင့် ဆင်းလာသည့် ခရီးသည်များကိုနွမ်းလျစွာတွေ့မြင်ရပါသည်။

ကျွန်ုပ်၏ ကျောင်းသွားကျောင်းပြန်မြင်ကွင်းများကား စုံလင်လှပါသည်။ မြင်သမျှ ကြားသမျှကို စာဖြင့်ရေးပြရလျှင်ကုန်နိုင်ဖွယ်မမြင်ပါ။ လူအမျိုးမျိုး၊ စိတ်အမျိုးမျိုး၊ သဘောထားအသွယ်သွယ်ကိစ္စအထွေထွေနှင့် သွားလာလှုပ်ရှားနေသည့် မြင်ကွင်းများသည်ရှုကြည့်မှတ်သား၍ မကုန်နိုင်အောင်ပင်များ ပြားလှပါသည်။ သို့သော် ကျွန်ုပ်သည် ထိုထိုသောကျောင်းသွား ကျောင်းပြန်မြင်ကွင်းတို့ကို စိတ်ဝင်စားစွာဖြင့် လေ့လာကြည့်ရှုပါသည်။ "ကြည့်သောသူမြင်၏၊ မြင်သောသူသိ၏" ဆိုသကဲ့သို့ ထိုမြင်ကွင်းများကိုကြည့်ရှုပြီးအသိအလိမ္မာ များစွာရရှိလိုက်ပါသည်။ ထိုအသိအလိမ္မာများသည်ဘဝတက်လမ်းကိုရှာဖွေနေသော ကျွန်ုပ်ကဲ့သို့လူငယ်တစ်ယောက်အဖို့ များစွာအကျိုးရှိပါသည်။

နံနက်မိုးသောက်၊ အချိန်ရောက်လျှင် လူတို့သည် တစ်နေ့တာစားဝတ်နေရေးအတွက် သိုက်မြုံတွင်းမှပျံထွက်သွားသော ငှက်ကလေးများကဲ့သို့ လှုပ်ရှားရုန်းကန်နေရပုံကို သိရှိနားလည်ခဲ့ရပါသည်။ လူတို့အတွက်အရေးအကြီးဆုံးသောအရာမှာ ရွှေလည်းမဟုတ်၊ ပတ္တမြားလည်းမဟုတ်၊ စားဝတ်နေရေးပင် ဖြစ်ကြောင်းကိုလည်းသဘောပေါက်ခဲ့ရပါသည်။ နံနက်ပိုင်းကျောင်းသွားစဉ် သပိတ်ကိုပိုက်ကာဆွမ်းခံနေကြသော ဘုန်းတော်ကြီးများကိုတွေ့ရသောအခါယရာဝါသ ဝတ်ကြောင်ဘဝမှရုန်းထွက်ပြီး ဘဝ၏ငြိမ်းအေးမှုကိုရှာဖွေနေကြပုံမှာ အားရစရာကောင်းလှပါသည်။ စုတ်ပြတ်ညစ်ထေး

သော အဝတ်အစားများနှင့် သားငယ်ကိုနောက်ပိုးကာ တောင်းရမ်းနေသူများကိုတွေ့ရသည့်အခါ သူတို့ဘဝအပေါ် စာနာသနားပြီး သူတို့ကဲ့သို့အောက်တန်းမကျအောင် ကြိုးစားရမှာပါလားဟု အားတင်းမိပါသည်။ မည်သို့ဆိုစေ ကျောင်းသွား ကျောင်းပြန်မြင်ကွင်းသည် ကျွန်ုပ်အဖို့ လေ့လာသင်ယူ၍မကုန်နိုင်သော ဘဝတက္ကသိုလ်ကြီးတစ်ခုဖြစ်သည်ဟုသာ ဆိုလိုက်ချင်ပါတော့သည်။

◆ ◆ ◆ ◆ ◆





## ၆။ ကျောင်းသားတစ်ယောက်၏ တစ်နေ့တာ

**ရေးရန်ပုံကြမ်းအချက်အလက်များ**

- နေ့စဉ်ကျောင်းမှန်မှန်တက်နိုင်ရန်မှာ ကျောင်းသားတစ်ယောက်၏ မလုပ်မဖြစ်သောတာဝန်
- တစ်နေ့တာကို အစီအစဉ်တကျ အသုံးပြုရသောကျောင်းသားဘဝ
- တစ်နေ့တာကျောင်းတက်၍ ပညာသင်ကြားရေးအတွက် လုပ်ရသောအလုပ်များ
- တစ်နေ့တာအိမ်မှုကိစ္စများအတွက် လုပ်ကိုင်ရသောအလုပ်များ
- လုပ်သမျှအလုပ်သည် ပညာတတ်ဖို့နှင့် လူတော်လူကောင်းဖြစ်ဖို့ကို ဦးတည်ထားသင့်ပုံ
- နောင်တစ်ချိန် ကြီးပြင်းလာသောအခါ အလုပ်ကို အချိန်နှင့်တပြေးညီလုပ်တတ်သော အလေ့အကျင့်ကောင်းများရရှိသွားရန် လိုအပ်ပုံ။

ပညာသင်ယူမည့်ကျောင်းသားတစ်ယောက်သည် ပညာပေးရာဌာနဖြစ်သော စာသင်ကျောင်းသို့ မလွဲမသွေသွားရောက်ကာ ပညာရပ်များကို သင်ယူရပါသည်။ ကျောင်းရှိ ဆရာ၊ ဆရာမများ၏ သင်ကြားညွှန်ပြမှုများကို အနီးကပ်ရနိုင်သောနေရာမှာ စာသင်ကျောင်းများသာဖြစ်ပါသည်။ သင်ကြားညွှန်ပြပေးမည့် ဆရာ၊ ဆရာမများထံ ကိုယ်တိုင်သွားရောက်ပြီး တတ်သိနားလည်အပ်သော ပညာရပ်များကို စနစ်တကျသင်ယူကြရပါသည်။ ထို့ကြောင့် ကျောင်းသူ ကျောင်းသားတစ်ယောက်အဖို့ မလွဲမသွေပြုလုပ်ရမည့် အနိမ့်ဆုံးတာဝန်မှာ ကျောင်းကိုမှန်မှန် တက်ရောက်ရခြင်းပင်ဖြစ်ပါသည်။

ပညာသင်ယူနေကြရသည့် ကျောင်းသားတစ်ယောက် တစ်နေ့တာလုပ်ငန်းများသည် များပြားလှပါသည်။ ထိုလုပ်ငန်းတာဝန်များကို ပီပြင်စွာထမ်းဆောင်နိုင်ရန် တစ်နေ့တာ အစီအစဉ်များကို ကြိုတင်သတ်မှတ်ထားရပါသည်။ ထို အစီအစဉ်များအတိုင်း တိတိကျကျလိုက်နာဆောင်ရွက်နိုင်မှသာလျှင် ကျောင်းသားဘဝသည် အဓိပ္ပါယ်ရှိ၍ ကျောင်းသားဖြစ်ရကျိုးနပ်မည်ဖြစ်ပါသည်။ တစ်နေ့တာဟူ၍ အကြမ်းပြင်းဆိုလိုက်ရသော်လည်း ညဘက်အိပ်ချိန်မှလွဲ၍ နိုးကြားနေသောအချိန်များကို ကျောင်းသားတစ်ဦးတစ်ယောက်၏ တစ်နေ့တာဟုခေါ်ဆိုရမည်ဖြစ်ပါသည်။ တစ်နေ့တာကိုထပ်မံပြီး နံနက်ပိုင်း၊ နေ့လည်ပိုင်း၊ ညနေပိုင်းနှင့် ညပိုင်းဟူ၍ လေးမျိုးခွဲခြားကြည့်မြင်နိုင်ပါသည်။ ထို့အတူ ကျောင်းသို့သွား၍ စာသင်နေသောအပိုင်းနှင့် အိမ်တွင်နေရသောအပိုင်းဟူ၍ နှစ်မျိုးခွဲခြား ကြည့်မြင်နိုင်ပါသည်။





ကျောင်းသားတစ်ယောက်၏ ကျောင်းတက်၍စာသင်နေရသည့် တစ်နေ့တာလုပ်ငန်းသည် အရေးပါပြီး များပြားလှပါသည်။ နံနက်ပိုင်းကျောင်းတက်ချိန်အမီ ကျောင်းတက်နိုင်ရန်အတွက် ရေမိုးချိုး၊ နံနက်စာစားပြီးနောက် ကျောင်းချိန်အမီသွားရပါသည်။ ခြေလျင်လျှောက်ရသူကျောင်းသားများအတွက် အိမ်ကစောစောထွက်နိုင်ရန် အချိန်ပိုယူရပါသည်။ ကျောင်းရောက်၍ ကျောင်းတက်သည်နှင့် စာသင်ခန်းထဲသို့ဝင်ရောက်ကာ တစ်နေ့တာသင်ကြားရေးလုပ်ငန်းများကို စတင်ပါသည်။ ကျောင်း၏စာသင်ချိန်များမှာ များသောအားဖြင့် နံနက်ပိုင်း (၄)ချိန်၊ မွန်းလွဲပိုင်း (၃)ချိန် ပေါင်း (၇)ချိန်ရှိပါသည်။ ထိုအချိန်များတွင် သက်ဆိုင်ရာဘာသာရပ်သင်ခန်းစာများကိုသင်ယူရပါသည်။ ကျောင်းသားတစ်ယောက်၏ သင်ကြားရေး လုပ်ငန်းအောင်မြင်ထမြောက်ရေးတွင် ထိုကျောင်းချိန်သင်ကြားရေးလုပ်ငန်းသည်အရေးကြီးလှပါသည်။ တစ်ချိန်စီ၌ သက်ဆိုင်ရာဘာသာပြဆရာများ သင်ကြားပို့ချသွားသော သင်ခန်းစာကို ရေရေလည်လည်သဘောပေါက်သွားရန် အထူးပင်လိုအပ်ပါသည်။ ထိုပို့ချချက်များကို နားလည်သဘောပေါက်ပါမှ အိမ်တွင်ပြန်လည်ကျက်မှတ်ရာတွင်လည်းကောင်း၊ လေ့ကျင့်ခန်းမေးခွန်းသင်ခန်းစာများကို ဖြေဆိုရာတွင်လည်းကောင်း လွယ်ကူအဆင်ပြေမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းသား ကျောင်းသူများသည် ဆရာ၊ ဆရာမများသင်ကြားပြသသွားသည့် သင်ခန်းစာပါအကြောင်းအရာများကို ဂရုတစိုက်၊ စိတ်ပါဝင်စားစွာ နားထောင်မှတ်သားကြရန် အရေးကြီးလှပါသည်။

ကျောင်းတက်နေသည့်အချိန်တွင် သင်ယူရသောဘာသာရပ်များကို ဂရုတစိုက်မှတ်သားနာယူနေရုံနှင့် မပြီးသေးချေ။ မိမိကို သင်ကြားပြသပေးမည့် ဆရာ၊ ဆရာမများကို ရိုသေလေးစားခြင်း၊ အတန်းစည်းကမ်း၊ ကျောင်းသားစည်းကမ်းများကိုလိုက်နာခြင်း၊ ကျောင်းသားအချင်းချင်း ပြေလည်စွာဆက်ဆံခြင်းဆိုသော ကျောင်းသားတာဝန်များကိုလည်း ကျေပွန်ရန်လိုပေသေးသည်။ ကျောင်း၏ စာသင်ချိန်အားလုံးတွင် ကျောင်းစာများကိုသာ သင်ကြားပေးနေသည်မဟုတ်။ မိမိတို့လိမ္မာရေးခြားရှိ၍ စည်းကမ်းရှိသော၊ မိဘကိုရိုသေသော၊ စာရိတ္တကောင်းမွန်သော ကျောင်းသားကောင်းတစ်ယောက်ဖြစ်လာရန် လိုအပ်မည့်သွန်သင်ဆုံးမမှုများကိုလည်း အခါအားလျော်စွာ လမ်းညွှန်ပြသပေးနေရာ ထိုလမ်းညွှန်ဆုံးမမှုများကို မှတ်သားနာယူကြရပေမည်။ သို့မှသာလျှင် ကျောင်းသားကောင်းတစ်ယောက် ဖြစ်လာနိုင်ပေမည်။

ထို့ပြင် ကျောင်းသားတစ်ယောက်၏တစ်နေ့တာလုပ်ငန်းသည် ကျောင်းနှင့်ချည်းသာသက်ဆိုင်သည်မဟုတ်။ မိမိနေထိုင်ရာနေအိမ်၊ ရပ်ကွက်၊ ကျေးရွာနှင့်လည်း သက်ဆိုင်နေပါသေးသည်။ (၂၄) နာရီကြာညောင်းသော တစ်ရက်ဆိုသောကာလတွင် ကျောင်းမှာနေရသောအချိန်ထက် နေအိမ်မှာနေရသောအချိန်သည် ပိုမိုများပြားလှပါသည်။ ကျောင်းတွင် (၅)နာရီ နေအိမ်တွင် (၁၉)နာရီမျှနေကြရသည်။ ကျောင်းတွင် ဆရာ၊ ဆရာမများနှင့်အတူနေရပြီး၊ အိမ်တွင် မိဘ၊ မောင်နှမ၊ ဆွေမျိုးများနှင့်အတူနေရရာ နေအိမ်တွင်နေရသောအချိန်အတွင်း လုပ်ဆောင်ဖွယ်ကိစ္စများကို အောင်အောင်မြင်မြင်၊ ထိထိရောက်ရောက်၊ စနစ်တကျ ဆောင်ရွက်နိုင်ရန်အရေးကြီးလှပါသည်။





ကျောင်းသားတစ်ဦးပိုင်ဆိုင်ထားသော တစ်နေ့တာဆိုသည့် အချိန်သည် မိမိအတွက် ပညာတတ်ဖို့ နောင်တစ်ချိန်ထွန်းတောက်လာမည့် ကြယ်တစ်ပွင့်ဖြစ်ဖို့ ပျိုးထောင်လေ့ကျင့်နေရမည့် အချိန်ဖြစ်သည်ကို သဘောပေါက်ထားသင့်ပါသည်။ ဤအသိသည် မိမိစိတ်နှလုံးထဲ၌ ထာဝရကိန်းအောင်းနေစေပြီး ကျောင်းတွင်ပို့ချပေးသည့် စာပေဗဟုသုတများကို လေးလေးနက်နက် လေ့လာသင်ယူနိုင်ရန်အရေးကြီးလှပါသည်။ အချိန်ဟူသည် ရွှေနှင့်စက်ထားရလောက်အောင် တန်ဖိုးကြီးမားလှသဖြင့် မိမိသင်ယူနေရသော ပညာကို ကြိုးကြိုးစားစား အထူးဝါယမစိုက်ထုတ်ကာ သင်ယူကြရပေမည်။ ပညာ၏သဘောနှင့်တန်ဖိုးကို သိရှိနားလည်၍ ပညာကိုလိုလားသောဆန္ဒကို ထက်သန်စေပြီး မတတ်တတ်အောင်၊ မရရအောင် ဇွဲလုံ့လဖြင့် မှတ်သားနာယူနိုင်ရန် အရေးကြီးလှသည်။ ယနေ့နိုင်ငံတော်က ချီးမြှင့်မြှောက်စားခြင်းခံရသော၊ ကျောင်းသားကျောင်းသူများသည် ထိုသို့သောပုဂ္ဂိုလ်များသာဖြစ်ကြပြီး သူတို့ကိုအားကျကာ သူတို့ကဲ့သို့ဖြစ်လာအောင် ကြိုးစားသွားရန်လိုပါသည်။ သို့မှသာ ကျောင်းသားတစ်ယောက်၏ တစ်နေ့တာသည် အဓိပ္ပါယ်ရှိနိုင်မည်ဖြစ်ပါသည်။

ဤကဲ့သို့ မိမိ၏ ကျောင်းသားဘဝ၏ တစ်နေ့တာကို အဓိပ္ပါယ်ရှိရှိ တန်ဖိုးရှိစွာ အသုံးချသွားနိုင်ပါလျှင် မိမိကြီးပြင်းလာသည်အထိ ထိုသို့စည်းကမ်းတကျလုပ်တတ်သော၊ ဇွဲလုံ့လဖြင့် မဖြစ်မနေလုပ်တတ်သော အလေ့အကျင့်ကောင်းများသည် တစ်ပါတည်းပါသွားနိုင်မည်ဖြစ်ပါသည်။ အချိန်ကို အကျိုးရှိရှိအသုံးချတတ်ခြင်းသည် လူတော်လူကောင်းတို့၏ အရည်အသွေးကောင်းတစ်ရပ်ဖြစ်ပါ

သည်။ ထိုအရည်အသွေးကိုရအောင် ကျောင်းသားဘဝကပင် ပျိုးထောင်ထားရန် အရေးကြီးလှပါသည်။ ထို့ကြောင့် ကျောင်းသားတစ်ယောက်၏ တစ်နေ့တာသည် မိမိမျှော်လင့် ရည်မှန်းထားသည့် ဘဝပန်းတိုင်ဆီသို့ရောက်အောင် တွန်းပို့ပေးနိုင်သော နောက်ခံအင်အားတစ်ရပ်ဖြစ်၍ ထိုတစ်နေ့တာကို အဓိပ္ပါယ်ရှိရှိ အကျိုးရှိရှိ အသုံးချသွားနိုင်ရန် ကြိုးပမ်းအားထုတ်သင့်လှပါတော့သည်။

◆ ◆ ◆ ◆ ◆



## ၇။ ကျွန်ုပ်အနှစ်သက်ဆုံးသောဘာသာရပ်

**ရေးရန်ပုံကြမ်းအချက်အလက်များ**

- ကျောင်းတွင်သင်ကြားရသောဘာသာရပ်အမျိုးမျိုးရှိပုံ
- ကျွန်ုပ်အနှစ်သက်ဆုံးသောဘာသာရပ်မှာ မြန်မာဘာသာဖြစ်ပုံ
- မြန်မာကဗျာများနှင့် စကားပြေများမှာ စိတ်ဝင်စားစရာကောင်းလှပုံ
- မြန်မာစာမှရရှိလိုက်သော ဗဟုသုတနှင့် သိမှတ်ဖွယ်ရာများ
- ကျွန်ုပ်၏ တစ်သက်တာလေ့လာသွားမည်ဟု စိတ်ဆုံးဖြတ်ထားပုံ

ကျွန်ုပ်သည် အခြေခံပညာအလယ်တန်း ကျောင်းသားတစ်ယောက်ဖြစ်ပါသည်။ ယခုအခါတွင် အဋ္ဌမတန်းတွင် ပညာများကို သင်ကြားနေပါသည်။ ထို့ကြောင့် အဋ္ဌမတန်းအတွက်ပြဋ္ဌာန်းထားသောဘာသာရပ်များကို ကျွမ်းကျင်ပိုင်နိုင်စွာတတ်မြောက်လာ

အောင် ကြိုးစားသင်ယူနေရပါသည်။ ယင်းတို့ထဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာနှင့် အခြားဝိဇ္ဇာ၊ သိပ္ပံဆိုင်ရာ ဘာသာရပ်များ ပါဝင်ပါသည်။ မြန်မာစာသည် မြန်မာစာပေအသိ၊ မြန်မာမှုဆိုင်ရာ အလိမ္မာများကိုပေးပါသည်။ အင်္ဂလိပ်စာသည် ယနေ့ကမ္ဘာကြီးနှင့် ရင်ဘောင်တန်းနိုင်အောင် လိုအပ်သော အသိပညာ၊ ကျွမ်းကျင်မှုတို့ကိုပေးပါသည်။ သင်္ချာဘာသာသည် လူတစ်ဦးစီ၏ စိတ်ကူးဉာဏ်ထက်သန်စေ၍ သိပ္ပံနည်းကျကျ တွေးခေါ်မြော်မြင်တတ်စေရန် စွမ်းဆောင်ပေးသည်။ ဝိဇ္ဇာ၊ သိပ္ပံဆိုင်ရာဘာသာရပ်များကား သိမှု၊ တတ်မှုပညာကိုရစေ၍ တစ်ချိန်တွင် အသိပညာရှင်၊ အတတ်ပညာရှင်တစ်ဦးဖြစ်လာစေရန် လမ်းစကို ညွှန်ပြပေးပါသည်။ ထိုထိုသောဘာသာရပ်များသည်။ အနာဂါတ်နိုင်ငံသားများ မွေးထုတ်ပေးရေးတွင် အခြေခံကျလှသောဘာသာရပ်များဖြစ်ကြပါသည်။

ဖေါ်ပြပါ အဋ္ဌမတန်းတွင် ပြဋ္ဌာန်းထားသည့်ဘာသာရပ်များတွင် မည်သည့်ဘာသာရပ်ကို အကြိုက်နှစ်သက်ဆုံးဖြစ်သနည်းဟုမေးလာလျှင် ကျွန်ုပ်သည် "မြန်မာစာ" ကို ညွှန်ပြရမည်ဖြစ်သည်။ ကျွန်ုပ်သည် ထိုသို့ မြန်မာစာကို အနှစ်သက်ဆုံးဘာသာရပ်အဖြစ် ညွှန်ပြရခြင်းအတွက် ခိုင်လုံသောအထောက်အထားများရှိပါသည်။ မြန်မာစာကို ကျွန်ုပ်အနှစ်သက်ဆုံးဖြစ်စေရန် မြန်မာစာသည် အခြားသောကျောင်းသင်ဘာသာရပ်များနှင့်မတူ၊ ထူးခြားသောဂုဏ်ရည်များရှိနေသည်ကို တွေ့နိုင်ပါသည်။

အဋ္ဌမတန်း မြန်မာဘာသာတွင် ကဗျာ အလင်္ကာများ၊ စကားပြေများနှင့် မြန်မာစာရေးနည်းဆိုင်ရာ သဒ္ဒါစည်းကမ်းများကို သင်ယူနိုင်ပါသည်။ ထို့ပြင် မြန်မာစာအရေးအသားကောင်းအောင်





လက်တွေ့လေ့ကျင့်ပေးသည့် "စာစီစာကုံး" ကိုလည်း သင်ကြားရပါသည်။ ကျွန်ုပ်တို့သည် မြန်မာနိုင်ငံတွင်မွေးဖွား၍ မြန်မာနိုင်ငံတွင်နေထိုင်သော မြန်မာတိုင်းရင်းသားတို့ဖြစ်ပါသည်။ မြန်မာနိုင်ငံသားတစ်ယောက်အနေဖြင့် မြန်မာစာပေ၊ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံများ မပျောက်မပျက်၊ တည်တန့်ခိုင်မြဲနေအောင် ထိန်းသိမ်းစောင့်ရှောက်ပေးရမည့် တာဝန်လည်းရှိနေပါသည်။ ထို့ကြောင့် မြန်မာစာ၊ မြန်မာ့ယဉ်ကျေးမှုဆိုင်ရာ အသိပညာများကို ကောင်းစွာသိရှိနားလည်သဘောပေါက်အောင် လေ့လာသင်ကြားထားရန် လိုအပ်ပါသည်။

ပြဋ္ဌာန်းစာအုပ်တွင်ပါရှိသောကဗျာများသည် မြန်မာ့ဓလေ့စရိုက်ကို ချယ်မှုန်းဖော်ကျူးထားသော မြန်မာကဗျာစစ်စစ်များဖြစ်ပါသည်။ မြန်မာ့စိတ်ဓါတ်၊ မြန်မာ့အားမာန်တို့ကို ကဗျာများထဲတွင် လေ့လာသိရှိနိုင်ပါသည်။ ထို့မျှသာမက ဒွေးချိုး၊ လေးချိုး၊ လင်္ကာစသည့်ကဗျာများ ရေးဖွဲ့သီကုံးထားပုံတို့ကို မှတ်သားလေ့လာနိုင်ပါသည်။ စကားပြေများသည်လည်း ထိုနည်းအတူပင်ဖြစ်ပါသည်၊ မဟောသဓာဇာတ်တော်ကဲ့သို့ ဘုရားဟောဇာတ်တော်ကြီးကို လေ့လာရသဖြင့်လည်း လူ့အသိ၊ လူ့အလိမ္မာများကို ရရှိနိုင်သည်သာမက ဘုရားအလောင်းသူတော်ကောင်းကြီးတို့၏ စိတ်နေစိတ်ထားနှင့် အမျိုးအတွက် အကျိုးဆောင်ပုံတို့ကိုပါ နည်းယူမှတ်သားနိုင်ပါသည်။

မြန်မာစာပေလောကတွင် ကဗျာသည် ပုဂံခေတ်ဦးကပင် ပေါ်ပေါက်ခဲ့သည်ဟုသိရှိရပါသည်။ ပုဂံခေတ်ဦးကာလသည် မြန်မာစာပေ စတင်သန္ဓေတည်စအခါဖြစ်၍ စကားလုံးဝေါဟာရများ

ကြွယ်ဝပေါများခြင်းမရှိသေးသော်လည်း ထိုခေတ်ကပေါ်ပေါက်ခဲ့သော "မြကန်သာ" ကဗျာသည် အရေးအဖွဲ့ အသုံးအနှုန်းကအစ အတော်အတန် အဆင့်အတန်းမြင့်လှသဖြင့် မြန်မာကဗျာတို့၏ အစခရီးကို မျှော်မှန်းကြည့်ရှုနိုင်ပါသည်။ ကျွန်ုပ်တို့အတန်းတွင်သင်ကြားရသော ကဗျာများသည်လည်း ထိုနည်းအတူပင်ဖြစ်ပါသည်။ အရေးအဖွဲ့ကျစ်လစ်မှု၊ စကားလုံး ကြွယ်ဝလေးနက်မှုတို့ဖြင့် အဆင့်အတန်းရှိသော မြန်မာကဗျာများပင်ဖြစ်ပါသည်။

မြန်မာစကားပြေသည် ပုဂံခေတ်လောက်ကပင်စတင်ခဲ့ပြီး သမိုင်းဝင် "ရာဇကုမာရ်ကျောက်စာ" ကို အထောက်အထားပြုကာ သိရှိနိုင်ပါသည်။ မြန်မာစကားပြေထဲတွင် ပါဠိသက်ဝေါဟာရများကို အများအပြားတွေ့ရပေရာ ပုဂံခေတ်ပါဠိစာပေသည် အဆင့်အတန်းမြင့်မားစွာ တည်ရှိခဲ့ကြောင်းကို သိရှိနိုင်ပါသည်။ ထို့ကြောင့် မြန်မာကဗျာနှင့်စကားပြေများသည် မြန်မာတို့ခေတ်အလိုက် တွင်ကျယ်စွာသုံးစွဲခဲ့ကြသော ဝေါဟာရများ၊ စနစ်တကျတည်ဆောက်ခဲ့သော မြန်မာကဗျာဖွဲ့ပုံနှင့် ဝါကျအရေးအသားများကို မှတ်သားခွင့်ရခဲ့ပါသည်။ တစ်ဖန် ထိုကဗျာနှင့်စကားပြေများတွင် ရှေးဟောင်းပေါရာဏစကားလုံးများပါရှိရာ ယခုမျက်မှောက်ကာလတွင် အသုံးမပြုတော့သော ပေါရာဏစကားလုံးများကို ဗဟုသုတအဖြစ်မှတ်သားနိုင်ပါသည်။

မြန်မာစကားပြေသည် အဆင့်အတန်းရှိသော မြန်မာဝါကျများဖြင့်ဖွဲ့စည်းထားသည်ဖြစ်ရာ စည်းစနစ်တကျတည်ဆောက်ထားသည့် မြန်မာဝါကျဖွဲ့နည်းများကို လေ့လာသင်ယူခွင့်ရရှိခဲ့ပါသည်။ မြန်မာဝါကျဖွဲ့ပုံကိုကြည့်လျှင် နာမ်၊ နာမ်စား၊ ကြိယာ၊ နာမဝိ





သေသန၊ ကြိယာဝိသေသနစသည့် ဝါစင်္ဂ (၈)မျိုးနှင့် ဖွဲ့စည်းတည်ဆောက်ထားသည်ကိုတွေ့ရ၍ နာမ်၊ နာမ်စား၊ ကြိယာစသော စကားလုံးများသည် မည်မျှအရေးပါအရာရောက်၍ မြန်မာဝါကျဖွဲ့ရာတွင် မည်မျှအရေးကြီးကြောင်း သိခွင့်ရခဲ့ပါသည်။

ထို့ပြင် မြန်မာစာသည် မြန်မာနိုင်ငံတော်၏ ရုံးသုံးဘာသာစကားဖြစ်ပါသည်။ နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားကြီးကို မြန်မာဘာသာစကားဖြင့် လည်ပတ်လှုပ်ရှားရပြီး အုပ်ချုပ်ရေး၊ လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေးစသော အရေးကိစ္စများကို မြန်မာစာ၊ မြန်မာစကားအသုံးအနှုန်းတို့ဖြင့်သာ ပြီးစီးအောင်မြင်အောင် လုပ်ဆောင်နေကြရပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ထိုထိုသော မြန်မာ့ရေးရာကိစ္စများကို အကောင်အထည်ဖော်၊ ဆောင်ရွက်နိုင်ရန် မြန်မာစာ၊ မြန်မာစကားကို နှံ့စပ်ကျွမ်းကျင်စွာ တတ်မြောက်ထားရန် အထူးလိုအပ်ပါသည်။ ဆိုခဲ့ပြီးသောအကြောင်းများကြောင့် ကျွန်ုပ်သည် ကျောင်းသင် ဘာသာရပ်များအနက် "မြန်မာစာ" ကို အနှစ်သက်ဆုံးဖြစ်ရပါသည်။

မြန်မာစာ၊ မြန်မာမှုသည်အတိုင်းမသိကျယ်ဝန်းလှသည်။ နှစ်ပေါင်းထောင်နှင့်ချီပြီး ဖွဲ့စည်းတည်ဆောက်ပျိုးထောင်ခဲ့သည့် မြန်မာစာ၊ မြန်မာမှုများဖြစ်၍ နှစ်နှင့်ချီပြီးလေ့လာလိုက်စားသော်လည်း ကုန်နိုင်ဖွယ်မမြင်ပါ။ မြန်မာ့စိတ်ဓာတ်၊ မြန်မာ့စရိုက်များနှင့် ထုံမွှမ်းပြည့်လျှမ်းနေသဖြင့် မိမိနိုင်ငံ၏အချုပ်အခြာအာဏာကို ကာကွယ်စောင့်လျှောက်လိုစိတ်၊ မိမိလူမျိုး၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများကို ထိန်းသိမ်းလိုစိတ်နှင့်တကွ ပြည်သူပြည်သားကောင်းတို့၏ ကျင့်ဝတ်သိက္ခာနှင့်အညီ နေထိုင်တတ်သောအလေ့အထကောင်းများကိုလည်း ဖြစ်ထွန်းရရှိနိုင်ပါသည်။

အားလုံးကိုချုံ့ပြီးတင်ပြရလျှင် မြန်မာဘာသာသည် သင်ကြားနေရသောဘာသာရပ်များတွင် ပြည်သူ့သားကောင်းရတနာများ အတွက် လိုအပ်သောအသိစိတ်ဓါတ်နှင့် ကျင့်ဝတ်သိက္ခာများကို လက်ဆင့်ကမ်းပေး၍ ဖြစ်ထွန်းပေါ်ပေါက်စေနိုင်ဆုံးသော ဘာသာဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်သည် ကျွန်ုပ်၏တစ်သက်တာတွင် မြန်မာစာနှင့် မြန်မာမှုများကို အစဉ်တစိုက်လေ့လာဖတ်ရှုသွားမည်ဟု စိတ်တွင်ဆုံးဖြတ်ထားမိပါတော့သည်။

◆ ◆ ◆ ◆ ◆



# ၇။ လေ့လာရေးခရီးတစ်ခေါက်

**ရေးရန်ပုံကြမ်းအချက်အလက်များ**

- မိမိသွားရောက်ခဲ့သည့် လေ့လာရေးခရီး
- ခရီးထွက်ရန်ကြိုတင်ပြင်ဆင်ရပုံနှင့် စတင်ခရီးထွက်ပုံ
- ခရီးစဉ်တွင်ပါဝင်သော ကြီးကြပ်သူဆရာ၊ ဆရာမများ၊ ကျောင်းသားကျောင်းသူများ
- သွားလိုရာခရီးသို့ရောက်ရှိပုံနှင့် တွေ့မြင်ရသော မြင်ကွင်းများ
- လေ့လာတွေ့ရှိရပုံများ
- ကျောင်းသူကျောင်းသားတိုင်း လေ့လာရေးခရီး ထွက်သင့်ကြပုံ

ကျွန်တော်တို့ အဋ္ဌမတန်းကျောင်းသူကျောင်းသားတို့သည် ပြီးခဲ့သောအောက်တိုဘာ ကျောင်းပိတ်ရက်အတွင်းက ရန်ကုန်မြို့သို့ လေ့လာရေးခရီးတစ်ခေါက်သွားရောက်ခဲ့ကြပါသည်။ မြန်မာနိုင်ငံ၏မြို့တော်ကြီးဖြစ်သော ရန်ကုန်မြို့ကြီး၏ တိုးတက်ဖွံ့ဖြိုးမှု

အဖုံဖုံကို လေ့လာကြည့်ရှုပြီး ခေတ်နှင့်အမီတိုးတက်နေသော စီးပွားရေး၊ လူမှုရေးအခြေအနေဆိုင်ရာ ဗဟုသုတများကို ဆည်းပူးရရှိနိုင်ရန် သွားရောက်ခဲ့ကြခြင်းဖြစ်ပါသည်။ ကျွန်တော်တို့ ကျောင်းသူ ကျောင်းသားများအတွက် တစ်သက်မှာမမြင်ဘူးမတွေ့ဘူးသည့် မြင်ကွင်းများကိုမြင်ရပြီး မသိရသေးသော အသိပညာဗဟုသုတများကို သိရှိခဲ့ရသဖြင့် ထိုလေ့လာရေးခရီးစဉ်သည် ကျွန်တော်တို့အဖို့ အောင်မြင်သောလေ့လာရေး ခရီးတစ်ခေါက် ဖြစ်ခဲ့ပါသည်။

ကျွန်တော်တို့သည် မြို့နှင့် (၁၀)မိုင်မျှဝေးသော ရွာတစ်ရွာရှိ အခြေခံပညာအလယ်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသား၊ ကျောင်းသူများဖြစ်ကြပါသည်။ လယ်ကွင်းပြင်များ၊ သစ်တောများကြားတွင် ကြီးပြင်းခဲ့ရသူများဖြစ်ကြ၍ အမှန်အတိုင်းဝန်ခံရလျှင် ကျွန်တော်တို့သည် ဗဟုသုတအကြားအမြင် လွန်စွာနည်းပါးသူများဖြစ်ကြပါသည်။ ဤအခြေအနေအတိုင်းသာသွားပါက ကျွန်တော်တို့သည် အဋ္ဌမတန်းသာအောင်မြင်သွားသော်လည်း ကျောင်းစာအပြင်၊ ပြင်ပဗဟုသုတများမရှိသော ကျောင်းသားများဘဝသို့ ရောက်ရှိသွားမည်မှာသေချာနေပါသည်။ ထို့ကြောင့် ဤအခြေအနေကိုသိမြင်သော ကျွန်တော်တို့ဆရာကြီးသည် ရန်ကုန်မြို့သို့လေ့လာရေးခရီးတစ်ခေါက်ထွက်ရန် စီစဉ်ပေးခဲ့ခြင်းဖြစ်ပါသည်။

ပထမနှစ်ဝက် စာမေးပွဲဖြေပြီးသည်နှင့် ကျောင်းပိတ်ရက်များအတွင်း ရန်ကုန်မြို့သို့လေ့လာရေးခရီးထွက်မည်ဖြစ်၍ လိုက်ပါလိုသူများသည် စာရင်းပေးသွင်းကြရန် အတန်းပိုင်ဆရာမ ဒေါ်စိန်စိန်ကပြောသောအခါ ကျွန်တော်တို့သူငယ်ချင်းများသည် အလွန်ဝမ်းသာကြပါသည်။ လိုက်ပါမည့်စာရင်းထဲထည့်ပေးရန် ဆရာမအား





ကျွန်တော်တို့သူငယ်ချင်းများက တညီတညွတ်တည်း အမည်စာရင်းပေးသွင်းလိုက်ကြပါသည်။ ဆရာမသည် ခရီးစတင်ထွက်မည့်နေ့ကိုပြောပြပြီး ခရီးအတွက် ကြိုတင်ပြင်ဆင်ထားဖွယ်ရာများကိုပြောပြပါသည်။ အိပ်ယာလိပ်တစ်ခု၊ အကျီအဝတ်အစားများသုံးစုံ၊ စာရေးကရိယာစသည်တို့ကို ယူဆောင် ထည့်သွင်းနိုင်ရန် သေတ္တာ၊ သို့မဟုတ် လက်ဆွဲအိတ်တစ်လုံးစီကို ယူဆောင်သွားရန် ဖြစ်ပါသည်။ လမ်းစားရိတ်၊ စားစရိတ်စသည်တို့အတွက် ကျသင့်သောငွေကိုလည်း ကြိုတင်ပေးသွင်းထားရန်ပြောပါသည်။ ဤသို့ဖြင့် ခရီးစဉ်အတွက် ကြိုတင်ပြင်ဆင်မှုများကို နှစ်ရက်အတွင်းပြုလုပ်ကြပြီး ခရီးစဉ်အတွက် အဆင်သင့်ဖြစ်နေကြသည်။ လေ့လာရေးခရီးစတင်သည့်နေ့နံနက်ခင်းသည် မိုးသားတိမ်လိပ်များကင်းစင်ပြီး ကြည်လင်သာယာနေပါသည်။ စုပေါင်းငှားရမ်းထားသော မှန်လုံကားကြီးသည်လည်း ရောက်ရှိနေချေပြီ။ ဆရာကြီးသည် ကျွန်တော်တို့အား ကျောင်းရှေ့တွင်စုဝေးစေကာ လေ့လာရေးခရီးစဉ်နှင့် ခရီးစဉ်အတွင်း လိုက်နာကြရမည့်အချက်အလက်များကို ရှင်းပြပါသည်။ ပြီးလျှင် အိပ်ယာ လိပ်များ၊ သေတ္တာ၊ လက်ဆွဲအိတ်များကို ကားပေါ်တင်နေရာချကာ ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ထိုင်ခုံ အသီးသီးတွင်နေရာယူကြပါသည်။ ခဏကြာလျှင် ကျွန်တော်တို့ လေ့လာရေးမော်တော်ယာဉ်ကြီးသည် တရွေ့ရွေ့နှင့် ထွက်ခွါသွားပါတော့သည်။

ကျွန်တော်တို့လေ့လာရေးအဖွဲ့ကို ကျောင်းအုပ်ဆရာကြီး ဦးညိုမောင်က ဦးဆောင်ပြီး ဆရာမနှစ်ဦး၊ ဆရာတစ်ဦးနှင့် ကျွန်တော်တို့အဋ္ဌမတန်းကျောင်းသား (၃၆)ယောက်ပါဝင်ပါသည်။ ဆ

ရာကြီးက သားရင်းသမီးရင်းနှင့်မခြား တာဝန်ယူစောင့်ရှောက်ပါသည်။ လမ်းခရီး၌ အရေးပေါ်နေမကောင်းဖြစ်လျှင်အသုံးပြုရန် ဆေးသေတ္တာတစ်လုံးကိုလည်း ယူဆောင်ခဲ့သဖြင့် အဆင်ပြေလှပါသည်။ လမ်းတစ်လျှောက်တွင် တွေ့ရမည့်မြင်ကွင်းများ၊ စက်ရုံအလုပ်ရုံများကိုမှတ်သားထားရန် ဆရာကြီးကကြိုတင်မှာထားသဖြင့် ကျွန်တော်တို့သည် မှတ်စုငယ်တစ်ခုတွင် မလွတ်တမ်းမှတ်သားကြရပါသည်။

ကျွန်တော်တို့သည် ရန်ကုန်မြို့သို့ ထိုနေ့ည (၈) နာရီတွင် ရောက်ကြ၍ ဆရာကြီး၏မိတ်ဆွေ၊ ကျောင်းအုပ်ကြီးတစ်ဦး၏ အကူအညီဖြင့် သူ၏ကျောင်းဆောင်တွင်တည်းကြပါသည်။ ကျွန်တော်တို့သည် အသင့်ပါလာသော အိုးခွက်ပန်းကန်များကိုအသုံးပြုကာ ညစာချက်ပြုတ်စားသောက်ကြပြီးသောအခါ ခေတ္တနား၍ ညအိပ်ကြပါသည်။ နောက်တစ်နေ့ နံနက်စောစော အိပ်ယာကထ၍ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ကန်တော့ကြပါသည်။ ကျွန်တော်တို့သည် ကုန်းမြင့်ထက်တွင် ရွှေပုံကြီးပမာ ခန့်ငြားတင့်တယ်စွာ ဝင်းလက်တောက်ပနေသော ရွှေတိဂုံစေတီတော်မြတ်ကြီးအား တအံ့တသြ ဖူးမြော်ကန်တော့ရသဖြင့် ပီတိဖြာဝေကာ နှစ်သိမ့်ကြည်နူးကြရပါသည်။ ထိုမှတဖန် ကျွန်တော်တို့သည် ရန်ကုန်တိရိစ္ဆာန်ဥယျာဉ်သို့ ခရီးဆက်ရပြန်ပါသည်။ တိရစ္ဆာန်ဥယျာဉ်ထဲသို့ ဝင်သွားသောအခါ သားရဲတိရစ္ဆာန်များပေါများသည့် တောကြီးထဲသို့ ရောက်သွားရသလို ခံစားရပါသည်။ ရှေးယခင်က စာအုပ်ထဲမှာ မြင်ဘူး၊ ကြားဘူးသော သတ္တဝါများကိုမြင်တွေ့ရလေရာ ဖော်မပြနိုင်အောင်ပျော်ကြပါသည်။ ခြသေ့်၊ ကျား၊ ဝက်ဝံ၊ ဆင်၊ သစ်ကုလားအုပ်၊ ရေမြင်း၊ ကြံ့ စသော သားကောင်များ၊ မိချောင်း၊ လိပ်၊ မြွေနှင့် ငှက်အမျိုးမျိုးနှင့် ငှက်ပေါင်းစုံတို့ကို မြင်ရပါသည်။ တိရစ္ဆာန်ဥယျာဉ်ထဲမှာပင်၊ အသင့်ပါလာသည့် ထမင်းထုပ်များကို တပျော်တပါးစားကြပါသည်။

နေအနည်းငယ်စောင်းသောအခါ ဆူးလေ၊ ဗိုလ်တထောင်၊ ကမ္ဘာအေး၊ စွယ်တော်မြတ်စေတီတော်၊ လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်ကြီး စသည့်ဘုရားစေတီများကို လှည့်လည်ဖူးမျှော်ကြပါသည်။ အထူးသဖြင့် လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်ကြီးအားပူဇော်ကန်တော့ရသဖြင့် ဝမ်းမြောက်ကြည်နူးရပါသည်။ ရုပ်ပွားတော်မြတ်ကြီးသည် အလွန်ကြီးမားလှသည်သာမက သပ္ပါယ်တင့်တယ်လွန်းသဖြင့် ကြည်ညိုဖွယ်ကောင်းလှပါသည်။ နောက်တစ်နေ့တွင် နံနက်စာစောစောစား၍ ရန်ကုန်မြို့တွင်းသို့လှည့်ပြီး ခေတ်မီတိုးတက်နေသော မြို့တော်ရှုခင်းကိုကြည့်ရှုရသည်မှာ ရင်သပ်ရှုမော အံ့သြဖွယ်ကောင်းလှပါသည်။ မိုးထိအဆောက်အဦများ၊ ပန်းခြံကြီးများ၊ ရုပ်ရှင်ရုံ၊ ကုန်တိုက်ကြီးများ၊ ဟိုတယ်ကြီးများသည် အလွန်ခေတ်မီပြီး လှပတင့်တယ်လှသဖြင့် နိုင်ငံခြားတိုင်းပြည်ကိုရောက်နေရသကဲ့သို့ ခံစားမိပါသည်။

ကျွန်တော်တို့၏လေ့လာရေးခရီးသည် အောင်မြင်ပါသည်။ မမြင်ဘူး၊ မရောက်ဘူးသော မြင်ကွင်းနှင့် နေရာများကို မြင်တွေ့ရောက်ရှိခဲ့သဖြင့် ဗဟုသုတတိုးပွားရပါသည်။ အိမ်ရောက်လျှင် အမေ၊ အဖေ၊ ညီလေးများကို ပြန်လည်ပြောပြမည်ဟု စိတ်ကူးထားပါသည်။ လေ့လာရေးခရီး၏ အကျိုးကျေးဇူးကြီးမားပုံများကိုလည်း မျက်ဝါးထင်ထင်မြင်တွေ့ရပါသည်။ ထို့ကြောင့် ရွာပြန်ရောက်သော

အခါ သူငယ်ချင်းများအား အကြားအမြင်ဗဟုသုတများစေရန် အခြေအနေပေးလျှင် လေ့လာရေးခရီးထွက်သင့်ကြောင်း ပြောပြစည်းရုံးသွားပါမည်။ သို့မှသာ ခေတ်မီဗဟုသုတနှင့်ပြည့်ဝနေသော အနာဂတ်ခေါင်းဆောင်များ ပေါ်ပေါက်လာနိုင်မည်မဟုတ်ပါလော။

◆ ◆ ◆ ◆ ◆



## ၉။ သီတင်းကျွတ်ကျောင်းပိတ်ရက်

**ရေးရန်ပုံကြမ်းအချက်အလက်များ**

- သီတင်းကျွတ်လနှင့်ကျောင်းပိတ်ရက်
- ကျောင်းပိတ်ရက်များကို အကျိုးရှိရှိသုံးသင့်ပုံ
- သီတင်းကျွတ် ဝါကျွတ်ပွဲတော်
- ယင်းပွဲတော်၌ ပါဝင်ဆင်နွှဲခဲ့ပုံများ
- သီတင်းကျွတ်ကျောင်းပိတ်ရက်များအပေါ် သဘောထား

ကျွန်ုပ်တို့စာသင်ကျောင်းများသည် နှစ်စဉ်နှစ်တိုင်း ဇွန်လမှ နောက်တစ်နှစ် မတ်လအထိ ဖွင့်လှစ်ထားပါသည်။ ကျွန်ုပ်တို့သည် ထိုကာလအတွင်း စာပေပညာနှင့် ပြဋ္ဌာန်းထားသော သင်ခန်းစာများကိုသင်ကြားရသည်။ သို့သော် ထိုကာလအတွင်း စာကိုတောက်လျှောက် တစ်ဆက်တည်းသင်၍မဖြစ်နိုင်ပါ။ ပညာသင်ကြားခြင်းသည် ဦးနှောက်ခေါ် စိတ်ရော၊ ခန္ဓာကိုယ်ပါ မနားမနေလှုပ်ရှားသင်ယူရသောလုပ်ငန်းမျိုးဖြစ်၍ ကြားကာလများတွင်အနားပေးရပါသည်။ ထို့ကြောင့် စာသင်ကျောင်းများသည် ကျောင်းနှစ်ခေါ်

တစ်နှစ်တာကာလတွင် (၁၀)လခန့် ကျောင်းဖွင့်ပြီး (၂)လတာမျှ ပိတ်ထားလေ့ရှိပါသည်။ တစ်ဖန် ထိုကျောင်းဖွင့်သော (၁၀)လထဲတွင် အောက်တိုဘာတွင် (၁၀)ရက်၊ ဒီဇင်ဘာတွင် (၁၀)ရက်၊ နှစ်ကြိမ်ပိတ်ထားလေ့ရှိပါသည်။ သီတင်းကျွတ်ကျောင်းပိတ်ရက်ခေါ် အောက်တိုဘာကျောင်းပိတ်ချိန်သည် နှစ်ဝက်ကျောင်းပိတ်ချိန် တစ်ခုဖြစ်ပါသည်။

သီတင်းကျွတ်လသည် မြန်မာပြက္ခဒိန်အားဖြင့် နှစ်ဝက်ကာလဖြစ်ပါသည်။ မြန်မာဗုဒ္ဓဘာသာဝင်တို့၏ ဝါကျွတ်ချိန်လည်းဖြစ်ပါသည်။ ထိုအချိန်သည် ပြည်သူအများစုဖြစ်သည့် တောင်သူလယ်သမားအများစု၏ မိုးကာလ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း ရပ်နားချိန်၊ မိုးရွာသွန်းမှုနည်းပါးလာ၍ ရာသီဥတုပွင့်လင်းစပြုလာသည့်အချိန်နှင့်လည်း တိုက်ဆိုင်နေပြန်သည်။ ထို့ကြောင့် ထိုလတွင် ကျောင်းသားများအတွက် (၁၀)ရက်တာမျှ ကျောင်းပိတ်ထားသည်မှာ လျော်ကန်သင့်မြတ်လှပေသည်။

သီတင်းကျွတ်လသည် နှစ်ဝက်စာမေးပွဲ ဖြေဆိုပြီးသည့်အချိန်လည်းဖြစ်၍ ကျောင်းသူ၊ ကျောင်းသားများအတွက် အထူးပေါ့ပါးနေပါသည်။ စိတ်ရောကိုယ်ပါ အထူးလွတ်လပ်နေပါသည်။ ထိုအချိန်တွင် ကျောင်းခေတ္တပိတ်၍ ကျောင်းသားတို့၏ စိတ်ရောကိုယ်ပါ အနားပေးထားခြင်းမှာ သဘာဝကျပြီး တန်ဖိုးရှိလှပါသည်။ သို့သော် သီတင်းကျွတ်ကျောင်းပိတ်ရက်များသည် ကျောင်းသားများအတွက် အနားယူအပန်းဖြေရန်အတွက်သာမဖြစ်သင့်ချေ။ (၆)လတာသင်ယူခဲ့သောစာများကို ပြန်လည်စုစည်းပြီး ပြန်လည်လေ့လာခြင်း၊ ဝါကျွတ်ချိန်တွင်ကျင်းပမြဲဖြစ်သည့် ဘာသာရေးပွဲများတွင် ပါဝင်ဆင်





နွဲခြင်း၊ မိဘများ၏အိမ်မှုကိစ္စများတွင် လိုအပ်သလိုကူညီဆောင်ရွက်ခြင်းတို့ကို အကျိုးရှိရှိအသုံးချနိုင်ရန်လိုအပ်ပါသည်။

သီတင်းကျွတ်လသည် မြန်မာဗုဒ္ဓဘာသာတို့၏ ဝါကျွတ်ပွဲတော်များကျင်းပရာကာလဖြစ်ပါသည်။ ဝါကျွတ်ကာလတွင် ရဟန်းသံဃာတို့၏ ပဝါရဏာပွဲ၊ ဆီမီးထွန်းပွဲနှင့် ကထိန်ပွဲများကို ကျင်းပလေ့ရှိကြပါသည်။ အချို့ဒေသများတွင် ဘုရားပွဲတော်များကိုပင်ကျင်းပကြလေသည်။ ထို့ကြောင့် ကျွန်ုပ်တို့ကျောင်းသား ကျောင်းသူလူငယ်များသည် ထိုဘာသာရေးပွဲများ၌ တာဝန်သိသိ၊ စေတနာနှင့်ပြည့် ပါဝင်ကူညီ ဆောင်ရွက်ပေးကြရပါသည်။ ပဝါရဏာပွဲကိုလပြည့်နေ့၌ သက်ဆိုင်ရာဘုန်းကြီးကျောင်းတွင်ကျင်းပကြရာ စုဝေးရောက်ရှိလာမည့် သံဃာတော်များအတွက် နေရာထိုင်ခင်းစီစဉ်ပေးခြင်း၊ ဆွမ်းကွမ်းစသော စားဖွယ်သောက်ဖွယ်များကို ပြင်ဆင်စုဆောင်း ချက်ပြုတ်ခြင်း၊ အခြားသံဃာ့ဝေယျာဝစ္စများကို ဆောင်ရွက်ခြင်းတို့ကို လူကြီးမိဘများနှင့်အတူ ကူညီဆောင်ရွက်နိုင်ကြပါသည်။ တစ်ဖန် သီတင်းကျွတ်လပြည့်နေ့ညသည် မြတ်စွာဘုရား တာဝတိံသာနတ်ပြည်ရှိ မယ်တော်နတ်သားအား အဘိဓမ္မာတရားတော်ကို ဝါတွင်းသုံးလလုံးလုံးဟောကြားတော်မူပြီး လူတို့နေထိုင်ရာသင်္ကဿနဂိုရ်ပြည်သို့ နတ်ဗြဟ္မာအပေါင်းခြံရံလျက် သက်ဆင်းတော်မူခဲ့သည့် အခါသမယလည်းဖြစ်ပါသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်များသည် တာဝတိံသာမှဆင်းလာသည့် မြတ်စွာဘုရားအား ပူဇော်သောအားဖြင့် သီတင်းကျွတ်လပြည့်ညတွင် ဆီမီးထွန်းပွဲများကို ကျင်းပလေ့ရှိကြရာ ကျောင်းခေတ္တနားနေသော ကျွန်ုပ်တို့သည် မီးထွန်းပွဲတော်ကို ပိုမိုစည်ကားအောင် ပါဝင်ကူညီကြရမည် ဖြစ်ပါသည်။

ထို့အတူ သီတင်းကျွတ်လသည် ကထိန်ခင်းသောကာလလည်းဖြစ်ပါသည်။ မြတ်စွာဘုရားသည် ရဟန်းသံဃာများအတွက် ရည်စူးပြီး သင်္ကန်းများကိုလှူဒါန်းနိုင်သည့် ကထိန်ပွဲများကို နှစ်စဉ်သီတင်းကျွတ်လပြည့်ကျော်တစ်ရက်နေ့မှ တန်ဆောင်မုန်းလထိ တစ်လတာကာလအတွင်းကျင်းပပြုလုပ်ခြင်းကို ခွင့်ပြုတော်မူခဲ့ပါသည်။ ထိုအချိန်တွင် မြန်မာနိုင်ငံ၊ မြို့အနှံ့၊ ကျေးရွာအနှံ့၌ ကထိန်ပွဲများကျင်းပကြပါသည်။ ဘုန်းတော်ကြီးကျောင်းများကို ဆင်းရဲချမ်းသာမခွဲခြားဘဲ တကာ၊ တကာမများက စေတနာဗလဝဖြင့် ကထိန်သင်္ကန်းများကပ်လှူကာ ကထိန်ပွဲများကျင်းပပေးကြသည်။ ထို့ကြောင့် ပဝါရဏာပွဲ၊ မီးထွန်းပွဲ၊ ကထိန်ပွဲများစသော ဘာသာရေးဆိုင်ရာပွဲတော်များကို ဤသီတင်းကျွတ်လတွင် ကျင်းပရာဖြစ်၍ သီတင်းကျွတ်ကျောင်းပိတ်ရက်သည် ထူးခြားမြင့်မြတ်သော အခါသမယအဖြစ်မှတ်ယူနိုင်ပါသည်။

ဤကဲ့သို့ သီတင်းကျွတ်လသည် ထူးခြားမြင့်မြတ်လှသည်နှင့်အညီ သီတင်းကျွတ်လအတွင်း ခေတ္တအားလပ်နေသောကျွန်ုပ်သည် အချိန်ကို အလဟဿမဖြစ်စေဘဲ စနစ်တကျအသုံးချခဲ့ပါသည်။ ပညာရေးပြက္ခဒိန်အရ သီတင်းကျွတ်ကျောင်းပိတ်ရက်သည် သီတင်းကျွတ်လဆန်း (၁၄)ရက် အဖိတ်နေ့တွင်စတင်ပါသည်။ ထိုနေ့မှာပင် ကျွန်ုပ်သည် မုန့်ပဲ၊ ဖယောင်းတိုင်၊ ပန်း စသည်တို့ဖြင့် ဆရာသမား၊ မိဘ၊ ဘိုးဘွားများကို ကန်တော့ရပါသည်။ နောက်တစ်နေ့ လပြည့်နေ့တွင် ဘုန်းကြီးကျောင်းသို့သွား၍ ပဝါရဏာပွဲကို ကြွရောက်လာကြသော ရဟန်းသံဃာတော်များအတွက် ဝေယျာဝစ္စများကို လူကြီးများနှင့်အတူ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါ





သည်။ တစ်ချိန်တည်းမှာပင် ညဘက်တွင်ပြုလုပ်မည့် မီးထွန်းပွဲတော်အတွက် ရပ်ရွာမှလူငယ်များနှင့်အတူ ပြင်ဆင်လုပ်အားပေးရပြန်ပါသည်။ လမ်းမကြီးကိုသန့်ရှင်းအောင် အမှိုက်သရိုက်များရှင်းလင်းခြင်း၊ လမ်းဘေးတစ်ဘက်တစ်ချက်၌ တိုင်ငယ်များစိုက်ကာ ကြိုးများသွယ်တန်းခြင်း၊ မီးပုံးရောင်စုံကလေးများကို ကြိုးတန်းများတွင်ချိတ်ဆွဲပေးခြင်းစသည်တို့ကို ကြိုတင်ပြင်ဆင်ထားရပါသည်။ သို့မှသာလျှင် နေဝင်မိုးချုပ်သည်နှင့် ဖယောင်းတိုင်များမီးညှိလိုက်ပါက လမ်းတစ်လျှောက်လုံးသည် မီးရောင်စုံများနှင့်လှပနေပါမည်။

ကျွန်ုပ်တို့ရပ်ကွက်မှ မီးထွန်းပွဲသည် ဤမျှနှင့်မပြီးသေးချေ။ ညဦးယံအချိန်တွင် မီးထွန်းပွဲကို လှည့်လည်ကြည့်ရှုကြမည့် ရပ်သူရပ်သားများကို ဆန်ပြုတ်၊ ခေါက်ဆွဲကြော်၊ မုန့်လုံးရေပေါ်စသော အကျွေးအမွေးများဖြင့် ဧည့်ခံရန်ချက်ပြုတ်စီစဉ်ရပြန်ပါသည်။ ကျွန်ုပ်သည် ထင်းသယ်ခြင်း၊ ရေခပ်ခြင်း၊ ပန်းကန်ခွက်ယောက်များဆေးကြောခြင်း၊ ဧည့်ခံခြင်းတို့တွင် ပါဝင်ကူညီရပါသည်။ ဤသို့ဖြင့် တစ်ရပ်ကွက်၊ တစ်လမ်းလုံးရှိ လူကြီး၊ မိန်းမ၊ ကလေးပါမကျန် တစ်ဦးနှင့်တစ်ဦး ရင်းနှီးချစ်ကြည်စွာစားကြသောက်ကြသည်မှာ ပျော်စရာကောင်းလှပါသည်။

အချုပ်အားဖြင့်ဆိုရသော် သီတင်းကျွတ်ကျောင်းပိတ်ရက်သည် ကျွန်ုပ်တို့ကျောင်းသူကျောင်းသားများအဖို့ တန်ဖိုးရှိ၍ အကျိုးကျေးဇူးများစေသော အခါသမယဖြစ်ပါသည်။ ကျွန်ုပ်တို့အား စာပေသင်ခန်းစာများသင်ကြားရခြင်းမှ ဦးနှောက်အနားပေးသည့်အနေဖြင့် ကောင်းမွန်သောလူမှုရေးအလေ့အထကောင်းများကိုပါ ရယူပေးနိုင်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ကျောင်းသူကျောင်းသား

များသည် သီတင်းကျွတ်ကျောင်းပိတ်ရက်များတွင် ခေတ္တအနားယူရုံမျှသာမဟုတ်၊ ကောင်းမွန်သော လူမှုရေးအစဉ်အလာများကို အသိရှိရှိဖြင့် ပါဝင်လှုပ်ရှား ဆောင်ရွက်ပေးသင့်လှပါတော့သည်။

◆ ◆ ◆ ◆ ◆



## ၁၀။ ကျောင်းစာကြည့်တိုက်

**ရေးရန်ပုံကြမ်းအချက်အလက်များ**

- "အလိမ္မာစာမှာရှိ" ဆိုသောစကားသည် ကျောင်းသားများအဖို့အရေးကြီးလှပုံ
- အလိမ္မာကိုပေးနိုင်သော "စာ"သည် ကျောင်းစာကြည့်တိုက်မှာ ရယူဖတ်ရှုနိုင်ပုံ
- ကျောင်းရှိ စာကြည့်တိုက်တည်နေရာနှင့် စာအုပ်စာတမ်းများ ခင်းကျင်းထားပုံ
- စာကြည့်တိုက်မှ "စာ"များကို ကျောင်းသားများဖတ်ရှုလေ့လာရပုံ
- စာကြည့်တိုက်မှ ဖတ်ရှုလေ့လာသောစာများက မိမိအားအကျိုးပြုပုံ
- ကျောင်းစာကြည့်တိုက်အပေါ် မိမိ၏သဘောထား

ရှေးလူကြီးများက နောင်လာနောက်သားလူငယ်များအား ချန်ထားရစ်ခဲ့သောစကားပုံများအနက် "အလိမ္မာစာမှာရှိ" ဟူသော စ

ကားပုံသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ ယနေ့လူငယ် ကျောင်းသားလူရွယ်များအတွက် အကျိုးများ၍ အလွန်တန်ဖိုးရှိလှသည့် စကားပုံတစ်ခုဖြစ်ပါသည်။ ကျောင်းတွင် စာပေပညာများကို သင်ကြားနေသူကျောင်းသားများသည် ကြီးပြင်းလာသောအခါ အသိအလိမ္မာနှင့်ပြည့်ဝသူ သားကောင်းရတနာများဖြစ်လာရေးဟူသော ရည်ရွယ်ချက်ဖြင့် ပညာသင်ကြားနေကြခြင်းဖြစ်ပါသည်။ ထို့ကြောင့် မိမိတို့နေ့စဉ်သင်ကြားနေရသော ကျောင်းစာများအပြင် အသိအလိမ္မာတိုးစေနိုင်သော အခြားပြင်ပစာပေများကိုလည်း လေ့လာဖတ်ရှုကြရန် လိုအပ်ပါသည်။

ကျွန်ုပ်တို့ကျောင်းသားလူငယ်များသည် အသိအလိမ္မာများ တိုးပွားစေရန် စာအုပ်၊ စာပေများကို အမြဲတစေဖတ်ရှုလေ့လာကြရန် အရေးကြီးလှပါသည်။ ထိုစာအုပ်စာပေများကို ကျွန်ုပ်တို့သည် ဝေးဝေးတွင်သွားရောက်ဖတ်ရှုရန်မလိုပါ။ ပိုက်ဆံအကုန်အကျခံကာ ဝယ်ယူဖို့လည်းမလိုပါ။ ကျောင်းတွင်ဖွင့်လှစ်စုဆောင်းထားသောစာကြည့်တိုက်တွင် အလွယ်တကူသွားရောက်ကာ လေ့လာဖတ်ရှုနိုင်ပါသည်။

ကျွန်ုပ်တို့၏ ကျောင်းစာကြည့်တိုက်မှာ ကျောင်းအပေါ်ထပ်၊ ဆရာကြီးရုံးခန်းနှင့် ကပ်နေသောအခန်းတွင်ရှိပါသည်။ စာအုပ်ဘီရိုကြီးများထဲတွင် စာအုပ်မျိုးစုံကို စီပြီးထည့်သွင်းထားပါသည်။ စာကြည့်တိုက်ကြီး၏အလယ်တွင် စားပွဲရှည်ကြီးများရှိပြီး နံဘေးတွင် ကုလားထိုင်များကိုချထားပါသည်။ စာကြည့်တိုက်ထဲတွင် ဖတ်စရာစာအုပ်စာတမ်းများသည် စုံလင်လှပါသည်။ ကျမ်းစာအုပ်ကြီးများ၊





အဘိဓာန်စာအုပ်ကြီးများ၊ ဓါတုဗေဒ၊ ရူပဗေဒစသော၊ သိပ္ပံဆိုင်ရာစာအုပ်များ၊ ပထဝီ၊ သမိုင်း၊ မြန်မာစာအုပ်များ၊ စသည်ဖြင့် စာအုပ်အမျိုးစုံလင်လှပါသည်။ အင်္ဂလိပ်ဘာသာနှင့်ရေးသားထားသော စာအုပ်များလည်းရှိပါသည်။ ကျွန်ုပ်တို့သည် မိမိတို့ဝါသနာပါရာ ဖတ်ရှုလိုရာစာအုပ်များကို အလွယ်တကူဖတ်ရှုနိုင်ကြပါသည်။

ထို့မျှသာမက လစဉ်ထုတ်မဂ္ဂဇင်းများ၊ အပတ်စဉ်ထုတ် ဂျာနယ်များ၊ နေ့စဉ်ထုတ်သတင်းစာများနှင့် ကာတွန်းရုပ်ပြစာအုပ်များကိုလည်း ဖတ်ရှုနိုင်ကြပါသည်။ နေ့စဉ်ထုတ်သတင်းစာများကို တန်းရှည်ကလေးများပေါ်တွင်ချိတ်ဆွဲထားပြီး မဂ္ဂဇင်း၊ ဂျာနယ်၊ ရုပ်ပြကာတွန်းစာအုပ်များကို စားပွဲပေါ်တွင်တင်ထားပါသည်။ ကျွန်ုပ်တို့သည် စာကြည့်တိုက်ထဲဝင်၍ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများကိုဖတ်ရှုရသည်မှာ ပျော်စရာကောင်းလှသည်။ အဘယ့်ကြောင့်ဆိုသော် ထိုစာများထဲတွင် ရောင်စုံရုပ်ပုံ အမျိုးမျိုးနှင့် စာလုံးလှလှလေးများကို ထည့်သွင်းဖော်ပြထားခြင်းကြောင့်ဖြစ်ပါသည်။ ရုပ်ပြကာတွန်းများမှာမူ မူလတန်းကျောင်းသားငယ်များ၏ အသဲစွဲဖြစ်ပါသည်။ ထိုရုပ်ပြစာအုပ်များထဲတွင် သူရဲကောင်းများ၊ တန်ခိုးရှင်များအကြောင်းဖော်ပြထားသဖြင့် ကလေးငယ်များသာမက အလယ်တန်းနှင့် အထက်တန်းကျောင်းသားကြီးများပင် ဖတ်ရှုလေ့ရှိကြပါသည်။

ကျွန်ုပ်တို့ကျောင်းသည် အခြေခံပညာအထက်တန်းကျောင်းတစ်ကျောင်းဖြစ်၍ စာကြည့်တိုက်မှာ ကြီးကျယ်ခမ်းနားလှပါသည်။ စာကြည့်တိုက်ကို ကျောင်းဖွင့်ရက်များတွင်ဖွင့်ထား၍ စနေ၊ တနင်္ဂနွေနေ့များတွင်ပိတ်ပါသည်။ သို့သော် စာဖတ်ခွင့်ပြုသော အ

ချိန်မှာ နေ့လည်ကျောင်းလွှတ်ချိန်ဖြစ်၍ ထိုအချိန်တွင် စာကြည့်တိုက်သည် စာဖတ်သူ ကျောင်းသားကျောင်းသူများနှင့် ပြည့်နေတော့သည်။ ကျောင်းသားများစာဖတ်ချိန် စနစ်တကျရှိစေရေးအတွက် ထိန်းသိမ်းကွပ်ကဲရန် စာကြည့်တိုက်မှူးနှင့်၊ လက်ထောက်စာကြည့်တိုက်မှူးများကို ဆရာကြီးက တာဝန်ပေးထားပါသည်။ စာကြည့်တိုက်မှူးမှာ ကျွန်ုပ်တို့အင်္ဂလိပ်စာမှာ ပထမတန်းအတန်းပိုင်ဆရာမ ဒေါ်အေးမေ ဖြစ်ပြီး လက်ထောက်စာကြည့်တိုက်မှူးမှာ ဒသမတန်းအတန်းခေါင်းဆောင် ကိုကျော်ဝင်းဖြစ်ပါသည်။ သူတို့သည် စာအုပ်စာပေများ၌ စိတ်ဝင်စားသူများဖြစ်၍ အထူးစေတနာထားကာ ထိန်းသိမ်းစောင့်ရှောက်ပေးကြပါသည်။

စာကြည့်တိုက်အဝင်နံရံပေါ်တွင် ကျောင်းသားများ လိုက်နာရန်စည်းကမ်းများကို ချိတ်ဆွဲထားပါသည်။ စာဖတ်ခန်း၊ စာကြည့်တိုက်တစ်ခု၏အသက်မှာ "စည်းကမ်း"ပင်ဖြစ်သည်ဟု ဆရာကြီးက မကြာခဏပြောပါသည်။ စာဖတ်ချိန်တွင် စကားပြောခြင်း၊ တစ်ယောက်နှင့်တစ်ယောက် နောက်ပြောင် ကျီစယ်ခြင်း၊ အခြားစာဖတ်သူတို့အား အနှောင့်အယှက်ပေးခြင်းနှင့် စာအုပ်၊ စာတမ်းများကို ရိုသေလေးစားစွာကိုင်တွယ်ခြင်းစသည်တို့သည် အရေးကြီးလှသော စည်းကမ်းများဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် စာကြည့်တိုက်ထဲတွင် တိတ်ဆိတ်ငြိမ်သက်စွာထိုင်၍ စာကိုဖတ်ရသည်မှာ အကျိုးများလှပါသည်။

အချို့သောစာအုပ်များမှာ တစ်ထိုင်တည်းဖတ်ရန် မလွယ်သဖြင့် အိမ်ယူသွားပြီး ကျောင်းပိတ်ရက်များ၌ဖတ်နိုင်ရန် ငှားရမ်းပေးသော အစီအစဉ်များကိုလည်းထားရှိသဖြင့် ကျွန်ုပ်ကဲ့သို့သော





စာဂျပိုးများအဖို့ ဝမ်းမြောက်စရာပင်ဖြစ်ပါသည်။ ထို့ကြောင့် ကဝိလက္ခဏာသတ်ပုံကျမ်း၊ နတ်ရှင်နောင်ရတုပေါင်းချုပ်၊ ဆရာကြီးဇော်ဂျီ၏ ပေဒါလမ်းကဗျာများ၊ မှန်နန်းရာဇဝင် စသည်တို့ကို ငှား၍ဖတ်ရသည်မှာ ဗဟုသုတများစွာရရှိစေပါသည်။

စာဖတ်ခြင်းသည် လူကိုလိမ္မာရေးခြားရှိစေကာ ယဉ်ကျေးသိမ်မွေ့စေနိုင်သကဲ့သို့ ပညာဗဟုသုတများကိုလည်း ရရှိစေနိုင်ပါသည်။ စာအုပ်စာတမ်းများသည် ကျွန်ုပ်တို့၏ သက်မဲ့ဆရာများဟုလည်းဆိုနိုင်ပါသည်။ အနာဂတ်လူတော်လူကောင်းများဖြစ်စေရန် လမ်းညွှန်ပေးပါသည်။ ပညာရပ်များကို ထူးချွန်ပြောင်မြောက်စွာတတ်မြောက်စေလိုသောဆန္ဒကို နှိုးဆွပေးပြီး ပညာတတ်ဘဝကို မရ-ရအောင် ကြိုးစားအားထုတ်လိုသောလှုံ့လဇွဲကိုလည်း မွေးမြူပေးနိုင်ပါသည်။ နေ့စဉ်သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများသည် ကျွန်ုပ်တို့ပတ်ဝန်းကျင်တွင် နေ့စဉ်နှင့်အမျှ ဖြစ်ပေါ်တိုးတက်နေသည့် အကြောင်းအရာများကိုသိစေပါသည်။ ဘာသာရပ်ဆိုင်ရာစာအုပ်များသည်ကား ကျွန်ုပ်တို့သင်ယူသောဘာသာရပ်များကို အထောက်အကူပြု၍ လေးနက်မှန်ကန်သောအသိကို ရရှိစေနိုင်ပါသည်။

ကျောင်းစာကြည့်တိုက်သည် ကျွန်ုပ်တို့ကျောင်းသားများအဖို့ ရယူ၍မကုန်၊ သုံးစွဲ၍မခမ်းနိုင်သော ပညာဘဏ်တိုက်ကြီးတစ်ခုဖြစ်ပါသည်။ ထုတ်ယူသုံးစွဲတတ်လျှင်တတ်သလောက် အကျိုးများနိုင်ပါသည်။ မည်သည့်အခါမျှ ခပ်၍မကုန်နိုင်သော အလိမ္မာစမ်းရေတွင်းလည်း ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ ကျောင်းသားများ

သည် ကျောင်းစာကြည့်တိုက်၏ တန်ဖိုးကြီးမားပုံကို သိရှိနားလည်၍ စာအုပ်စာပေများကို နှစ်သက်မြတ်နိုးစွာ ဖတ်ရှုလေ့လာသင့်ကြပါတော့သည်။

◆ ◆ ◆ ◆ ◆



## ၁၁။ ကျောင်းဥယျာဉ်

**ရေးရန်ပုံကြမ်းအချက်အလက်များ**

- ကျွန်ုပ်တို့ကျောင်းရှေ့တွင် ကျောင်းဥယျာဉ် တစ်ခုတည်ရှိနေပုံ
- ကျောင်းဥယျာဉ်ထဲ၌ ပန်းမျိုးစုံပွင့်ဖူးဝေဆာနေကြပုံ
- ဥယျာဉ်အနေအထားနှင့် အကွက်ကျကျစိုက်ပျိုးထားပုံ
- ဥယျာဉ်ထဲတွင် ကျောင်းသူကျောင်းသားများ ဝင်ရောက်လေ့လာအပန်းဖြေပုံ
- ဥယျာဉ်ကလေး ထာဝရတည်တန့်ရန် ထိန်းသိမ်းစောင့်ရှောက်နေပုံ

ကျွန်ုပ်တို့ နေ့စဉ်တက်ရောက်၍ ပညာသင်ကြားနေသော ကျောင်းမှာ ညောင်ပင်သာကျေးရွာ အစိုးရအလယ်တန်းကျောင်း ဖြစ်ပါသည်။ ညောင်ပင်သာရွာ အလယ်တန်းကျောင်းသည် ကျွန်ုပ်တို့မြို့နယ်တွင် အသန့်ရှင်းဆုံး၊ ကျန်းမာရေးနှင့်အညီညွတ်ဆုံး

ကျောင်းဖြစ်၍ မြို့နယ်ကျောင်းကျန်းမာရေး စံပြဆုကိုရထားပါသည်။ ထိုဆုကိုရရန်မှာ ကျောင်းဝင်းအတွင်း သန့်ရှင်းရေး၊ ကျောင်းခန်းများသန့်ရှင်းရေး၊ ကျောင်းသူကျောင်းသားများ တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ကျောင်းတစ်ကျောင်းလုံး၏ လုပသာယာရေး စသည့် အရည်အသွေးကောင်းများနှင့် ပြည့်စုံရပါမည်။ ကျွန်ုပ်တို့ကျောင်းမှာ ထိုသို့သောအရည်အချင်း ကောင်းများနှင့် ပြည့်စုံနေသောကြောင့် ဂုဏ်ယူဖွယ် မြို့နယ်ကျောင်းကျန်းမာရေးစံပြဆုကို ရရှိထားခြင်းဖြစ်ပါသည်။

ကျွန်ုပ်တို့ကျောင်းကို မြို့နယ်ဂုဏ်ဆောင် ကျောင်းတစ်ကျောင်းအဖြစ်သို့ရောက်အောင် ဖန်တီးပေးလိုက်သောအကြောင်းများစွာရှိပါသည်။ ထိုထိုသောအကြောင်းများအနက် ကျွန်ုပ်တို့ကျောင်းရှိ ကျောင်းဥယျာဉ်က အဓိကကျသော အကြောင်းတစ်ရပ်ဖြစ်သည်ဟု ဆိုချင်ပါသည်။ ကျွန်ုပ်တို့ကျောင်းရှေ့တွင် ရာသီမရွေး စိမ်းလန်းစိုပြေလှပနေသော ကျောင်းဥယျာဉ်တစ်ခုရှိပါသည်။ မူလတပင် (၅)ကေမျှကျယ်ဝန်းသော ကျောင်းဝန်းကြီး၏ အလယ်၌ရှိနေသော ကျွန်ုပ်တို့စာသင်ကျောင်းတွင် စိတ်တိုင်းကျပြုပြင်စိုက်ပျိုးထားသော ကျောင်းဥယျာဉ်ကလေးသည် ကျောင်းအဆောက်အဦကြီးနှင့်လိုက်ဖက်ကာ ပနံရလှပါသည်။ ဥယျာဉ်ကြီးသည် ကျောင်းဆောင်ကြီး၏ ရှေ့တည့်တည့်တွင်ရှိ၍ တစ်ဧကမျှ ကျယ်ဝန်းပါသည်။ ဥယျာဉ်ပတ်လည်တွင် ညီညာသပ်ရပ်စွာကာရံထားသည့် ခြံဝင်းစည်းရိုးတစ်ခုရှိပါသည်။ သစ် တိုင်၊ သံဆူးကြိုးများဖြင့် စနစ်တကျကာရံထားသော ခြံစည်းရိုးဖြစ်ပါသည်။ ပန်းခြံအလယ်တွင် ပန်းပင်၊ သစ်ပင်များကို ရေလောင်းနိုင်ရန် ရေတွင်းငယ်တစ်ခုရှိပါသည်။





ကျောင်းဥယျာဉ်သည် အနေအထားကောင်းသလောက် ဥယျာဉ်ထဲရှိ သစ်ပင်၊ ပန်းပင်တို့သည်လည်း စုံလင်လှပါသည်။ ဥယျာဉ်ကြီး၏ စည်းရိုးထောင့်လေးထောင့်တွင် အခက်အလက်များဝေဆာလှပသော သရက်ပင်ကြီးလေးပင်ကို စိုက်ထားပါသည်။ မြတ်လေး၊ ခွါညို၊ စိန်ပန်း၊ သနပ်ခါး၊ စွယ်တော်စသော ပန်းပင်များကို ခြံစည်းရိုးတစ်လျှောက်တွင် ညီညာလှပစွာစိုက်ပျိုးထားပါသည်။ ဥယျာဉ်ကြီးအလယ်တွင်ကား ပန်းမျိုးစုံ၊ အရောင်မျိုးစုံသည် ဖူးပွင့်ဝေဆာနေကြသည်မှာ ရှုမြင်ရသူတို့အဖို့ ကြည်နူးချမ်းမြေ့ဖွယ်ရာပင်ဖြစ်ပါသည်။

ရာသီအလိုက်ပွင့်ဖူးလာကြသော သရက်ထည်၊ နှင်းပန်း၊ နှင်းဆီ၊ သစ်ခွ၊ သဇင်နှင့် ရွက်လှပန်းမျိုးစုံတို့သည် ငွေနှင်းများ ဖွဲဖွဲလေးကျနေသည့် ဆောင်းဦးနံနက်ခင်း၏ နေခြည်အောက်တွင် လှချင်တိုင်းလှနေပါသည်။ ထိုအချိန်တွင် မြောက်ပြန်လေညှင်းကလေးကဆော်သွေးတိုက်ခတ်လာသောအခါ ဘယ်ယိမ်းညာနွဲ့နှင့် ကိန္နရီမကလေးများကသည့်ပမာ လှပတင့်တယ်၊ ရှုချင်စဖွယ်ကောင်းလှပါသည်။ တစ်ချိန်တည်းမှာပင် လေသင့်ရာသို့ အလိုက်သင့်မျောပါလာသော ပန်းမျိုးစုံ၏ရနံ့သင်းလေးများသည် အနီးအနားတွင်ဖြတ်သန်းသွားလာနေသူတို့အတွက် စိတ်ကိုကြည်လင်လန်းဆန်းစေပါသည်။

ကျွန်ုပ်တို့ကျောင်းဥယျာဉ်သည် ထူးခြားသောဂုဏ်ရည်တို့ကြောင့် ရှုမြင်ရသူများအား စိတ်ရွှင်လန်းချမ်းမြေ့စေပါသည်။ ဤကဲ့သို့ ထူးခြားစွာစွမ်းဆောင်ပေးနိုင်ခြင်းမှာ ကျောင်းဥယျာဉ်၏ အနေအထား အကွက်အကွင်းကျမှုကြောင့်ဟုဆိုနိုင်ပါသည်။ ကျောင်းဥယျာဉ်ကလေးသည် ကျယ်ဝန်းသောကျောင်းဝန်းကြီးအတွင်း၊

ကျောင်းဆောင်ကြီး၏ရှေ့တည့်တည့်တွင် နေရာယူထားခြင်းမှာ ထူးခြားချက်တစ်ရပ်ဖြစ်ပါသည်။ ဥယျာဉ်သည် မျက်စိပသာဒတွင် ပန်းရစေသောပန်းပင်များကို နှစ်ရှည်ခံအပင်ကြီးများထက် ဦးစားပေးစိုက်ထားသော ပန်းခြံဟုလည်းဆိုနိုင်ပါသည်။ ထို့ကြောင့် ဥယျာဉ်၏ထောင့်လေးထောင့်တွင် နှစ်ရှည်ခံအပင်ကြီးများကိုစိုက်ထား၍ စည်းရိုးတစ်လျှောက်တွင် သက်လတ်ပင်ထောင် ပန်းပင်များကိုစိုက်ထားကာ အလယ်တွင် ရာသီပန်းပင်များနှင့် သက်ငယ်ပန်းပင်များကိုသာ စိုက်ပျိုးထားခြင်းဖြစ်ပါသည်။

ပန်းခြံကလေးကို ယခင်ကကျောင်းအုပ်ကြီး အဖြစ်အမှုထမ်းသွားသူ ဆရာကြီးဦးဘမောင်က စတင်ပန္နက်ရိုက်ကာ အခြေချသွားခဲ့သည်ဟုသိရပါသည်။ ကျောင်းကြီး၏ရှေ့ အလံတိုင်နှင့်တည့်တည့်တွင် ကြက်ခြေခတ်ပုံဖောက်ထားသည့် မြေနီလမ်းကလေးကိုတွေ့ရပါမည်။ ထိုမြေနီလမ်းကလေးကို ပုဏ္ဏရိပ်ပန်းပင်များဖြင့် အနားသတ်ထားပြီး ဥယျာဉ်၏အရှေ့အနောက် တောင်မြောက်ရှိ နေရာများသို့သွားနိုင်ပါသည်။ ဝင်းထရံနှင့် မြေနီလမ်းကလေးအကြားမြေကွက်လပ်တွင် ရာသီပန်းမျိုးစုံကိုစိုက်ပျိုးထားရာ ဥယျာဉ်ကလေးသည် မျက်စိပသာဒအလှအပများကို ခံစားစေနိုင်သည်သာမက အပန်းဖြေအနားယူစရာ ရိပ်သာတစ်ခုနှင့်တူနေပေသည်။ ထို့ကြောင့် ဤသို့အကွက်အကွင်းကျပြီး အသုံးတည့်အောင်ဖန်တီးပေးသွားခဲ့သော ဆရာကြီးဦးဘမောင်အား ချီးကျူးလေးစားမိပါသည်။

ကျောင်းဥယျာဉ်ကလေးသည် ပန်းမျိုးစုံရောင်စုံချယ်ပွင့်ဖူးနေသောကြောင့် ပန်းဝတ်ရည်ကို စုတ်ယူစားသုံးနေကြသည့် ပျားပိတုန်းလိပ်ပြာတို့ လူးလာပျံသန်း ပြေးလွှားဆော့ကစားရာ ရိပ်သာ





ဟုလည်း ခေါ်ဆိုနိုင်ပါသည်။ ပန်းမျိုးစုံပွင့်ဖူးကြသော ဆောင်းနံနက်ခင်းများတွင် ကျောင်းဥယျာဉ်သည် လိပ်ပြာလှလှလေးများ ပျံသန်းသွားလာနေကြသည်ကိုမြင်ရသောအခါ ပို၍ပင်ကျက်သရေရှိနေပါသည်။ ထိုလှပ၍ ကျက်သရေရှိလှသော ဥယျာဉ်ထဲသို့ ကျွန်ုပ်တို့ဝင်ရောက်ကြည့်ရှုရသောအခါတွင် အလွန်ပျော်ရပါသည်။ အထူးသဖြင့် သိပ္ပံဘာသာရပ်တွင်ပါဝင်သည့် လိပ်ပြာအကြောင်း၊ ပန်းပွင့်အကြောင်းများကိုသင်ရသောအခါ ကျွန်ုပ်တို့သည် ပို၍ပင်ပျော်ရွှင်ကြည်နူးရပါသည်။ အဘယ့်ကြောင့်ဆိုသော် သိပ္ပံဆရာမ ဒေါ်မြမြသည် ပန်းပွင့်နှင့် ပျားအကြောင်းတို့ကို သင်ကြားသောအခါ၌ ကျွန်ုပ်တို့ကို ပန်းဥယျာဉ်အတွင်း သို့ခေါ်သွားကာ လက်တွေ့သင်ပြပေးသောကြောင့်ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ကျောင်းဥယျာဉ်သည် ကျောင်း၏အလှဂုဏ်ကိုဆောင်ပေးသည့်ပြင် ကျွန်ုပ်တို့ကျောင်းသူ ကျောင်းသားများအတွက်၊ စာသင်ကြားရာ၌လည်းကောင်း၊ အပန်းဖြေအနားယူနိုင်ရန်အတွက်လည်းကောင်း အကျိုးဆောင်ပေးသည့် ကျောင်း၏အကျိုးဆောင်ကြီးဟုလည်း ဆိုနိုင်ပါသည်။

ဤမျှ ကျောင်းနှင့် ကျောင်းသူ၊ ကျောင်းသားတို့အား အကျိုးပြုနေသည့်ကျောင်းဥယျာဉ်သည် ကျွန်ုပ်တို့ ညောင်ပင်သာ အစိုးရအလယ်တန်းကျောင်း တည်ရှိနေသမျှကာလပတ်လုံး တည်တန့် ရှင်သန်နေစေရန်၊ ကျွန်ုပ်တို့ကျောင်းသူကျောင်းသားများက ထိန်းသိမ်းစောင့်ရှောက်သင့်ကြပါသည်။ သစ်ပင်၊ ပန်းပင်တို့သည် လူ၏ပြုစုယုယမှုအပေါ်တွင် အားထားမှီခိုပြီး ရှင်သန်ကြီးထွားနေရသည်ဖြစ်ရာ ကျွန်ုပ်တို့ကျောင်းသူကျောင်းသားများ၏ ပေါင်းသင်ခြင်း၊

ရေလောင်းခြင်း၊ အမှိုက်သရိုက်များ ရှင်းလင်းဖယ်ရှားပေးခြင်း စသောလုပ်အားကို ငံ့လင့်စောင့်ကြိုနေပါသည်။ ဤအခြေအနေကို သိသော ကျောင်းအုပ်ဆရာမကြီးသည် ကျွန်ုပ်တို့ ၏ နီ၊ ပြာ၊ ဝါ၊ စိမ်း အသင်း (၄)သင်းကို တစ်ပတ်လျှင်နှစ်ကြိမ်ကျ တာဝန်များခွဲကာ လုပ်အားပေးရန် အစီအစဉ်ချမှတ်ထားပါသည်။ ကျောင်းသားကျောင်းသူများသည်လည်း ပေးအပ်သောတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခြင်းဖြင့် ပန်းဥယျာဉ်၏ကျေးဇူးကို ပြန်လည်ပေးဆပ်ကြရသည်။

ကျွန်ုပ်တို့ကျောင်းသားများသည် ပညာသင်ကြားခြင်း၏ ရည်ရွယ်ချက်တစ်ခုဖြစ်သော ရသခံစားရေးဟူသည့်အကျိုးကို ရရှိခံစားနိုင်ကြသောကြောင့် ကျောင်းဥယျာဉ်၏ကျေးဇူးသည် ကြီးမားလှပါသည်။ ထိုသို့သောကျောင်းဥယျာဉ်များကို အခြားသော ကျောင်းများ၌လည်း ရှိစေချင်ပါသည်။ ထိုအခါ ကျောင်းတွင်ရှိကြသော ကျောင်းသားကျောင်းသူအပေါင်းတို့သည် ကျွန်ုပ်တို့ခံစားရသော အကျိုးကျေးဇူးများကို ခံစားကြရမည်မှာ မလွဲဧကန်ပင်ဖြစ်ပါတော့သည်။

◆ ◆ ◆ ◆ ◆



## ၁၂။ ငယ်စဉ်အခါပညာရှာ

**ရေးရန်ပုံကြမ်းအချက်အလက်များ**

- လူ့ဘဝ၏အဖိုးတန်ဆုံးသောအရာ
- ပထမအရွယ်မှာပညာရှာ
- ပညာရှိက ဘဝချမ်းသာကိုရနိုင်ပုံ
- မိုးလွန်မှထွန်ချဘဝမျိုးမရောက်အောင် အချိန်ရှိခိုက်လုံ့လစိုက်ရန်လိုအပ်ပုံ

လူသားတစ်ယောက်ဘဝတွင် မည်သည့်အရာသည် အရေးကြီးဆုံးဖြစ်သနည်းဟုမေးလျှင်၊ ကျွန်ုပ်သည် "ပညာ"ဟု မဆိုင်းမတွပင် ဖြေဆိုလိုက်မည်ဖြစ်ပါသည်။ လောကတွင် လူအများက အဖိုးတန်ဆုံးဟုမှတ်ယူထားသော အရာများသည် များစွာရှိပါသည်။ ရွှေလည်းဖြစ်နိုင်သည်။ ငွေလည်းဖြစ်နိုင်သည်။ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာစသော ကျောက်မျက်ရတနာများလည်း ဖြစ်နိုင်သည်။ ရေ၊ လေ၊ အစားအစာစသော အသက်နှင့်ခန္ဓာ တည်မြဲရှင်သန်နေအောင် အထောက်အကူပြုနိုင်သည့် အရာဝတ္ထုများလည်း

ဖြစ်နိုင်ပါသည်။ ဤသို့ အဖိုးတန်ဆုံးသောအရာများသည် လူ့လောက၌ အမျိုးမျိုးရှိနိုင်သော်လည်း "ပညာ"လောက် အရေးကြီးမည်မဟုတ်ပါ။

ကျွန်ုပ်တို့၏ ဘိုးဘွားများသည် "ပညာ"ကို အထူးအလေးအနက်ထားကာ တန်ဖိုးထားလေ့ရှိပါသည်။ "ပညာရွှေအိုးလူမခိုး၊ ပညာရဲရင့်ပွဲလယ်တင့်" စသည်ဖြင့် အမွှမ်းတင်ချီးကျူးခဲ့ကြပါသည်။ ထို့ကြောင့် မြန်မာတို့သည် သားငယ်သမီးငယ်များကို ငယ်စဉ်ကပင်ကျောင်းပို့ကာ ပညာသင်စေခဲ့ရခြင်းဖြစ်ပါသည်။ ပညာသည် ဘဝတန်ဆောင်မီးရှူးရောင် ဖြစ်ပါသည်။ လူ့လောက၏ မသိနားမလည်မှုဟူသောအမှောင်တိုက်ကြီးကို ပညာမီးရောင်ဖြင့်သာ ဖယ်ရှားနိုင်မည်ဟု အကြွင်းမဲ့ယုံကြည်ကြသည်။

သံသည် ပူနေတုန်းမှာပင် ကြိုက်နှစ်သက်ရာပုံကို ထုနှက်ပုံသွင်း၍ရနိုင်ပါသည်။ အကယ်၍ သံသည်အေးသွားပါလျှင် လိုချင်သည့်ပုံစံကို ထု၍ရတော့မည်မဟုတ်ချေ။ ဤနိယာမသဘော အတိုင်း လူတို့သည်လည်း သွေးသားနှင့်ဦးနှောက်များ လန်းဆန်းတက်ကြွနေချိန်ကပင် ပညာကိုစတင်သင်ကြားလျှင် ပို၍ခရီးရောက်အကျိုးများနိုင်ပါသည်။ ဤသဘောကိုရည်ညွှန်း၍ "ငယ်စဉ်အခါပညာရှာ"ဟု ရှေးပညာရှိကြီးများက မှာတမ်းချွေခဲ့ကြပါသည်။

မှန်ပါသည်။ ပညာကို ငယ်စဉ်ကပင် စတင်ရှာဖွေသင်ယူကြသည်။ အရွယ်ကြီးရင့်လာသောအခါမှ ပညာကိုသင်ခြင်းသည် မိုးရွာတုန်းရေမခံဘဲ မိုးလွန်မှထွန်ချသူများကဲ့သို့ အချည်းနှီးသာဖြစ်ရပေမည်။ မည်သည့်အမှုကိစ္စ၌မဆို အချိန်အခါအလိုက် အလုပ်လုပ်နိုင်ခြင်းသည် အောင်မြင်မှု၏ ရေသောက်မြစ်ဖြစ်ပါသည်။ ပြုသင့်သော





အချိန်တွင်မပြုခြင်းသည် အချိန်ကိုအလွဲသုံးစားလုပ်သလို ဖြစ်သကဲ့သို့ မပြုသင့်သောအချိန်တွင် ပြုလုပ်ခြင်းသည်လည်း အချိန်ကိုတန်ဖိုးမထားသလိုဖြစ်နေသဖြင့် အကျိုးမရှိသည့်အပြင် အပြစ်ကိုပင်ရနိုင်ကြောင်း သတိပြုသင့်ကြပါသည်။

ငယ်စဉ်အခါပညာရှာခြင်းသည် မှန်ကန်သောလုပ်ရပ်တစ်ခုဖြစ်ပါသည်။ မိုးရွာတုန်းရေခံလျှင် ရေအများအပြားရနိုင်ပါသည်။ သို့မဟုတ်လျှင် နေဝင်မှစပါးလှမ်းသူကဲ့သို့ အကျိုးယုတ်စေနိုင်ပါသည်။ ပညာသည် မူလသဘောအားဖြင့် ချမ်းသာသုခကို ဆောင်ကြဉ်းပေးနိုင်ပါသည်။ ထို့ကြောင့် ပညာကို မရ-ရအောင် ရှာဖွေသင်ယူတတ်သောသူအား ဆင်းရဲဒုက္ခကင်းဝေး၍ ချမ်းသာခြင်းကို ခံစားနိုင်ကြပါသည်။ ယနေ့ ကြီးပွားချမ်းသာနေကြသူများကိုကြည့်လျှင် တစ်ခုပညာ ကိုယ်စီပါကြသည့် ပညာတတ်များဖြစ်ကြသည်ကို တွေ့မြင်ကြရပေမည်။ မဏိဇောတပြည်တန်မြသည် နရဏီ ရွှေအကွပ်ဖြင့်သာတင့်တယ်သကဲ့သို့ လူသည်လည်း ပညာရှိမှသာတင့်တယ်နိုင်ပါသည်။

ပညာမဲ့သူများကား ဟင်္သာတို့အလယ် ရောက်နေသော ကျီးကဲ့သို့ မျက်နှာငယ်ရရှာသည်။ ရှေးပညာရှိပုဂ္ဂိုလ်ကျော်များသည် ပညာမသင်ကြားခဲ့ရသူများ၊ ပညာမဲ့သူများ၏ အရုပ်ဆိုးအကျည်းတန်ပုံကို ဥပမာအမျိုးမျိုးပြ၍ ဖော်ပြခဲ့ကြသည်။ စာဆိုအရှင်ရှင်မဟာရဋ္ဌသာရကမူ သူ၏ ကိုးခန်းပျို့တွင် "ဝိဇ္ဇာသိပ္ပ၊ လူ့ကိစ္စကို၊ ငယ်ကမသင်၊ ပျော်ပါးလွင်မူ၊ အကြင်သူအား၊ စကားချေတင်၊ သဘင်မပြု၊ ခံတွင်းမဲ့သို့၊ ချို့တဲ့ပညာ၊ ညိုးမျက်နှာနှင့်၊ ရွံရှာလန့်ထိတ်၊ အသံဆိတ်၏" ဟု ပညာမဲ့သူများ၏အပြစ်ကို လှစ်ပြခဲ့လေသည်။

ပညာရှိခြင်း၏အကျိုး၊ ပညာမဲ့ခြင်း၏အပြစ်များကို သိရှိကြသူတို့သည် ပညာကို ငယ်စဉ်ကပင် အချိန်ရှိခိုက်လုံ့လစိုက်ပြီး သင်ယူကြရသည်။ သင်ယူသည့်အခါ နည်းမှန်၊ စနစ်မှန်ရေးသည် အလွန်လိုအပ်ပါသည်။ နည်းမမှန်၊ စနစ်မမှန်လျှင် ပလိုင်းပေါက်နှင့်ဖားကောက်သကဲ့သို့ အချိန်ကုန်လူပမ်းပြီး အကျိုးမရှိဖြစ်တတ်ပါသည်။

ငယ်စဉ်က ပညာရှာရာတွင် ပထမဦးစွာ မိမိအားပညာသင်ပေးသူ ဆရာ၊ ဆရာမများအပေါ် ရိုသေလေးစားရေးသည် အရေးကြီးလှသည်။ ရိုသေလေးစားခြင်းသည် မာန်မာနကိုနှိမ့်ချခြင်းဖြစ်၍ ဆရာ၊ ဆရာမများအပေါ် မာန်မာနထားခြင်းကို ရှောင်ရှားကြရမည်။ မာန်မာနမရှိ ဆရာ၊ ဆရာမအပေါ် လေးစားရိုသေသောစိတ်ဖြင့် ပညာသင်ကြားသောတပည့်သည် အခြားတပည့်များထက် ပညာတတ်လွယ်သည်။ သဘောပေါက်လွယ်သည်။ ဆရာ၊ ဆရာမတို့၏ ချစ်ခင်ခြင်း၊ စေတနာထားခြင်းတို့ကိုခံရလေသည်။ မာန်မာနဟူသည် အဖျက်စိတ်ဖြစ်၍ ပညာမတတ်အောင် ပိတ်ပင်တားဆီးထားသောအရာဖြစ်သောကြောင့် မာန် မာနကိုဖယ်၊ ဆရာ၊ ဆရာမတို့၏စကားကို မြေဝယ်မကျ နားထောင်ခြင်းဖြင့် မိမိလိုသောပညာကို သင်ယူကြရပေမည်။

မိမိသင်ယူနေသောပညာကို လိုချင်၊ တတ်မြောက်ချင်သောဆန္ဒကို ပြင်းပြစွာထားရှိ၍ သင်ကြားခြင်းသည် မှန်ကန်သောနည်းတစ်နည်း ဖြစ်ပါသည်။ မြန်မာမှုတွင် ဥစ္စာရင်လို၊ ဥစ္စာရင်ခဲဟူသော စကားတစ်ခွန်းရှိပါသည်။ ဖြစ်ချင်၊ ရချင်သောအရာတစ်ခုကို ကိုယ်တိုင်လိုချင်၊ ဖြစ်ချင်စိတ်ကို ပြင်းပြထက်သန်စွာထားရှိ၍ အားခဲကြိုးပမ်းသွားလျှင် မုချရနိုင်၊ တတ်မြောက်နိုင်သည်ဟုဆိုလိုခြင်းဖြစ်ပါသည်။ ထို့အတူ "ကျောင်း မှန်မှန်တက်၊ စာမခက်" ဟူသော လမ်းညွှန်စကားသည်လည်း အရေးပါလှသော အချက်တစ်ခုဖြစ်ပါသည်။ နေ့စဉ်ကျောင်းမှန်မှန်တက်ခြင်းဖြင့် ဆရာ၊ ဆရာမများ နေ့စဉ်သင်ကြားနေသည့် သင်ခန်းစာများကို မလွတ်တန်းပုံမှန် သင်ယူမှတ်သားရသဖြင့် ပညာသင်တပည့်အတွက် အကျိုးများနိုင်ပါသည်။ ထို့ကြောင့် အကြောင်းတစ်စုံတစ်ရာ ခိုင်လုံခြင်းမရှိဘဲ ကျောင်းခဏခဏပျက်ခြင်း၊ ကျောင်းနောက်ကျခြင်းမရှိရအောင် သတိပြုလိုက်နာသင့်သည်။





သင်ကြားရယူလိုသည့်ပညာကို ကျွမ်းကျင်တတ်မြောက် လေ့လာဆည်းပူးနည်းများသည် များစွာရှိပါသည်။ ကမ္ဘာကျော် ပညာရေးတွေးခေါ်ရှင်ကြီးများ၊ ပညာရေးပုဂ္ဂိုလ်ကျော်များ ရှာဖွေသုတေသန ပြုထားသောနည်းများလည်းရှိပါသည်။ မြန်မာကျောင်းသားလူငယ်များအဖို့မူ စာဆိုအရှင် ရှင်မဟာရဋ္ဌသာရ၏

"သု-စိ-ပု-ဘာ၊ ဝိ-လိ-သိ-စာ၊ အက္ခရာစွဲသုံး၊ ဤရှစ်လုံးကို

သီကုံးပန်းသွင်၊ နေ့တိုင်ဆင်လော့" ဟူသော . . .

ပညာသင်ကြား နည်းလမ်းညွှန်ချက်များအတိုင်း သင်ယူလေ့ကျင့်သွားသင့်ကြသည်။ပညာတစ်ရပ်ကို နားထောင်ခြင်း၊ ကြံစည်ခြင်း၊ မေးမြန်းခြင်း၊ ပြောဆိုခြင်း၊ ရေးသားခြင်း၊ နှုတ်ငုံအရကျက်မှတ်ခြင်းစသောနည်းလမ်းများဖြင့် သင်ယူကြရန် ဖြစ်ပါသည်။

လူ့လောကတွင် တတ်သိနားလည်အပ်သော ပညာရပ်များသည် မရေမတွက်နိုင်အောင် များပြားလှပါသည်။ နှုတ်မှုပညာ၊ လက်မှုပညာ၊ သိမှုပညာစသည်ဖြင့် အမျိုးမျိုးရှိပါသည်။ ထိုပညာ

တို့အနက် တစ်မျိုးကိုသော်လည်းကောင်း၊ နှစ်မျိုးကိုသော်လည်းကောင်း၊ မိမိသင်ယူလိုသောပညာရပ်များကို ဉာဏ်မီးတောက်စငယ်ရွယ်ပျိုမျစ်နေချိန်တွင်သင်ယူခြင်းသည် အကောင်းဆုံးဖြစ်သည်။ မိုးရွာနေတုန်းရေခံမှသာလျှင် ရေကိုရနိုင်သလို အသက်အရွယ် ပျိုမျစ်နုနယ်နေတုန်းအရွယ်တွင် ပညာကိုသင်ထားပါမှကောင်းစွာတတ်မြောက်နိုင်မည်ဖြစ်ပါသည်။

မည်သည့်ပညာကိုမဆိုသင်ယူရာ၌ ဤပညာကို ငါမသင်ယူနိုင်၊ မတတ်မြောက်နိုင်ဟု ကြိုတင်လက်လျှော့မထားသင့်ချေ။

"မသိလျှင်မေး၊ မစင်လျှင်ဆေး၊ မတတ်လျှင်သင်"

ဆိုသော စကားရှိသည့်အတိုင်း တတ်ချင်သောစိတ်အရင်းခံဖြင့် သင်ယူသွားလျှင် တတ်မြောက်ရမည်သာဖြစ်ပါသည်။ ပညာသင်ကြားရာတွင် ဇွဲလုံ့လသည် လွန်စွာအရေးကြီးလှသည်။ ဇွဲလုံ့လဟူသည် ပိုသည်မရှိ လိုသည်သာရှိပါသည်။ ပညာတတ်ချင်၊ ရချင်သော၊ ဆန္ဒနှင့် ဇွဲလုံ့လတို့ကို ပထမအရွယ်၊ ငယ်စဉ်အခါတွင် ပညာသင်ကြားရာ၌ စနစ်တကျအသုံးချသွားနိုင်ဖို့သာလိုပါသည်။ ဆန္ဒကလည်း ပြင်းပြ၊ ဇွဲလုံ့လကလည်းရှိ၊ အချိန်ကာလကလည်း မှန်ကန်မည်ဆိုလျှင် ပညာသင်သူတိုင်းသည် ပညာတတ်များဖြစ်လာမည်မှာ အမှန်ပင်ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် အသက်အရွယ်ကြီးရင့်မှ ပညာသင်ကြားရသော "မိုးလွန်မှထွန်ချရသည့်" အဖြစ်မျိုးမရောက်အောင် ခန္ဓာကိုယ်ကျန်းမာတုန်း၊ ဦးနှောက်ထက်သန်တုန်းအရွယ် ငယ်စဉ်အခါကပင် ပညာကိုတတ်မြောက်အောင် သင်ကြားဆည်းပူးသင့်လှပါတော့သည်။

◆ ◆ ◆ ◆ ◆



## ၁၃။ ကျောင်းသားနှင့်အားကစား

**ရေးရန်ပုံကြမ်းအချက်အလက်များ**

- အနာဂတ်ခေါင်းဆောင်လောင်းများအဖို့ ကျန်းမာရေးသည် အရေးကြီးပုံ
- ကာယ၊ ဉာဏ၊ စာရိတ္တ၊ ရသတို့သည် ဘက်စုံပညာရေးတွင် မရှိမဖြစ်လိုအပ်ပုံ
- ကျောင်းသား၊ ကျောင်းသူများအတွက် အားကစားသည် မရှိမဖြစ်တွဲဖက်ပါဝင်နေပုံ
- ကျန်းမာခြင်းသည် လာဘ်တစ်ပါးဖြစ်ပုံ
- ကျောင်းသင်ရိုးတွင်ပါဝင်သည့် ကိုယ်လက်လှုပ်ရှားမှု အစီအစဉ်များတွင် မဖြစ်မနေပါဝင်သင့်ပုံ

ယနေ့ကျောင်းသူ ကျောင်းသားများသည် မကြာခင်ရောက်ရှိလာတော့မည့် အနာဂတ်ကာလတွင် နိုင်ငံတော်ကို ဦးဆောင်ကြမည့် ခေါင်းဆောင်များဖြစ်လာမည်မှာ ကေန်မလွဲပင်ဖြစ်ပါသည်။ ထိုအခါနိုင်ငံနှင့် ပြည်သူတို့၏ အရေးအရာကိစ္စအဝဝကို ဘက်စုံထောင့်စုံမှ ပါဝင်ဆောင်ရွက်ကြရပေတော့မည်။ နိုင်ငံအရေးကို

စွမ်းစွမ်းတမံအလုပ်ကျွေးပြုရမည့် နိုင်ငံ့သားကောင်း ရတနာများသည် ပညာပြည့်ဝနှလုံးလှရမည့်သူများဖြစ်ရုံနှင့် မပြီးသေးချေ။ နိုင်ငံအရေးကို အားစိုက်ခွန်စိုက်၊ ကြိုးကြိုးစားစားလုပ်ကိုင်နိုင်အောင် ကျန်းမာခြင်းနှင့်ပြည့်စုံပြီး ကိုယ်ခန္ဓာတောင့်တင်းသန်မာသူများဖြစ်ရန် အရေးတကြီးလိုအပ်ပါသည်။ ကာယနှင့် ဉာဏ ဘက်စုံပြည့်ဝသူများဦးဆောင်သော နိုင်ငံသည်သာလျှင် ဖွံ့ဖြိုးတိုးတက်သော အခြေအနေကောင်းများကို ရရှိနိုင်မည်ဖြစ်ပါသည်။

ကျွန်ုပ်တို့လေ့လာသင်ယူနေရသော ပညာရေးသည် ဘက်စုံပညာရေးဖြစ်ပါသည်။ တစ်နေရာ၊ တစ်မျိုးတည်း၌သာ ထူးချွန်ပြောင်မြောက်နေ၍ မဖြစ်နိုင်တော့ချေ။ ဉာဏခေါ် ပညာရည်တိုးတက်လာရုံသာမက ဉာဏနှင့်ယှဉ်တွဲပြီး ကာယ၊ စာရိတ္တ၊ ရသတို့သည်လည်း လိုက်ဖက်ညီစွာတိုးတက်လာရန် အရေးကြီးလှပါသည်။ အထူးအားဖြင့် ကိုယ်ကာယ ကျန်းမာသန်စွမ်းခြင်းသည် မရှိမဖြစ်လိုအပ်ပါသည်။ တစ်နည်းအားဖြင့်ဆိုရသော် ပညာဘက်တွင် မည်မျှထူးချွန်နေသော်လည်း ကိုယ်ခန္ဓာချိနဲ့ပြီး ကျန်းမာရေးညံ့ဖျင်းနေပါက ထိုပညာကို အဘယ်မှာလျှင်အသုံးချနိုင်ပါအံ့နည်း။ ထို့ကြောင့် ပညာသင်နို့သင်ယူသောက်စို့နေကြသော ကျောင်းသူကျောင်းသားတို့သည် ကာယစွမ်းရည်နှင့် ဉာဏစွမ်းရည်တို့ကို စွယ်စုံဆင်ကြီးပမာ အင်အားတောင့်တင်းအောင် ပျိုးထောင်ထားနိုင်ရန် အရေးကြီးလှပါသည်။

ထိုသဘောကို ကောင်းစွာသဘောပေါက်သဖြင့် နိုင်ငံတော်သည် ကျောင်းသင်ဘာသာရပ်များနှင့် အားကစားလှုပ်ရှားမှုကိုတွဲဖက်ကာ ကျောင်းသားလူငယ်များကို သင်ကြားပေးနိုင်မည့် အစီအစဉ် များချမှတ်အကောင်ထည်ဖော်နေပါသည်။ နောင်တစ်ချိန်တွင် ပညာတတ်များဖြစ်လာကြမည့် လူငယ်တိုင်းသည် ကျန်းမာပြီးဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်သော နိုင်ငံသားကောင်းများဖြစ်လာစေရန် ရည်ရွယ်မျှော်လင့်ထားပါသည်။ သို့မှသာလျှင် မိမိတို့သင်ယူတတ်မြောက်ထားသော ပညာရပ်အသီးသီးကိုအသုံးချပြီး အမိနိုင်ငံတော်အတွက် အကျိုးရှိရှိအသုံးချနိုင်ကြမည်ဖြစ်ပါသည်။





ယနေ့တိုးတက်ဖွံ့ဖြိုးနေသော နိုင်ငံနှင့်လူမျိုးများကို အကဲခတ်ကြည့်ပါက ထိုသဘောကို ထင်ရှားစွာတွေ့မြင်နိုင်မည်ဖြစ်ပါသည်။ သူတို့နိုင်ငံတွင် ကျောင်းသင်ဘာသာရပ်နှင့် တွဲဖက်ကာ ကိုယ်လက်လှုပ်ရှားမှုဆိုင်ရာ အစီအစဉ်များကိုထည့်သွင်းထားပါသည်။ ထိုသို့စီစဉ်ထားခြင်းဖြင့် နိုင်ငံကအားထားရသော အားကစားလူရည်ချွန်များ အများအပြား ပေါ်ပေါက်လာကာ နိုင်ငံတော်၏ဂုဏ်ရောင်ကို ထွန်းလင်းတောက်ပစေနိုင်မည် ဖြစ်ပါသည်။ ပြည်တွင်းအားကစားသမားကောင်းများ၊ အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပွဲများတွင် နိုင်ငံ့ဂုဏ်ကိုမြှင့်တင်ပေးနိုင်မည့် အားကစားလူရည်ချွန်များသည် ထိုဉာဏနှင့် ကာယ နှင့်တွဲဖက်ထားသော အစီအစဉ်အရ ပေါ်ထွက်လာသူများသာ ဖြစ်သည်ကိုတွေ့ရမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့နိုင်ငံတွင်လည်း ယခုကျင့်သုံးနေသော ပညာရေးနှင့် အားကစားတွဲဖက်အစီစဉ်အရ နိုင်ငံ့ဂုဏ်ဆောင်အားကစားမောင်မယ်များ မနှေးအမြန်ပေါ်ထွက်လာမည်မှာ သေချာနေပေသည်။

စင်စစ်ဆိုရလျှင် လူ့ဘဝတစ်သက်သာလျှင် ကျန်းမာရေးသည် အရေးကြီးလှပါသည်။ ထို့ကြောင့် မြတ်ဗုဒ္ဓကပင် "အာရောဂျ ပရမံ လာဘံ"ဟု ကျန်းမာခြင်းကို ချီးကျူးဂုဏ်တင်ခဲ့ခြင်းဖြစ်ပါသည်။

လူ့ဘဝတွင် ကျန်းမာခြင်းနှင့်သာ ပြည့်စုံနေလျှင် အရာရာသည် ပြည့်စုံပြီးရထားသောလူ့ဘဝသည် တန်ဖိုးရှိသည်သာဖြစ်သည်ဟု ဆိုလိုသည့်သဘောဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကျန်းမာအောင်နေထိုင်ပြုမူတတ်အောင် ငယ်စဉ်ကပင် လေ့ကျင့်ပျိုးထောင်ထားသင့်ကြပါသည်။ ကျန်းမာခြင်း အလေ့အထကောင်းများ ပျိုးထောင်ရာတွင် အစားအသောက်၊ အအိပ် အနေသည် အရေးပါလှသည်ဆိုသော်လည်း တစ်ကိုယ်ရည်သန့် ရှင်းရေးနှင့် ကိုယ်လက်လှုပ်ရှားခြင်းတို့က ပို၍အရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော် နှလုံးအားကောင်းခြင်း၊ သွေးလည်ပတ် မှုမှန်ကန်ခြင်း၊ အကြောများ ပျော့ပျောင်းရှင်သန်ခြင်း၊ ဦးနှောက် ကြည်လင်လန်းဆန်းခြင်းတို့ကို ကိုယ်လက်လှုပ်ရှားအားကစားကသာ ပေးစွမ်းနိုင်သောကြောင့်ဖြစ်ပါသည်။

ကျွန်ုပ်တို့ကျောင်းသားများ သင်ယူနေကြရသော သင်ရိုးများထဲတွင် ကိုယ်လက်လှုပ်ရှားအားကစား အစီအစဉ်များကို ထည့်သွင်းပေးထားခြင်းသည် သဘာဝကျပြီး ပညာသင်ကြားရေးကို ပိုမိုထိရောက်စေပါသည်။ ကျောင်းသင်ခန်းစာများကိုသင်ယူရာ၌ သင်ယူသူ ကျောင်းသူ ကျောင်းသားတို့၏ ဦးနှောက်လန်းဆန်း ကြည်လင်မှုသည် အရေးကြီးလှပါသည်။ ထုံထိုင်းရီဝေနေသော ဦးနှောက်များဖြင့် မည်သည့်ပညာကိုမဆို သင်ယူနိုင်မည်မဟုတ်ချေ။ ဆရာ၊ ဆရာမတို့၏ သင်ကြားပို့ချမှုအပေါ်၌လည်း နားလည်သဘောပေါက်နိုင်ရန် ခက်ခဲမည်ဖြစ်ပါသည်။ ကြည်လင်လန်းဆန်းသော ဦးနှောက်ဖြင့် သင်ယူနိုင်မှသာလျှင် ပညာသင်ကြားရေးသည် ခရီးပေါက်ပြီး အောင်မြင်နိုင်မည်ဖြစ်ပါသည်။





ပညာရေးနှင့် အားကစား တွဲဖက်အစီအစဉ်များအရ ယနေ့တွင် ကျွန်ုပ်တို့ကျောင်းသားများသည် ကျောင်းချိန်အတွင်းတွင် ကိုယ်လက်လှုပ်ရှား အားကစားလုပ်ငန်းများကို လုပ်နိုင်ကြပါသည်။ ခြင်းလုံးခတ်ခြင်း၊ စားပွဲတင်တင်းနစ်ရိုက်ခြင်း၊ ဘော်လီဘောကစားခြင်း၊ ကြက်တောင်ရိုက်ခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။ ခေါင်း၊ ခါး၊ ခြေလက်တို့ကို လှုပ်ရှားကစားရသော ကာယလေ့ကျင့်ခန်းများသည်လည်း ပျော်စရာကောင်းလှပါသည်။ ထိုသို့လှုပ်ရှားလိုက်ရသဖြင့် စာသင်ချိန်တွင် ကောင်းစွာသင်ယူနိုင်ပြီး အိမ်ပြန်ရောက်၍ စာများကျက်မှတ်ရာတွင်လည်း လွယ်ကူအဆင်ပြေပါသည်။

ထို့ပြင် အသက်အရွယ်အလိုက် ကျင်းပပေးသော ကျောင်းတွင်းအားကစားပြိုင်ပွဲများ၊ ကျောင်းစုအားကစားပြိုင်ပွဲများ၊ မြို့နယ်အဆင့်ပြိုင်ပွဲများကိုလည်း အချိန်ရာသီအလိုက် ကျင်းပပေးနေပါသည်။ ထိုပြိုင်ပွဲများသည် ကိုယ်လက်အင်္ဂါ သန်စွမ်းစေရုံသာမက ကျောင်းသားကျောင်းသူအချင်းချင်း ချစ်ကြည်ရင်းနှီးရေး၊ အားကစားစိတ်ဓါတ်ရှင်သန်ဖွံ့ဖြိုးရေး၊ စိတ်ဓါတ်ကြံ့ခိုင်ရေး၊ အခက်အခဲများကို ကျော်လွှားလွန်မြောက်အောင် ကြိုးပမ်းတတ်ရေးစသော အကျိုးရလဒ်များကိုလည်း ရနိုင်ပါသည်။

ကျောင်းသားနှင့်အားကစားသည် ဒင်္ဂါးပြား၏ ခေါင်းနှင့် ပန်းပမာ အပြန်အလှန်ဆက်စပ်နေသည်ကို သတိပြုသင့်ကြသည်။ ကိုယ်လက်လှုပ်ရှား အားကစားမရှိသောကျောင်းသားသည် မည်မျှပင်ဉာဏ်ကောင်းပြီး ကျိုးစားအားထုတ်သော်လည်း ထူးချွန်နိုင်ရန် မလွယ်ကူပါ။ ပညာတွင်ထူးချွန်လိုလျှင် အားကစားကိုအခြေအနေပေးသမျှ လေ့လာလိုက်စားရမည်မှာ ကျောင်းသားတစ်ယောက်၏

မလုပ်မဖြစ်သော တာဝန်တစ်ရပ်ဟုဆိုလျှင် မှားမည်မဟုတ်ချေ။ ကျောင်းချိန်အတွင်း၌ သင်ရိုးအရ ကိုယ်လက်လှုပ်ရှားကစားရသလို ညနေပိုင်းကျောင်းလွှတ်၍ အိမ်ပြန်ရောက်သောအခါ ရေမချိုးမီ အနည်းဆုံးနာရီဝက်ခန့် ခြင်းလုံးခတ်ခြင်း၊ တင်းနစ်ကစားခြင်း၊ ဘောလုံးကန်ခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။

ကျောင်းချိန်အတွင်း အားကစားလှုပ်ရှားခြင်း၌ မပါဝင်ဘဲ ဘေးဖယ်နေခြင်း၊ အိမ်ပြန်ရောက်သောအခါ အားကစားလှုပ်ရှားမှုမလုပ်ဘဲနေခြင်းတို့သည် ပညာသင်နေသူ ကျောင်းသားတစ်ယောက်အဖို့ အလွန်တရာမှားယွင်းသော အမူအကျင့်တစ်ခုဖြစ်ပါသည်။ ကျောင်းတွင်းအားကစားအစီအစဉ်များ၌ ပါဝင်လှုပ်ရှားသင့်ပါသည်။ အားကစားနည်းတစ်မျိုးမျိုးကို လက်ကိုင်ပြု၍ နေ့စဉ်လှုပ်ရှားနေသင့်ပါသည်။ မိမိနေ့စဉ် ကျောင်းတက်ပြီး စာပေပညာများသင်ယူနေသည်မှာ စာမေးပွဲကို ထူးချွန်စွာအောင်နိုင်ဖို့တစ်ခုတည်းမဟုတ်ဘဲ ကိုယ်လက်ကျန်းမာသန်စွမ်းပြီး ဦးနှောက်ရွှင်လန်းစွာ ပညာများကိုသင်ယူနိုင်ဖို့နှင့် နောင်တစ်ချိန် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားတစ်ယောက် ဖြစ်လာဖို့ဆိုသည့် ရည်မှန်းချက်လည်းထားရှိရန် လိုပါသည်။ သို့မှသာလျှင် နိုင်ငံတော်မှ ရည်မှန်းထားသည့် ကိုယ်လက်ကြံ့ခိုင်၍ ပညာထူးချွန်သော အနာဂတ်သားကောင်းရတနာများ ပေါ်ထွန်းလာမည်မှာ မြေကြီးလက်ခတ်မလွဲပင် ဖြစ်ပါတော့သည်။

◆ ◆ ◆ ◆ ◆



## ၁၄။ ကျောင်းသားနှင့်ယဉ်ကျေးမှု

**ရေးရန်ပုံကြမ်းအချက်အလက်များ**

- ယဉ်ကျေးမှုဟူသည်
- ပညာဟူသည် စာတတ်ခြင်းမျှသာမဟုတ်၊ ယဉ်ကျေးလိမ္မာမှုလည်း ပါဝင်ပုံ
- လိမ္မာယဉ်ကျေးမှုသည် လူ့တန်ဖိုးကိုကြီးမားစေပုံ
- လိမ္မာယဉ်ကျေးသူများသည် လူချစ်လူခင်ပေါများ၍ ဘဝအောင်မြင်မှုရနိုင်ပုံ
- လိမ္မာယဉ်ကျေးသော ပညာတတ်များဖြစ်လာအောင် ကြိုးစားသင့်ကြပုံ

လူသည် တိရစ္ဆာန်လောကမှခွဲထွက်လာနိုင်သော အဓိကအရည်အချင်းမှာ အမှားအမှန်ကို ခွဲခြားသိမြင်နိုင်သော အသိဉာဏ်ရှိသောကြောင့်ဟုဆိုကြပါသည်။ ဤအဆိုသည် မှန်ရုံသာမှန်ကန်ပြီး မပြည့်စုံသေးချေ။ "ယဉ်ကျေးမှု" ရှိသောကြောင့်ဟု ဖြည့်စွက်ထည့်သွင်းလိုက်ပါမှ ပြည့်စုံနိုင်ပါမည်။ အဘယ်ကြောင့်ဆိုသော်

လူသည်အသိဉာဏ်တွင် အခြားတိရစ္ဆာန်များထက် မြင့်မားသာလွန်သော်လည်း ယဉ်ကျေးမှုကင်းမဲ့နေပါက အရိုင်းအစိုင်းဘဝသို့ ရောက်ကာ တိရစ္ဆာန်များနှင့် မည်သို့မျှခြားနားမည်မဟုတ်သောကြောင့်ဖြစ်ပါသည်။

လူ့လောက၏အမြုတေသဖွယ် အဖိုးအနဂ္ဃထိုက်တန်လှသော ပညာသည်ပင် ယဉ်ကျေးမှုအပေါ်တွင်အခြေမခံလျှင် တန်ဖိုးမဲ့ပြီး အသုံးမကျဖြစ်ရချေသည်။ ထို့ကြောင့် ယဉ်ကျေးမှုသည် ပညာ၏ အထိန်းအကွပ်ဟုဆိုသော်ရနိုင်ပါသည်။ ယဉ်ကျေးမှုဟူသည် လူတို့၏အပြောအဆို၊ အလုပ်အကိုင်၊ အကြံအစည်တို့၏ သန့်ရှင်းစင်ကြယ်၊ ဖြောင့်မတ်တည်ကြည်၊ နူးညံ့သိမ်မွေ့သော သဘောကိုဆိုလိုပါသည်။ ယဉ်ကျေးမှုသည် လူကိုတန်ဖိုးမြင့်မားစေနိုင်သည်။ လူ့ဘဝနှင့် လောကကို တိုးတက်သာယာစေနိုင်သည်။ လူ၏အမူအရာ၊ အပြောအဆို၊ အကြံအစည်တို့ကို ဖြောင့်မတ်တင့်တယ် ရည်မွန်စေနိုင်ပါသည်။ ထို့ကြောင့် ပညာချင်း၊ ဥစ္စာဓနချင်း၊ ရုပ်ရည်ရူပကာချင်းတူလာလျှင် ယဉ်ကျေးသိမ်မွေ့သူက ပို၍တန်ဖိုးရှိပါသည်။

ကျွန်ုပ်တို့ကျောင်းသူ ကျောင်းသားများသည် အနာဂတ်ကာလ၌ ထွန်းတောက်ဝင့်ကြွားလာမည့် ကြယ်ပွင့်ကလေးများဖြစ်လာအောင် ကျောင်းသင်ပညာရပ်များကို အပတ်တကုတ်သင်ယူလေ့လာ ဆည်းပူးနေကြခြင်းဖြစ်ပါသည်။ ထိုသို့သင်ယူဆည်းပူးနေကြရာတွင် ကျောင်းစာများကို တတ်မြောက်ကျွမ်းကျင်ရုံ၊ စာမေးပွဲအောင်ပြီး အတန်းတက်ရုံနှင့်မပြီးသေးချေ။ ပညာသင်ကြားခြင်း၏ ရည်ရွယ်ချက်သည်လည်း စာတတ်ရုံ၊ စာမေးပွဲအောင်ရုံ၊ အတန်းတက်ရရုံနှင့် ပြည့်စုံပြီဟုမဆိုနိုင်သေးချေ။ မိမိတို့သင်ယူတတ်



မြောက်ထားသည့်ပညာဖြင့် မိမိဘဝတိုးတက်အောင်၊ မိမိမိသားစုပတ်ဝန်းကျင်နှင့် မိမိလူမျိုး၊ မိမိတိုင်းပြည် တိုးတက်ဖွံ့ဖြိုးစေပြီး ကမ္ဘာ့အလယ်ထည်ဝါခန့်ငြားနေအောင် တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်ဖို့လိုပါသေးသည်။ ထို့ကြောင့် မိမိတို့သင်ယူဆည်းပူးနေကြရသော ပညာများနှင့်အတူ ကာယ၊ စာရိတ္တ၊ ရသ၊ မိတ္တစသည့် ဘက်စုံအရည်အချင်းများနှင့် ပြည့်စုံနေဖို့လည်းလိုပါသေးသည်။ စာရိတ္တကောင်းမွန်ခြင်း၊ ရသခံစားတတ်ခြင်း၊ ပေါင်းသင်းဆက်ဆံရေးကောင်းမွန်ခြင်းတို့သည် ယဉ်ကျေးခြင်းနှင့် သက်ဆိုင်နေပါသည်။ စာရိတ္တ၊ ရသ၊ မိတ္တ အရည်အသွေးများ တိုးတက်ဖွံ့ဖြိုးခြင်းသည် ယဉ်ကျေးမှု တိုးတက်ခြင်းဖြစ်သည်ဟုဆိုနိုင်ပါသည်။ ထိုနည်းတူစွာပင် ယဉ်ကျေးမှုရှိသူများသည်သာလျှင် အကျင့်စရိုက် ကောင်းမွန် မြင့်မြတ်အောင်၊ ရသခံစားတတ်အောင်၊ ပေါင်းသင်းဆက်ဆံရေးကောင်းမွန်အောင် ဆောင်ကျဉ်းပေးနိုင်ပါသည်။ ထို့ကြောင့် ယနေ့ပညာသင်ကြားနေကြရသူ ကျောင်းသူ ကျောင်းသားတို့သည် ယဉ်ကျေးသူများ၊ စိတ်သဘောထားမြင့်မြတ်ရည်မွန်သူများဖြစ်လာအောင် စာရိတ္တ၊ ရသ၊ မိတ္တဆိုင်ရာ အရည်အချင်းကောင်းများရရှိလာအောင် ကြံဆောင်သင့်ကြပါသည်။

ကျွန်ုပ်တို့ပတ်ဝန်းကျင်တွင် အပြောအဆို၊ အမူအရာ တည်ကြည်ရည်မွန်သူများကို တွေ့နိုင်ပါသည်။ သူတို့သည် စကားကို နှိမ့်ချပြောဆိုတတ်ကြသည်။ မာန်မာနထောင်လွှားမှုမရှိ ကြီးသူကို လေးစားရိုသေတတ်ကြသည်။ ကိုယ့်အောက်နိမ့်သူများကို သနားညှာတာတတ်ကြသည်။ အမူအရာမှာ ယဉ်ကျေးသိမ်မွေ့သည်။ ဟောဲရမ်းသောဲသွမ်းခြင်းမရှိ၊ အိန္ဒြေသိက္ခာရှိကြသည်။ ကျွန်ုပ်တို့

ကျောင်းသားတို့သည် သူတို့၏ပြောဆိုနေထိုင်ပုံကို အတုယူသင့်ကြသည်။ ထိုသူတို့သည် လူ့ပတ်ဝန်းကျင် အသိုင်းအဝိုင်းထဲတွင် တန်ဖိုးရှိသူများဖြစ်၍ အများ၏ချစ်ကြည်လေးစားမှုကို ခံကြရသည်။

ယနေ့ လူ့အသိုင်းအဝိုင်းထဲတွင် ယဉ်ကျေးသူများနှင့် ရိုင်းစိုင်းသူများသည် အချင်းချင်းအားပြိုင်နေကြသည်ကို တွေ့ကြရမည်ဖြစ်သည်။ ရိုင်းစိုင်းသူများသည် လူ့လောကကြီးမတည်ငြိမ်အောင် မတရားမှု အဓမ္မတရားများဖြင့် မလိုလားဖွယ်သော အနိဋ္ဌာရုံများကို ဖန်တီးနေကြသည်။ သူတို့၏ မနှစ်မြို့ဖွယ် လုပ်ရပ်များကို ယဉ်ကျေးသူများက ဟန့်တားကာကွယ်နေကြရသည်။ အပျက်အစီး အဆွေးအမြေ့များကိုဖယ်ရှားပြီး အသစ်တဖန်ပြန်လည် တည်ဆောက်နေကြရသည်။ အဖိုးတန်သောအချိန်၊ အင်အား၊ ငွေကြေးတို့ကို အလဟဿဖြစ်စေသဖြင့် နှမြောဖွယ်ကောင်းလှသည်။ ထို့ကြောင့် လူရိုင်းများ၏ အဖျက်အင်အားများက ယဉ်ကျေးသော လူ့အဖွဲ့အစည်းကို မလွှမ်းမိုးသွားနိုင်ရေးမှာ အရေးကြီးလှပါသည်။

ယနေ့ကျောင်းစာသင်ခန်းများအတွင်း၌ စာပေသင်ကြားနေကြသော ကျွန်ုပ်တို့လူငယ် ကျောင်းသားကျောင်းသူများသည် စာပေတတ်မြောက်ခြင်းနှင့်အတူ ယဉ်ကျေးသိမ်မွေ့သူများ ဖြစ်လာရေးသည် အလွန်လိုအပ်နေပါသည်။ ကျောင်းတွင်စာသင်နေရသည့်အချိန်၌ ဆရာ၊ ဆရာမများကို ရိုသေကြရမည်။ သူတို့၏ ညွှန်ကြားဆုံးမစကားများကို တသွေမတိမ်းလိုက်နာကြရပါမည်။ ကျောင်းသားအချင်းချင်းဆက်ဆံရာ၌ အပြောအဆိုအမူအရာများ ယဉ်ကျေးသိမ်မွေ့စွာဆက်ဆံကြရပါမည်။ အိမ်ပြန်သွားသောအခါတွင်လည်း မိဘနှစ်ပါးကိုရိုသေလေးစားပြီး မိဘစကားကိုပယ်လှန်ခြင်း





မပြုဘဲ နာယူမှတ်သားကြရပါမည်။ ထို့ပြင် ဝတ်စားဆင်ယင်မှုကိုလည်းဂရုစိုက်ကာ ရိုးရာယဉ်ကျေးမှုနှင့်အညီ ဝတ်ဆင်နိုင်ရန်အရေးကြီးလှပါသည်။ သို့မှသာလျှင် ကျွန်ုပ်တို့သည် နောင်တစ်ချိန်တွင်ကြီးပွားအောင်မြင်သူများ ဖြစ်လာနိုင်ပါသည်။

ကျွန်ုပ်တို့သည် ဆည်းပူးသင်ယူနေရသောပညာများကို အပတ်တကုတ်ကြိုးစားပြီး သင်ယူသွားကြလျှင် ဆရာဝန်ကြီးများ၊ အင်ဂျင်နီယာကြီးများ၊ အသိပညာရှင်၊ အတတ်ပညာရှင်ကြီးများဖြစ်လာကြမည်မှာမလွဲချေ။ ထိုသို့သော ပညာရှင်ကြီးများဘဝသို့ရောက်နေသော်လည်း အပြောအဆို၊ အမူအရာ ယဉ်ကျေးသိမ်မွေ့မှုမရှိခဲ့ပါလျှင် သူတို့တတ်ထားသောပညာသည် အချည်းနှီးဖြစ်ရပေတော့မည်။ မိမိကိုပညာသင်ပေးလိုက်သော နိုင်ငံတော်အတွက်လည်း နစ်နာဆုံးရှုံးရပေတော့မည်။ ထို့ကြောင့် ကျွန်ုပ်တို့ကျောင်းသားများသည် ယခုကဲ့သို့ ပညာသင်နေသည့်အရွယ်ကပင် အပြောအဆို၊ အမူအရာ ယဉ်ကျေးသူများဖြစ်လာအောင် ကြိုးစားသင့်လှပေသည်။

◆ ◆ ◆ ◆ ◆

## ၁၅။ ကျွန်ုပ်၏ဆရာများ

**ရေးရန်ပုံကြမ်းအချက်အလက်များ**

- သွန်သင်ဆုံးမပြ ဆုံးမနာယူရမည့် လူ့ဘဝနှင့်ဆရာများ
- ကျွန်ုပ်၏ဆရာများ
- ဆရာကျင့်ဝတ်ငါးပါးနှင့် သင်ကြားလမ်းညွှန်ပေးခဲ့ပုံများ
- နာသုံးနာနှင့် ပီတိကိုစားသုံးနေသောကျေးဇူးရှင်များ
- ကျွန်ုပ်၏ ဆရာများ၏ကျေးဇူးကို တစ်သက်တာတွင် မေ့နိုင်တော့မည်မဟုတ်ကြောင်း

လူ့ဘဝသည် သွန်သင်ညွှန်ပြ ဆုံးမနာယူမှုတို့ဖြင့် အစဉ်လွှမ်းခြုံရစ်ပတ်ထားရမည့် ဖြစ်စဉ်ကြီးတစ်ရပ်ဖြစ်သည်ဟု ဆိုကြသည်။ ဤနည်းဖြင့် လူသည် တိရစ္ဆာန်လောကထဲမှ ရုန်းထွက်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ လူ့ဘဝသည် ပန်းခင်းလမ်းကဲ့သို့ ဖြောင့်ဖြူးသာယာနေသည်ကားမဟုတ်ချေ။ ခရောင်းတောလို ကြမ်းတမ်း၍ အကွေ့အကောက်၊ အတက်အဆင်း၊ ဆူးငြောင့်ခလုတ် ဘေးအန္တရာယ်ပေါ်များလှသည့် ခရီးကြမ်းကြီးတစ်ခုဖြစ်ပါသည်။





သတိလစ်၍ တစ်ချက်မှားသည်နှင့် ဒုက္ခပင်လယ်ဝေကာ တစ်သက်တာ ခေါင်းမထောင်နိုင်အောင် ဘဝအမှောင်ထဲသို့ ရောက်သွားနိုင်ပါသည်။ ထိုဘဝအခြေအနေမျိုးသို့ ရောက်မသွားစေရန် သွန်သင်ညွှန်ပြ၊ ဆိုဆုံးမစကားများသည် အမှန်ပင်လိုအပ်ပါသည်။

မည်သည့်အရာသည် အမှန်တရား၊ မည်သည့်အရာသည် အမှား၊ မည်သည့်လမ်းသွားလျှင် ချမ်းသာမည်။ မည်သည့်လမ်းကိုလိုက်လျှင် ဒုက္ခရောက်မည်ကို သွန်သင်ညွှန်ပြ ဆုံးမတတ်သူကို "ဆရာ" ဟုခေါ်ဆိုကြပါသည်။ ဆရာသည် သွန်သင်ညွှန်ပြ ဆုံးမရုံသာမဟုတ်၊ နည်းပေးသူ၊ အကြံပေးသူ၊ ရှေ့ဆောင်ပေးသူလည်းဖြစ်ပါသည်။ သည်လိုဖတ်၊ သည်လိုရေး၊ သည်လိုပြော စသည်ဖြင့်သင်ပေးသည်။ မည်သို့နေ၊ မည်သို့ထိုင်ရမည် နမူနာပြ၍ဖြစ်စေသည်။ သည်လိုကျင့်၍ အကျိုးရှိသည်။ သည်လိုမကျင့်၍ ကိုယ်ကျိုးနည်းရသည့် သတင်းစကားကို ကြားစေသည်။ ထို့ကြောင့် ဤလောကတွင် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဟူ၍ ဆရာသုံးမျိုး ပေါ်ပေါက်လာပါသည်။

ကျွန်ုပ်သည် အဋ္ဌမတန်းတွင် ပညာသင်ကြားနေသူ ကျောင်းသားတစ်ယောက်ဖြစ်ပါသည်။ သင်ကြားရသောဘာသာရပ်များများပြားသလို ဆရာ၊ ဆရာမလည်းများလှပါသည်။ ထို့အတူ ကျောင်းနေစသူငယ်တန်းမှစ၍ရေတွက်သော် ကျွန်ုပ်ကိုစာသင်ပေးခဲ့သော ဆရာ၊ ဆရာမများသည် (၂၀) ယောက်ခန့် ရှိမည်ထင်ပါသည်။ သူတို့အားလုံးသည် စာသင်ကောင်းသောဆရာ၊ ဆရာမများဖြစ်ကြပါသည်။ သို့သော် အချို့မှာ စိတ်တိုသည်။ အချို့မှာ စိတ်ရှည်သည်။ အချို့မှာ ရီရီပြုံးပြုံးနှင့် စာသင်တတ်သည်။ အချို့မှာ

တည်တည်ခန့်ခန့်နှင့် သင်တတ်သည်။ အချို့မှာ အသံ ကျယ်သည်။ အချို့မှာ အသံတိုးသည်။ မည်သို့ဆိုစေ ကျွန်ုပ်သည် ဆရာအားလုံးကို လေးစားချစ်ခင်ရပါသည်။ ရှိသေပါသည်။

ယင်းတို့အထဲတွင် ကျွန်ုပ်အထူးလေးစားချစ်ခင်ရသော ဆရာ၊ ဆရာမများရှိပါသည်။ ဆရာဦးလှမောင်၊ ဆရာမဒေါ်နှင်းဝေ၊ ဆရာမဒေါ်တင်၊ ဆရာဦးဖေတင်၊ ဆရာမဒေါ်ခင်ခင်တို့ဖြစ်ပါသည်။ ဆရာဦးလှမောင်မှာ ကျွန်ုပ်အား သူငယ်တန်းတွင် စာသင်ပေးခဲ့သော ဆရာဖြစ်ပါသည်။ ဆရာမဒေါ်နှင်းဝေမှာ ကျွန်ုပ်အား ဒုတိယတန်းတွင် စာသင်ပေးခဲ့သော ဆရာမဖြစ်ပါသည်။ ဆရာမဒေါ်တင်နှင့် ဆရာဦးဖေတင်တို့မှာ ကျွန်ုပ်သတ္တမတန်းတွင် စာသင်ပေးခဲ့သော ဆရာများဖြစ်သည်။ ဆရာမဒေါ်ခင်ခင်မှာ အဋ္ဌမတန်းတွင် မြန်မာစာသင်နေသော ဆရာမဖြစ်ပါသည်။

ကျွန်ုပ်၏ဆရာ ဆရာမများသည် ဆရာ့ကျင့်ဝတ်များဖြစ်သည့် "အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့" ဆိုသော ကျင့်ဝတ်ငါးပါးနှင့်အညီ သင်ကြားပေးခဲ့သောဆရာများ ဖြစ်ကြပါသည်။ သူတို့သည် ပြဋ္ဌာန်းချက်ပါ သင်ခန်းစာများကို နားလည်သည်အထိ စိတ်ရှည်လက်ရှည် သင်ကြားပေးပါသည်။ သင်ခန်းစာများကို သင်ရင်းနှင့်ပင် လိုအပ်သည့် လူမှုရေးဆိုင်ရာ သိမှတ်ဖွယ်ရာများကိုပြောပြ၍ သွန်သင်ဆုံးမလေ့ရှိကြပါသည်။ အထူးသဖြင့် ကျောင်း၌ပညာသင်ကြားနေချိန်တွင်လည်းကောင်း၊ အိမ်၌နေချိန်တွင်လည်းကောင်း မည်သို့ပြောဆိုဆက်ဆံ၊ ပြုမူနေထိုင်ရမည်ကို လမ်းညွှန်ပေးပါသည်။ ယခု ကျွန်ုပ်တို့အဋ္ဌမတန်းတွင် မြန်မာစာသင်ကြားပေးနေသော ဆရာမ





ဒေါ်ခင်ခင်မှာ မြန်မာမှုတွင်နှံ့စပ်ကျွမ်းဝင်သူ ဆရာတစ်ယောက်ဖြစ်ပါသည်။ မြန်မာစာသင်သောအခါ သင်ခန်းစာနှင့်ပတ်သက်နေသည့် လောကနီတိ၊ ဇာတ်ကြီးဆယ်ဘွဲ့၊ ငါးရာ့ ငါးဆယ်နိပါတ်တော်များမှ အဖြစ်အပျက် အကြောင်းအရာများကိုပါ ထည့်သွင်းပြောပြလေ့ရှိသဖြင့် ကျွန်ုပ်တို့အဖို့ လွန်စွာဗဟုသုတတိုးစေပါသည်။ ကျွန်ုပ်၏ ဆရာ၊ ဆရာမများသည် ဝါသနာ၊ စေတနာ၊ အနစ်နာဆိုသော "နာ"သုံးနာနှင့် ပြည့်ဝသူများဖြစ်ကြသည်။ သူတို့သည် ငွေကြေးရရှိရေး၊ လောကတွင် အဆင့်အတန်းမြင့်မြင့်နေနိုင်ရေး၊ နာမည်ကျော်ကြားရေးတို့ကို စိတ်မဝင်စားကြပါ။ သူတို့သင်ကြားပေးနေရသောဘာသာရပ်နှင့် သူတို့၏တပည့် ကျွန်ုပ်တို့ကျောင်းသား ကျောင်းသူများကိုသာ စိတ်ဝင်စားကြပါသည်။ သူတို့သင်ကြားပြသရသည့်ဘာသာရပ်အတွက် ထိရောက်စွာသင်ပေးနိုင်ရန် သင်နည်းစနစ်နှင့် ဗဟုသုတများကို လေ့လာဆည်းပူးနေတတ်ကြပါသည်။ ဆရာဟူသည် တပည့်တို့အားနည်းပေးသူ၊ လမ်းပြသူများအဖြစ် လေးနက်စွာခံယူထားကြသည်နှင့်အညီ ထိုသို့နည်းပေး လမ်းပြပြုလုပ်နိုင်စေရန် ပညာဗဟုသုတများကို ထာဝရကျောင်းသားကြီးများပမာ အချိန်ရှိသမျှ လေ့လာဆည်းပူးနေကြပါသည်။

သူတို့မေးခွန်းများမေးသောအခါ တပည့်များက မှန်မှန်ကန်ကန်ဖြေဆိုနိုင်လျှင်၊ လစဉ်စာမေးပွဲများတွင် အမှတ်ကောင်းကောင်းရလျှင် သူတို့၏မျက်နှာသည် ကြည်လင်ရွှင်လန်းနေတတ်ကြသည်။ တပည့်မရှား၊ တစ်ပြားမရှိ ပီတိကိုစား အားရှိပါ၏"ဆိုသော ဆောင်ပုဒ်သည် သူတို့အတွက် တမင်ရည်ညွှန်းဖွဲ့ဆိုထားသလို အံဝင်လှပါသည်။ သူတို့သည် တပည့်များအားစာသင်ကြားပေးရသော

ကျောင်းဆရာအလုပ်ကို မြတ်နိုးတွယ်တာကြပါသည်။ သူတို့၏ဘဝကို ကျောင်းဆရာအလုပ်တွင်နှစ်မြှုပ်ထားပြီး ထိုဘဝနှင့်ပင် အရိုးထုတ်မည့်သူများဖြစ်ကြသည်။ သူတို့အထဲမှ ဆရာဦးဖေတင်ဆိုလျှင် ဆရာဖြစ်ရသည်ကို အလွန်ဂုဏ်ယူပါသည်။ သူ၏တပည့်များကိုလည်း သားသမီးရင်းလို ချစ်ခင်ပါသည်။ သူသင်ကြားရသော သင်္ချာဘာသာတွင် ထူးချွန်သူများကို လစဉ်ပြိုင်ပွဲများလုပ်၍ ဆုချီးမြှင့်လေ့ရှိပါသည်။ ဆရာဦးဖေတင်သည် ချမ်းသာသူမဟုတ်ပါ။ သူရသောလစာကို တစ်လစာလောက်အောင် ချင့်ချိန်ပြီးသုံးစွဲနေရပါသည်။ ထိုအခြေအနေတွင် ဆရာသည် သူ့အိတ်ထဲမှငွေနှင့် ကျွန်ုပ်တို့အား ဆုချီးမြှင့်နေခြင်းကိုထောက်ရှုလျှင် ဆရာ၏ကြီးမားလှသော မေတ္တာစေတနာတို့ကို မြင်နိုင်ပါသည်။

ဆရာမဒေါ်တင်မှာ ကျွန်ုပ်တို့ သတ္တမတန်း (က)၏ အတန်းပိုင်ဆရာမဖြစ်ပါသည်။ တပည့်များကို အလွန်ချစ်ခင်တတ်သော်လည်း အလိုမလိုက်တတ်ချေ။ စည်းကမ်းနှင့်ပတ်သက်လာလျှင် လုံးဝ မလျှော့ဘဲ တိကျပြတ်သားသူဖြစ်ပါသည်။ ဆရာမ၏ စည်းကမ်းတိကျပြတ်သားပုံကို ကျွန်ုပ်ကိုယ်တိုင်ကြုံခဲ့ရဘူးပါသည်။ ထိုနေ့က ကျွန်ုပ်သည် လမ်းတွင်သူငယ်ချင်းတစ်ယောက်နှင့် စကားပြောနေသဖြင့် ကျောင်းတက်ပြီးမှရောက်လာပါသည်။ ဆရာမသည် ကျွန်ုပ်အား "ကျောင်းနောက်ကျတာ အပြစ်ရှိသလား၊ မရှိဘူးလား" ဟု မေးပြီး ကျွန်ုပ်ကို ခုံတန်းပေါ်တက်စေ၍ စာသင် ချိန်တစ်ချိန်လုံး မတ်တပ်ရပ်ခိုင်းပါသည်။ ကျွန်ုပ်သည် ထိုသို့အပြစ် ဒဏ်ပေးသဖြင့် ဆရာမအားလုံးဝစိတ်မဆိုးပါ။ ကျေးဇူးပင်တင်မိပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်သည် ထိုနေ့မှစပြီး ယနေ့ထိတိုင် လုံးဝ ကျောင်းနောက်ကျခြင်း မရှိသောကြောင့်ဖြစ်ပါသည်။





မြန်မာမှုတွင် စာသင်ဆရာများကို "အာစရိယဂုဏော အနန္တော" ဟူ၍ ဘုရားနှင့်တစ်ဂိုဏ်းတည်းထားကာ အလေးအမြတ်ထားခဲ့ကြပါသည်။ ကျွန်ုပ်၏ဆရာများကဲ့သို့ "နာသုံးနာ"နှင့် ပီတိစားသုံးနေကြသူများသည် ကျေးဇူးကြီးမားလှသူများဖြစ်၍ အမှန်တကယ်ပင် ဘုရားနှင့်တစ်ဂိုဏ်းတည်းထားထိုက်သူများဖြစ်ကြပါသည်။ ထိုသို့သော အာစရိယဂုဏ်ရည်တို့နှင့် ပြည့်စုံသော ဆရာမများနှင့် တွေ့ကြုံသင်ယူခွင့်ရခဲ့သဖြင့် ကျွန်ုပ်သည်ကံကောင်းလှပါသည်။ ထို့ကြောင့် ကျွန်ုပ်၏ အာစရိယဂိုဏ်းဝင် ဆရာသခင် ကျေးဇူးရှင်တို့အား ကျွန်ုပ်သည် တစ်သက်တာဘဝတွင် မေ့နိုင်တော့မည်မဟုတ်သည်မှာ အမှန်ပင်ဖြစ်ပါတော့သည်။

◆ ◆ ◆ ◆ ◆

## ၁၆။ ကျွန်ုပ်၏ဘောလ်ပင်ကလေး

**ရေးရန်ပုံကြမ်းအချက်အလက်များ**

- ဘောလ်ပင်ကလေး ကျွန်ုပ်ထံရောက်ရှိလာပုံ
- အရောင်အသွေးနှင့် ပုံသဏ္ဌာန်
- ဘောလ်ပင်ကလေးက ကျွန်ုပ်အားအကျိုးပြုပုံ
- ဘောလ်ပင်ကလေးအပေါ် မြတ်နိုးခင်တွယ်ရပုံ
- အမှတ်တရ ထာဝရသိမ်းဆည်းထားမည်ဟု စိတ်ပိုင်းဖြတ်ထားပုံ

လယ်သမားကြီးများသည် လယ်ယာထွန်ယက်နိုင်ကြစေရန် ထွန်၊ ထယ်၊ ပေါက်ပြားနှင့် ကျွဲ၊ နွားများကို အသုံးပြုကြရသည်။ လှေသမားကြီးများသည် လိုရာခရီးကိုအရောက်သွားနိုင်စေရန် တက်၊ ရွက်၊ ရွက်တိုင်၊ တက်မတို့ကို အသုံးပြုကြရသည်။ လက်သမားကြီးများသည် လိုအပ်သောအဆောက်အဦ၊ ပစ္စည်းကိရိယာများကို ဆောက်လုပ်နိုင်ရန်အတွက် ဓား၊ ဆောက်၊ လွှ၊ ရွှေဘော်၊ တံမျဉ်းကြီးများကို အသုံးပြုကြရသည်။ ထို့အတူ စာသင်ပျိုးနုံ၊ အခြေ ပြုနေ





ကြသော ကျွန်ုပ်တို့ကျောင်းသူ ကျောင်းသားတို့သည် စာပေဘာသာရပ်များကို သင်ယူဆည်းပူးရာတွင် စာအုပ်၊ ခဲတံ၊ ဘောလ်ပင်၊ မျဉ်းတံ၊ ဖေါင်တိန်၊ ခဲဖျက်စသော စာရေးကိရိယာများကို မသုံးမဖြစ်အသုံးပြုကြရသည်သာဖြစ်ပါသည်။

မှန်ပါသည်။ အခြေခံပညာအလယ်တန်း၊ အဋ္ဌမတန်းကျောင်းသားတစ်ယောက်ဖြစ်သည့် ကျွန်ုပ်သည် နေ့စဉ်စာပေသင်ကြားရာ၌ မရှိမဖြစ်လိုအပ်သော စာအုပ်၊ ခဲတံ၊ မျဉ်းတံ၊ ခဲဖျက်စသည့် စာရေးကိရိယာများကို အသုံးပြုနေရပါသည်။ ယင်းပစ္စည်းများကို အမေသည် ကျောင်းမဖွင့်မီနွေရာသီကပင် စုဆောင်းဝယ်ယူပေးထားပါသည်။ ထို့ကြောင့် ဇွန်လရောက်၍ ကျောင်းများဖွင့်သောအခါ ကျွန်ုပ်သည် အခြားသူငယ်ချင်းများလို စာရေးကိရိယာမစုံမလင်ဖြင့် စာသင်ရာ၌ အခက်အခဲမတွေ့ရဘဲ အဆင်ပြေစွာသင်ယူနိုင်ပါသည်။ စင်စစ်ဆိုရလျှင် သေနတ်၊ ကျည်ဆံတို့သည် စစ်သားများအဖို့ သေဖော်သေဖက်များဖြစ်သလို ခဲတံ၊ စာအုပ်၊ ခဲဖျက်၊ မျဉ်းတံ စသည်တို့သည် ကျွန်ုပ်တို့ကျောင်းသားများအတွက် မိတ်ဆွေအပေါင်းအသင်းများဖြစ်ကြသည်။ ထို့ကြောင့် ကျွန်ုပ်သည် ကျွန်ုပ်၏မိတ်ဆွေရောင်းရင်းများဖြစ်ကြသည့် စာအုပ်၊ ခဲတံ၊ ခဲဖျက်၊ မျဉ်းတံများကို အလွန်ချစ်ခင်မြတ်နိုးလှပါသည်။

ထိုထိုသော ကျွန်ုပ်၏အချစ်တော် စာရေးကိရိယာများထဲမှ အသက်တမျှ ချစ်ခင်မြတ်နိုးရသည့် ဘောလ်ပင်ကလေးအကြောင်းကို ပြောပြလိုပါသည်။ ဤနေရာတွင် ဘောလ်ပင်လေးတစ်ချောင်းအကြောင်းဆိုသည့်အတွက် "ဘယ်လောက်များထူးဆန်းလို့လဲ" ဟု မေးဖွယ်ရာရှိပါသည်။ အခြားအခြားသော ဘောလ်ပင်များအ

ကြောင်းဆိုလျှင် ဘာမှမထူးဆန်းဟုဆိုလျှင်မှန်နိုင်ပါသည်။ သို့သော် ယခုကျွန်ုပ်ရေးပြမည့် ကျွန်ုပ်၏ဘောလ်ပင်ကလေး အကြောင်းဆိုလျှင် အများနှင့်မတူ၊ တမူထူးခြားနေသည့်အတွက် စိတ်ဝင်စားဖွယ်ကောင်းလှပါသည်။

ဇွန်လတွင်ကျောင်းများဖွင့်လှစ်ပြီး နောက်တစ်ပတ်အကြာ၌ဖြစ်ပါသည်။ ကျွန်ုပ်သည်စက်ဘီးကိုစီး၍ အိမ်သို့ပြန်လာပါသည်။ လမ်းမကြီးပေါ်မှ ကျွန်ုပ်တို့အိမ်ရှိရာ လမ်းဘက်သို့ကွေ့လိုက်သောအခါ ပလတ်စတစ်ဖြင့်ထုပ်ထားသည့် ဘောလ်ပင်ကလေးတစ်ချောင်းကို လမ်းဘေးတစ်နေရာတွင် တွေ့လိုက်ရပါသည်။ ကျွန်ုပ်သည် စက်ဘီးကိုရပ်၍ ထိုဘောလ်ပင်ကလေးကိုကောက်ပြီး ပလပ်စတစ်အိပ်ကလေးကို ဖွင့်လိုက်ပါသည်။ ဘောလ်ပင်ကလေးကို စာရွက်ကလေးတစ်ရွက်ဖြင့်ပတ်ထားသဖြင့် ထိုစာကို ဖွင့်ပြီးဖတ်လိုက်ပါသည်။ "အနာဂတ်လူရည်ချွန်သို့ မေတ္တာလက်ဆောင်"ဟု ရေးထားပါသည်။ ကျွန်ုပ်သည် အံ့သြသလိုဖြစ်သွားပြီး ခေတ္တကြောင်အမ်းနေရာမှ ဘောလ်ပင်ကလေးကို အကျႌအိတ်အတွင်းသို့ မြတ်နိုးခုံမင်စွာထည့်လိုက်ပါသည်။ ဤသို့ဖြင့် ကျွန်ုပ်၏အချစ်တော်ဘောလ်ပင်ကလေးသည် ကျွန်ုပ်ထံသို့ရောက်ခဲ့ရပါသည်။

ဘောလ်ပင်ကလေးမှာ အနီကြက်သွေးရောင်ရှိပြီး မတိုလွန်း၊ မရှည်လွန်း အနေတော်ဖြစ်ပါသည်။ ပေါ့ပေါ့ပါးပါးနှင့် ရေး၍ကောင်းပါသည်။ မှင်မှာ အပြာရင့်ဖြစ်၍ စာရွက်ပေါ်ရေးလိုက်သောအခါ ထင်ထင်လင်းလင်း ပေါ်လွင်နေပါသည်။ ကျွန်ုပ်သည် ဘောလ်ပင်ကလေးရောက်လာပုံမှာ ပဟေဠိဆန်လှသဖြင့် မည်သူက မည်သည့်အကြောင်းကြောင့် ယခုကဲ့သို့ လမ်းဘေးတွင်ချသွား





ရကြောင်း စဉ်းစား၍မရအောင် ဖြစ်နေပါသည်။ ထို့အတူ "အနာဂတ်လူရည်ချွန်သို့ မေတ္တာလက်ဆောင်" ဆိုသောစာတန်းကလေးကိုလည်း အထူးစိတ်ဝင်စားလှပါသည်။ ကျွန်ုပ်သည် ယင်းစာတန်းနှင့်ပတ်သက်ပြီး ပစ္စည်းရှင်၏ သဘောထားနှင့်စေတနာကို ရှင်းရှင်းလင်းလင်းမသိနိုင်သော်လည်း ကျွန်ုပ်အား "အနာဂတ်လူရည်ချွန်သားကောင်းတစ်ယောက်" ဖြစ်စေလိုသော သူ၏စေတနာကို အသိအမှတ်ပြုမိပါသည်။ မိမိကိုယ်ကိုလည်း လူရည်ချွန်သားကောင်းရတနာတစ်ယောက်ဖြစ်အောင် ကြိုးစားသွားမည်ဟု သန္နိဋ္ဌာန်ချလိုက်မိပါသည်။

ဘောလ်ပင်ကလေးကို ကျွန်ုပ်သည် စာရေးစားပွဲထဲတွင် မြတ်နိုးခုံမင်စွာသိမ်းထားပါသည်။ ကျောင်းတက်ရာ၌လည်းကောင်း၊ အိမ်စာနှင့်လေ့ကျင့်ခန်းများ ပြုလုပ်ရာ၌လည်းကောင်းမသုံးပါ။ စာမေးပွဲကြီးဖြေဆိုသောအခါမှသာသုံးမည်ဟု ဆုံးဖြတ်ထားပါသည်။ သို့သော် ဘောလ်ပင်ကလေးသည် ကျွန်ုပ်နှင့်မခွဲမခွာ အတူရှိနေပါသည်။ ကျွန်ုပ်သည် တခါတရံတွင် စာမကျက်ချင်၊ မကြိုးစားချင်သော စိတ်ဖျင်းစိတ်ညံ့များဝင်လာတတ်ပါသည်။ ထိုအခါ ကျွန်ုပ်၏စားပွဲအံဆွဲထဲရှိ အချစ်တော်ဘောလ်ပင်ကလေးကို ထုတ်ကြည့်ပြီး "ဒီဘောလ်ပင်ကလေးဟာ ငါ့ကို အနာဂတ်လူရည်ချွန်ဖြစ်အောင် ကူညီပေးမည့်တန်ခိုးရှင်ပါတကား" ဟု အားတင်းကာ ကိုယ့်ကိုယ်ကို ဆုံးမရပါသည်။ ထိုအခါ စိတ်သည်တက်ကြွလာပြီး စာကြိုးစားချင်စိတ်များ တဖွားဖွားပေါ်လာပါတော့သည်။ ဘောလ်ပင်ကလေးမှာ ကျွန်ုပ်အတွက် ကျေးဇူးကြီးလှပါသည်။

မည်သို့သောအကြောင်းကြောင့်မသိ။ ကျွန်ုပ်သည် ဘောလ်ပင်ကလေးရသည့်နေ့မှစ၍ စိတ်မှာပျော်ရွှင်တက်ကြွနေပါသည်။ လစဉ်စာမေးပွဲများကိုလည်း ချောချောမောမောဖြေဆိုနိုင်ပြီး အမြဲတမ်းလိုပင် အဆင့်(၁) ရပါသည်။ ဆရာ၊ ဆရာမများကလည်း ကျွန်ုပ်အားချစ်ခင်၍ အထူးပင်ဂရုစိုက်ကြပါသည်။ အဖေသည်ပင် ကျွန်ုပ်အား စက်ဘီးအသစ်တစ်စီးဝယ်၍ မွေးနေ့လက်ဆောင်ပေးပါသည်။ ထို့ကြောင့်ကျွန်ုပ်သည် ဤဘောလ်ပင်ကလေးကို "လာဘ်ကောင်" တစ်ခုအဖြစ်မှတ်ယူထားပါသည်။

ကျွန်ုပ်သည် ဘောလ်ပင်ကလေး၏တန်ဖိုးကို တစတစသိလာသဖြင့်ပို၍မြတ်နိုးတွယ်တာမိလာပါသည်။ ကြာလာသောအခါ ကျွန်ုပ်စာကျက်ရန် စားပွဲတွင်ထိုင်လိုက်သောအခါ စာမကျက်ခင်မှာ ဘောလ်ပင်ကလေးကိုခဏထုတ်ကြည့်ပြီးမှ စာစတင်ကျက်တတ်သည့် အလေ့အထကောင်းတစ်ခုကို ရရှိခဲ့ပါသည်။ ဤဘောလ်ပင်ကလေးသည် ကျွန်ုပ်၏ပညာရေးခရီး ဖြောင့်ဖြူးသာယာအောင် ကူညီအားပေးမည့် မိတ်ဆွေကောင်းတစ်ယောက်အဖြစ် မှတ်ယူလာသောထားမိပါသည်။ နောက်ဆုံး အတန်းတင်စာမေးပွဲတွင် ဤဘောပင်ကလေးနှင့် ရေးသားဖြေဆိုမည်ဖြစ်ရာ ကျွန်ုပ်သည် ထိုအတန်းတင်စာမေးပွဲတွင် ကံကောင်းသူအဖြစ် နံပါတ်တစ် ပထမအဆင့်ရဦးမည်ကို ကြိုတင်မြင်ယောင်နေမိပါသည်။

ကျွန်ုပ်၏အချစ်တော်ဘောလ်ပင်ကလေးသည် ကျွန်ုပ်အဖို့ဆိုရလျှင် လာခြင်းကောင်းသော မိတ်ဆွေကောင်းတစ်ယောက်ဖြစ်ပါသည်။ ထိုဘောလ်ပင်ကလေးသည် နောင်လာမည့်အတန်းအသီးသီးတွင် ယခုကဲ့သို့ ကျွန်ုပ်အား အနားတွင်ထိုင်နေသောမိတ်ဆွေ





တစ်ယောက်ကဲ့သို့ ကျွန်ုပ်အား ဆက်လက်ကူညီစောင့်ရှောက်သွားဦးမည်ဖြစ်၍ ကျွန်ုပ်သည် ပညာရေးကံကောင်းသူတစ်ယောက်ဖြစ်လာမည်ဟု ယုံကြည်မိပါသည်။ ထို့ကြောင့် ကျွန်ုပ်သည် အချစ်တော်ဘောလ်ပင်ကလေးကို ထာဝရသိမ်းဆည်းထားတော့မည်ဟု စိတ်ပိုင်းဖြတ်မိပါတော့သည်။

◆ ◆ ◆ ◆ ◆

## ၁၇။ လွတ်လပ်ရေးနေ့

**ရေးရန်ပုံကြမ်းအချက်အလက်များ**

- လွတ်လပ်ရေးနေ့သည် မြန်မာလူမျိုးတို့အဖို့ အထွတ်အမြတ်နေ့တစ်နေ့ဖြစ်ပုံ
- မြန်မာတစ်မျိုးသားလုံး သူ့ကျွန်ဘဝရောက်ခဲ့ရပုံ
- မြန်မာတိုင်းရင်းသားတို့၏ သွေးချွေးတို့ဖြင့်ရင်းပြီး လွတ်လပ်ရေးရခဲ့ပုံ
- လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိကြပုံ
- ကျွန်ုပ်တို့ကျောင်းသူကျောင်းသားများ ပညာတတ်များ ဖြစ်အောင်ကြိုးစား၍ နိုင်ငံတော်ကြီး တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်သင့်ကြပုံ

ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင် တစ်မျိုးသားလုံးက အလေးအမြတ်ထားရသော နေ့ထူးနေ့မြတ်ကြီးများရှိပါသည်။ ပြည်ထောင်စုနေ့၊ တောင်သူလယ်သမားနေ့၊ အလုပ်သမားနေ့၊ အာဇာနည်နေ့၊ အမျိုး





သားနေ့ စသည်တို့ဖြစ်ပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင်၌ကဲ့သို့ ထူးခြားသော နေ့ရက်ကြီးများရှိကြပါသည်။ ထိုနေ့များတွင် တစ်မျိုးသားလုံး၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဟောပြောပွဲများ၊ ချီတက်စုဝေးပွဲများ၊ ပျော်ပွဲရွှင်ပွဲများကိုကျင်းပပေးပြီး ဂုဏ်ပြုလေ့ရှိကြပါသည်။ ကျွန်ုပ်တို့နိုင်ငံတွင် လွတ်လပ်ရေးနေ့သည် နေ့ထူးနေ့မြတ်များထဲတွင် အထူးခြားဆုံး၊ အလေးနက်ဆုံးသော နေ့တစ်နေ့ဖြစ်၍ လွတ်လပ်ရေးနေ့ရောက်တိုင်း ပြည်သူတစ်ရပ်လုံးက မြန်မာတစ်မျိုးသားလုံး သူ့ကျွန်ဘဝမှလွတ်မြောက်ခဲ့ရသော အထိမ်းအမှတ်ပွဲကြီးအနေနှင့် အလံတင်အခမ်းအနားများ၊ ပျော်ပွဲရွှင်ပွဲများကို စည်ကားသိုက်မြိုက်စွာကျင်းပကာ ဂုဏ်ပြုလေ့ရှိပါသည်။

လွတ်လပ်ရေးနေ့သည် မြန်မာတစ်မျိုးသားလုံး ဝမ်းမြောက်ဂုဏ်ယူကြရသော နေ့ထူးနေ့မြတ်ကြီးဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ထိုနေ့တွင် ကျွန်ုပ်တို့မြန်မာတစ်မျိုးသားလုံး အင်္ဂလိပ်နယ်ချဲ့အုပ်စိုးမှုအောက်မှ လွတ်မြောက်၍ သခင်ဘဝသို့ တက်လှမ်းရောက်ရှိခဲ့သောကြောင့်ဖြစ်ပါသည်။ အင်္ဂလိပ်နယ်ချဲ့တို့သည် မြန်မာနိုင်ငံကို ခရစ်နှစ် ၁၈၂၄ခုနှစ်တွင်တစ်ကြိမ်၊ ၁၈၅၂ခုနှစ်တွင် တစ်ကြိမ်၊ ၁၈၈၅ခုနှစ်တွင်တစ်ကြိမ် စစ်သုံးကြိမ်သုံးခါပြု၍ အပြီးအပိုင်သိမ်းယူခါ ဗြိတိသျှအင်ပါယာအတွင်းသို့ သွတ်သွင်းခဲ့ကြပါသည်။ မြန်မာဘုရင် သီပေါမင်းနှင့် မိဖုရားတို့ကို အိန္ဒိယနိုင်ငံသို့ ခေါ်ဆောင်သွားပြီး လက်နက်အားကိုးဖြင့် မြန်မာနိုင်ငံကို သူတို့သဘောကျ အုပ်ချုပ်ခဲ့ပါသည်။

မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ သိမ်းပိုက်လိုက်ရသော်လည်း အင်္ဂလိပ်တို့သည် မြန်မာတို့၏ သူ့ကျွန်မခံလိုသောစိတ်ဓါတ်နှင့် မျိုး

ချစ်စိတ်ကိုမူ သိမ်းယူချိုးဖျက်၍မရခဲ့ပါ။ မိမိတို့၏ဘိုးဘွားပိုင်မြေကို မတရားသိမ်းပိုက်ခဲ့သည်ကို မကျေမနပ်ဖြစ်ကာ ရရာလက်နက်ဖြင့် ခုခံတော်လှန်ခဲ့ကြပါသည်။ မြန်မာတို့သည် တိုင်းပြည်ကိုထိလျှင်မခံ၊ မျိုးမာန်ကိုမချ၊ ရှိသမျှအင်အားတို့ဖြင့် နယ်ချဲ့အား ပြန်လည်တော်လှန်ကြရာတွင် မျိုးချစ်ခေါင်းဆောင်များစွာနှင့် ပြည်သူအများသည် အသက်ပေါင်းများစွာ စတေးခံခဲ့ကြရပါသည်။ ရွှေချီးဖြူမင်းသား၊ ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်၊ ဗိုလ်မင်းရောင်၊ ဆရာစံ၊ ဆရာတော်ဦးဥတ္တမ၊ ဗိုလ်မြတ်ထွန်း၊ ဗိုလ်ချုပ်အောင်ဆန်းစသော တော်လှန်ရေးခေါင်းဆောင်များသည် ထင်ရှားသူများဖြစ်ကြသည်။

အင်္ဂလိပ်တို့သည် မြန်မာတို့၏ သူ့ကျွန်မခံ၊ ပြန်လည်ခုခံတိုက်ခိုက်မှုများကို ကြီးမားသော စစ်တပ်အင်အားဖြင့် နှိမ်နင်းတိုက်ခိုက်ခဲ့ကြသော်လည်း မြန်မာတို့ကမူ အညံ့မခံ၊ အလံမလှဲဘဲ ရဲဝံ့စွန့်စားစွာ တစ်ဗိုလ်ဆင်း တစ်ဗိုလ်တက်စနစ်ဖြင့် ဆက်လက်တွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ရှမ်း၊ ချင်း၊ ကချင်၊ ကယား စသော တိုင်းရင်းသားများနှင့်ပူးပေါင်းကာ တောင့်တင်းခိုင်မာသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်ပြီး မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရန် ကြိုးစားခဲ့ပါသည်။ နောက်ဆုံးတွင် နယ်ချဲ့တို့သည် မြန်မာတို့အား လက်နက်အားကိုးနှင့် အနိုင်မယူနိုင်ကြောင်းကို သိလာကြပြီး မြန်မာတို့အား လွတ်လပ်ရေးပေးရန် ဆုံးဖြတ်ခဲ့ရာ ဗိုလ်ချုပ်အောင်ဆန်းသည် အင်္ဂလန်သို့သွားရောက်ကာ အောင်ဆန်းအက်တလီစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ပါသည်။ ထို့ကြောင့် နယ်ချဲ့တို့သည် အားမတန်မာန်လျှော့ကာ ၁၉၄၈ ခုနှစ်





ဇန်နဝါရီ (၄)ရက်နေ့တွင် မြန်မာတို့အား လွတ်လပ်ရေးပေး၍ မြန်မာနိုင်ငံတော်အား အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံအဖြစ် အသိအမှတ်ပြုခဲ့ရပါသည်။ ဤသို့ဖြင့် မြန်မာနိုင်ငံသည် သူ့ကျွန်ဘဝဖြင့် နှစ်ပေါင်း (၁၀၀)ကျော် နေခဲ့ရာမှ လွတ်လပ်သောနိုင်ငံတော်ကြီးအဖြစ်သို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။

ဤသို့ မြန်မာတစ်မျိုးသားလုံး ကျွန်ဘဝမှလွတ်မြောက်ခဲ့ရခြင်းကို အထိမ်းအမှတ်ပြုသောအားဖြင့် ကျွန်ုပ်တို့သည် လွတ်လပ်ရေးနေ့ကို နှစ်စဉ် ဇန်နဝါရီလ (၄)ရက်နေ့ရောက်တိုင်း ခြိမ့်ခြိမ့်သဲမျှ ကျင်းပကာ ဂုဏ်ပြုခဲ့ကြပါသည်။ ဤ ထူးမြတ်လှသောနေ့ကြီးပေါ်ပေါက်လာရသည်မှာ လွယ်လွယ်ကူကူ၊ သက်သက်သာသာနှင့် ပေါ်ပေါက်လာခဲ့သည်မဟုတ်ချေ။ ရှေးမြန်မာတိုင်းရင်းသား ဘိုးဘွားများ အသက်သွေးချွေးများမြေအကျခံပြီးမှ ရရှိဖြစ်ပေါ်လာသော နေ့ထူးနေ့မြတ်ကြီးဖြစ်ပါသည်။ တစ်နည်းဆိုသော် အဆင်းရဲအပင်ပန်းခံကာ ရရှိလာခြင်းဖြစ်သောကြောင့် ကျွန်ုပ်တို့သည် လွတ်လပ်ရေးကို တန်ဖိုးထားကြရပါမည်။ နောက်တဖန် ဆုံးရှုံးပျောက်ပျက်သွားခြင်း မရှိအောင်လည်း ထိန်းသိမ်းစောင့်ရှောက်ကြရပါမည်။ တစ်နည်းဆိုရသော် ကျွန်ုပ်တို့သည် အသက်နှင့်ရင်းပြီးရရှိထားခဲ့သော လွတ်လပ်ရေးကြီး ပြန်လည်မဆုံးရှုံးသွားစေရန် တာဝန်များရှိကြပါသည်။ ထိုတာဝန်များကို ကျေပွန်စွာထမ်းဆောင်ကာ ကျွန်ုပ်တို့နိုင်ငံသားများသည် လွတ်လပ်ရေးကြီးကို ထိန်းသိမ်းစောင့်ရှောက်ကြရပါမည်။

လွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက်ပေးရန်တာဝန်ကို အပြောမဟုတ် အလုပ်ဖြင့် လက်တွေ့ကျကျထမ်းဆောင်ကြရမည် ဖြစ်ပါသည်။ ပထမဦးစွာ ကျွန်ုပ်တို့သည် လွတ်လပ်သောနိုင်ငံကြီး

သားများပီပီ နေထိုင်ပြုမူနိုင်ကြရပါမည်။ မိမိနိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးတတ်သော မျိုးချစ်စိတ်ထက်သန်သူများ ဖြစ်ကြရပါမည်။ မိမိတို့၏ရိုးရာဓလေ့ထုံးစံများကို တွယ်တာမြတ်နိုးသူများ ဖြစ်ကြရပါမည်။ အပြောအဆို၊ အမူအရာ၊ နူးညံ့သိမ်မွေ့သူများ ဖြစ်ကြရပါမည်။ သို့မှသာလျှင် လွတ်လပ်ရေးနှင့်ထိုက်တန်သော သားကောင်းရတနာများ ဖြစ်လာကြမည်ဖြစ်ပါသည်။

ထို့ပြင် လွတ်လပ်သောမြန်မာနိုင်ငံတော်ကြီး တစ်စထက်တစ်စ တိုးတက်ကြီးပွားချမ်းသာလာနိုင်ရေးအတွက် တာဝန်များလည်း ရှိပါသေးသည်။ နိုင်ငံတော်အတွင်း စာတတ်သူများ၊ ပညာထူးချွန်သူများ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံထူးချွန်သူများဖြစ်အောင် ကြိုးစားကြရပါမည်။ အခြားတစ်ဘက်ကလည်း လုံ့လဝီရိယကြီးမားသူများ၊ ပညာဗဟုသုတကြွယ်သူများဖြစ်လာရန်လည်း လိုအပ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ယနေ့ကမ္ဘာကြီးသည် ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ ကူးလူးဆက်ဆံရေး စသည်တို့တွင် အဟုန်ပြင်းစွာဖြင့် တိုးတက်နေပါသည်။ တိုးတက်လာသော ပညာရေး၊ စီးပွားရေး၊ လူမှုရေးများနှင့်အညီ ကျွန်ုပ်တို့နိုင်ငံကလည်း အမှီလိုက်နိုင်ရန် လိုအပ်ပါသည်။ သို့မှသာ ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ကမ္ဘာ့နိုင်ငံများအလယ်၌ မျက်နှာမငယ်ဘဲ ထည်ဝါခန့်ငြားစွာ ရပ်တည်နိုင်မည်မဟုတ်ပါလော။

အချုပ်ကိုဆိုရသော် ကျွန်ုပ်တို့သည် သူ့ကျွန်ဘဝ၌နေခဲ့ရသည့် ဆင်းရဲဒုက္ခများကို လွတ်လပ်ရေးနေ့ရောက်တိုင်း ပြန်လည်သတိရကာ နောက်တစ်ကြိမ် ဤအဖြစ်သို့ပြန်မရောက်သွားအောင် ထိန်းသိမ်းစောင့်ရှောက်သွားကြရပါမည်။ ထို့ကြောင့် ကျွန်ုပ်တို့သည်





နိုင်ငံတော်၏ အချုပ်အခြာအာဏာ ထာဝစဉ်တည်တန့်ခိုင်မြဲအောင် ကြိုးစားသွားပါမည်ဟု လွတ်လပ်ရေးနေ့ရောက်တိုင်း အဓိဋ္ဌာန်ပြုကြရမည် ဖြစ်ပါတော့သည်။

# ၁၈။ အာဇာနည်နေ့

**ရေးရန်ပုံကြမ်းအချက်အလက်များ**

- အာဇာနည်နေ့ဖြစ်ပေါ်လာပုံ
- အာဇာနည်နေ့တွင် မြန်မာတစ်မျိုးသားလုံး ကြေကွဲဝမ်းနည်းရပုံ
- အာဇာနည်နေ့တွင် တွေ့မြင်ရသောမြင်ကွင်း
- နယ်ချဲ့တို့၏ထိုးနှက်ချက်များနှင့် ပရိယာယ်ကို အစဉ်သတိထားကြရန်လိုအပ်ပုံ
- အာဇာနည်နေ့ရောက်တိုင်း ကျွန်ုပ်ချမှတ်ရမည့် သန္နိဋ္ဌာန်

ကျွန်ုပ်တို့မြန်မာနိုင်ငံတော်သည် နယ်ချဲ့၏ဖိနှိပ်ချုပ်ချယ်မှုအောက်တွင် နှစ်ပေါင်း (၁၀၀)ကျော် နေထိုင်ခဲ့ကြရပြီး ဆင်းရဲဒုက္ခအမျိုးမျိုးမှ လွတ်မြောက်နိုင်ရန် ဗိုလ်ချုပ်အောင်ဆန်းစသော အာဇာနည်မျိုးချစ်ခေါင်းဆောင်များသည် အသက်ကိုပဓာနမထားဘဲ ရဲရဲတောက်စွန့်စားကာ တိုက်ပွဲဝင်ခဲ့ကြသည်။





ထိုအာဇာနည်မျိုးတို့၏ စိတ်ဓာတ်ကား သံမဏိကဲ့သို့ မာကျောလှပါသည်။ အုပ်ချုပ်သူနယ်ချဲ့တို့၏ ဖြားယောင်းသွေးဆောင်မှုအမျိုးမျိုးမှ လွတ်မြောက်အောင်ကြိုးစားကာ အမိနိုင်ငံတော်ကြီးကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် မနားမနေ ကြိုးပမ်းအားထုတ်ခဲ့ကြသည်။ နောက်ဆုံးတွင် နယ်ချဲ့တို့သည် အနုနည်းဖြင့်မရတော့သည်ကို သိရှိလာ၍ တော်လှန်ရေးအာဇာနည်ခေါင်းဆောင်များအား အကြမ်းနည်းဖြင့် ဖျောက်ဖျက်ရန် ကြိုးစားလာကြသည်။ ထို့ကြောင့် မြန်မာအမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အခြားခေါင်းဆောင်များကို နယ်ချဲ့လက်ပါးစေတစ်စုက လုပ်ကြံသတ်ဖြတ်ခဲ့ကြသည်။ ထိုနေ့ကား မြန်မာ့သမိုင်းတွင် "အာဇာနည်နေ့အဖြစ် မော်ကွန်းထိုးရမည့် ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ (၁၉)ရက်နေ့ပင် ဖြစ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်ခေါင်းဆောင်ကြီးများဖြစ်ကြသော သခင်မြ၊ ဒီးဒုတ်ဦးဘချို၊ ဦးရာဇတ်၊ မိုင်းပွန်စော်ဘွားစပ်စံထွန်း၊ ဦးဘဝင်း၊ မန်းဘခိုင်၊ အတွင်းဝန်ဦးအုန်းမောင်၊ သက်တော်စောင့်ကိုထွေးတို့သည် ကျဆုံးခဲ့ရပါသည်။ ထိုသို့ ဗိုလ်ချုပ်အောင်ဆန်းနှင့်ခေါင်းဆောင်ကြီးများကျဆုံးပြီဖြစ်ကြောင်း မြန်မာ့အသံရေဒီယိုမှကြားလိုက်ရသည်နှင့် တပြိုင်နက် မြန်မာတစ်နိုင်ငံလုံးရှိ ပြည်သူပြည်သားအပေါင်းတို့သည် ကြိမ်မီးအုန်းသည့်ပမာ ယူကျုံးမရ ဝမ်းနည်းကြေကွဲစွာ ငိုကြွေးနေကြရပါသည်။ နိုင်ငံအတွင်းရှိ ပြည်သူပြည်သားအားလုံးသည် ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများအပေါ် ကြည်ညိုလေးစား ယုံကြည်အားထား ကြသည့်အတိုင်း နိုင်ငံတော်၏အနာဂတ်ရေးအတွက် ရတက်မအေးနိုင်ဘဲ

တစ်ပုပေါ်နှစ်ပုဆင့်ကာ ပူဆွေးသောကရောက်ကြရပါသည်။ ထို့ကြောင့်ထိုနေ့တွင် လမ်းသွားလမ်းလာသူများ၊ ခရီးထွက်မည့်သူများ မရှိသလောက်ဖြစ်ပြီး လမ်းမများ၊ သဘော်ဆိပ်များ၊ ဘူတာရုံများသည် လူသူကင်းမဲ့ပြီး တိတ်ဆိတ်ငြိမ်သက်နေသည်ဟု ထိုအချိန်က ဖြစ်ပျက်ခဲ့သည်ကို သိမီခဲ့သူပုဂ္ဂိုလ်များက ပြောပြခဲ့ကြသည်။

ကျွန်ုပ်တို့ လူလားမြောက်ခဲ့ရသော အချိန်အခါသည် ထိုအချိန်ကနေကြည့်လျှင် နှစ်များစွာကြာညောင်းခဲ့ပြီဖြစ်သော်လည်း ယနေ့ထိတိုင် ပြည်သူအပေါင်းတို့က မမေ့မပျောက်နိုင်ပဲ သတိရနေဆဲဖြစ်ပါသည်။ ထို့ကြောင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးသည့် ၁၉၄၇ခုနှစ်၊ ဇူလိုင်လ (၁၉)ရက်နေ့ကို အကြောင်းပြု၍ နှစ်စဉ် ဇူလိုင်လ (၁၉)ရက်နေ့ရောက်တိုင်း အာဇာနည်နေ့အဖြစ် အခမ်းအနားတစ်ရပ် ကျင်းပခဲ့သည်မှာ ယနေ့ထိတိုင်ဖြစ်ပါသည်။

ထိုနေ့တွင် အစိုးရရုံးအဆောက်အဦများ၊ စာသင်ကျောင်းများ၊ ဆေးရုံများနှင့် လူနေအိမ်များတွင် နိုင်ငံတော်အလံကို တိုင်တစ်ဝက်လွှင့်ထူ၍ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား ဝမ်းနည်းစွာဖြင့် အလေးပြုကြလေသည်။ မြန်မာနိုင်ငံမြို့တော်၊ ရန်ကုန်မြို့တွင် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အဖွဲ့အစည်းများမှ အကြီးအကဲများ၊ ကျဆုံးသွားသော ခေါင်းဆောင်ကြီးများ၏ မိသားစုများ၊ နိုင်ငံခြားသံတမန်များစသည်တို့သည် အာဇာနည်ဗိမာန်သို့ လာရောက်ကာ လွမ်းသူ့ပန်းခွေများချကာ အလေးပြုကြသည်။ ထိုနေ့တွင်ပင် သံဃာတော်အရှင်သူမြတ်များကိုပင့်ဖိတ်ကာ နိုင်ငံတော်ကကြီးမှူး၍ ဆွမ်းများကပ်လှူပြီး ကျဆုံးသွားသောခေါင်းဆောင်ကြီးများအား ရေစက်သွန်းချအမျှပေးဝေကြပါသည်။ သ





တင်းစာနှင့် ရေဒီယိုများကလည်း ကျဆုံးသွားသော အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂုဏ်ကျေးဇူးများကို ပြည်သူများသတိရတန်ဖိုးထားနိုင်ကြရန် သတင်းများ၊ ဆောင်းပါးများ၊ ကဗျာများကို ရေးသားထုတ်လွှင့်ကြသည်ကို ဖတ်ရှုနားထောင်ရပါသည်။ ထိုနေ့သည် အစိုးရရုံးပိတ်ရက်ဖြစ်၍ အစိုးရဝန်ထမ်းများနှင့် ပြည်သူများသည် ခေါင်းဆောင်ကြီးများ၏ ဂုဏ်ကျေးဇူးများကို အာရုံပြုကာ တစ်နေ့တာကို ကုန်လွန်စေပါသည်။

ဤသို့ ခေါင်းဆောင်ကြီးများ လုပ်ကြံခံရ၍ တစ်မျိုးသားလုံး ကြေကွဲဝမ်းနည်း၊ ဆုံးရှုံးနစ်နာမှုဖြစ်ခဲ့ရသောအဖြစ်ဆိုးသည် ကျွန်ုပ်တို့၏သမိုင်းကို အရုပ်ဆိုးအကျည်းတန်စေခဲ့သည်မှာ အမှန်ပင်ဖြစ်ပါသည်။ ထိုစဉ်အခါက နိုင်ငံနှင့်လူမျိုး သူ့ကျွန်ဘဝမှလွတ်မြောက်ရေးကိုသာ စိတ်စောနေသော ခေါင်းဆောင်ကြီးများသည် နယ်ချဲ့၏လှည့်စားမှုပရိယာယ်ကို မရိပ်စားမိကြချေ။ ထို့ကြောင့် နယ်ချဲ့လက်ပါးစေတို့၏ ကြော့ကွင်းထဲသို့ ကျရောက်ခဲ့ကြရသည်မှာ ရင်နာဖွယ်ကောင်းလှပါသည်။ နယ်ချဲ့ဟူသည် မစားရသည့်အမဲသဲနှင့်ပက်တတ်သူများဖြစ်သည်နှင့်အညီ မိမိတို့ကြိုးဆွဲရာသို့ မပါလာလျှင် လူကိုပဲသတ်ရသတ်ရ၊ ဘာကိုမဆိုလုပ်ရဲသည့် အကြံပက်စက်သူများဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ နိုင်ငံမှာသာမက ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဤနည်း ဤပုံစံကိုပင်ကျင့်သုံးခဲ့ကြပါသည်။

ယနေ့အချိန်အခါတွင် ကျွန်ုပ်တို့သည် အထက်ပါနယ်ချဲ့တို့၏ လှည့်စားမှုနှင့် ပရိယာယ်ကိုသတိမပြုဘဲ မနေသင့်တော့ချေ။ သူတို့၏လှည့်စားမှု၊ ပရိယာယ်တို့ကို ခရေစေ့တွင်းကျ သိရှိနေရန်လိုပါသည်။ သို့မှသာလျှင် နယ်ချဲ့အန္တရာယ်စက်ကွင်းထဲမှ လွတ်မြောက်

နိုင်မည်ဖြစ်ပါသည်။ နယ်ချဲ့ဟူသည် ဘယ်သူသေသေ၊ ငတောမာရင်ပြီးရောဆိုပြီး မိမိတစ်ဘက်တည်းကိုသာကြည့်တတ်သူ၊ အခြားသူတွေ ဘာပင်ဖြစ်နေပါစေ၊ ဘယ်လောက်ပင် ဒုက္ခရောက်နေပါစေ၊ ရက်ရက်စက်စက်ကြံဝံ့သူ၊ မိမိဘက်ကသာ အမြတ်ထွက်မည်ဆိုလျှင်၊ လူကိုပင်သတ်ရသတ်ရ၊ အပြတ်ရှင်းတတ်သူဖြစ်သဖြင့် ခြသေ့်၊ ကျားတို့ထက် ကြောက်စရာကောင်းသူများ ဖြစ်ကြပါသည်။

အမျိုးသားခေါင်းဆောင်ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်များကျဆုံးခဲ့သည်မှာ နှစ်ပရိစ္ဆေဒကြာညောင်းခဲ့ပြီဖြစ်သော်လည်း ယနေ့ကမ္ဘာတွင် နယ်ချဲ့စနစ်နှင့် နယ်ချဲ့သမားများသည် ခေါင်းထောင်နေဆဲဖြစ်ပါသည်။ နယ်ချဲ့တို့၏ပရိယာယ်သည်လည်း ယခင်ကထက်ပိုပြီးပရိယာယ်ကြွယ်ဝလာသဖြင့်သူတို့၏ပရိယာယ်၊ ဉာဏ်နီဉာဏ်နက်များကို ကြီးစွာသောသတိဖြင့် စောင့်ကြည့်နေနိုင်ဖို့ များစွာလိုအပ်လာပါသည်။ နယ်ချဲ့တို့၏ လှည့်စားမှုချောက်ကမ်းပါးထဲသို့ မကျရောက်သွားစေရန်၊ မျိုးချစ်စိတ်၊ အနိုင်မခံ အရှုံးမပေးလိုစိတ်တို့ကို မွေးမြူပြီး ကြုံကြုံခဲ့ကာ ရောက်လာသမျှသော အန္တရာယ်အသွယ်သွယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် တိုက်ဖျက်ကျော်လွှားသွားကြရမည်ဖြစ်ပါသည်။

အာဇာနည်ခေါင်းဆောင်ကြီးများသည် အသက်များစတေးခံပြီး ကျွန်ုပ်တို့အတွက် လွတ်လပ်ရေးကြီးကို ရယူပေးခဲ့သူများ၊ ကျွန်ုပ်တို့၏ကျေးဇူးရှင်ကြီးများ ဖြစ်ကြပါသည်။ သူတို့၏ ကျေးဇူးတရားကို သိရှိနားလည်ပြီး သူတို့အသက်နှင့်လဲကာ ရယူပေးခဲ့သော လွတ်လပ်ရေးကို မဆုံးရှုံးမပျောက်ပျက်အောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းအားဖြင့် ပြန်လည်ပေးဆပ်ရမည်ဖြစ်သည်။ သူတို့





၏မျက်နှာကိုထောက်ထားပြီး နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်သွားကြရပေမည်။ သို့မှသာလျှင် ကျွန်ုပ်တို့သည် အသက်ပေးလှူသွားခဲ့ကြသော အာဇာနည်ခေါင်းဆောင်ကြီးများ၏ကျေးဇူးကို အကြေအလည်ပေးဆပ်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် အာဇာနည်နေ့ရောက်တိုင်း နိုင်ငံတော်ကြီး၏ အချုပ်အခြာအာဏာကို အသက်နှင့်လဲပြီး စောင့်ရှောက်ကာကွယ်သွားရန် သန္နိဋ္ဌာန်ကို ခိုင်မာစွာချမှတ်၍ အာဇာနည်များ၏ ကျေးဇူးသစ္စာကို တုံ့ပြန်သွားရန်သာ ရှိပါတော့သည်။

◆ ◆ ◆ ◆ ◆

# ကျွန်ုပ်တို့အလံတော်

**ပုံကြမ်းအချက်များ**

- နိုင်ငံတိုင်းတွင် အထိမ်းအမှတ် အလံတော်များရှိပုံ
- အလံတော်သည် နိုင်ငံတော်နှင့် လူမျိုးတို့၏ ဂုဏ်ကျက်သရေကို ဆောင်ထားပုံ
- ကျွန်ုပ်တို့ နိုင်ငံတော်အလံ
- ကျွန်ုပ်တို့ နိုင်ငံတော်အလံ၏ အဓိပ္ပာယ်နှင့် ဖော်ညွှန်းချက်
- အလံတော်ကို လွှင့်ထူအသုံးပြုပုံ
- နိုင်ငံတော်အလံကို နိုင်ငံတော်၏ အထွတ်အမြတ်ပစ္စည်းအဖြစ်ဖြင့် ရှိသေလေးစား အလေးအမြတ်ထားရန် နိုင်ငံသားတိုင်း၌ တာဝန်ရှိပုံ
- နိုင်ငံတော်အလံကို ထာဝရလွှင့်ထူထားနိုင်ရန် တစ်မျိုးသားလုံးက ထိန်းသိမ်းစောင့်ရှောက်သင့်ကြပုံ

ယနေ့ကမ္ဘာ့နိုင်ငံအသီးသီးတွင် နိုင်ငံ့ဂုဏ်ဆောင်အလံတော် မရှိသော နိုင်ငံဟူ၍ တစ်နိုင်ငံမျှ မရှိပါ။ နိုင်ငံအားလုံးသည် မိမိတို့နိုင်ငံနှင့် လူမျိုးတို့ ဂုဏ်ကျက်သရေ ထာဝစဉ်ဝင့်ကြွားရှင်သန်စေရေးအတွက် နိုင်ငံတော်အလံဟူသည် ရှိကြသည်သာ ဖြစ်သည်။ ထိုအလံတော်သည် သူတို့၏ ဂုဏ်ယူဝင့်ကြွားစရာ အထိမ်းအမှတ်ပစ္စည်းတစ်ခုအဖြစ်သာမက သူတို့၏ ယုံကြည်ချက်၊ မျှော်မှန်းချက်နှင့် ရှေ့အလားအလာတို့၏ပြယုဂ်၊ နိမိတ်ပုံဟူ၍လည်း ဆိုနိုင်ပါသည်။ ထို့ကြောင့်



ထိုအလံတော်ကိုကြည့်၍ သူတို့၏နိုင်ငံသည် မည်သို့သောနိုင်ငံ ဖြစ်သည်။ မည်သို့သော မျှော်မှန်းချက်ကို ထားရှိသည်။ ထိုမျှော်မှန်းချက် အောင်မြင်အောင် မည်သို့ကြိုးစား အကောင်အထည်ဖော်နေကြသည်ကို ခန့်မှန်းသိသာနိုင်ပါသည်။

အလံတော်သည် နိုင်ငံတစ်နိုင်ငံအတွင်း နေထိုင်ကြသော နိုင်ငံသားတို့၏ ဂုဏ်ကျက်သရေကို ဖော်ဆောင်ကြသည့် **အထိမ်းအမှတ် ဂုဏ်ဆောင်ပစ္စည်းအဖြစ် ကမ္ဘာပေါ်တွင် ခရစ်တော်မပေါ်မီ နှစ်ပေါင်း (၉၀၀)ခန့်ကပင် အသုံးပြုခဲ့ကြသည်**ဟုဆိုပါသည်။ အလံတော်၏အရောင်နှင့် အမှတ်အသားများကို မိမိတို့၏ယုံကြည်ချက်၊ ရည်မှန်းချက်တို့ကို အခြေခံကာ သတ်မှတ်ဖော်ကျူးလေ့ရှိကြသည်။ ကျွန်ုပ်တို့ နိုင်ငံသည်လည်း အလံတော်ကို နိုင်ငံတော်၏အထိမ်းအမှတ်ပစ္စည်းအဖြစ် သတ်မှတ်အသုံးပြုခဲ့ကြသည်မှာ ရှေးမြန်မာမင်းများလက်ထက်ကပင် ဖြစ်ပါသည်။

အလံတော်ကို သူ့ခေတ် သူ့အချိန်အခါကိုလိုက်၍ ပုံသဏ္ဍာန်အမျိုးမျိုး သတ်မှတ်အသုံးပြုခဲ့ကြသည်။ ထိုအလံသည် မင်းဧကရာဇ်တို့၏ ဘုန်းတန်ခိုး ကျက်သရေကို ဖော်ပြသည့် အဆောင်အယောင်တစ်ခုဖြစ်၍ မင်းခမ်းမင်းနားများ၌ အသုံးပြုခဲ့ကြသည်။ **"ဥကင်မြင့်မျှား၊ ရှေ့တော်ပါးဝယ်၊ သားသားရွက်ချွန်၊ ရွှေတံခွန်ကား၊ အလွန်တင့်ထွေ၊ တက်ရောင်နေသို့"** ဟူသော အဖွဲ့နှင့်အညီ ထိုတံခွန်အလံတော်ကို ကျက်သရေမင်္ဂလာတစ်ခုအဖြစ် အသုံးပြုခဲ့သည်မှာ ထင်ရှားနေပါသည်။

မြန်မာမင်းများလက်ထက် အလံ၏အောက်ခံကို ရွှေရောင်၊ အဝါရောင်၊ အဖြူရောင်၊ အစိမ်းရောင်၊ အနီရောင်၊ သစ်ရွက်ခြောက်ရောင် စသည်ဖြင့် အမျိုးမျိုးရှိပြီး ထိုအရောင်ပေါ်တွင် မျောက်၊ ဂဠုန်၊ ဘီလူး၊ ဥဒေါင်း၊ ခြသေ့်၊ နဂါးစသည့်အရုပ်များကို ထည့်သွင်းဖော်ပြခဲ့ကြသည်။ မြန်မာတို့ခေတ်အလျောက် အသုံးပြုခဲ့သောအလံများမှာ ကုန်းဘောင်ခေတ် ဘကြီးတော်ဘုရားလက်ထက်မှ သီပေါမင်းလက်ထက်ထိ ဒေါင်းအလံကို အသုံးပြုခဲ့ကြသည်။ **ကိုလိုနီခေတ်တွင် အဝါ၊ အစိမ်း၊ အနီ သုံးရောင်ခြယ်**

အလံကိုလည်းကောင်း၊ အလယ်စက်ဝိုင်းအဖြူတွင် ကဒေါင်းသဏ္ဌာန်ပါသော သုံးရောင်ခြယ်အလံ၊ အနီရောင် အောက်ခံတွင် ကြယ်ဖြူတစ်ပွင့်ပါသော တော်လှန်ရေးအလံတို့ကို အသုံးပြုခဲ့ကြသည်။

လွတ်လပ်ရေးခေတ်ရောက်လာသောအခါ အနီရောင်အောက်ခံတွင် လက်ဝဲဘက်အထက်ထောင့်၌ အပြာရောင်အခန်းဖွင့်ပြီး ထိုအပြာရင့်အခန်းအလယ်တွင် ကြယ်ဖြူကြီးတစ်ပွင့်နှင့် အရံကြယ်ငါးပွင့် ပါရှိသောအလံကိုလည်းကောင်း၊ အနီရောင်အောက်ခံတွင် လက်ဝဲဘက်အထက်ထောင့်၌ အပြာရင့်ရောင်အခန်း၌ အလယ်တွင် ပင်နီယံနှင့်စပါးနှံ အမှတ်တံဆိပ်ရှိပြီး ၄င်းပတ်လည်တွင် ကြယ်ပွင့် (၁၄)ပွင့် ဝိုင်းရံထားသောအလံကိုလည်းကောင်း အသုံးပြုခဲ့ကြသည်။

ယနေ့တွင် ထိုအလံတို့၏နေရာတွင် ဝါစိမ်းနီသုံးရောင်ခြယ် နိုင်ငံတော်အလံသစ်ကြီးသည် နေရာယူကာ ပေါ်ထွက်လာချေပြီ။ နိုင်ငံတော်အလံတွင် အဝါရောင်၊ အစိမ်းရောင်နှင့် အနီရောင်တို့ကို အစဉ်အတိုင်း အထက်၊ အောက် အလျားလိုက် အချိုးညီစွာဖော်ပြပြီး ကြယ်ဖြူကြီးကို အလံတော်၏အလယ်တည့်တည့် အစိမ်းရောင်ပေါ်တွင် အဝါရောင်၊ အစိမ်းရောင်၊ အနီရောင်အားလုံးနှင့်ဆက်စပ်၍ အထက်ဘက်သို့ မော်မတ်ညွှန်လျက်ရှိနေသည်။

အလံတော်၏အသွင်အပြင်၊ အရောင်အဆင်း၊ အမှတ်တံဆိပ်တို့ကို တိုင်းရင်းသားများနှင့် အမျိုးသားအားလုံးပါဝင်သည့် အမျိုးသား ညီလာခံကြီးက နိုင်ငံတော်၏ဂုဏ်ကျက်သရေ၊ မျှော်မှန်းချက်တို့နှင့်အညီ ရွေးချယ်သတ်မှတ်ပေးခြင်း ဖြစ်ပါသည်။ ယခုအခါ ထိုအမျိုးသား ညီလာခံကြီးမှ ရေးဆွဲအတည်ပြုခဲ့သော ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ကြီးကို ၂၀၀၈ ခုနှစ်၊ မေလ (၁၇) ရက်နေ့တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးဖြင့် တခဲနက်အတည်ပြု ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။

နိုင်ငံတော်အလံကို နိုင်ငံတော်၏ ပကတိအသွင်အပြင်၊ အနေအထားနှင့် ရေးမျှော်မှန်းချက် အလားအလာကောင်းကို ဦးတည်ရည်မှန်း



ကာ ရွေးချယ်သတ်မှတ်ထားခြင်းဖြစ်ရာ လေးနက်သောအဓိပ္ပာယ်ကို ဆောင်နေပါသည်။ ပြည်ထောင်စုကြီးတစ်ခုလုံးနှင့် အကျုံးဝင်သော အမျိုးသားလွတ်မြောက်ရေး ကြိုးပမ်းမှုများကို အခြေခံထား၍ ရေးဆွဲသတ်မှတ်ထားခြင်းဖြစ်ရာ နိုင်ငံတော်အလံက ဖော်ကျူးလှစ်ပြနေသော အမျိုးသားရေးလက္ခဏာများကို ပြည်သူအားလုံးသည် သိရှိနားလည်ရန် လိုအပ်ပါသည်။

အဝါရောင်သည် ဘာသာသာသနာကိုရည်ညွှန်းထားပြီး အစိမ်းရောင်သည် လယ်ယာစိုက်ပျိုးရေးကိုလည်းကောင်း၊ အနီရောင်သည် ရဲရင့်ခြင်း၊ သတ္တိရှိခြင်း၊ ဇွဲရှိခြင်းတို့ကိုလည်းကောင်း ရည်ညွှန်းပါသည်။ ကြယ်ဖြူကြီးမှာမူ မရပ်မနား၊ ရှေ့သို့သာ ဆက်၍ချီတက်နေခြင်းသဘော ဖြူစင်ဖြောင့်မတ်ခြင်းသဘောကို ဆောင်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့နိုင်ငံတော်သည် ဖြူစင်ရိုးသားခြင်း၊ ရဲရင့်သတ္တိရှိခြင်း၊ ဇွဲရှိခြင်းတို့နှင့်အတူ ငြိမ်းချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ်သို့ရောက်အောင် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် မရပ်မနား ချီတက်သွားမည်ဟူသော တစ်မျိုးသားလုံး၏ ရည်မှန်းချက်ကြီးကို ဖော်ဆောင်လျက်ရှိနေပါသည်။

နိုင်ငံတော်အလံသည် တစ်မျိုးသားလုံး၏ အထွတ်အမြတ်ထားရာ ဂုဏ်ကျက်သရေတစ်ခုဖြစ်သဖြင့် နိုင်ငံတော်အလံကို လွှင့်ထူအသုံးပြုရာ၌ လေးစားခြင်း၊ မြတ်နိုးခြင်း၊ ရိုသေခြင်း၊ ဂုဏ်ပြုခြင်းဟူသော နိုင်ငံကြီးသားတို့၏စိတ်ဓာတ်ဖြင့် အသုံးပြုရန် လိုပါသည်။ တစ်နည်းအားဖြင့် နိုင်ငံတော်အလံကို အလေးအမြတ်ထား၍ အရိုအသေပြုခြင်းသည် အမိနိုင်ငံတော်ကို မြတ်နိုးခြင်း၊ တန်ဖိုးထားခြင်း၊ အရိုအသေပြုခြင်းနှင့်အတူ ဤအလံတော်အောက်၌ တစ်စုတစ်စည်းတည်း နေထိုင်ကြသော တိုင်းရင်းသားပြည်သူအပေါင်းတို့က ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တို့ဖြင့် ဥမကွဲသိုက်မပျက်နေထိုင်သွားကြမည်ဟု အဓိဋ္ဌာန်ပြုခြင်းပင် ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်အလံကို

အလေးပြုသည့်အခါ "ဒါ တို့ပြည်၊ ဒါ တို့မြေ" ဟူသော ကြွေးကြော်သံနှင့်အတူ ဓာတ်မာန်ပါပါသီဆိုရသော နိုင်ငံတော်သီချင်းနှင့်တွဲဖက်၍ သီဆိုခြင်းဖြင့် မိမိတို့ထားရှိသောအမိဋ္ဌာန်ကို ပိုမိုလေးနက်စေပါသည်။

နိုင်ငံတော်အလံကို ဂုဏ်သိက္ခာရှိရှိနှင့် လွှင့်ထူအသုံးပြုနိုင်ရန် နိုင်ငံတော်က ဥပဒေကိုပြဋ္ဌာန်းထုတ်ပြန်ထားပါသည်။ ထိုဥပဒေတွင် နိုင်ငံတော်အလံအား မလေးမစား၊ မရိုမသေ၊ အလွဲသုံးစား မပြုနိုင်ရန် တားမြစ်ချက်နှင့် အပြစ်ဒဏ်များကို သတ်မှတ်ဖော်ပြထားပါသည်။ တားမြစ်ချက်များကို မကျူးလွန်မဖောက်ဖျက်ရန် အထူးသတိပြုရန်နှင့် ပြဋ္ဌာန်းထားချက်များအတိုင်း နိုင်ငံသားကောင်းများပီသစွာ လွှင့်ထူအသုံးပြုခြင်းဖြင့် မိမိနိုင်ငံကို ချစ်မြတ်နိုးတန်ဖိုးထားပြီး နိုင်ငံတော်၏ သစ္စာကို စောင့်သိရိုသေကြောင်း ပြသကြရမည် ဖြစ်ပါသည်။

အလုံးစုံကိုချုံ၍ဆိုရသော် နိုင်ငံတော်အလံသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဂုဏ်သိက္ခာဖြစ်ပါသည်။ နိုင်ငံသားအားလုံး၏ အသက်လည်းဖြစ်သည်။ **"ကမ္ဘာမှာ မြန်မာဟေ့"** ဟု ဝင့်ကြွားစရာ မြန်မာ့အောင်လံလည်း ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် နိုင်ငံတော်အလံကြီး အလံတိုင်ထိပ်တွင် ကမ္ဘာတည်သမျှ တလွင့်လွင့်ကြွားဝင့်နေစေရန် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တို့ဖြင့် အသက်သွေးပမာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရမည် ဖြစ်ပါတော့သည်။

မှတ်ချက် ။ ။ ဤစာစီစာကုံးကိုမှီး၍ ...

- အစဉ်လေးစားတန်ဖိုးထားရမည့်အလံတော်
- နိုင်ငံတော်၏ ဂုဏ်ကျက်သရေ
- မြန်မာ့ဂုဏ်သိက္ခာကို ဖော်ကျူးနေသည့်အလံတော်

စသည်တို့ကို ရေးသားနိုင်ပါသည်။

## ၂၀။ တို့နိုင်ငံနှင့်တို့လူမျိုး

**ရေးရန်ပုံကြမ်းအချက်အလက်များ**

- ကျွန်ုပ်တို့နိုင်ငံသည် မြန်မာနိုင်ငံတော်ကြီးဖြစ်ပုံ
- ကျွန်ုပ်တို့လူမျိုးသည် မြန်မာလူမျိုးဖြစ်ပုံ
- အစဉ်အလာကြီးမား၍ ယဉ်ကျေးမှုအဆင့်အတန်း မြင့်သောနိုင်ငံနှင့်လူမျိုးများ ဖြစ်ကြပုံ
- ကမ္ဘာ့အလယ်တွင် ထည်ဝါခန့်ငြားသော နိုင်ငံနှင့်လူမျိုးများ ဖြစ်ကြပုံ
- မိမိနိုင်ငံ မိမိလူမျိုးကို ကာကွယ်စောင့်ရှောက် ပေးရမည့် တာဝန်ရှိပုံ
- နိုင်ငံနှင့်လူမျိုး တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်ပေးရန် တာဝန်ရှိကြပုံ
- မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးများ ကမ္ဘာတည်သရွေ့ တည်တန့်ခိုင်မြဲနေအောင် ဆောင်ရွက်ပေးရန် တာဝန်မှာ အဓိကဖြစ်ပုံ





ကျွန်ုပ်တို့နိုင်ငံသည် ပြည်ထောင်စုမြန်မာနိုင်ငံဖြစ်ပါသည်။ ၎င်းသည် အရှေ့တောင်အာရှတွင် တည်ရှိပြီး လှပသာယာသော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ကျွန်ုပ်တို့နိုင်ငံတော်သည် တောင်နှင့် မြောက်ရှည်လျားပြီး အရှေ့နှင့်အနောက်မှာ မိုင်(၆၀၀)မျှ ရှည်လျားပါသည်။ တောင်နှင့်မြောက်မှာမူ မိုင်ပေါင်း (၁၂၀၀)ခန့်ရှည်ပါသည်။ မြေပုံပေါ်တွင်ကြည့်လျှင် ကိန္နရီမကလေး ကနေသည့်ပမာ ဝင့်ကြွားလှပနေပါသည်။ ကျွန်ုပ်တို့မြန်မာနိုင်ငံသည် နွေမိုးဆောင်း ရာသီသုံးမျိုးစလုံးတွင် စိမ်းလန်းစိုပြေနေသည့် တောတောင်များ၊ ထာဝစဉ်စီးဆင်းနေသည့် မြစ်ကြီးများ၊ မျက်စိတစ်ဆုံးကျယ်ပြောလှသည့် မြေပြန့်လွင်ပြင်၊ စိုက်ခင်းကြီးများနှင့် ရာသီဥတုကောင်းမွန်မှန်ကန်မှုကြောင့် ကမ္ဘာပေါ်တွင် ကျော်ကြားထင်ရှားသော နိုင်ငံတစ်နိုင်ငံလည်းဖြစ်ပါသည်။

လှပသာယာပြီး နေချင့်စဖွယ်ကောင်းလှသော ကျွန်ုပ်တို့နိုင်ငံတွင် ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသားမျိုးနွယ်ပေါင်း (၁၃၅)မျိုးတို့နေထိုင်ကြပါသည်။ ထို (၁၃၅)မျိုးသော လူမျိုးတို့ကို စုပေါင်း၍ တိုင်းရင်းသားပြည်သူအားလုံးကို "မြန်မာ"ဟု ခေါ်ဝေါ်ကြပါသည်။ ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြကုန်သော ကျွန်ုပ်တို့လူမျိုးများသည် မြန်မာလူမျိုးဖြစ်ပါသည်။ လျင်မြန်ခြင်း၊ ဖြတ်လတ်ခြင်း၊ တက်ကြွခြင်း၊ ကိုယ့်အားကိုယ်ကိုးခြင်းဟူသော ဓလေ့ဗီဇစွမ်းရည်များရှိသော လူမျိုးဟု အဓိပ္ပါယ်ဆောင်နေသဖြင့် ကမ္ဘာတွင် "မြန်မာ"သည် ထူးခြားလှသည်။ မြန်မာနိုင်ငံဟု ခေါ်ဝေါ်သမုတ်ထားသော ဤမြေ၊ ဤရေပေါ်တွင် မြန်မာတို့သည် လွန်ခဲ့သောနှစ်ပေါင်းထောင်နှင့်ချီပြီး ကိုယ့်

မင်း ကိုယ့်ချင်း၊ ကိုယ့်အစီအမံနှင့် အဆင့်အတန်းမြင့်မားစွာ နေထိုင်လာခဲ့ကြပါသည်။

မြန်မာလူမျိုးတို့သည် အစဉ်အလာကြီးမား၍ သမိုင်းနောက်ခံကောင်းလှသည့် လူမျိုးဖြစ်သည်နှင့်အညီ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများသည်လည်း အဆင့်အတန်းမြင့်မားကာ ရင့်ကျက်ခိုင်မာလှပေသည်။ မြန်မာလူမျိုးသည် မနေ့တစ်နေ့ကမှ ဤမြေဤရေပေါ်တွင် နေထိုင်ခဲ့သူများ မဟုတ်ကြပါ။ နှစ်ပေါင်းသန်း (၄၀) ကပင် လူသားမျိုးနွယ်တို့ အခြေချနေထိုင်ခဲ့ကြကြောင်း ကမ္ဘာ့ဘူမိဗေဒ ပညာရှင်များက တစ်ညီတစ်ညွတ်တည်း အသိအမှတ်ပြုထားသော ဤမြေဤရေပေါ်တွင် အတည်တကျနေထိုင်ခဲ့ကြသည့် လူမျိုးလည်းဖြစ်ပါသည်။ ထို့ကြောင့်ကျွန်ုပ်တို့သည် ကျွန်ုပ်တို့နိုင်ငံနှင့်ပတ်သက်ပြီး ဂုဏ်ယူဝင့်ကြွားနိုင်ကြပါသည်။

သမိုင်းဝင်အထောက်အထားများအရ မြန်မာတို့၏ စာပေယဉ်ကျေးမှုများသည် အလွန်ရှေးကျပြီး ခိုင်မာလေးနက်လှပါသည်။ မြန်မာယဉ်ကျေးမှုစာပေ၊ ဓလေ့ထုံးစံများသည် မြန်မာတို့ ကိုးကွယ်ယုံကြည်သော ဗုဒ္ဓဝါဒပေါ်အခြေခံ၍ ပေါက်ပွားရှင်သန်လာသဖြင့် နူးညံ့သိမ်မွေ့လှပါသည်။ ယနေ့တိုင် အထင်အရှား တွေ့မြင်ပိုင်ဆိုင်လျက်ရှိသော ပုဂံမြေရှိ ဘုရားပုထိုးစေတီများ၊ ပန်းချီ၊ ပန်းပု၊ ပန်းရံ၊ ပန်းပွတ်၊ ပန်းတော့၊ ပန်းတမော့ စသော အနုပညာလက်ရာများ၊ ကျောက်စာပေစာများနှင့် မရေမတွက်နိုင်သော ရှေးဟောင်းပစ္စည်းများက ထိုအဆိုမှန်ကန်ကြောင်း သက်သေခံနေပါသည်။

ထိုသို့သော အဆင့်အတန်းမြင့်မားလှသည့် စာပေယဉ်ကျေးမှုများကို ပိုင်ဆိုင်ထားသဖြင့် မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးများသည်





ကမ္ဘာပေါ်တွင် ယဉ်ကျေးသိမ်မွေ့သူများ၊ စိတ်စေတနာကောင်းမွန်သူများအဖြစ် ထင်ရှားကျော်ကြားနေပါသည်။ ကမ္ဘာ့အနုပညာဈေးကွက်တွင် မြန်မာ့အနုပညာလက်ရာများကို တန်ဖိုးကြီးကြီးပေး၍ ဝယ်ယူအားပေးနေကြသည်မှာ ကျွန်ုပ်တို့မြန်မာတစ်မျိုးသားလုံးအတွက် ဂုဏ်ယူဖွယ်ပင်ဖြစ်ပါသည်။ ထို့ပြင် မြန်မာနိုင်ငံရှိ မြန်မာ့ယဉ်ကျေးမှုဆိုင်ရာ နယ်မြေများ၊ မြို့ဟောင်းများ၊ စေတီပုထိုးများနှင့် အနုပညာလက်ရာများသည် ကမ္ဘာအရပ်ရပ်မှ ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်ပေးသည့် အဓိကအကြောင်းရင်းများဖြစ်ပါသည်။ ယနေ့ဆိုလျှင် ကမ္ဘာအရပ်ရပ်မှ ခရီးသည်များ၊ သုတေသီများ၊ လေ့လာသူများသည် မြန်မာစာကိုသင်ယူခြင်း၊ မြန်မာ့ရှေးဟောင်းယဉ်ကျေးမှုများကို အမြတ်တနိုးစုဆောင်းခြင်း၊ လေ့လာမှတ်သားခြင်းတို့ကို ပြုလုပ်နေကြရာ မြန်မာတစ်မျိုးသားလုံးအတွက် အားတက်ဖွယ်ရာပင်ဖြစ်ပါသည်။

ကျွန်ုပ်တို့မွေးဖွားပြီးကြီးပြင်းရာ နိုင်ငံတော်ကြီးသည် မြန်မာနိုင်ငံဖြစ်ပါသည်။ ကျွန်ုပ်တို့ လူမျိုးသည် မြန်မာလူမျိုးဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာပေယဉ်ကျေးမှုသည် မြန်မာစာပေ၊ မြန်မာယဉ်ကျေးမှုဖြစ်ပါသည်။ ကျွန်ုပ်တို့၏နိုင်ငံ၊ လူမျိုးနှင့် စာပေယဉ်ကျေးမှုများ မပျောက်မပျက်ပဲ ဆက်လက်ရှင်သန်ကြီးထွားလာစေရန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရန် တာဝန်ရှိကြပါသည်။ မြေမျို၍ လူမျိုးနှင့် စာပေယဉ်ကျေးမှုများသည် ပျောက်ပျက်သွားမိုးထုံးစံမရှိပါ။ လူမျို၍သာလျှင် ပျောက်ကွယ်ဆုံးရှုံးသွားနိုင်ပါသည်။ ထို့ကြောင့် အရိုးကိုအရွက်ဖုံးသွားသကဲ့သို့ နိုင်ငံခြား သူတပါးယဉ်ကျေးမှု၊ ဓလေ့ထုံးစံများ မိမိတို့ရိုးရာယဉ်ကျေးမှုကို ဖုံးလွှမ်းရော

ယှက်သွားခြင်းမရှိအောင် သတိကြီးစွာထား၍ မျိုးချစ်စိတ်၊ ဇာတိမာန်အပြည့်နှင့် တွန်းလှန်ခြေဖျက်သွားရန် လိုအပ်ပါသည်။ကျွန်ုပ်တို့သည် မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိစာပေယဉ်ကျေးမှုများကို တစ်ဘက်မှ ကာကွယ်စောင့်ရှောက်ရင်း အခြားတစ်ဘက်မှလည်း မိမိ၏နိုင်ငံတော်ကြီး အဘက်ဘက်မှတိုးတက်ဖွံ့ဖြိုးပြီး ကမ္ဘာ့အဆင့်မီနိုင်ငံတော်ကြီးဖြစ်အောင် တည်ဆောက်သွားရန် တာဝန်သည်လည်း ကျွန်ုပ်တို့နိုင်ငံသားတို့၏ ပခုံးပေါ်သို့ ကျရောက်လာပါသည်။ ထို့ကြောင့် နိုင်ငံတည်ဆောက်ရေးတွင်၊ ပညာရေးသည် အခြေခံဖြစ်၍ ကျွန်ုပ်တို့သည် မိမိတို့သင်ကြားနေရသော စာပေပညာရပ်များကို ကျွမ်းကျင်တတ်မြောက်အောင် ဇွဲလုံ့လဖြင့် ကြိုးစားအားထုတ်ကြရပါမည်။ တိုင်းကြီးပြည်ကြီးသားတို့ ဂုဏ်သိက္ခာ၊ အကျင့်စရိုက်၊ စိတ်နေသဘောထားများကိုလည်း မွေးမြူထားရန်လိုအပ်ပါသည်။

အားလုံးကိုချုံ၍ဆိုရသော် ကျွန်ုပ်တို့နိုင်ငံနှင့် ကျွန်ုပ်တို့လူမျိုးသည် အစဉ်အလာကြီးမားပြီး ဂုဏ်သိက္ခာမြင့်မားသော နိုင်ငံနှင့်လူမျိုး ဖြစ်ပါသည်။ ထို့ကြောင့် မိမိနိုင်ငံ၊ မိမိလူမျိုးကို ချစ်မြတ်နိုး၍ ကမ္ဘာတည်သရွေ့ တည်ရစ်နေအောင် ကြိုးဆောင်ကြိုးပမ်းသွားရမည်ဖြစ်ပါသည်။

◆ ◆ ◆ ◆ ◆



## ၂၁။ ရေဒီယိုနားထောင်ခြင်း

**ရေးရန်ပုံကြမ်းအချက်အလက်များ**

- ပညာရယူနိုင်သောနေရာအမျိုးမျိုးရှိပုံ
- ရေဒီယိုသည် ထိရောက်သော ပညာရယူနိုင်သော နေရာတစ်ခုဖြစ်ပုံ
- ရေဒီယိုနားထောင်သောအလေ့အထနှင့် အကျိုးကျေးဇူးများ
- အကြားအမြင်ဗဟုသုတကြွယ်ဝလိုလျှင် ရေဒီယိုကို မှန်မှန်နားထောင်သင့်ပုံ

လူဟူသောသတ္တဝါသည် တစ်ဦးတစ်ယောက်တည်းနေ၍မရသဖြင့် မိမိကဲ့သို့သော အခြားလူများနှင့် ပေါင်းသင်းဆက်ဆံ၍ နေကြရပါသည်။ လူအချင်းချင်း ပေါင်းသင်းဆက်ဆံရေးနှင့် သက်ဆိုင်သော ဗဟုသုတကြွယ်ဝရေးသည် မရှိမဖြစ်လိုအပ်လှပါသည်။ မိမိထက်ကြီးသူကို မည်သို့၊ မိမိနှင့် အရွယ်တန်းတူဆိုလျှင်မည်ပုံ၊ မိမိထက်ငယ်သူဆိုလျှင် ဘယ်လိုဆက်ဆံရမည်ကိုသိထားလျှင် အချင်း

ချင်းဆက်ဆံရေးသည် ပြေလည်ချောမွေ့နေပေလိမ့်မည်။ ထို့အတူ မိမိ၏စားဝတ်နေရေးအတွက် လုပ်ကိုင်စားသောက်ရာတွင် ပတ်သက်ဆက်နွယ်နေသော အကြောင်းအရာ၊ အချက်အလက်၊ နည်းစနစ်များကို သိရှိနားလည်ထားမှသာလျှင် မိမိ၏ဆောင်ရွက်ချက်ဟူသမျှသည် အစစအရာရာတွင် အောင်မြင်အဆင်ပြေနိုင်ပါသည်။

ကျွန်ုပ်တို့ကဲ့သို့သောပညာရည်နို့သောက်စို့နေကြသည့် လူငယ်ကျောင်းသူ ကျောင်းသားများအဖို့မူ ပို၍ဗဟုသုတများရှိရန် လိုအပ်ပါသည်။ ပညာသည် သူ့ချည်းသက်သက်အသုံးချနိုင်သည်ထက် အကြားအမြင် ဗဟုသုတနှင့် ရောနှောဆက်စပ်ကာ အသုံးချနိုင်မှသာလျှင် ပိုမိုတန်ဖိုးရှိသည်ဟု ပညာရှိတစ်ဦးဆိုခဲ့ဘူးပါသည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့သည် ကျောင်းမှာစာသင်ပေးသော စာချည်းသက်သက်တတ်နေရုံနှင့်မပြီးသေး။ သိမှတ်ဖွယ်ရာ အကြားအမြင် ဗဟုသုတများလည်းရှိရန် လိုအပ်ပါသေးသည်။ သို့မှသာ ကျွန်ုပ်တို့ လိုလားအပ်သော ပညာစစ်၊ ပညာမှန်ကို ရရှိနိုင်ပါသည်။

ကျွန်ုပ်တို့ ပညာဗဟုသုတရယူဆည်းပူးနိုင်သောနေရာသည် များစွာရှိပါသည်။ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း စသောစာအုပ်စာတမ်း အမျိုးမျိုးကို ဖတ်ရှုလေ့လာခြင်းဖြင့် ဗဟုသုတများကိုရနိုင်ပါသည်။ အတွေ့အကြုံရင့်ကျက်ပြည့်ဝသော လူကြီးသူမ၊ ဆရာသမားတို့၏ ပြောဆိုညွှန်ပြ ဆုံးမသောစကားများ၊ ဟောပြောချက်များကို နားထောင်မှတ်သားခြင်းအားဖြင့် ဗဟုသုတများကို ရရှိနိုင်ပါသည်။ ထို့အတူ ရေဒီယို၊ ရုပ်မြင်သံကြားများကို နားထောင်ကြည့်ရှုခြင်းအားဖြင့်လည်း ဗဟုသုတများ တိုးနိုင်ပါသည်။ ထိုသို့သော ပညာဗဟုသုတဖြန့်ဖြူးပေးရာ နေရာဌာနများစွာရှိသည့်





အနက် ကျွန်ုပ်တို့ကျောင်းသားအများစုအတွက် လက်လှမ်းမှီစွာ လေ့လာဆည်းပူးနိုင်သည်မှာ ရေဒီယိုပင်ဖြစ်ပါသည်။ ရေဒီယိုသည် တန်ဖိုးအားဖြင့် မကြီးမားလှသည့်ပြင် နေရာအနှံ့ တောရောမြို့ပါ မကျန် အသုံးပြုနိုင်သောကြောင့်ဖြစ်ပါသည်။

လွန်ခဲ့သောနှစ်က ကျွန်ုပ်၏မွေးနေ့တွင် အဖေသည် ရေဒီယိုငယ်ကလေးတစ်လုံးကို မွေးနေ့လက်ဆောင်အဖြစ်ပေးပါသည်။ ရေဒီယိုကလေးမှာ နေရှင်နယ်အမျိုးအစားဖြစ်ပြီး လိုင်းသုံးလိုင်းပါပါသည်။ ဓာတ်ခဲကလေးနှစ်လုံးဖြင့် သုံးနိုင်ပါသည်။ မြန်မာပိုင်းအစီအစဉ်များနှင့် နိုင်ငံခြားအစီအစဉ်များကိုပါ ဖမ်းယူနားဆင်နိုင်ပါသည်။ ကျွန်ုပ်သည် ကျောင်းစာများကို လေ့လာကျက်မှတ်ပြီးသောအခါ အနားယူရင်း ရေဒီယိုကိုနားထောင်လေ့ရှိပါသည်။ ကျောင်းပိတ်သောနေ့များတွင် အချိန်ယူပြီး အေးအေးဆေးဆေး နားထောင်လေ့ရှိပါသည်။ ရေဒီယိုကို နားထောင်ရလေလေ ရေဒီယို၏ တန်ဖိုးကြီးမားပုံကို သိလေလေဖြစ်ပါသည်။ တစ်ခါဘူးမျှ မကြားဘူး၊ မဖတ်ဘူးသော အကြောင်းအရာများ၊ အဖြစ်အပျက်များကို ကြားသိမှတ်သားရသဖြင့် အကျိုးကျေးဇူးများလှပါသည်။

ရေဒီယိုအသံလွှင့်ချိန်မှာ တစ်နေ့တွင်သုံးကြိမ်ရှိသည်ကို သတိပြုမိပါသည်။ နံနက်ပိုင်းအစီအစဉ်၊ နေ့လည်ပိုင်းအစီအစဉ်နှင့် ညနေပိုင်းအစီအစဉ်တို့ဖြစ်ပါသည်။ အစီအစဉ်တိုင်းသည် နားထောင်သူအား စိတ်ဝင်စားဖွယ်ကောင်းလှသည်နှင့်အမျှ ဗဟုသုတများကို ရရှိပါသည်။ ရေဒီယိုသည် ကျွန်ုပ်တို့ လူငယ် ကျောင်းသားများ၏ နား၊ မျက်စိများ ဖြစ်ကြပါသည်။ ရေဒီယို၏ တန်ဖိုးနှင့် အကျိုးပြုပုံကို သိရှိခံစားရလေလေ၊ ရေဒီယိုကိုနားထောင်လိုသောစိတ်သည်

ခြင်းထန်လေလေ၊ ရေဒီယိုအသံလွှင့်ချိန်ရောက်လာလျှင် နားမထောင်ဘဲမနေနိုင်အောင်ဖြစ်လာပါသည်။ ရေဒီယိုနားထောင်သောအလေ့အထသည် ကောင်းသောအလေ့အထဖြစ်ပါသည်။

ရေဒီယိုနားထောင်တတ်သော အလေ့အထကြောင့် တစ်နေ့တာလွှင့်ထုတ်နေသော အသံလွှင့်အစီအစဉ်များကို သတိပြုမိလာပါသည်။ ရေဒီယိုသည် နေ့စဉ် နံနက် ၇နာရီမှ အစီအစဉ်စတင်ရာတွင် တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်ကိုနာခွင့်ရသဖြင့် မင်္ဂလာရှိလှပါသည်။ တစ်နေ့တာ ဆက်လက်လွှင့်ထုတ်သွားသည့် အစီအစဉ်များမှာလည်း ဗဟုသုတလည်းရ၊ စိတ်လည်း ပျော်ရွှင်ကြည်နူးစေပါသည်။ ထိုအစီအစဉ်များကို ကျွန်ုပ်မှတ်မိသလောက်ဖော်ပြရလျှင် ကျန်းမာဖို့အတူကစားစို့၊ နံနက်ခင်းသတင်း၊ သံသာချိုအေးမင်္ဂလာတေး၊ ချစ်စရာအရွယ်ကကြိုးသွယ်၊ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ၊ သတင်းများ၊ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား၊ စက်မှုစွမ်းအားခေတ်ကျော်လွှား၊ ကြခိုင်ကျန်းမာပြည်မြန်မာ၊ သားငါးဖွံ့ဖြိုး ပြည့်အကျိုးသည်ဖြင့် အမျိုးအမည်စုံသလောက် သိမှတ်ဖွယ်ရာများလည်း စုံလှပါသည်။ နားသောတဆင်သူ ပရိသတ်များ စိတ်ဝင်စားဖွယ်ဖြစ်အောင်လည်း မြန်မာ့အသံဝန်ထမ်းများက ကျွမ်းကျင်ပိုင်နိုင်စွာ စီစဉ်လွှင့်ထုတ်နိုင်ကြပါပေသည်။ ပညာပေးရန် မြန်မာ့အသံ၊ ပြန်ကြားပေးရန် မြန်မာ့အသံ၊ ဖျော်ဖြေပေးရန် မြန်မာ့အသံဟူသော ရည်ရွယ်ချက်များသည် ထမြောက်အောင်မြင်သည်ဟုဆိုရပါမည်။ ထိုမြန်မာ့အသံမှလွှင့်ထုတ်သွားသည့် အစီအစဉ်များကို မှန်မှန်နားထောင်ခြင်းကြောင့် အကျိုးများလှပုံမှာ ကျွန်ုပ်တို့၏ကိုယ်တွေ့ပင်





ဖြစ်ပါသည်။ ကျွန်ုပ်သည် ကျောင်းတွင် အခါအားလျော်စွာပြုလုပ်ကျင်းပသော စာစီစာကုံးပြိုင်ပွဲများ၊ စကားရည်လုပွဲများနှင့် ကျပန်းစကားပြောပွဲများကို ဝင်ရောက်ယှဉ်ပြိုင်ရာ၌ အမြဲလိုလို ဆုချီးမြှင့်ခြင်းခံရပါသည်။

လူတိုင်းသည် အကြားအမြင်ဗဟုသုတများနှင့် ပြည့်စုံကြွယ်ဝစေလိုပါလျှင် ကျွန်ုပ်ကဲ့သို့ ရေဒီယိုကို မှန်မှန်နားထောင်ကြပါဟု အကြံပြုလိုပါသည်။ ရေဒီယိုနားထောင်ခြင်းသည် ကောင်းသောအလေ့အထတစ်ခုဖြစ်၍ လူတိုင်း၌ ထိုအလေ့အထကောင်းကို စွဲမြဲနေအောင် ပျိုးထောင်ထားသင့်ကြပါသည်။ တောရောမြို့ပါမကျန် လူတိုင်း လွယ်ကူသက်သာစွာ လေ့ကျင့်ပျိုးထောင်ထားနိုင်ကြပါသည်။ အဘယ်ကြောင့်ဆိုသော် ရေဒီယိုသည် ရုပ်မြင်သံကြားကဲ့သို့ ငွေကုန်ကြေးကျမများသည့်ပြင် သယ်ယူအသုံးပြုရာ၌ လွယ်ကူသောကြောင့်ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် ရေဒီယိုသည်ကျွန်ုပ်တို့ကဲ့သို့သော ပညာသင်ကျောင်းသား၊ ကျောင်းသူများအတွက် မိတ်ဆွေကောင်းကြီးတစ်ဦးဖြစ်ပါသည်။ ဗဟုသုတ အကြားအမြင်များနှင့် စိတ်ကြည်နူးမှုများကို ရရှိခံစားနိုင်ရုံသာမက မကြားဘူး၊ မမှတ်ဘူးသော ကျန်းမာရေး၊ ပညာရေး၊ ယဉ်ကျေးမှု၊ သိပ္ပံပညာဆိုင်ရာ အကြောင်းအရာအမျိုးမျိုးကို အလွယ်တကူ ကြားနာမှတ်သားနိုင်ပါသည်။ ထို့ကြောင့် ကျွန်ုပ်သည် ရေဒီယိုကို အရင်းနှီးဆုံး၊ အချစ်ခင်ဆုံးသော အဖော်မွန်တစ်ဦးအနေနှင့် ထာဝစဉ်လက်တွဲသွားမည်သာ ဖြစ်ပါတော့သည်။

◆ ◆ ◆ ◆ ◆

## ၂၂။ ကျွန်ုပ်ကြည်ညိုလေးစားရဆုံးပုဂ္ဂိုလ်တစ်ဦး

**ရေးရန်ပုံကြမ်းအချက်အလက်များ**

- ထိုပုဂ္ဂိုလ်၏ အမည်၊ အသက်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်
- ထိုပုဂ္ဂိုလ်၏ အများနှင့်မတူ၊ ထူးခြားသော အရည်အချင်းများ
- ကျွန်ုပ်အဘယ့်ကြောင့် ကြည်ညိုလေးစားရကြောင်း ရှင်းလင်းချက်များ
- ထိုပုဂ္ဂိုလ်ထံမှရရှိလိုက်သော အလေ့အထကောင်းများ
- လူတိုင်းတွင် မိမိကြည်ညိုလေးစားရသူများရှိသင့်ပုံ

ကျွန်ုပ်သည် အခြားသောပုဂ္ဂိုလ်များနည်းတူ ကြည်ညိုလေးစားရသော ပုဂ္ဂိုလ်ကြီးတစ်ဦးရှိပါသည်။ သူသည် အခြားသူတစ်ယောက်မဟုတ်ပါ။ ကျွန်ုပ်၏ဘိုးလေးဖြစ်ပါသည်။ သူ၏အမည်မှာ ဦးရွှေမောင်ဖြစ်ပါသည်။ အသက်မှာ (၇၀)ကျော် (၈၀)နီးပါး ရှိပါပြီ။ သူသည် ကျွန်ုပ်တို့၏လှည်းဆိပ်ရွာကလေး၏ အရှေ့ပိုင်းတွင် သူ၏





သမီးနှစ်ယောက်နှင့်အတူနေပါသည်။ ကျွန်ုပ်တို့အိမ်နှင့်ဆိုလျှင် အိမ်ငါးလုံးခန့်ဝေးပါသည်။ ကျွန်ုပ်တို့က သူ့အား အဘိုးမောင်ဟုခေါ်ကြပါသည်။ ယခင်က ကျောင်းဆရာကြီးအဖြစ် အမှုထမ်းခဲ့ဘူးသည်ဟု သိရပါသည်။ ယခုအခါ ပညာရေးဌာနမှအငြိမ်းစားယူပြီး သမီးနှစ်ယောက်နှင့်အတူ စိတ်အေးချမ်းသာစွာနေထိုင်သူဖြစ်ပါသည်။

အဘိုးမောင်သည် ကျွန်ုပ်အားအလွန်ချစ်ပါသည်။ ကျွန်ုပ်စတုတ္ထတန်းအောင်သောအခါ ကျွန်ုပ်၏ ပညာသင်ကြားရေးခရီးချောမောအောင်မြင်စေရေးအတွက် သူ့အနားသို့ခေါ်ထားပါသည်။ သူက ကျွန်ုပ်တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးများများ၊ အမှတ်ကောင်းကောင်းနှင့် အောင်မြင်နိုင်စေရန်မှာ အလယ်တန်းတွင် အခြေခံကောင်းကောင်း ရသွားဖို့လိုကြောင်းပြောပါသည်။ အဘိုးမောင်သည် ဤကဲ့သို့ သူ့အနားသို့ခေါ်ထားခြင်းသည် အဓိက အခြေခံအကြောင်းတစ်ရပ်ရှိပါသည်။ သူသည် ပညာရေးသမားတစ်ယောက်ဖြစ်သဖြင့် မည်သူနှင့်တွေ့တွေ့ ပညာရေးအကြောင်း၊ ပညာရေးအခြေအနေများကိုသာ ပြောဆိုဆွေးနွေးတတ်ပါသည်။

အဘိုးမောင်သည် သားနှစ်ယောက်နှင့် သမီးနှစ်ယောက်ရှိသော်လည်း တစ်ဦးတစ်ယောက်မှဘွဲ့မရကြပါ။ ပညာရေးတွင် စိတ်ဝင်စားမှုနည်းပါးခြင်းကြောင့်လော၊ ပညာရည်နိမ့်ကျခြင်းကြောင့်လောမပြောတတ်ပါ။ သူ့လိုကျောင်းဆရာကြီး၊ သို့မဟုတ် ဆရာမကြီးတစ်ယောက်ဖြစ်လာစေလိုသဖြင့် သူကိုယ်တိုင် ကြပ်မတ်သင်ကြားပေးခဲ့သော်လည်း သူ့ဆန္ဒမပြည့်ခဲ့ပါ။ သူ့ဆန္ဒကို ကျွန်ုပ်သာလျှင်ဖြည့်ဆည်းပေးနိုင်လိမ့်မည်ဟု ထင်မြင်ယူဆထားပါသည်။ သူ

သည် ကျွန်ုပ်အား "ငါ့မြေး မင်းကြီးလာတဲ့အခါ ငါ့လို ကျောင်းဆရာကြီးဖြစ်အောင် ကြိုးစားကြရမယ်" ဟု မကြာခဏဆိုသလို ပြောလေ့ရှိပါသည်။ ထို့ကြောင့် ကျွန်ုပ်သည် အဘိုး၏ဆန္ဒ ပြည့်ဝလာအောင် တပည့်များအားထားရှိသေရသော ကျောင်းဆရာကြီးတစ်ယောက် ဖြစ်လာအောင် ကြိုးစားမည်ဟု အဘိုးအား ဂတိပေးထားခဲ့ပါသည်။

အဘိုးမောင်တွင် အများနှင့်မတူ ထူးခြားသောအရည်အချင်းများကို တွေ့ရပါသည်။ သူသည် အလွန်ရိုးသားဖြောင့်မတ်သူတစ်ဦးဖြစ်ပြီး သူ၏ကျောင်းဆရာအလုပ်ကို အလွန်မြတ်နိုးတွယ်တာသူတစ်ဦးဖြစ်ပါသည်။ သူသည် လက်ထောက်ဆရာနှင့် ကျောင်းအုပ်ကြီးအဖြစ် နှစ်ပေါင်းလေးဆယ်မျှ တစ်ဆက်တည်း အမှုထမ်းနိုင်ခဲ့သည်မှာ ကျောင်းဆရာအလုပ်ကို မည်မျှမြတ်နိုးကြောင်း ဖော်ပြနေပါသည်။ အဘိုးမောင်သည် ပညာဗဟုသုတနှင့် ကိုယ်ကျင့်သိက္ခာကို အလွန်တန်ဖိုးထားသူလည်း ဖြစ်ပါသည်။ ထို့ကြောင့် သူသည် ဤအရွယ်တိုင်အောင် စာဖတ်ခြင်း၊ ရေဒီယိုနားထောင်ခြင်းတို့ကို နေ့စဉ်ပြုလုပ်နေပါသည်။ တစ်ဘက်ကလည်း အင်္ဂဝုပေါသထသီလခေါ် ရှစ်ပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြဲစွာစောင့်ထိန်းနေပါသည်။ အဘိုးသည် ရန်ကုန်တက္ကသိုလ်မှ ဘွဲ့ရထားသူ ပညာတတ်တစ်ယောက်ဖြစ်သည်နှင့်အညီ အမြော်အမြင်ကြီးမားလှသူဖြစ်ပါသည်။ သူ၏ဗဟုသုတများပုံနှင့် အမြော်အမြင်ကြီးမားပုံကို ကျောင်းအားရက်များတွင် သူပြောသောစကားအရ သိရှိရပါသည်။ သူငယ်စဉ်အခါက သိရှိတွေ့ကြုံခဲ့ရသည့် အတွေ့အကြုံများကို ပြောပြလေ့ရှိပါသည်။ သူသည် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအကြောင်းကို ပြောပြသောအခါ





အလွန်နားထောင်၍ ကောင်းပါသည်။ ဗိုလ်ချုပ်၏ အများအကျိုးဆောင်ရွက်ပုံ၊ ပညာဗဟုသုတ လေ့လာလိုက်စားပုံ၊ နိုင်ငံနှင့်လူမျိုးအတွက် အသက်စွန့်လွှတ်သွားပုံတို့ကို ချီးကျူးပြောဆိုပြီး ကျွန်ုပ်တို့ခေတ်တွင် ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ လူတော်လူကောင်းတွေ အများအပြား ပေါ်ထွက်လာအောင် ကြိုးစားဖို့လိုကြောင်း ပြောလေ့ရှိပါသည်။

အဘိုးမောင်သည် အစိုးရအထက်တန်းကျောင်းအုပ် တစ်ယောက်အဖြစ် အမှုထမ်းခဲ့ဖြစ်သော်လည်း ဆင်းရဲသူဖြစ်ပါသည်။ အချုပ်အလုပ်ဖြင့် အသက်မွေးနေကြသော သမီးအပျိုကြီးနှစ်ယောက်၏ ပြုစုစောင့်ရှောက်မှုဖြင့် နေထိုင်သူဖြစ်ပါသည်။ အဘိုးတွင် ကိုယ်ပိုင်လယ်ယာ၊ ဥယျာဉ်ခြံများ မရှိပါ။ တစ်သက်လုံး ကျောင်းဆရာအဖြစ်သာ လုပ်ကိုင်ခဲ့ပြီး ရသောလခဖြင့်သာ လောက်ငအောင် နေထိုင်စားသောက်ခဲ့သူဖြစ်ပါသည်။ သို့သော် အဘိုးမောင်သည် ငွေကြေးဥစ္စာအနေဖြင့် ချို့တဲ့ရှားပါးသူဖြစ်သော်လည်း တပည့်မရှားသူ ဖြစ်ပါသည်။ သင်္ကြန်အချိန်ခါနှင့် ဝါဦး ဝါပအချိန်များတွင် သူ့အား လာရောက်ကန်တော့ကြသူမှာ များလှပါသည်။ ထိုအခါ အဘိုးသည် ပီတိများဖြာဝေပြီး ပြုံးရွှင်နေတတ်ပါသည်။

အဘိုးမောင်သည် ရိုးသားဖြောင့်မတ်သူ၊ ကိုယ်ကျင့်သိက္ခာတည်ကြည်သူ ပညာဗဟုသုတ ပြည့်ဝသူ၊ ပညာရေး၌ဝါသနာထုံသူ၊ နိုင်ငံသားကောင်း ရတနာများကို မွေးထုတ်ပေးခဲ့သူ၊ အမြော်

အမြင်ကြီးမားသူ ဖြစ်ပါသည်။ ထိုထိုသောအရည်အချင်းများနှင့် ပြည့်စုံသူများကို အဘိုးမောင်မှလွဲပြီး ကျွန်ုပ်မမြင်ဘူးပါ။ အဘိုး၏ လုပ်တကာများနှင့်မတူ၊ ထူးခြားချက်များကိုရေးပြလျှင် ကုန်နိုင်ဘွယ်မမြင်ပါ။ အဘိုးသည် လူမှုရေးစိတ်ဓါတ် ထက်သန်ကြီးမားသူတစ်ယောက်ဖြစ်၍ ရပ်ရေးရွာရေးကိစ္စများတွင် ဘေးဖယ်၍မနေပါ။ တတ်အားသမျှ ကူညီဆောင်ရွက်ပေးလေ့ရှိပါသည်။ အထူးသဖြင့် ကျေးရွာအလယ်တန်းကျောင်း ဖြစ်မြောက်ရေး၊ ပညာရည်တိုးတက်ရေးကိစ္စများတွင် အားကြိုးမာန်တက်ဆောင်ရွက်နေဆဲဖြစ်ပါသည်။

ဖော်ပြပါအရည်အချင်းများကြောင့် ကျွန်ုပ်သည် အဘိုးမောင်အား ကြည်လိုလေးစားရခြင်းဖြစ်ပါသည်။ အဘိုး၏ ရိုးသားနှိမ့်ချ၍ သန့်ရှင်းစင်ကြယ်သောဘဝကို ကျွန်ုပ်သည် များစွာအားကျမိပါသည်။ သူ့လိုလူအများလေးစားရိုသေရသော ကျောင်းဆရာကြီးတစ်ဦးဖြစ်အောင် ကြိုးစားလိုစိတ်များလည်း ပေါ်ပေါက်လာပါသည်။ အထူးသဖြင့် မွှေးကြိုင်လှသော ပန်းစည်းကိုထုပ်ထားသည့်ဖက်သည် မွှေးကြိုင်လာရသကဲ့သို့ ကျွန်ုပ်သည်လည်း အဘိုးမောင်အနားတွင် နေရသဖြင့် သူကဲ့သို့ စည်းကမ်းရှိရှိနေတတ်သော အကျင့်၊ ရိုးသားနှိမ့်ချတတ်သောအကျင့်၊ ပညာဗဟုသုတများ ရှာမှီးလိုသောစိတ်များ ကူးဆက်ရရှိခဲ့ပါသည်။

လူတိုင်းသည် ကျွန်ုပ်ကဲ့သို့ လေးစားကြည်ညိုရမည့်သူများ ရှိသင့်ပါသည်။ တံငါနားနီးတံငါ၊ မုဆိုးနားနီးမုဆိုးဆိုသကဲ့သို့ သူတို့၏ ရည်မွန်မြင့်မြတ်သောဂုဏ်အရည်အချင်းများသည် မိမိထံသို့ ရောက်ရှိလာကာ မိမိဘဝအတွက် အကျိုးများရနိုင်ပါသည်။ ထို့





ကြောင့် ကျွန်ုပ်သည် လေးစားကြည်ညိုဖွယ်ကောင်းသော၊ အဘိုးမောင်လိုပုဂ္ဂိုလ်မျိုးနှင့် အနီးကပ် ထိတွေ့ဆက်ဆံခွင့်ရခဲ့သည်မှာ ကုသိုလ်ကံကောင်းသည်ဟု ဆိုရမည်ဖြစ်ပါတော့သည်။

◆ ◆ ◆ ◆ ◆

# ၂၃။ တို့လယ်သမား

**ရေးရန်ပုံကြမ်းအချက်အလက်များ**

- ပြည်သူတို့၏အသက်သခင်သည် လယ်သမားများဖြစ်ကြပုံ
- နိုင်ငံသားအများစုသည် လယ်သမားများဖြစ်ကြပြီး ပြည်သူတို့အားအကျိုးပြုပုံ
- လယ်သမားများ လယ်ယာလုပ်ငန်းဝင်ကြပုံ
- လယ်သမားဘဝ၏ ပျော်ရွှင်လွတ်လပ်ပုံ
- နိုင်ငံတော်၏ အဓိကအင်အားဖြစ်သည့် လယ်သမားတို့၏ ဘဝတိုးတက်လာအောင် ကြံဆောင်ပေးသင့်ပုံ
- စိုက်ပျိုးရေးကဏ္ဍ တိုးတက်ဖွံ့ဖြိုးလာလျှင် နိုင်ငံတော်သည် ဖွံ့ဖြိုးတိုးတက်လာမည်မှာသေချာနေပုံ

ကျွန်ုပ်တို့သည် ရေမသောက်ရလျှင်မနေနိုင်ချေ။ အသက်ရှူရှိုက်ရန်လေမရှိလျှင် အသက်ရှင်နိုင်မည်မဟုတ်ချေ။ ထို့အတူ စားသောက်ရန် အစားအစာမရှိလျှင် လူ့ဘဝသည် ရပ်တည်နိုင်မည်မဟုတ်ချေ။ ရေနှင့်လေတို့သည် အသက်ရှင်ရေးတွင် မရှိမဖြစ်





အရေးကြီးသည်မှန်သော်လည်း စားသုံးရန်အစာအာဟာရလောက် အရေးမကြီးလှချေ။ အဘယ့်ကြောင့်ဆိုသော် ရေနှင့်လေသည် သဘာဝကဖန်တီးပေးထားသဖြင့် အထူးရှာဖွေလုံးပမ်းရန်လိုမည်မဟုတ်သော်လည်း အစားအစာများကား လူကိုယ်တိုင်စိုက်ပျိုးမွေးမြူပါမှ လုံလောက်စွာစားသုံးနိုင်မည် ဖြစ်သောကြောင့်ဖြစ်ပါသည်။

လူတို့စားသုံးနေသော စားစရာများတွင် ဆန်စပါးစသော သီးနှံများသည် အဓိကဖြစ်ပါသည်။ အထူးသဖြင့် ဆန်သည် မရှိမဖြစ်အရေးကြီးလှပါသည်။ ထိုဆန်ကိုရအောင် လယ်သမားများကသာ စိုက်ပျိုးထုတ်လုပ်ပေးနိုင်သဖြင့် လယ်သမားသည် ကျွန်ုပ်တို့နိုင်ငံသား ပြည်သူအပေါင်းတို့၏ အသက်သခင်ကျေးဇူးရှင်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် လယ်သမားများစိုက်ပျိုးထုတ်လုပ်ပေးသောစပါးကို စက်တွင်ကြိတ်ခွဲကာ ဆန်ကိုရနိုင်ပါသည်။ ထိုဆန်ကိုချက်၍ ရသောထမင်းကို စားကြရသည်။ သို့သော် ထမင်းချည်းသက်သက်မစားနိုင်သဖြင့် ဆီလိုလာပြန်သည်။ ထိုဆီကိုလည်း လယ်သမားတို့စိုက်ပျိုးပေးသော နှမ်းနှင့် ပဲအမျိုးမျိုးက ရနိုင်ပါသည်။ ထို့ကြောင့် လယ်သမားများသည် ကျွန်ုပ်တို့ပြည်သူတစ်ရပ်လုံး၏ အသက်သခင်အဖြစ် တန်ဖိုးထားခေါ်ဆိုနေကြခြင်းမှာ ထိုက်တန်လှပါသည်။

မှန်ပါသည်။ လယ်သမားတို့သည် ပြည်သူတို့၏ အသက်သခင်ကျေးဇူးရှင်အစစ်ဖြစ်ချေသည်။ လယ်သမားတို့သည် စားရန်သီးနှံအမျိုးမျိုးကို စိုက်ပျိုးထုတ်လုပ်ပေးကြသည်။ ဝတ်ဆင်ရန်ဝါဂွမ်းကိုထုတ်လုပ်ပေးပါသည်။ ထို့ကြောင့် ပြည်သူများသည် အစားအစာအတွက် မပူပင်ရဘဲ ဝလင်လင်စားသောက်နိုင်ကြသည်။

အခြားတစ်ဘက်ကလည်း နိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သော နိုင်ငံခြားငွေများကို လယ်သမားများကပင် ရှာဖွေပေးကြမြဲပါသည်။ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ဆန်စပါးထုတ်လုပ်ပေးသော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ မြန်မာ့ဆန်သည် ကမ္ဘာပေါ်တွင် လူသိများကျော်ကြားနေသဖြင့် ဒုတိယကမ္ဘာစစ်မဖြစ်မီက နိုင်ငံခြားတိုင်းပြည်များသို့ ဆန်တန်ချိန်သုံးသန်းမျှ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရှိရပါသည်။ ယနေ့တွင် ထိုစံချိန်ကို ပြည့်မီစွာရောင်းချနိုင်အောင် နိုင်ငံတော်က ကြိုးပမ်းဆောင်ရွက်နေသည်မှာ အားလုံးအသိပင်ဖြစ်ပါသည်။ ထို့ကြောင့် ဆန်စပါးအထွက်ကောင်းအောင် စပါးကိုများများစိုက်ကြရမည်။ စိုက်ပျိုးဧကတိုးချဲ့ပြီး သိပ္ပံနည်းကျ အထွက်တိုးအောင် နည်းလမ်းရှာကြရမည်။ မျိုးကောင်းမျိုးသန့်များရရှိအောင် သုတေသနပြုကာ တိုးချဲ့စိုက်ကြရမည်။ ဤတာဝန်ကို လယ်သမားများကပင် ကျေပွန်အောင် ထမ်းဆောင်ပေးကြရဦးမည်။ ထို့ကြောင့် ကျွန်ုပ်တို့နိုင်ငံတွင် လယ်သမားတို့၏အခန်းကဏ္ဍသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် မည်မျှအရေးပါကြောင်း ခန့်မှန်းနိုင်ပါသည်။

တောင်သူလယ်သမားများသည် “လယ်သမား” ဟူသောစကားအတိုင်း တစ်နှစ်ပတ်လုံးလည်ပတ်ကာ အလုပ်လုပ်ကြရသည်။ အထူးသဖြင့် တန်ခူးလသကြန်လွန်သည်နှင့် လယ်ယာလုပ်ငန်းခွင်ဝင်ကြရသည်။ မုတ်သုန်မိုးရွာ၍ လယ်ထွန်ချိန်ကျသည်နှင့် အဆင်သင့်ဖြစ်စေရန် ထွန်၊ထယ်၊ လှိမ့်တုံး စသည်တို့ကို ကြိုတင်ပြင်ဆင်ထားကြရသည်။ လယ်ကွက်ထဲတွင် နောက်ချေးနှင့် သဘာဝ





မြေဩဇာများချပေးခြင်း၊ တဲထိုးခြင်း၊ ကန်သင်းရိုးပြင်ဆင်ခြင်းလုပ်ငန်းများကိုလည်း ကြိုတင်လုပ်ထားရပါသည်။ သို့မှသာ မိုးဖြိုင်ဖြိုင်ရွာသည်နှင့်တစ်ပြိုင်နက် လယ်ယာလုပ်ငန်းကို စတင်နိုင်မည်မဟုတ်ပါလော။

ဆည်ရေသောက်ဧရိယာအတွင်း၌ လယ်ယာလုပ်ကိုင်ရသောလယ်သမားများကား ပို၍အလုပ်များကြပါသည်။ နွေမိုးဆောင်းရာသီသုံးမျိုးစလုံးတွင် သီးနှံမျိုးစုံကို အချိန်နှင့်တပြေးညီစိုက်ပျိုးနိုင်ရန် အထူးကြိုးပမ်းကြရသည်။ မိုးရေကိုသာမှီ၍ စိုက်ပျိုးရေးလုပ်နေကြရသော လယ်သမားများထက် ဆည်ရေသောက်လယ်သမားများက နှစ်သီးစား၊ သုံးသီးစားရသဖြင့် ဝင်ငွေပိုကောင်းပါသည်။ ထွန်ယက်စိုက်ပျိုးရာ၌လည်း ခေတ်မီစက်ပစ္စည်းများဖြင့်စိုက်ပျိုးနိုင်ကြသဖြင့် လူအား၊ ငွေအား သက်သာစေပါသည်။

လယ်သမားဘဝသည် တစ်နှစ်ပတ်လုံး မအားမလပ်နိုင်အောင် အလုပ်များကြသည်မှန်သော်လည်း မည်သူတို့နှင့်မျှမတူဘဲ အထူးပျော်ရွှင် လွတ်လပ်ကြပါသည်။ သူတို့သည် ဘာသာတရားကိုင်းရှိုင်းရှိသေပြီး ရိုးသားသူများဖြစ်ကြသည့်အတွက် စပါးပေါ်ချိန်ငွေပေါ်ချိန်တွင် စည်သံ၊ ဗျောသံ တညံညံနှင့် ဘုရားပွဲတော်များ၊ ရှင်ပြုပွဲများနှင့် အခြားဘာသာရေးဆိုင်ရာပွဲတော်များကို ပျော်ရွှင်စွာကျင်းပလေ့ရှိကြသည်။ ခေတ်မီဇိမ်ခံမော်တော်ကားများစီးခြင်း၊ တီဗွီဗီဒီယိုများကြည့်ရှုခြင်း၊ အခြားအဖိုးတန်ကော်ဇော၊ ဆိုဖာစသည်တို့ကို ဝယ်ယူသုံးစွဲခြင်းတို့ကို စိတ်မဝင်စားကြဘဲ ရသမျှ၊ ရှိသမျှနှင့်ရောင့်ရဲစွာနေထိုင်တတ်ကြသဖြင့် စိတ်နှလုံးအေးချမ်းစေပါသည်။

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်သူများထဲတွင် တောင်သူ

လယ်သမားများသည် အများစုဖြစ်ပေရာ တောင်သူလယ်သမားဘဝ တိုးတက်ဖွံ့ဖြိုးခြင်းသည် နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးမှုနှင့် ဆက်စပ်နေပါသည်။ တစ်နည်းဆိုသော် တောင်သူလယ်သမားဘဝ တိုးတက်မှသာလျှင် နိုင်ငံတော်တိုးတက်သည်ဟုဆိုနိုင်ပါသည်။ ထို့ကြောင့် တောင်သူလယ်သမားများ၏ဘဝတိုးတက်အောင် ကြိုးဆောင်ကြိုးပမ်းကြရမည် ဖြစ်ပါသည်။

ကျေးလက်နေတောင်သူလယ်သမားများသည် အများအားဖြင့် ဆင်းရဲကြပါသည်။ စာတတ်မြောက်မှုနှုန်းနိမ့်ကျကာ ပညာဗဟုသုတနည်းပါးကြသည်။ ထို့ကြောင့် ကျန်းမာရေးအဆင့်အတန်းနိမ့်ကျပြီး ရောဂါဘယထူပြောလှပါသည်။ ဆရာဝန်၊ ဆရာမများ အရောက်အပေါက်နည်း၍ ရောဂါမျိုးစုံကို တစ်မျိုး မဟုတ်တစ်မျိုး ခံစားနေကြရသဖြင့် လယ်သမားများနေထိုင်ရာ ကျေးလက်တောရွာများသည် လူနေမှုအဆင့်နိမ့်ကျနေရခြင်းဖြစ်ပါသည်။ ဤအခြေအနေများမှ လွတ်မြောက်ကျော်လွှားနိုင်စေရန် နည်းလမ်းရှာကြံရန်လိုအပ်ပါသည်။ မြို့နှင့် ကျေးလက်တောရွာများ ကွာဟချက်ကျဉ်းမြောင်းနည်းပါးစေရန် ကျေးလက် ဒေသ၏၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လူမှုရေးအခြေအနေများကို မြှင့်တင်ပေးခြင်းသည် မှန်ကန်သောလုပ်ရပ်တစ်ခုဖြစ်ပါသည်။

အချုပ်ကိုဆိုရသော် ကျွန်ုပ်တို့၏ လယ်သမားများသည် ပြည်သူတစ်ရပ်လုံး၏ အသက်သခင်ကျေးဇူးရှင်များ ဖြစ်ကြပါသည်။ နိုင်ငံ၏တိုးတက်ရေးဘဝသည် လယ်သမားထုကြီးအပေါ်တွင် တည်မှီနေပါသည်။ လယ်သမားများ စိုက်ပျိုးထုတ်လုပ်သော စပါးနှင့် ပဲအမျိုးမျိုးစသော သီးနှံများကို ရောင်းချ၍ နိုင်ငံခြားငွေ





ရရှိနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် ကျေးဇူးရှင်ကို ကျေးဇူးဆပ်သည့်အနေဖြင့် ပြည်သူတစ်ရပ်လုံးက တောင်သူလယ်သမားတို့၏ဘဝ မြှင့်မားတိုးတက်လာအောင် ကြိုးဆောင်ကြိုးပမ်းသင့်လှပါတော့သည်။

◆ ◆ ◆ ◆ ◆

## ၂၄။ အချစ်ဆုံးသူငယ်ချင်း

**ရေးရန်ပုံကြမ်းအချက်အလက်များ**

- လူတိုင်းတွင် သူငယ်ချင်းမိတ်ဆွေများရှိကြပုံ
- ကျွန်ုပ်၏အချစ်ဆုံးသူငယ်ချင်း
- သူငယ်ချင်း၏အတန်းနှင့် ပညာရေးအခြေအနေ
- သူငယ်ချင်း၏ မိဘမောင်နှမများ
- အဘယ်ကြောင့် သူ့အားနှစ်သက်ရကြောင်း

လူဆိုသောသတ္တဝါသည် ပေါင်းသင်းဆက်ဆံရေး သတ္တဝါဖြစ်သောကြောင့် မိတ်ဆွေသူငယ်ချင်းများသည် ရှိကြသည်ချည်းဖြစ်ပါသည်။ ဒိမိ၏ဘဝအခက်အခဲများကို သူငယ်ချင်းများ၏အကူအညီကိုရယူကာ ဖြေရှင်းကြရပါသည်။ မိမိအားကူညီဆောင်ရွက်ပေးမည့် မိတ်ဆွေသူငယ်ချင်းများသာမရှိခဲ့လျှင် မိမိဘဝသည် မည်သို့ဖြစ်သွားပါမည်နည်း။ သစ်ကိုင်းလွတ်သွားသောမျောက်လို ဒုက္ခရောက်ရမည်မှာသေချာသည်။





ကျွန်ုပ်အား အဖွားပြောပြဘူးသော ပုံပြင်တစ်ပုဒ်ကို သတိရမိသည်။ ရက်စက်ယုတ်မာလှသော ဆင်ကြီးတစ်ကောင်အပေါ် ဂလဲ့စားချေလိုသော နှံပြည်စုတ်ငှက်မလေးတစ်ကောင်သည် ယင်ကောင်၊ ဖားဆိုသောမိတ်ဆွေနှစ်ဦးနှင့် ပေါင်းသင်းပြီး ထိုဆင်ကြီးကို ချောက်ကမ်းပါးထဲသို့ကျသွားအောင် စွမ်းဆောင်နိုင်ကြောင်း သိရပါသည်။ မိတ်ဆွေကောင်းသည် ကြီးမှု ငယ်မှုမဟုတ်၊ ချမ်းသာသည် ဆင်းရဲသည်မဟူ မိမိကြုံတွေ့နေရသော အခက်အခဲများကို ပြေလည်ပြီးမြောက်အောင် အကူအညီပေးနိုင်ကြောင်း သတိချပ်သင့်ကြပါသည်။ ထို့ကြောင့် လူအများသည် မိမိအပေါ် မေတ္တာစေတနာထားနိုင်မည့် မိတ်ဆွေကောင်းများကိုရှာဖွေပြီး ပေါင်းသင်းဆက်ဆံကြရပါသည်။

ကျွန်ုပ်သည် သတ္တမတန်းတွင် ပညာသင်ကြားနေရသူကျောင်းသားသူငယ်တစ်ယောက်သာဖြစ်သော်လည်း ခင်မင်ရင်းနှီးရသော သူငယ်ချင်းတစ်ယောက်ရှိပါသည်။ သူသည် ကျွန်ုပ်၏သူငယ်ချင်းများထဲတွင် အခင်မင်ဆုံး၊ အချစ်ဆုံးသူငယ်ချင်းဖြစ်ပါသည်။ သူနှင့် ကျွန်ုပ်တို့ သူငယ်ချင်းဖြစ်ရပုံမှာ ဆန်းကြယ်လှပါသည်။ သူ၏မိဘများမှာ မြို့ပေါ်တွင် လူသိများထင်ရှားသော ဆရာဝန် ဇနီးမောင်နှံများ ဖြစ်ကြသည်။ ကျွန်ုပ်၏မိခင် မမာမကျန်းဖြစ်၍ ဆေးရုံတက်ရာမှ တစ်ဦးနှင့်တစ်ဦး သိကျွမ်းခင်မင်သွားကြရခြင်း ဖြစ်ပါသည်။

ကျွန်ုပ်၏ အချစ်ဆုံးသူငယ်ချင်းအမည်မှာ မစမ်းသီတာဖြစ်ပါသည်။ အသက်မှာ (၁၃)နှစ်ဖြစ်၍ ကျွန်ုပ်နှင့်အတူတူဖြစ်ပါသည်။ ကျွန်ုပ်နှင့်တစ်ကျောင်းတည်း၊ တစ်တန်းတည်းဖြစ်ပါသည်။

ထိုင်သောအခါ၌လည်း သတ္တမတန်း (က) တွင် တစ်ခုံတည်းဖြစ်နေပါသည်။ စမ်းသီတာသည် ဉာဏ်ပညာထက်မြက်သည့်ပြင် ကြိုးစားမှုလည်းရှိပါသည်။ အတန်းထဲတွင် သူ့ကိုယှဉ်နိုင်သူမရှိပါ အမြဲတမ်း ပထမချည်းရလေ့ရှိပါသည်။

စမ်းသီတာသည် အင်္ဂလိပ်စာနှင့် မြန်မာစာတွင်တော်ပါသည်။ လက်ရေးကလည်း လှသဖြင့် ဆရာ၊ ဆရာမတိုင်းက ချီးကျူးကြပါသည်။ ချစ်လည်း ချစ်ခင်ကြပါသည်။ နေ့ထူးနေ့မြတ်များ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲများတွင် အမြဲလိုလို ပထမရပါသည်။ သူသည် အကြားအမြင်ဗဟုသုတလည်းများပါသည်။ ဗဟုသုတများကိုလည်း လေ့လာလိုက်စားပါသည်။ သူ့မိဘများသည် ခေတ်ပညာတတ်များဖြစ်ပြီး သမီးအားသူတို့ကဲ့သို့ ပညာတတ်ဆရာဝန်ကြီးတစ်ယောက် ဖြစ်စေလိုကြပါသည်။ ကျောင်းကသင်ပေးသော သင်ခန်းစာများကို ဝိုင်းဝန်းသင်ကြားပေးသည့်ပြင် ဗဟုသုတဖြစ်ဖွယ် စာအုပ်စာတမ်းများကိုလည်း ဝယ်ပေးပါသည်။ ထိုအခါ စာဖတ်ဝါသနာပါသော စမ်းသီတာသည် ကျောင်းပိတ်ရက်များတွင် ထို သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများကို ဖတ်ရှုပါသည်။ ထို့ကြောင့် သူသည် ကျွန်ုပ်တို့နိုင်ငံအတွင်း၌ ဘာတွေဖြစ်နေသည်၊ ကမ္ဘာတွင် ဘာတွေဖြစ်နေသည်ကို အမြဲလိုလို သိနေပါသည်။ ကျွန်ုပ်အနေနှင့်လည်း သူပြောပြသည်တို့ကို နားထောင်မှတ်သားရသည်မှာ အလွန်ပင်ဗဟုသုတတိုးစေပါသည်။

စမ်းသီတာ၏မိဘများမှာ ခေတ်ပညာတတ် ဆရာဝန်ကြီးများဖြစ်ကြရာ ပညာရေးကိုအထူးအားပေးကြပါသည်။ ကျောင်းအစည်းအဝေးခေါ်တိုင်း အချိန်ယူတက်ရောက်ကာ အကြံကောင်း ဉာဏ်





ကောင်းများပေးလေ့ရှိပါသည်။ မကြာခဏဆိုသလို ကျောင်းစာကြည့်တိုက်သို့ စာအုပ်စာတမ်းများ လှူဒါန်းလေ့ရှိကြပါသည်။ ကျောင်းတွင် ပညာသင်နေကြသည့် ကျောင်းသူ ကျောင်းသား အပေါ်၌လည်း အထူးစေတနာထားပါသည်။ သူတို့သမီး စမ်းသီတာနှင့် တစ်တန်းတည်းသားများဖြစ်သော ကျွန်ုပ်တို့သည် နေမကောင်း၍ ဆေးခန်းသို့သွားသောအခါများတွင် ပိုက်ဆံလုံးဝမယူကြပါ။ မေတ္တာနှင့်ကုသပေးသည်သာမက ဆေးများကိုပင်အလကားပေးတတ်ပါသည်။

ကျွန်ုပ်၏အချစ်ဆုံးသူငယ်ချင်းတွင် မောင်နှမသုံးယောက်ရှိပါသည်။ သူ့အပေါ်ကအကြီးမှာ ယောကျ်ားကလေးဖြစ်ပါသည်၊ ကျွန်ုပ်တို့ကျောင်း၊ ဒသမတန်းတွင်ပညာသင်ကြားနေပါသည်။ သူ့အောက်ကမွေးချင်းမှာ ညီမလေးဖြစ်ပါသည်။ ကျွန်ုပ်တို့ကျောင်းမှာပင် စတုတ္ထတန်း၌ ပညာသင်ကြားနေပါသည်။ သူ့အစ်ကိုနှင့် ညီမလေးတို့သည်လည်း စာတော်ကြပါသည်။ ကျွန်ုပ်အား စမ်းသီတာသည် သူတို့အိမ်သို့ မကြာခဏခေါ်သွားတတ်ပါသည်။ ထို့ကြောင့် သူ့အစ်ကိုကြီး ကိုကျော်စွာနှင့် ညီမလေးမာလာထွေးတို့သည် ကျွန်ုပ်အား လွန်စွာခင်မင်ကြပါသည်။

အချစ်ဆုံးစမ်းသီတာ၏မွေးနေ့သည် ကျွန်ုပ်မွေးနေ့နှင့်တိုက်တိုက်ဆိုင်ဆိုင်ပင်တူနေပါသည်။ ကျွန်ုပ်တို့နှစ်ယောက်စလုံးသည် ဝါခေါင်လဆန်း (၁၀)ရက်နေ့တွင် မွေးပါသည်။ မွေးနေ့ရောက်လျှင် ကျွန်ုပ်တို့သည် အတူပျော်ရွှင်ကြည်နူးရပါသည်။ ထိုနေ့နံနက်ပိုင်းတွင် သူတို့အိမ်၌မွေးနေ့ပွဲကျင်းပပါသည်။ မြို့ပေါ်က ဌာနဆိုင်ရာလူကြီးများက လာရောက်အားပေးကြပါသည်။

ရေခဲမုန့်နှင့် မုန့်မျိုးစုံကို ကျွေးမွေးဧည့်ခံပါသည်။ လာရောက်သူများစိတ်ပျော်ရွှင်စေရန် ကက်ဆက်ဖြင့်သီချင်းဖွင့်ပေးပါသည်။ ရုပ်မြင်သံကြားစက်ဖြင့်လည်း ရုပ်ရှင်ပြပါသည်။ ထိုနေ့တွင် ကျောင်းမှဆရာမများ၊ သတ္တမတန်းမှ ကျောင်းသူကျောင်းသားများလည်း သွားရောက်အားပေးကြပါသည်။

ညနေပိုင်းတွင်မူ စမ်းသီတာနှင့် အခြားသူငယ်ချင်းများကို ကျွန်ုပ်တို့အိမ်သို့ခေါ်သွားပါသည်။ ထိုအခါ အမေသည် ကျွန်ုပ်မွေးနေ့ အထိမ်းအမှတ်အဖြစ် မုန့်ဟင်းခါးပူပူနွေးနွေးဖြင့်ဧည့်ခံပါသည်။ စားပြီးသောအခါ ကျွန်ုပ်တို့သူငယ်ချင်းတစ်စု သီချင်းများကိုစုပေါင်းသီဆိုကြရာ အလွန် ပျော်စရာကောင်းလှပါသည်။ သီချင်းများကိုသီဆို၍မောသွားကြသောအခါ အမေသည် ကျွန်ုပ်တို့ကို လက်ဖက်သုပ်ဖြင့်ဧည့်ခံပါသည်။ လက်ဖက်သုပ်ကို တပျော်တပါး စားသောက်ကြပြီးသောအခါမှ အိမ်ပြန်သွားကြပါသည်။

ကျွန်ုပ်သည် စမ်းသီတာကဲ့သို့သော သဘောကောင်း၊ မနောကောင်း၊ ဥစ္စာပေါ၊ ရုပ်ချောသည့် သူငယ်ချင်းတစ်ယောက်နှင့် သူငယ်ချင်းဖြစ်ရသည်မှာ အလွန်ကံကောင်းသည်ဟု ဆိုချင်ပါသည်။ သူသည် ကျွန်ုပ်တို့အပေါ် မောင်နှမအရင်းတစ်ယောက်လို ချစ်ခင်ပါသည်။ ကျွန်ုပ်၏လိုအပ်ချက်နှင့် အားနည်းချက်တို့ကို နားလည်စာနာတတ်သူလည်းဖြစ်ပါသည်။ ကျွန်ုပ် လစဉ်စာမေးပွဲ၌ အင်္ဂလိပ်ဘာသာတွင်ကျရှုံးသဖြင့် ကျွန်ုပ်နားမလည်သော အကြောင်းအရာများကို ရှင်းလင်းပြောပြပေးပါသည်။ မိဘဆင်းရဲသော်လည်း အားမငယ်ဘဲကြိုးစားလျှင် တစ်နေ့တွင်ချမ်းသာ ကြီးပွားလာမည်ဖြစ်ကြောင်း အားပေးစကားပြောပါသည်။ အိမ်တွင် စာကျက်မှတ်နည်း





လေ့လာနည်းတို့ကိုလည်း ပြောပြပါသည်။ သူပေးသောအကြံများမှာ သူကိုယ်တိုင် လက်တွေ့ကျင့်သုံးနေသော နည်းစနစ်များဖြစ်သောကြောင့် ကျွန်ုပ်အတွက်အကျိုးရှိလှပါသည်။ ထို့ကြောင့် ကျွန်ုပ်သည် သူ့အပေါ်တွင် အထူးခင်မင်ရင်းနှီးရခြင်းဖြစ်ပါသည်။

အချုပ်ကိုပြောရလျှင် ကျွန်ုပ်၏ အချစ်ဆုံးသူငယ်ချင်းသည် ကျွန်ုပ်အားချစ်ခင်သည်။ သဘောကောင်းသည်။ စေတနာဖြူစင်သည်။ ဆရာဝန်သမီးဖြစ်သော်လည်း စိတ်ကြီးမဝင်၊ ဘဝင်မမြင့်ပါ။ သူတပါးအခက်အခဲကိုလည်း စေတနာသန့်သန့်ဖြင့် ကူညီဖြေရှင်းပေးတတ်သည်။ ထို့ကြောင့်ပင် ကျွန်ုပ်သည် စမ်းသီတာလို သူငယ်ချင်းကိုရခြင်းအတွက် ကံကောင်းလှသည်ဟု ဆိုခဲ့ရခြင်းဖြစ်ပါတော့သည်။

◆ ◆ ◆ ◆ ◆

## ၂၅။ ကျွန်ုပ်နှစ်သက်သော ရုပ်မြင်သံကြားအစီအစဉ်တစ်ခု

**ရေးရန်ပုံကြမ်းအချက်အလက်များ**

- ကျောင်းသားများအတွက် ပညာရယူနိုင်သော နေရာအမျိုးမျိုးရှိပုံ
- မိမိသည် ရုပ်မြင်သံကြားကို ကြည့်ရှုရန် ဝါသနာပါသူတစ်ဦးဖြစ်ပုံ
- ရုပ်မြင်သံကြား၏ အကျိုးပြုပုံနှင့် အစီအစဉ်အမျိုးမျိုး
- ထိုအစီအစဉ်များထဲမှ မိမိနှစ်သက်သော အစီအစဉ်တစ်ခု
- အဘယ်ကြောင့် ထိုအစီအစဉ်ကို နှစ်သက်သဘောကျရပုံ
- ပညာဗဟုသုတရလိုသူတိုင်း ရုပ်မြင်သံကြားကိုကြည့်ရှုသင့်ကြောင်း





ကျွန်ုပ်သည် ပညာသင်ကြားနေသော ကျောင်းသားတစ်ယောက်ဖြစ်ပါသည်။ တစ်ဘက်၌ စာပေပညာများကိုသင်ကြားရင်း အခြားတစ်ဘက်တွင်လည်း ဗဟုသုတ အကြားအမြင်များကို လေ့လာဆည်းပူးထားရန် လိုအပ်ပါသည်။ ကျွန်ုပ်တို့ကျောင်းသားကျောင်းသူများအတွက် ပညာဗဟုသုတများ ရှာမှီးရန်နေရာများစွာရှိပါသည်။ နေ့စဉ်ထုတ်ဝေနေသည့် သတင်းစာကို မှန်မှန်ဖတ်ရှုလေ့လာလျှင် ပြည်တွင်းပြည်ပဆိုင်ရာ အဖြစ်အပျက်အမျိုးမျိုးကို သိရှိနိုင်ပါသည်။ အပတ်စဉ်နှင့် လစဉ်ထုတ်ဂျာနယ်၊ မဂ္ဂဇင်းများသည်လည်း ကျွန်ုပ်တို့အား ဗဟုသုတများစွာပေးနိုင်ပါသည်။ စာကိုဖတ်၍မျက်စိညောင်းလာလျှင် ရေဒီယိုကိုနားထောင်ပြီး ဗဟုသုတများကိုရနိုင်ပါသည်။ ရုပ်မြင်သံကြားကိုမူ မျက်စိဖြင့်လည်းကြည့်နိုင်၊ နားနှင့်လည်းနားထောင်နိုင်သဖြင့် ဗဟုသုတရှာမှီးလိုသူတို့အတွက် များစွာလွယ်ကူအဆင်ပြေပါသည်။

ကျွန်ုပ်သည် ရုပ်မြင်သံကြားကို ပို၍နှစ်သက်သဘောကျပါသည်။ တစ်ထိုင်တည်းမှာပင် အရုပ်များ၊ မြင်ကွင်းအသစ်များကို မြင်တွေ့နိုင်ပြီး တစ်နေ့တာအဖြစ်အပျက် သတင်းစကားများကိုလည်း ကြားနိုင်သောကြောင့်ဖြစ်ပါသည်။ ကျွန်ုပ်တို့အိမ်ရှိ ရုပ်မြင်သံကြားစက်မှာ အရောင်နှင့်ဖြစ်၍ ပို၍စိတ်ဝင်စားစရာကောင်းလှပါသည်။ မြင်တွေ့ရသော အရုပ်များနှင့် ရှုခင်းများသည် အလွန်လှပပါသည်။ ထို့ကြောင့် ကျွန်ုပ်သည် ရေဒီယို၊ သတင်းစာ၊ မဂ္ဂဇင်းများနှင့်နှိုင်းယှဉ်လျှင် ရုပ်မြင်သံကြားကို ပို၍နှစ်သက်ရခြင်းဖြစ်ပါသည်။

ယနေ့ ကမ္ဘာပေါ်တွင် ရုပ်မြင်သံကြားပရိသတ်သည် အများဆုံးဖြစ်ပါသည်။ ကြည့်စရာရှုစရာများအပြင် နားသောတဆင်စရာတွေလည်း အများဆုံးပါဝင်သော ဖြေဖျော်ရေးအစီအစဉ်တစ်ခုဖြစ်သောကြောင့်ဖြစ်ပါသည်။ ရုပ်မြင်သံကြားသည် ပရိသတ်ကိုအသိပညာပေးသည်။ သိစရာမှတ်စရာ သုတမျိုးစုံကိုလည်းပေးသည်။ ငြိမ့်ညောင်းသာယာသော ဂီတသံစဉ်များကိုလည်း ကြားနိုင်သည်။ မိမိနှင့်မိုင်ပေါင်းမြောက်များစွာဝေးသော ဒေသများကိုလည်း ရုပ်မြင်သံကြားမှတဆင့်မြင်နိုင်သည်။ အသံကိုလည်းကြားနိုင်ပါသည်။

ကမ္ဘာပေါ်ရှိ တိုင်းပြည်နိုင်ငံအသီးသီး၏ ခေါင်းဆောင်သမ္မတကြီးများ၊ ဘုရင်များ၊ ပညာရှင်ကြီးများကိုလည်း ရုပ်မြင်သံကြားမှတစ်ဆင့်တွေ့မြင်နိုင်ပါသည်။ အထူးသဖြင့် ဘောလုံး၊ လက်ဝှေ့စသောအားကစားဘက်တွင် ဝါသနာထုံသူများအတွက် အဆင်ပြေလှပါသည်။ ဩစတြေးလျနိုင်ငံ၊ ဆစ်ဒနီမြို့တွင် ကျင်းပသော ကမ္ဘာ့ဘောလုံးပွဲများကို ကိုယ့်အိမ်မှာကိုယ်ထိုင်ပြီး အေးအေးဆေးဆေးကြည့်နိုင်ပါသည်။ ကမ္ဘာ့လက်ဝှေ့စိန်ခေါ်ပွဲမှ လက်ဝှေ့ကျော်နှစ်ဦးမိမိရှေ့တွင် ထိုးသတ်နေကြသကဲ့သို့ အလွယ်တကူမြင်နိုင်သည်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် တစ်နေ့တာအတွင်း ဖြစ်ပျက်နေသောသတင်းများနှင့် မည်သည့်တိုင်းပြည်တွင် မုန်တိုင်းတိုက်ခိုက်မှုကိုခံရပြီး လူများသေကြေပျက်စီးရပုံ၊ မြေငလျင်ပြင်းထန်စွာလှုပ်သဖြင့် တိုက်တာအဆောက်အဦများ ပြိုကျပျက်စီးရပုံ၊ မီးတောင်များပေါက်ကွဲပုံ၊ တောမီးလောင်ပုံများကို ကိုယ်တိုင်သွားရောက်ကြည့်ရှုရသလို အလွယ်တကူမြင်နိုင်ပါသည်။ မကြာသေးမီကဖြစ်ပျက်ခဲ့သော အမေရိကန်ပြည်၊ နယူးယောက်မြို့ရှိ မိုးပျံအဆောက်





အဦကြီးနှစ်ခုကို အကြမ်းဖက်သမားများက လေယာဉ်ကြီးများနှင့် တိုက်ခိုက်သဖြင့် လူထောင်ပေါင်းများစွာ သေကြေပျက်စီးရပုံများကို နာရီပိုင်းအတွင်း မြင်တွေ့သိရှိခဲ့ရသည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံမှ ထုတ်လွှင့်ပေးနေသော မြန်မာ့ရုပ်မြင်သံကြားတွင် နေ့စဉ်လွှင့်ထုတ်ပေးနေသော စိုက်ပျိုးရေး၊ ကျန်းမာရေး၊ စက်မှုလက်မှုဆိုင်ရာ ပညာပေးအစီအစဉ်များသည် ကြည့်ရှုသူပြည်သူများအတွက် အကျိုးများလှပါသည်။ သန်းပေါင်းများစွာသော တောင်သူလယ်သမားများသည် ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များကို မြင်တွေ့သိရှိရသဖြင့် နိုင်ငံတော်၏ လယ်ယာကဏ္ဍကိုတိုးတက်စေနိုင်ပါသည်။ စက်မှုကဏ္ဍသည်လည်း လယ်ယာစိုက်ပျိုးရေးကိုအခြေခံပြီး ခေတ်မီစက်မှုနိုင်ငံတော်သစ်ကြီးကို တည်ဆောက်နေရာတွင် အထောက်အကူများစွာဖြစ်ပေါ်စေပါသည်။ ထို့အတူ တေးဂီတ၊ ကျောင်းသင်ခန်းစာပို့ချချက်များ၊ ဇာတ်များ၊ အငြိမ့်နှင့် ရုပ်ရှင်များကိုပါ လွှင့်ထုတ်ပေးနေပြန်ရာ တစ်ချိန်တည်းမှာပင်စိတ်ပျော်ရွှင်မှုကိုလည်းရ ခေတ်မီပညာ ဗဟုသုတကိုလည်း ရရှိနိုင်ပါသည်။ ရုပ်မြင်သံကြား၏ အကျိုးကျေးဇူးကား ပြောပြ၍မကုန်နိုင်အောင်များလှပါသည်။

ထိုထိုသောရုပ်မြင်သံကြားမှ ထုတ်လွှင့်နေသော အစီအစဉ်များသည် ကြီးမားသောရည်ရွယ်ချက်များရှိသဖြင့် အားလုံးနီးပါးသည် ကောင်းမွန်၍စိတ်ဝင်စားဖွယ်ရာဖြစ်ပါသည်။ ယင်းတို့အနက် ကျွန်ုပ်အကြိုက်နှစ်သက်ဆုံးသော အစီအစဉ်တစ်ခုကိုဖော်ပြရလျှင် "Discovery" ခေါ် အစီအစဉ်ပင်ဖြစ်ပါသည်။ ဤအစီအစဉ်သည် ကျွန်ုပ်အဖို့ စိတ်အဝင်စားဆုံးဖြစ်ရသည်မှာ အကြောင်းရှိ

ပါသည်။ ကျွန်ုပ်သည် သိပ္ပံပညာတွင် ဝါသနာထုံသူတစ်ဦးဖြစ်ပါသည်။ သိပ္ပံဘာသာရပ်ထဲမှ ဇီဝဗေဒခေါ် သက်ရှိများ၏ ဖြစ်ပျက်လှုပ်ရှားမှုများကို ပို၍စိတ်ဝင်စားပါသည်။ ထိုအစီအစဉ်တွင် ကမ္ဘာမြေပေါ်ရှိ သစ်ပင်နှင့် တိရစ္ဆာန်များ၏နေထိုင်ကျက်စားပုံ မျိုးပြန့်ပွားပုံများနှင့် ပင်လယ်ရေအောက်ရှိ သစ်ပင်နှင့် သတ္တဝါများ၏နေထိုင်ကျက်စားပုံတို့ကို ပြသပေးပါသည်။ ထိုအစီအစဉ်အရ ကမ္ဘာ့ဒေသအသီးသီးရှိ သတ္တဝါများ၊ အထူးသဖြင့် မျိုးပြုန်းလုနီးပါးဖြစ်နေသော သတ္တဝါများအကြောင်းကို ဓါတ်ပုံမှတ်တမ်းများနှင့်တကွ ဖော်ပြပေးသဖြင့် ဇီဝဗေဒပညာကိုသာမက သတ္တဗေဒဆိုင်ရာ ဗဟုသုတများကို ရစေပါသည်။

ပင်လယ်ရေအောက်ရှိသတ္တဝါများ၊ ရေညှိပင်၊ ရေမှော်ပင်များအကြောင်းကို အသေးစိတ်ဖော်ပြသောအခါ ပိုလို့ပင် စိတ်ဝင်စားချင်ပါသည်။ ပင်လယ်ရေအောက်တွင်ကျက်စားနေကြသော လင်းပိုင်ကြီးများ၊ လူသားစားငမန်းကြီးများကိုတွေ့ရသောအခါ ကျောများပင်ချမ်းကာ ရင်သပ်ရှုမောအံ့ဩရပါသည်။ ထို့ပြင် ပေပေါင်းများစွာနက်သော ရေအောက်အမှောင်ထုထဲတွင် ကျက်စားနေကြသော ကိုယ်ပိုင်အလင်းရောင်ရှိကြသည့် ငါးသတ္တဝါများအကြောင်းကို တွေ့မြင်သိရှိရသဖြင့် အံ့ဩမဆုံးဖြစ်ရပါသည်။ အမျိုးပေါင်းများစွာရှိသော သက်ရှိသတ္တဝါများသည် ဤကမ္ဘာမြေပေါ်တွင် လွန်ခဲ့သောနှစ်ပေါင်းများစွာကပင် ပုံသဏ္ဌာန်အမျိုးမျိုးနှင့် အသက်ရှင်နေထိုင်ခဲ့ကြောင်းနှင့် ထိုသတ္တဝါများသည် မိမိတို့မျိုးရိုး မတိမ်ကောမပပျောက်သွားအောင် ပတ်ဝန်းကျင်နှင့်ညှိကာ မည်ကဲ့သို့ကာကွယ်စောင့်ရှောက်ခဲ့ကြောင်းကို သိရှိမှတ်သားရသဖြင့် ကမ္ဘာကြီးနှင့်





သတ္တဝါအမျိုးမျိုးတို့နှင့်ဆိုင်သော ဗဟုသုတ များကိုရခဲ့ပါသည်။

အကြားအမြင်ဗဟုသုတဟူသည် လူတို့အဖို့ တန်ခိုးဖြစ်သည်ဟုဆိုပါသည်။ ဗဟုသုတများခြင်းသည် လူတစ်ဦးစီ၏ဘဝကို မရသေးသော၊ မဖြစ်သေးသော၊ အကျိုးကျေးဇူးများကို လက်ဝယ်ပိုင်ပိုင် ရရှိစေနိုင်သည်သာမက မိမိဘဝ ပိုမိုထွန်းတောက် ပြောင်လက်လာအောင် ဖန်တီးနိုင်ကြောင်း သတိချပ်သင့်ကြပါသည်။ ထို့ကြောင့် မိမိဘဝကြီးပွားတိုးတက်ရေးအတွက် ပညာများကိုဆည်းပူးနေကြသော ကျွန်ုပ်တို့ကျောင်းသားကျောင်းသူများသည် ဗဟုသုတကြွယ်ဝများပြားသူများဖြစ်လာအောင် ကြိုးစားအားထုတ်သင့်ကြပါသည်။ ထိုသို့ ကြိုးစားအားထုတ်ရာတွင် ဖတ်ရှုစရာစာအုပ်စာတမ်းများ၊ နားထောင်စရာ ရေဒီယိုများ၊ ရုပ်မြင်သံကြားများသည် ကျွန်ုပ်တို့အတွက် အားထားရသော နေရာဌာနများဖြစ်ကြပါသည်။ အထူးသဖြင့်ကား အသံကိုလည်းကြားရ၊ ရုပ်ကိုလည်းမြင်ရ၊ ပျော်လည်းပျော်ရ၊ ဗဟုသုတမျိုးစုံကိုလည်း ရစေနိုင်သော ရုပ်မြင်သံကြားသည် အကောင်းဆုံးနှင့် အထိရောက်ဆုံးပင် ဖြစ်ပါတော့သည်။

◆ ◆ ◆ ◆ ◆

## ၂၆။ ကျွန်ုပ်၏ဝါသနာ

**ရေးရန်ပုံကြမ်းအချက်အလက်များ**

- လူတိုင်းတွင် ဝါသနာအမျိုးမျိုးရှိပုံ
- ကျွန်ုပ်၏ဝါသနာမှာ စာဖတ်ခြင်းဖြစ်ပုံ
- ထိုစာဖတ်ဝါသနာသည် ကျွန်ုပ်အားအကျိုးပေးပုံ
- စာဖတ်ခြင်းသည် လူကိုပြည့်ဝစေသဖြင့် လူတိုင်းစာဖတ်သင့်ပုံ
- စာဖတ်ခြင်းကြောင့် ကြီးပွားတိုးတက်သွားခဲ့သော ပုဂ္ဂိုလ်များ
- စာဖတ်ခြင်းဝါသနာကို အသက်ထက်ဆုံး စွဲမြဲလိုက်နာသွားရန် ဆုံးဖြတ်ထားပုံ

လောကတွင် လူအမျိုးမျိုးရှိသလို စရိုက်ဝါသနာအမျိုးမျိုးလည်းရှိပါသည်။ အချို့မှာ ဘောလုံးကန်ဝါသနာပါကြသည်။ အချို့မှာ သီချင်းဆိုဝါသနာပါကြသည်။ အချို့မှာ တယောထိုး၊ ဂီတာတီး ဝါသနာပါကြသည်။ အချို့မှာ ပန်းချီ၊ အချို့မှာ စာရေးစာဖတ်





ဝါသနာပါကြသည်။ လူတစ်ကိုယ် အကြိုက်တစ်မျိုးမို့ ဝါသနာလည်း တစ်မျိုးစီရှိကြပါသည်။

ကျွန်ုပ်သည်လည်း လူထဲကလူသားတစ်ယောက်ဖြစ်၍ သူတကာနည်းတူ ဝါသနာတစ်ခုရှိပါသည်။ ကျွန်ုပ်၏ဝါသနာကား အခြားမဟုတ်ပါ။ စာဖတ်ခြင်းပင်ဖြစ်ပါသည်။ ကျွန်ုပ်စာဖတ်ဝါသနာပါခဲ့သည်မှာ စာလုံးပေါင်းပြီးစာဖတ်တတ်စ ပထမတန်းကျောင်းသား ဘဝကတည်းကဟုဆိုချင်ပါသည်။ ဤသို့ ငယ်စဉ်ကပင် စာဖတ်ဝါသနာပါခဲ့ခြင်းမှာလည်း အကြောင်းရှိပါသည်။ ကျွန်ုပ်၏ဖခင်သည် ကျောင်းဆရာတစ်ယောက်ဖြစ်ပါသည်။ တစ်လတစ်ခါ လခထုတ်ရန် မြို့သို့တက်သွားတိုင်း ပြန်လာသည့်အခါ နေ့စဉ်သတင်းစာများနှင့် ပညာတန်ဆောင်မဂ္ဂဇင်းစာအုပ်များ ပါလာလေ့ရှိပါသည်။ ကျွန်ုပ်သည် သတင်းစာများကို တစ်အုပ်ပြီးတစ်အုပ်၊ လှန်လှောကြည့်မိသည်။ ထိုအခါ နိုင်ငံတော်၏ခေါင်းဆောင်များ၊ ဝန်ကြီးများ စသည်တို့၏ရုပ်ပုံများ၊ ရုပ်ရှင်ကြော်ငြာများကို တွေ့ရပါသည်။ ထိုရုပ်ပုံများကိုတွေ့သောအခါ ကလေးဘဝ မည်သူတို့၏ရုပ်ပုံများဖြစ်ကြောင်း၊ သူတို့ဘာလုပ်နေကြကြောင်း သိချင်စိတ်များပေါ်လာပါသည်။ ထိုသို့သိချင်စိတ်ကြောင့် ရုပ်ပုံများအောက်တွင် ရေးထားသောစာများကို မတတ်တတတ်နှင့် စာလုံးပေါင်းပြီးဖတ်ကြည့်မိပါသည်။ ဖတ်၍တတ်သည်များရှိသလို စာလုံးထပ်များ၊ ပါဠိစကားလုံးများကို ဖတ်မတတ်၍ အဖေ့ကိုမေးရပါသည်။

မိမိဘာသာဖတ်၍ ဘာကိုဆိုလိုသည်ကိုသိလိုက်သောအခါ အလွန်ပျော်ရပါသည်။ စိတ်ထဲကပျော်လေလေ၊ စာကိုဆက်ပြီး ဖတ်ချင်လေလေ ဖြစ်ပါသည်။ အဖေမြို့ကယူလာသော သတင်းစာများ

သည် ဤနည်းဖြင့် တစ်နေ့နည်းနည်းနှင့် ဖတ်လိုက်သည်မှာ တစ်ပတ်နှစ်ပတ်အတွင်းကုန်သွားပါတော့သည်။ ဤသို့ဖြင့် စာဖတ်ဝါသနာသည် ကျွန်ုပ်တွင်ဖယ်ရှား၍မရနိုင်အောင် စွဲမြဲခဲ့ပါသည်။ ဤနည်းဖြင့် ကျွန်ုပ်သည် ဒုတိယတန်း၊ တတိယတန်း စသည်ဖြင့် မူလတန်းအဆင့်ကိုလွန်၍ အလယ်တန်းသို့ ရောက်ခဲ့ပါသည်။ ထိုအခါ ကျွန်ုပ်သည် ကျောင်းသုံးစာအုပ်များသာမက မဂ္ဂဇင်းများကိုပင် ဖတ်ဖြစ်လာပါသည်။ ကျွန်ုပ်၏ဖခင်သည် ကျွန်ုပ်၏ စာဖတ်ဝါသနာကြီးမားပုံကိုသိ၍ ဘုရားရှိခိုးစာအုပ်၊ လောကနီတိကျမ်း၊ ပရိတ်ကြီးစာအုပ်များကို ဝယ်ပေးပါသည်။ ထိုစာအုပ်များကိုဖတ်ရသည်မှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ လူ့ဘဝ၊ လူ့လောကတွင် လက်တွေ့အသုံးကျသောစာများဖြစ်၍ အချို့စာပုဒ်များကို အလွတ်ရနေအောင်ကျက်မှတ်ခဲ့ရသည်။ ယခုအခါ ကျွန်ုပ်ဖတ်ရသည့်စာအုပ်များသည် ငယ်စဉ်အခါက ဖတ်ခဲ့ရသောစာများထက် ပိုမိုလေးနက်၍ တွေးခေါ်စဉ်းစားရသည်မှာ ပို၍အရသာရှိလှပါသည်။ ဤသို့ဖြင့်ကျွန်ုပ်သည် စာမဖတ်ရလျှင် မနေနိုင်သော စာဂျပိုးဘဝသို့ ရောက်မှန်းမသိရောက်ခဲ့ပါသည်။

"အလိမ္မာစာမှာရှိ" ဟူသော ဆိုရိုးစကားတစ်ခွန်းရှိပါသည်။ စာထဲတွင် သိစရာ၊ မှတ်စရာ၊ ကျင့်ဆောင်ဖွယ်ရာများကို သိရှိမှတ်သားရသဖြင့် အလိမ္မာဆိုသော အကြားအမြင်ဗဟုသုတများစွာတိုးခဲ့ပါသည်။ ကျွန်ုပ်စာဖတ်ရာမှရရှိခဲ့သော အကြားအမြင်ဗဟုသုတများကြောင့် ကျွန်ုပ်သည် ဆရာ ဆရာမများသင်ကြားသောစာများကို နားလည်သဘောပေါက်ကာ အလွယ်တကူမှတ်သားနိုင်ခဲ့ပါသည်။ အထူးသဖြင့် ကျွန်ုပ်ရေးသောစာစီစာကုံးများသည် အခြား





သူငယ်ချင်းများရေးသော စာစီစာကုံးများထက် ကောင်းသည်ဟု ဆရာ၊ ဆရာမများက ချီးကျူးစကားပြောသည်ကိုကြားရ၍ အလွန်အားတက်မိပါသည်။ မှန်လည်းမှန်ပါသည်။ ကျွန်ုပ်သည် ဗဟုသုတများသူဖြစ်၍ စာစီစာကုံးများကို သူများထက်ပိုမို ပြည့်စုံကောင်းမွန်အောင် ရေးနိုင်သောကြောင့် မြန်မာဘာသာတွင် ကျွန်ုပ်သည် အမြဲလိုလိုပင် အမှတ်အများဆုံးရလေ့ရှိပါသည်။

စာဖတ်ခြင်းသည် လူကိုပြည့်ဝစေပါသည်ဟု ရှေးပညာရှိကြီးများက ပြောခဲ့ပါသည်။ ထိုစကားသည် အမှန်ပင်ဖြစ်ပါသည်။ အရေးကိစ္စတစ်စုံတစ်ရာ ကြုံကြိုက်လာသောအခါ ပြောရဆိုရသည့်နေရာမျိုး၌ဖြစ်စေ၊ ရေးသားတင်ပြရသောအခါမျိုး၌ဖြစ်စေ စာဖတ်ဝါသနာပါသူနှင့် စာဖတ်ဝါသနာမပါသူတို့သည် အလွန်ကွာခြားပါသည်။ စာဖတ်များ၍ ဗဟုသုတများသူများသာလျှင် ပြုဖွယ်ကိစ္စများကို အလွယ်တကူ ပြီးမြောက်အောင် ဆောင်ရွက်နိုင်ကြပါသည်။

ကျွန်ုပ်တို့ပတ်ဝန်းကျင်တွင် အပြောအဆို၊ အမူအရာ ယဉ်ကျေးသိမ်မွေ့၍ အနေအထိုင်ကောင်းမွန်သူများကိုကြည့်လျှင် သူတို့သည် စာဖတ်များသူ၊ စာဖတ်ဝါသနာရှင်များ ဖြစ်ကြသည်ကို တွေ့မြင်နိုင်ပါသည်။ သူတို့သည် စာထဲမှအသိအလိမ္မာများကို လေ့လာဆည်းပူး ရရှိထားသူများပီပီ အပြောအဆိုအမူအရာ ယဉ်ကျေးသိမ်မွေ့သူများ၊ အကြံကောင်းဉာဏ်ကောင်း ပေးနိုင်သူများ၊ တွေးခေါ်မြော်မြင်တတ်သူများဖြစ်ကြ၍ ပတ်ဝန်းကျင်၏ လေးစားတန်ဖိုးထားရှိခြင်းကို ခံကြရသည်။ ပရိသတ်အလယ်တွင် ထည်ဝါစွာနေနိုင်၍ ပညာရဲရင့် ပွဲလယ်တင့်နိုင်သူများလည်း ဖြစ်ကြသည်။ ထို့ကြောင့်

လူ့လောကတွင် လူတန်းစေ့နေထိုင်လိုသူများ၊ ပတ်ဝန်းကျင်၏ လေးစားနေရာထားခြင်းကို ခံယူလိုသူများသည် စာဖတ်ဝါသနာကို ပျိုးထောင်၍ စာများများဖတ်ကြပါဟု အကြံပြုတိုက်တွန်းလိုက်ချင်ပါသည်။

စာဖတ်ခြင်းနှင့်စပ်လျဉ်း၍ "အလိမ္မာစာမှာရှိ၊ စာအုပ်စာပေ လူ့မိတ်ဆွေ" ဟု အများက အရေးယူပြောဆိုနေကြသည်ကို ကြားဘူးကြပါမည်။ လက်တွေ့ကျသောဆောင်ပုဒ်များဖြစ်၍ ထိုစကားများကို လိုက်နာကျင့်သုံးသင့်ကြပေသည်။ စာဖတ်များခြင်းဖြင့် အထွတ်အထိပ်သို့ ရောက်ခဲ့သူများကို သမိုင်းစာမျက်နှာများကိုပြန်လှန်ကြည့်ပါက တွေ့မြင်နိုင်ပါသည်။ ကမ္ဘာပေါ်တွင် အဆင့်အတန်းမြင့်လှသော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ အထွေထွေအတွင်းရေးမှူးချုပ်ရာထူးကြီးကို ဆွတ်ယူတက်လှမ်းနိုင်ခဲ့သူ မြန်မာနိုင်ငံသား ဦးသန့်သည် စာအုပ်စာပေကို မိတ်ဆွေဖွဲ့ကာ စာများများဖတ်ရှုခဲ့ခြင်းကြောင့် ထိုရာထူးကြီးကို ထိုက်ထိုက်တန်တန် ရယူနိုင်ခဲ့သူဖြစ်ပါသည်။ မြန်မာ့လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည်အချိန်ပိုရတိုင်း စာအုပ်နှင့်မျက်နှာမခွာပဲ စာဖတ်ဝါသနာကြီးမားလှသူဖြစ်ပါသည်။ စာမှရသော အသိအလိမ္မာများဖြင့် ဗိုလ်ချုပ်သည် မြန်မာတစ်မျိုးသားလုံးကို လွတ်လပ်ရေးလမ်းကြောင်းပေါ်သို့ တင်ပေးနိုင်ခဲ့သည်ဟုဆိုလျှင် လွန်အံ့မထင်ပါ။ ဗိုလ်ချုပ်အောင်ဆန်း၏ အားထားရသော ရဲဘော်ကြီးတစ်ယောက်ဖြစ်သည့် ဂျာနယ်ကျော်ဦးချစ်မောင်မှာ စာအလွန်ဖတ်သူအဖြစ် နာမည်ကြီးသူဖြစ်သည်။ သူသည် တစ်လအတွင်း စာအုပ်စာတမ်းပေါင်းရာနှင့်ချီပြီး ဖတ်နိုင်သူဖြစ်သည်ဟုဆိုကြသည်။





ကျွန်ုပ်တို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်၍ ပညာတတ်များ၊ တွေးခေါ်မြော်မြင်တတ်သူများ၊ များစွာလိုပါသည်။ ဖွံ့ဖြိုးတိုးတက်သော ကမ္ဘာ့အဆင့်မီနိုင်ငံတစ်နိုင်ငံဖြစ်လာအောင် ဝိုင်းဝန်းကြိုးပမ်းရမည့်တာဝန်သည် နိုင်ငံသားတိုင်း၏ပခုံးပေါ်သို့ ကျရောက်နေပါသည်။ အခြားတစ်ဘက်မှလည်း ယနေ့ကမ္ဘာကြီးတွင် တတ်သိဖွယ်ရာ ပညာရပ်များသည် အဟုန်ပြင်းစွာဖြင့် တစ်နေ့တစ်ခြား တိုးတက်နေသည်။ ဤအခြေအနေမျိုးတွင် ကျွန်ုပ်တို့သည် နေ့စဉ်နှင့်အမျှပေါ်ထွက်နေသော သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် အခြားဝိဇ္ဇာ၊ သိပ္ပံဆိုင်ရာစာအုပ်စာတမ်းများကို မဖတ်ဘဲနေ၍ မဖြစ်နိုင်တော့ချေ။ မိမိကိုယ်ကို ထာဝရကျောင်းသားကြီး တစ်ယောက်အဖြစ် သဘောထားပြီး စာအုပ်စာပေများကို ဖတ်ရှုကြရမည်ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် ကျွန်ုပ်၏ဝါသနာဖြစ်သော စာဖတ်ခြင်းသည် မိမိအတွက်ရော၊ နိုင်ငံအတွက်ပါ အကျိုးများသော ဝါသနာတစ်ခု ဖြစ်နေသောကြောင့် ကျွန်ုပ်သည် များစွာနှစ်ထောင်းအားရ ဝမ်းသာကြည်နူးမိပါသည်။ ရှေ့ဆက်ပြီး စာဖတ်ခြင်းဝါသနာကို အသက်ထက်ဆုံး စွဲမြဲနေအောင် ကြိုးစားသွားပါမည်။ ထို့ကြောင့် မိမိအကျိုး၊ နိုင်ငံအကျိုးကို အလိုရှိသူတိုင်းသည် စာဖတ်ခြင်းဝါသနာကို ပျိုးထောင်၍ စာဖတ်သူများဖြစ်လာအောင် ကြိုးပမ်းအားထုတ်သင့်လှပါတော့သည်။

◆ ◆ ◆ ◆ ◆

## ၂၇။ ချစ်ဖေဖေ

**ရေးရန်ပုံကြမ်းအချက်အလက်များ**

- ကြီးမားလှသော ချစ်ဖေဖေ၏ကျေးဇူးများ
- ချစ်ဖေဖေ၏ ကျွေးမွေးစောင့်ရှောက်ပုံ
- မမေ့နိုင်သော ချစ်ဖေဖေ၏ချစ်ခင်ကြင်နာမှု
- ဖေဖေ၏ ခိုင်မာပြတ်သားသောစိတ်ဓါတ်
- အဖေတူသားတစ်ယောက်ဖြစ်အောင် ကြိုးစားမည်ဟု သန္နိဋ္ဌာန်ချထားပုံ

လူတိုင်းလူတိုင်းတွင် မွေးမိခင်ရှိကြသလို ကျေးဖခင်ဆိုသည်မှာလည်း ရှိကြမြဲဖြစ်ပါသည်။ ဖခင်သည် မိမိ၏ သားငယ်သမီးငယ်များ လူတန်းစေ့ကြီးပြင်းလာစေရန် ကိုယ်စွမ်းရှိသမျှ ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့ရသဖြင့် မွေးမိခင်ကဲ့သို့ပင် ကျေးဇူးကြီးမားလှပါသည်။ မိခင်သည် အိမ်တွင်နေပြီး သားသမီးများကို ပြုစုစောင့်ရှောက်ရသလို မွေးဖခင်သည် မိသားစုတစ်ခုလုံး စားဝတ်နေရေးပြေလည်စေရန် နေထွက်ချိန်မှနေဝင်သည့်တိုင်အောင် အပြင်ထွက်





၍ ငွေကြေးဥစ္စာများကို ရှာဖွေရယူပေးရသည်။ ထို့ကြောင့် မြန်မာမှုတွင် ဘုရားနှင့်တစ်ဂိုဏ်းတည်းထားကာ "မာတာပိတုဂုဏော အနန္တော"ဟု အလေးအမြတ်ထားကာ ရှိသေလေးစားနေရခြင်းဖြစ်ပါသည်။

ထိုစကားသည် မှန်သောသစ္စာစကားတစ်ခွန်းပင်ဖြစ်ပါသည်။ မိခင်ဖခင်တို့၏ ကျေးဇူးကြီးမားပုံကို ကျွန်ုပ်၏ ကိုယ်တွေ့အနေနှင့် ရေးသားတင်ပြပါမည်။ သို့သော် ကျွန်ုပ်သည် မိခင်၏ကျေးဇူးကြီးမားပုံထက် ဖခင်၏ကျေးဇူးကြီးမားပုံကို ပို၍ရေးသားတင်ပြနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်၏မိခင်သည် ကျွန်ုပ်လူမှန်းမသိခင် လေးနှစ်သားအရွယ်ကပင် ကျွန်ုပ်နှင့် ဖခင်တို့ကိုစွန့်ခွါကာ ဘဝတစ်ပါးသို့ ပြောင်းသွားခဲ့သောကြောင့်ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်သည် ဖခင်၏ စောင့်ရှောက်ထိန်းသိမ်းမှုအောက်တွင် ကြီးပြင်းလာရပါသည်။ ဖခင်သည် ကျွန်ုပ်ကို မိခင်လိုတစ်မျိုး ဖခင်သို့တစ်ဖုံ ကြင်နာယုယစွာပြုစု စောင့်ရှောက်ခဲ့ရသဖြင့် ကျွန်ုပ်အနေနှင့် ဖခင်ကို မိခင်လိုတစ်မျိုး၊ ဖခင်လိုတစ်မျိုး နှစ်ဆတိုး၍ ချစ်ခင်အားကိုးခဲ့ရပါသည်။

ကျွန်ုပ်ဖခင်၏အမည်မှာ ဦးချစ်ဖေဖြစ်ပါသည်။ သူ၏ဇာတိမြေမှာ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ရွာကလေးတစ်ရွာဖြစ်ပြီး အောက်ပြည်အောက်ရွာဘက်ဆီကို အလုပ်ရှာရန်ရောက်လာရာမှ မိခင်နှင့်တွေ့ပြီး အိမ်ထောင်ကျခဲ့သည်ဟုသိရပါသည်။ ဖခင်သည် မိဘဆင်းရဲသဖြင့် ပညာကိုကောင်းကောင်းမသင်ခဲ့ရပါ။ ရေးနိုင်ဖတ်နိုင်ရုံလောက်သာဖြစ်ပါသည်။ ကျွန်ုပ်လူမှန်းသိလာသောအခါ ဆိုက်ကားနင်းပြီး အသက်မွေးဝမ်းကျောင်းပြုနေသည်ကိုတွေ့ရပါသည်။

အဖေသည် ကျွန်ုပ်အားနေ့ကလေးထိန်းကျောင်းသို့ မပို့နိုင်သဖြင့် အိမ်အနားမှ ဒေါ်လုံးထံအပ်ကာ ဆိုက်ကားထွက်ခွာသွားတတ်ပါသည်။ ကျွန်ုပ်ကျောင်းနေနိုင်သည့်အရွယ် ရောက်လာသောအခါ ရပ်ကွက်အတွင်းရှိ မူလတန်းကျောင်းမှာအပ်နှံ၍ နေ့စဉ် ဆိုက်ကားနှင့်ကျောင်းသို့ပို့ပေးပါသည်။ ကျောင်းသို့ရောက်လျှင် အဖေသည် ကျွန်ုပ်အား အိတ်ထဲမှပိုက်ဆံငါးကျပ်ကိုနှိုက်ပြီး မုန့်ဖိုးပေးလေ့ရှိပါသည်။

ဖေဖေသည် သူ့ဘဝအကြောင်းကို မကြာခဏပြောလေ့ရှိပါသည်။ "သား . . . ဖေဖေ့ကိုကြည့်။ ဖေဖေဟာ ငယ်စဉ်က စာကို ကောင်းကောင်းမသင်ခဲ့ရလို့ ဆိုက်ကားသမားဘဝကို ရောက်နေရတယ်။ ဖေဖေ့လို ဒုက္ခမရောက်အောင် သားစာကြိုးစားနော်" ဟု ဆုံးမလေ့ရှိပါသည်။ ဖေဖေသည် ကျွန်ုပ်ကို တစ်ဦးတည်းသောသား ဖြစ်သဖြင့် အလွန်ချစ်ရှာပါသည်။ နံနက်အစောကြီးတွင် အိပ်ယာမှ ထပြီး ကျွန်ုပ်ကျောင်းအမှီစားနိုင်ရန် ထမင်းကိုချက်ပေးပါသည်။ ထို့နောက် လမ်းထိပ်ရှိ ဈေးသို့သွားပြီး ပဲပြုတ်ဖြစ်စေ၊ ဘရာကြော် ဖြစ်စေ၊ ဝယ်ကာ ခုံပေါ်တင်ထားပြီးမှ ဆိုက်ကားထွက်တတ်ပါသည်။ ကျွန်ုပ်ကျောင်းသွားချိန်နီးမှ တစ်ခေါက်ပြန်လာပြီး ကျွန်ုပ်အား ကျောင်းသို့ ပို့ပေးပါသည်။

ဤသို့ဖြင့် ကျွန်ုပ်သည် သတ္တမတန်းသို့ရောက်လာပါသည်။ အဖေသည် ကျွန်ုပ်အတွက် ကျောင်းစရိတ်ရရန် ညဦးယံပိုင်းတွင် ဆိုက်ကားထွက်နင်းလေ့ရှိပါသည်။ သို့သော် ကျွန်ုပ်သတ္တမတန်း သို့ရောက်သောအခါ ညဘက်တွင် ဆိုက်ကားထွက်မနင်းတော့ပါ။ ဤအကြောင်းကို အဖေက အိမ်နားကဒေါ်လုံးအား "ကျွန်တော့်





သားလေးအတန်းကြီးလာလို့ ညဘက်သူစာကျက်နိုင်အောင် ကျွန်တော် သူ့အနားမှာနေပေးဖို့ လိုပါတယ်"ဟု ပြောသည်ကိုကြားရမှ အဖေသည် ကျွန်ုပ်အား မည်မျှချစ်ခင်ကြင်နာကြောင်း သိလာပါသည်။

အဖေသည် ညဘက် ကျွန်ုပ်အိပ်မငိုက်အောင် မုန့်ဝယ်ကျွေးပါသည်။ ကျွန်ုပ်မအိပ်မချင်း ထိုင်စောင့်နေတတ်ပါသည်။ ပွဲတော်ရက်များနှင့် ကြုံသောအခါ အဖေသည် ဆိုက်ကားနင်းရာမှ ပိုက်ဆံပို၍ ရတတ်ပါသည်။ ထိုပိုက်ဆံများကို အဖေသည်မသုံးဘဲ "ငါ့သား ဆယ်တန်းရောက်ရင် ကျူရှင်နေဖို့" ဆိုပြီး စုဘူးထဲထည့်ထားလေ့ရှိပါသည်။ ထိုနှစ်သတ္တမတန်းစာမေးပွဲတွင် ကျွန်ုပ် ပထမရကြောင်း ကြားရသဖြင့် အဖေ့မျက်နှာမှာ ပြုံးရွှင်ပျော်မြူးနေပါသည်။ ထိုအခါ ကျွန်ုပ်သည် အဖေ၏ မေတ္တာစေတနာကြီးမားပုံကိုသိရ၍ အဖေ့ ကျေးဇူး ဆပ်၍မကုန်နိုင်အောင်ကြီးမားပုံကို နားလည်သဘော ပေါက်ခဲ့ရသည်။

ယခုနှစ်တွင် ကျွန်ုပ်သည် အဋ္ဌမတန်းသို့ရောက်လာသဖြင့် အဖေသည် ပို၍ဂရုစိုက်လာပါသည်။ ခါတိုင်း နေ့လည်ထမင်းစား ပြီးချိန်တွင် ခေတ္တခဏနားလေ့ရှိသော အဖေသည် ယခုအခါ မနား တော့ဘဲ ဆိုက်ကားဆက်နင်းပါသည်။ သား၏ ကျောင်းစားရိတ်ရ စေရန်အတွက် ကြိုးစားခြင်းဖြစ်ပါသည်။ နှစ်ဝက်သို့ရောက်လာ သောအခါ ကျောင်းတွင် မိဘဆရာအသင်း နှစ်ပတ်လည်အစည်း အဝေးနှင့် ဆုပေးပွဲအခမ်းအနား ကျင်းပပါသည်။ ဆုရသူများထဲ တွင် ကျွန်ုပ်လည်းပါနေသဖြင့် အဖေကိုယ်တိုင် အခမ်းအနားသို့ တက်လာပါသည်။ ကျွန်ုပ်တို့ ဆုရကျောင်းသား ကျောင်းသူတို့

နောက်နားတွင် အဖေတို့ကိုနေရာချထားပေးပါသည်။ ကျွန်ုပ် အလှည့်ရောက်၍ စင်ပေါ်တက်ကာဆုယူပါသည်။ ကျွန်ုပ်နေရာတွင်ပြန်ထိုင်လိုက်သောအခါ အဖေသည် သူ့နေရာတွင်မရှိတော့သဖြင့် သူ့အား ကျွန်ုပ်လိုက်ရှာမိပါသည်။ အဖေသည် ကျောင်းရှေ့ ပိတောက်ပင်အောက်တွင် ထိုးထားသောသူ့ဆိုက်ကားပေါ်တွင် ထိုင်၍ငိုနေသည်ကို တွေ့ရပါသည်။

အဖေ၏ မိတဆိုးသား ကျွန်ုပ်အပေါ် မေတ္တာထားပုံ၊ ပြုစုစောင့်ရှောက်ပုံနှင့် ယုံကြည်အားထားပုံတို့မှာ စံထားလောက်ပါပေသည်။ အထူးသဖြင့် သားလေးအပေါ် လူတစ်လုံးသူတစ်လုံးဖြစ်အောင် ကြိုးစားအားထုတ်ပုံတို့မှာ ထူးခြားလှပါသည်။ အဖေ့၏ ကြီးမားလှသောကျေးဇူးကို အောက်မေ့မိရင်း အဖေ့စိတ်ဓါတ်ကို ချီးကျူးလေးစားမိပါသည်။ ထို့ကြောင့် ကျွန်ုပ်လူလားမြောက်၍ ကြီးပြင်းလာသောအခါ အဖေ့လိုလူတစ်ယောက် ဖြစ်လာအောင် ကြိုးစားပြီး အဖေ့ကျေးဇူးကို ပြန်လည်ဆပ်နိုင်ရန် ယနေ့မှစပြီး ကြိုးပမ်းအားထုတ်သွားပါတော့မည်ဟု အဓိဋ္ဌာန်ပြုလိုက်မိပါတော့သည်။

◆ ◆ ◆ ◆ ◆



## ၂၈။ မွေးမေမေ

**ရေးရန်ပုံကြမ်းအချက်အလက်များ**

- မြင်းမိုရ်တောင်ဦး ကျေးဇူးကြီးမားလှသော မွေးမိခင်
- မိခင်ကြီး၏ ကျွန်ုပ်အပေါ် မွေးကျွေးပြုစုခဲ့ပုံ
- မိခင်ကြီး၏ စိတ်သဘောထားကြီးမြတ်ပုံ
- ပေးဆပ်၍မကုန်နိုင်သည့် မိခင်ကြီး၏ကျေးဇူးတရား
- မိခင်ကြီး၏ကျေးဇူးကို အတတ်နိုင်ဆုံးပေးဆပ်သွားမည်ဟု သန္နိဋ္ဌာန်ချမှတ်ထားပုံ

လူ့လောကတွင် လူ့လောကကြီးနှင့် လူသားမျိုးနွယ် အဓွန့်ရှည်ရှင်သန်နေအောင် စောင့်ရှောက်ဖန်တီးပေးခဲ့သည့် ကျေးဇူးရှင်များသည် များစွာရှိပါသည်။ မိမိအား လူ့လောကထဲတွင် လူတစ်လုံးသူတစ်လုံးဖြစ်အောင် ကျွေးမွေးစောင့်ရှောက်ပေးခဲ့ကြသော မိခင်ဘခင်များ၊ ပညာများသင်ကြားပေးခဲ့ကြသော ဆရာ၊ ဆရာမများသည် ထိပ်ဆုံးမှပါဝင်သော ကျေးဇူးရှင်များဖြစ်ခဲ့ကြသည်။ ယင်းတို့အထဲတွင် ကျွန်ုပ်ကို မွေးကျွေးစောင့်ရှောက်ပေးခဲ့သော မွေးမိခင်

ကြီးသည် ကျွန်ုပ်အတွက် ကျေးဇူးအကြီးမားဆုံး ပုဂ္ဂိုလ်တစ်ယောက်ဟုဆိုလိုက်လျှင် မှားမည်မထင်ပါ။

ဤသို့ကျွန်ုပ်အား မွေးကျွေးစောင့်ရှောက်ခဲ့သော မွေးမိခင်ကြီးသည် ကျွန်ုပ်အတွက် အကြီးမားဆုံးဟု ဆိုလိုက်ရခြင်းအတွက် ကျွန်ုပ်တွင် ထောက်ထားပြောဆိုဖွယ်ရာ အကြောင်းများစွာရှိပါသည်။ မွေးမိခင်သာ ကျွန်ုပ်အား ကိုးလလွယ်ပြီးဆယ်လတွင် မွေးဖွားသန့်စင်ခြင်းမရှိခဲ့လျှင် ကျွန်ုပ်သည် လူသားတစ်ယောက်အဖြစ်သို့ မည်သို့မျှ ရောက်လာနိုင်မည်မဟုတ်ပါ။ ထို့အတူ မိခင်သည် ကျွန်ုပ်အား မွေးရုံသာမွေးပြီး ချစ်ခင်ကြင်နာစွာပြုစုစောင့်ရှောက်ခြင်းမရှိခဲ့လျှင် ကျွန်ုပ်သည် လူလားမြောက်လာမည်မဟုတ်ဘဲ၊ မွေးကင်းစအရွယ်မှာပင် သေကြေပျက်စီးသွားမည်မှာ သေချာနေပါသည်။ အကယ်၍ မွေးမိခင်သည် ကျွန်ုပ်အား မွေးရုံသာမွေးပြီး ဝတ္တရားအရ ပြုစုစောင့်ရှောက်ခဲ့ရသော်လည်း မိခင်၏ ကြည်လင်အေးမြသောမေတ္တာနှင့် ယုယကြင်နာမှုကိုမပေးခဲ့လျှင် ကျွန်ုပ်သည် လူ့ဘဝရရုံ၊ လူတစ်ယောက်ဖြစ်ရုံ လူရိုင်း၊ လူကြမ်းကြီးတစ်ယောက်သာ ဖြစ်နေမည်ဖြစ်ပါသည်။

ယခုအခါ ကျွန်ုပ်သည် မွေးမိခင်က ဝမ်းနှင့်လွယ်ကာ မွေးဖွားသန့်စင်ပေးခဲ့ပြီး ဝတ္တရားအရ ပြုစုစောင့်ရှောက်ခဲ့ရုံသာမဟုတ်၊ ကြည်လင်အေးမြသော စေတနာမေတ္တာများဖြင့် လူတစ်လုံးသူတစ်လုံးဖြစ်အောင် ကြိုးပမ်းပျိုးထောင်ခဲ့သောကြောင့် ကျွန်ုပ်သည် ကျန်းမာပျော်ရွှင် အားအင်ပြည့်ဖြိုးသော လူငယ် တစ်ယောက်အဖြစ်သို့ ရောက်ခဲ့ရသည်သာမက လူ့လောကတွင် တတ်သိနားလည်အပ်သော ပညာများကိုသင်ယူနေသည့် အဋ္ဌမတန်းကျောင်းသား တစ်





ယောက်ပင်ဖြစ်နေပြီ။ ကျွန်ုပ်၏မိခင်ကြီး၏ကျေးဇူးကား ပေးဆပ်၍မကုန်နိုင်အောင် ကြီးမားလှပါသည်။

ကျွန်ုပ်အား မွေးဖွားပြုစုကျွေးမွေးခဲ့သော မိခင်ကြီး၏ကျေးဇူးတရားကို ထုတ်ဖော်ရေးပြရပါလျှင် ကုန်နိုင်ဖွယ်မမြင်ပါ။ ကျွန်ုပ်၏မိခင်အကြောင်းကို ရိုးရိုးသားသားနှင့် ရှင်းရှင်းပြောရလျှင် မေမေသည် မိန်းမအများစုထဲမှ မိန်းမတစ်ယောက်သာဖြစ်သော်လည်း သူမတွင် အများနှင့်မတူ တမူထူးခြားသော အရည်အသွေးကောင်းများရှိနေပါသည်။ မေမေသည်ကျွန်ုပ်အား အလွန်ချစ်ပါသည်။ သူမ၏မေတ္တာသည် မည်သည့်အရာနှင့်မျှ တုနှိုင်း၍မရနိုင်ပါ။ အဖွား၏ပြောပြချက်အရ ကျွန်ုပ်ကိုမွေးပြီး တစ်လမျှအကြာတွင် ကျွန်ုပ်သည် ဆယ်ရက်မျှအပြင်းဖျားပါသည်။ အဖျားကြီးလွန်းသောကြောင့် တစ်ခါတစ်ရံတက်ပြီး လူမှန်းမသိအောင် မေ့မျောသွားသည်ဟုဆိုပါသည်။ မေမေသည် ကျွန်ုပ်အား စိတ်သောကကြီးစွာဖြစ်ကာ လုံးဝထမင်းမစား၊ ရေမသောက်ဘဲ ကျွန်ုပ်အနားတွင်သာထိုင်နေပါသည်။ နေ့ရောညပါမအိပ်ဘဲ အရိပ်တကြည့်ကြည့်နှင့်နေပါသည်။ ဤသို့ဖြင့် တစ်ပတ်ခန့်ကြာအောင် ဆင်းရဲဒုက္ခခံခဲ့ရှာသည်။

ကျွန်ုပ်ကျန်းမာလာသောအခါ မေမေသည် ဝမ်းသာရွှင်လန်းလာပြီး အဟာရဖြစ်စေသော စားစရာများကို သူမကိုယ်တိုင်ကျွေးပါသည်။ ကျွန်ုပ်ကမစားချင်ကြောင်း ခေါင်းခါပြသောအခါ မေမေသည် ကျွန်ုပ်နှစ်သက်သော ဖိုးဝရုပ်ကိုဝယ်ပေးပြီး ချော့၍ကျွေးပါသည်။ ညနေခင်းတွင် ကျွန်ုပ်အားရေမိုးချိုးပေးပြီး သနပ်ခါးဖုန်အောင်လူးပေးကာ ကိုယ်တိုင်ချီ၍ ရွာထဲသို့လျှောက်လည်လေ့

ရှိပါသည်။ ညအိပ်သည့်အခါတွင်လည်း ခြင်မကိုက်အောင် အထူးဂရုစိုက်၍ သိပ်ပါသည်။

မေမေသည် သီချင်းဆိုအလွန်ကောင်းပါသည် ကျွန်ုပ်ကိုသိပ်သောအခါ တင်ပါးလေးကိုပုတ်၍ သီချင်းဆိုပေးပါသည်။ ထိုအခါ ကျွန်ုပ်သည် အလွန်ပျော်ပါသည်။ မေမေသည် ကျွန်ုပ်ငယ်စဉ်က ဂရုတစိုက်ကြင်နာစွာ ပြုစုစောင့်ရှောက်သကဲ့သို့ ကျွန်ုပ်အနည်းငယ်ကြီးပြင်းလာ၍ ကျောင်းနေချိန်ရောက်လာသောအခါတွင်လည်း ယုယချစ်ခင် ကြင်နာမြဲဖြစ်ပါသည်။ ကျောင်းနေစအရွယ်မှ လေးတန်းအောင်သည့်အချိန်ထိ ကျွန်ုပ်အား နေ့စဉ်ကျောင်းပို့ပေးပါသည်။ နေ့ခင်းမုန့်စားချိန်တွင်လည်း မုန့်ဝယ်ကျွေးပါသည်။ ကျွန်ုပ်အလယ်တန်းသို့ရောက်လာသောအခါတွင် ပိုလို့ပင်ဂရုစိုက်ပါသည်။ ကျောင်းနေ့စဉ် မှန်မှန်တက်နိုင်ရန်လည်းကောင်း၊ အိမ်တွင်စာမှန်မှန်ကျက်နိုင်ရန်လည်းကောင်း အထူးကြပ်မတ်ထိန်းသိမ်းပေးပါသည်။

မေမေသည် ကျွန်ုပ်အားအလွန်ချစ်သော်လည်း အရမ်းမဲ့အလိုမလိုက်တတ်ပါ။ "အလိုလိုက်လျှင် အမိုက်စော်ကားတတ်သည်" ဟု မကြာခဏပြောတတ်ပါသည်။ ကျွန်ုပ် သတ္တမတန်းသို့ရောက်သောအခါ အိပ်ယာထချိန်၊ စာကျက်ချိန်၊ ညအိပ်ချိန်တို့ကို ကျွန်ုပ်အတွက်သတ်မှတ်ပေးထားပါသည်။ လစဉ်စာမေးပွဲနှင့် အစမ်းစာမေးပွဲများတွင် အမှတ်ကောင်းကောင်းရအောင် ကြပ်မတ်သင်ကြားပေးပါသည်။ မေမေသည် စိတ်ဓါတ်ကောင်းသူဖြစ်၍ ကျွန်ုပ်အား ဆူပူကြိမ်းမောင်းခြင်းမပြုပါ။ အမှားကိုထောက်ပြ၍ ချိုသာစွာပြင်ပေး





တတ်ပါသည်။ အဖေနှင့်လည်း တစ်ခါမှရန်မဖြစ်ပါ။ ထို့ကြောင့် ကျွန်ုပ်တို့အိမ်ကလေးမှာ ပျော်စရာကောင်းလှပါသည်။

ကျွန်ုပ် ယခုအဋ္ဌမတန်းသို့ရောက်လာသောအခါ မေမေ၏ ကျွန်ုပ်အပေါ်ထားရှိသောမေတ္တာစေတနာများကို ပို၍နားလည်လာပါသည်။ မေမေသည် နံနက်မိုးမလင်းခင်ကပင် အိပ်ယာကထပြီး ည(၁၀)နာရီလောက်မှ အိပ်တတ်ပါသည်။ မိသားစုစားသောက်ရေးအတွက် ဈေးသွားပြီးချက်ပြုတ်ပေးရပါသည်။ အဝတ်များကို လျှော်ဖွတ်ပေးရပါသည်။ နေ့ခင်းပိုင်းခေတ္တနားချိန်တွင် အရပ်ထဲမှအပ်လာသော အပ်ထည်များကို ချုပ်ပေးရပါသည်။ မိသားစုဝင်ငွေကို တစ်ဖက်တလမ်းမှရှာဖွေပေးပါသည်။ တစ်နေ့တာအလုပ်ကို ပင်ပန်းစွာလုပ်ကိုင်ခဲ့သော်လည်း ညဖက်တွင် ကျွန်ုပ်အားစာပြပေးမြဲပါသည်။ မေမေ၏ကျေးဇူးကား ဆပ်၍မကုန်နိုင်အောင် ကြီးမားလှပါသည်။

ကျွန်ုပ်သည် ကျောင်းစာများကို ကြိုးစား၍ကျက်မှတ်နေပါသည်။ မေမေချမှတ်ထားသောစည်းကမ်းများနှင့် ကျောင်းမှထုတ်ပြန်ထားသော စည်းကမ်းများကို တိကျစွာလိုက်နာပါသည်။ တစ်နှစ်တစ်တန်း မှန်မှန်အောင်ပြီး အမှတ်များများ၊ အဆင့်မြင့်မြင့်အောင်နိုင်ရန်ဖြစ်ပါသည်။ အထူးသဖြင့် လေ့လာဆည်းပူးစရာများလှသော ဤခေတ်တွင် ပညာကိုသင်ယူနိုင်ရန် တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးများစွာဖြင့် နှစ်ချင်းပေါက်အောင်မြင်နိုင်ရန် ကြိုးစားနေပါသည်။ ကျွန်ုပ်သည် ထိုကဲ့သို့ဂုဏ်ထူးများစွာဖြင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲကြီးကို အောင်မြင်သောအခါ မွေးမိခင်မေမေသည် မည်မျှ ဝမ်းသာဂုဏ်ယူနေမည်ကို ကြိုတင်မြင်ယောင်နေပါသည်။

ဤနည်းဖြင့် မေမေ့ကျေးဇူးကို ပြန်လည်ပေးဆပ်ပြီး နောင်ကြီးပြင်းလာသောအခါ၌ အတတ်နိုင်ဆုံးပေးဆပ်သွားမည်ဟု သန္နိဋ္ဌာန်ချထားပြီး ဖြစ်ပါသည်။

◆ ◆ ◆ ◆ ◆



## ၂၉။ အချစ်တော်ခွေးကလေး

**ရေးရန်ပုံကြမ်းအချက်အလက်များ**

- လူတိုင်းတွင် နှစ်သက်သဘောကျဆုံးအရာများရှိတတ်ပုံ
- မွေးနေ့လက်ဆောင်အဖြစ်ရလာသော ခွေးငယ်ကလေးကိုရရှိပုံ
- သီဟဆိုသောအမည်ပေး၍ ကျွေးမွေးစောင့်ရှောက်ထားပုံ
- ခွေးကလေး၏ စရိုက်ဝါသနာ
- ခွေးကလေးသီဟနှင့် ကျွန်တော်

လူဆိုသောသတ္တဝါသည် အတ္တနှင့်ယှဉ်တွဲ၍ မွေးဖွားလာသည်ဟု ဆိုကြပါသည်။ ထို့ကြောင့် နေရာတကာတွင် ကိုယ့်အကြိုက်၊ ကိုယ့်သဘောကို ရှေ့တန်းတင်ကာ လုပ်ကိုင်ပြောဆိုနေကြခြင်း ဖြစ်ပါသည်။ ထိုအခါ မိမိအကြိုက်ဆုံး၊ သဘောအကျဆုံးသောအရာတို့သည် ဤလောက၌ပေါ်ပေါက်လာရပါသည်။ အချို့က လိမ္မော်သီးကိုကြိုက်ကြသည်။ အချို့က ဖိုးဝရုပ်ကလေးကို ကြိုက်ကြသည်။ အချို့က ကြောင်ကလေး၊ ခွေးကလေးများကို ချစ်ကြ

သည်။ ကျွန်ုပ်သည်လည်း လူသားတစ်ယောက်ဖြစ်၍ အနှစ်သက်ဆုံး အချစ်ဆုံးသော အရာတစ်ခုရှိပါသည်။ ထိုအရာကားအခြား မဟုတ် ကျွန်ုပ်အလွန်ချစ်ရသော ခွေးကလေးပင်ဖြစ်ပါသည်။

ကျွန်ုပ်၏ အချစ်တော်ခွေးကလေး ကျွန်ုပ်ထံရောက်လာပုံမှာ ထူးဆန်းလှပါသည်။ ပြောပြလျှင် ကြားရသောသူတို့က ယုံချင်မှယုံကြပေမည်။ ကျွန်ုပ်၏မွေးနေ့သည် တန်ဆောင်မုန်းလဖြစ်ပါသည်။ ပြီးခဲ့သော တန်ဆောင်မုန်းလဆန်း (၇) ရက်နေ့တွင် ကျွန်ုပ်မွေးနေ့ကို မိဘများက စည်ကားသိုက်မြိုက်စွာ ကျင်းပပေးပါသည်။ မွေးနေ့ပွဲတက်လာသူများသည် ထုံးစံအတိုင်း ကျွန်ုပ်အား မွေးနေ့လက်ဆောင်များပေးကြပါသည်။ အချို့က ကော်ပီစာအုပ်၊ ဘောလ်ပင်၊ ခဲတံများကိုပေးကြသည်။ အချို့က ပြက္ခဒိန်လှလှလေးများ၊ ဗိုင်ယာရီစာအုပ်များပေးကြသည်။ အချို့က စားစရာ သကြားလုံး၊ မုန့်ထုပ်များပေးပါသည်။ ကျွန်ုပ်၏အဖေကမူ လက်ပတ်နာရီလှလှလေးတစ်လုံးကို အမှတ်တရလက်ဆောင်အဖြစ်ပေးပါသည်။ သို့သော် ကျွန်ုပ်၏ဦးလေးကမူ သူတပါးနှင့်မတူသော လက်ဆောင်တစ်ခုကို ပေးပါသည်။ ထိုလက်ဆောင်သည် အခြားလက်ဆောင်များလို အထုပ်နှင့်မဟုတ်ပါ။ သေတ္တာငယ်တစ်လုံးဖြစ်ပါသည်။

ကျွန်ုပ်သည် ဦးလေး၏ မွေးနေ့လက်ဆောင်ကို စိတ်ဝင်စားမိသောကြောင့် လူများရှင်းသွားသည်နှင့် သေတ္တာကိုဖွင့်ကြည့်မိသည်။ အို . . . ခွေးကလေးတစ်ကောင်ပါလား ဟု အော်ဟစ်ကာ ခွေးကလေးကိုပွေ့ချီလိုက်ပါသည်။ ခွေးကလေးမှာ မွေးကာစသုံးလသားမျှသာရှိသေးသည်။ အမွေးများမှာ နှင်းပွင့်များကဲ့သို့ ဖြူဆွတ်နေပါသည်။ နားရွက်ကလေးနှစ်ဘက်မှာ ဘေးဘက်သို့တွဲကျနေပြီး





မျက်လုံးကလေးနှစ်လုံးမှာ ဝိုင်းစက်၍နေပါသည်။ နှာခေါင်းထိပ်တွင် အနက်ရောင်သန်းနေပြီး အရပ်အမောင်းမှာ မပု၊ မမြင့်ဘဲ အနေတော်ဖြစ်ပါသည်။

ကျွန်ုပ်သည် ခွေးကလေးကို မွေးနေ့လက်ဆောင်အဖြစ်ရလိုက်၍ အလွန်ပျော်ပါသည်။ ဦးလေးကိုလည်း ကျေးဇူးတင်မိပါသည်။ ခွေးကလေးကိုကျွန်ုပ်ချစ်သလို ခွေးကလေးကလည်း ကျွန်ုပ်ကိုချစ်ပါသည်။ အခြားလူများလာလျှင် ဟောင်တတ်ပါသည်။ တစ်ခါတစ်ရံ ကျွန်ုပ်နှင့် အတူကစားနေသောအခါ ဖား၊ ကင်းလိပ်၊ ပုတ်သင်တို့ကိုတွေ့လျှင် လိုက်ဖမ်းတတ်ပါသည်။ မြွေကိုပင်မကြောက်ပါ။ အလွန်တရာဖြတ်လတ်ပြီး ရဲရင့်လှပါသည်။ ထို့ကြောင့် ကျွန်ုပ်သည်သူ့ကို "သီဟ" ဟုနာမည်ပေးထားပါသည်။

ကျွန်ုပ်၏အချစ်တော်သီဟသည် လူစကားကိုပင် နားလည်နေသလားမပြောတတ်ပါ။ ကျွန်ုပ်ကျောင်းကပြန်လာသောအခါ "သီဟ" ဟုအော်ခေါ်လိုက်လျှင် ကျွန်ုပ်ထံပြေးလာတတ်ပါသည်။ ကျွန်ုပ်ရေချိုးလျှင် ရေချိုးခန်းဝတွင်ထိုင်ပြီး စောင့်နေတတ်ပါသည်။ "သီဟ"သည် ကျွန်ုပ်နှင့်ခွဲပြီး မနေနိုင်သလို ကျွန်ုပ်သည်လည်း သီဟနှင့်ခွဲပြီး မနေနိုင်ပါ။ ကျွန်ုပ် ညဘက်စာဖတ်၊ စာကျက်ချိန်တွင် အိပ်နေတတ်ပါသည်။ အိပ်သောအခါတွင်လည်း ကျွန်ုပ်၏ခုတင်အောက်တွင် အိပ်လေ့ရှိပါသည်။

အမေဈေးသွားသောအခါ သီဟအတွက် အမဲရိုး၊ ဝက်ရိုးများဝယ်လာတတ်ပါသည်။ ကျွန်ုပ်ထမင်းစားပြီးတိုင်း သူ့ကိုထမင်းကျွေးပါသည်။ အမဲရိုးကိုအလွန်ကြိုက်သောသီဟသည် ထမင်းကိုအကုန်စားနိုင်ပါသည်။ တစ်ပတ်လျှင် တစ်ကြိမ်ကျ နို့တိုက်ပါသည်။ နွားနို့ကို အလွန်ကြိုက်ပါသည်။

သီဟသည် စရိုက်ကောင်းသောခွေးကလေးတစ်ကောင် ဖြစ်ပါသည်။ မစင်စွန့်လိုလျှင် အိမ်နောက်ဘက် ခြံစည်းရိုးနားတွင် သွား၍စွန့်တတ်ပါသည်။ အိမ်နားနီးပါးမှ အခြားခွေးများနှင့်လည်း ရောနှောမနေတတ်ပါ။ အိမ်ရှေ့လှေခါးထိပ်တွင်အိပ်နေပြီး လမ်းမဘက်ကိုသာလျှင် ကြည့်နေတတ်ပါသည်။ တစ်ခါတစ်ရံတွင် သူမမြင်ဘူးသော လူစိမ်းများလာလျှင် ထပြီးဟောင်တတ်ပါသည်၊ သို့သော် သူ့ကို သီဟဟုခေါ်လိုက်လျှင် အသံတိတ်သွားလေ့ရှိသည်။ သီဟသည် သတ္တိရှိသော်လည်း စိတ်ဓါတ်ပျော့ပျောင်းသောခွေးတစ်ကောင်ဖြစ်ပါသည်။ သီဟသည် ညနေတိုင်း၌ ကျွန်ုပ်နှင့် မတာစားရလျှင်မနေနိုင်ချေ။ ညနေကျောင်းကပြန်လာပြီး အကျီအဝတ် အစားလဲပြီးသည်နှင့် ကျွန်ုပ်အားကစားရန် လာခေါ်တတ်ပါသည်။ ကျွန်ုပ်သည် သူနှင့်အတူ ဘောလုံးလိုက်တမ်းကစားရသည်မှာ အလွန်ပျော်ပါသည်။ သီဟသည် အလွန်အပြေးမြန်ပြီး ဘောလုံးလုလျှင် သူချည်းသာရသွားတတ်ပါသည်။

သီဟသည် စရိုက်သဘာဝကောင်းရုံသာမက ပျော်စေပျက်စေ ကျီစားတတ်သည့် ဝါသနာလည်းရှိပါသည်။ တစ်ခါကသူ့ကို ထမင်းကျွေးရန် အစာများကို ဇလုံထဲထည့်ပြီး သူ့ရှေ့ချထားပေးပါသည်။ သူစားနေစဉ် ကျွန်ုပ်သည် အိမ်ရှေ့သို့ထွက်လာကာ ကုလားထိုင်ပေါ်သို့ထိုင်ချလိုက်ပါသည်။ ထိုအခါ အိမ်နောက်ဘက်မှ တရှုးရှုးနှင့် မှုတ်နေသောအသံကို ကြားရ၍ ကျွန်ုပ်သည် ထိုနေရာသို့ ပြေးသွားပါသည်။ သီဟသည် ထမင်းဇလုံကိုပတ်ပြီး တရှုးရှုးမှုတ်ကာ ပြေးနေသည်ကို တွေ့ရပါသည်။ ကျွန်ုပ် သူ့အနား ရောက်မှသာ အပြေးရပ်သွား၍ ကျွန်ုပ်အား အမြီးကလေးလှုပ်ပြီး





မော့ကြည့်နေပါသည်။ ကျွန်ုပ်သူ့ကိုကြည့်ရင်း ပြုံးနေမိပါသည်။ အဘယ့်ကြောင့်ဆိုသော် သီဟသည် ကျွန်ုပ်ကို သူ့အနားလာစေရန်ရည်ရွယ်ပြီး ဤသို့ ဘာမှမဖြစ်ဘဲ တမင်တကာ တရှုးရှုးလုပ်ပြီး ပြေးနေကြောင်းကို သိလိုက်ရသောကြောင့်ဖြစ်ပါသည်။

ယနေ့တွင် သီဟသည် ကျွန်ုပ်တို့အိမ်ရောက်လာသည်မှာ တစ်နှစ်ပြည့်သွားပါပြီ။ သူ့အသက်မှာလည်း တစ်နှစ်နှင့်သုံးလရှိသွားပြီဖြစ်ပါသည်။ ရောက်လာစဉ်က ခွေးကလေးသာသာရှိသော သီဟသည် ယခုအခါ ခွေးကြီးတစ်ကောင်ဖြစ်လာပါပြီ။ အကောင်ကြီးလာ သလောက် အင်အားလည်းကြီးလာပါပြီ။ သူ့ကို ကြည့်ပြီး သူစိမ်းလူစိမ်းများသည် အိမ်နားသို့မကပ်ရဲကြချေ။ ခွေးလေခွေးလွင့်တစ်ကောင်တစ်လေပင် အိမ်ရှေ့မှဖြတ်ပြီး မသွားရဲကြချေ။

သီဟသည် ယခုအခါ ကျွန်ုပ်တို့အိမ်သား တစ်ယောက်ကဲ့သို့ တစ်အိမ်သားလုံးကသဘောထားကာ တစ်အိမ်သားလုံး၏ ချစ်ခင်ယုယမှုကို ခံရသည့် ဘဝသို့ရောက်ရှိခဲ့သည်။ အထူးသဖြင့် ကျွန်ုပ်သည် သီဟကို မမြင်လျှင်မနေတတ်တော့ချေ။ သီဟသည် ခွေးထီးလေးတစ်ကောင်ဖြစ်သည်က တစ်ကြောင်း၊ ကျွန်ုပ်တွင် ညီငယ်ညီမငယ်များမရှိသည်က တစ်ကြောင်း၊ ကျွန်ုပ်သည် သီဟကို ညီအကိုအရင်းကဲ့သို့ချစ်ခင်လှပါသည်။ သီဟသည်လည်း ထိုနည်းတူစွာပင် ကျွန်ုပ်အားချစ်ခင်တွယ်တာနေပါသည်။ ဤသို့နှင့် ကျွန်ုပ်နှင့် အချစ်တော်ခွေးကလေးသီဟတို့သည် တစ်ဦးနှင့်တစ်ဦး ခွဲခွာ၍မရနိုင်အောင် သံယောဇဉ်တွယ်နေမိသည်မှာ အမှန်ပင်ဖြစ်ပါသည်။

◆ ◆ ◆ ◆ ◆

## ၂၀။ စာဖတ်ခြင်းအကျိုး

**ရေးရန်ပုံကြမ်းအချက်အလက်များ**

- စာဖတ်ခြင်းသည် လူတိုင်းကိုပြည့်စုံကြွယ်ဝစေပုံ
- လူတိုင်းသည်စာဖတ်ခြင်းအလေ့အထကောင်းကို ပျိုးထောင်ထားသင့်ပုံ
- စာမဖတ်သူများတွေ့ကြုံရသောဆိုးကျိုးများ
- စာဖတ်ခြင်းဖြင့်ရရှိသောအကျိုးများ
- ကျွန်ုပ်၏စာဖတ်ခြင်းအလေ့ပျိုးထောင်ပုံနှင့် လက်တွေ့အကျိုးများ
- စာအုပ်စာပေနှင့်အဖော်ပြုကာ တစ်သက်တာ နေထိုင်သွားရန်ဆုံးဖြတ်ထားပုံ

လူ့ဘဝသို့အခြေချရောက်ရှိလာသူတိုင်းသည် အမိဘတာဝန်ကြီးတစ်ရပ်အဖြစ် တတ်သိပညာတစ်မျိုးမျိုးကို သင်ယူလေ့လာကြရပါသည်။ အဘယ့်ကြောင့်ဆိုသော် တတ်သိပညာတစ်ခုခုမရှိဘဲ၊ သို့မဟုတ် စာမတတ်ဘဲနှင့် လူ့လောကထဲတွင်မနေနိုင်သော





ကြောင့်ဖြစ်ပါသည်။ တတ်သိပညာကိုသင်ယူဆည်းပူးရာတွင် အခြေခံကျသောနည်းလမ်းတစ်ခုမှာ စာဖတ်ခြင်းပင်ဖြစ်ပါသည်။ သင်ယူဆည်းပူးရမည့် တတ်သိပညာများကို စာအုပ်စာတန်းများထဲတွင် အက္ခရာတင်ရေးသားထားသည်ကများပါသည်။ မျက်စိဖြင့်ကြည့်မြင်၍လည်းကောင်း၊ နားဖြင့်နားထောင်၍လည်းကောင်း သင်ယူရသောတတ်သိပညာများရှိသော်လည်း စာအုပ်စာပေထဲရှိ မှတ်တမ်းတင်ပြုစုထားသည့် ပညာရပ်များကပို၍များပါသည်။ ထို့ကြောင့် ပညာသင်ယူရာတွင် စာဖတ်ခြင်းသည် အခြေခံကျလှကြောင်းဆိုခဲ့ရခြင်းဖြစ်ပါသည်။

စာဖတ်ခြင်းသည် လူကိုပြည့်စုံကြွယ်ဝစေသည်ဟု အနောက်တိုင်းပညာရှင်ကြီးတစ်ဦးက ဆိုခဲ့ဖူးပါသည်။ မှန်သောစကားဖြစ်ပါသည်။ လူများသင်ယူကြရသည့်ပညာဆိုသည်မှာ အသက်မွေးဝမ်းကျောင်းအတွက် အတတ်ပညာကိုသင်ယူကြရသလို လူ့ဘဝတွင် ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်အသက်ရှင်နိုင်ရန် သိစရာ၊ ကျင့်စရာပညာများကိုလည်း သင်ယူကြရပါမည်။ သိစရာကျင့်စရာပညာကိုကား လက်တွေ့သင်ယူခြင်းထက် လေ့လာမှတ်သားသင်ယူခြင်းက ပို၍ထိရောက်ပါသည်။ မိမိကိုယ်ကိုအားကိုး၍ မိမိဘဝတိုးတက်အောင်ကြိုးဆောင်နိုင်ပုံ၊ လူအချင်းချင်းအကြား ပြေလည်စွာဆက်ဆံပေါင်းသင်းပုံ၊ အပြောအဆိုအနေအထိုင် ဖြောင့်မတ်တည်ကြည်စွာပြုမူပုံ၊ လူကြီးမိဘဆရာများကို ရိုသေလေးစားသင့်ပုံ၊ ဆရာနှင့်တပည့်၊ မိဘနှင့်သားသမီး၊ လင်နှင့်မယားအချင်းချင်း ဆက်ဆံနေထိုင်ရာ၌ ထားရှိကျင့်သုံးရမည့်တာဝန်များ စသည်တို့ကို စာအုပ်စာပေများထဲတွင် လေ့လာဖတ်ရှုကာ နည်းယူမှတ်သားနိုင်ပါသည်။

ဤသည်ကိုရည်ရွယ်၍ စာဖတ်ခြင်းသည် လူကိုပြည့်စုံကြွယ်ဝစေသည်ဟု ဆိုခဲ့ခြင်းဖြစ်ပါသည်။

စာဖတ်ခြင်းဖြင့် လူကိုပြည့်စုံကြွယ်ဝအောင် လုပ်နိုင်သည်ဆိုသော်လည်း အချို့သောပုဂ္ဂိုလ်များသည် စာမဖတ်ဘဲနေကြသဖြင့် ဘဝကိုချို့တဲ့နိမ့်ကျအောင် တမင်ဖန်တီးနေသကဲ့သို့ရှိနေပါသည်။ ထိုသူတို့အထဲတွင် စာမတတ်ရှာ၍ စာမဖတ်ကြသူများထက် စာတတ်သော်လည်းစာမဖတ်သူများသည် နစ်နာလှပါသည်။ ရှေးကထားရစ်ခဲ့သော "စာမတတ်သောသူသည် အကန်းနှင့်တူသည်" ဟူသောစကားကဲ့သို့ စာတတ်လျက်နှင့်စာမဖတ်သူများသည် အကန်းနှင့်တူလှသည်။

ဘဝတွင် အောင်မြင်တိုးတက်လိုသူများ၊ ပျော်ရွှင်ချမ်းမြေ့စွာနေထိုင်လိုသူတို့သည် စာဖတ်ကြရပါမည်။ စာဖတ်နိုင်အောင်လည်း စာဖတ်သည့်အလေ့အထကောင်းများကို ငယ်စဉ်ကပင် ပျိုးထောင်ထားသင့်ပါသည်။ အကျင့်ဆိုသည်မှာ ထပ်ခါထပ်ခါ၊ အဖန်တလဲလဲပြုလုပ်ပြောဆိုရာမှ ရရှိလာသောအကျိုးတရားသာဖြစ်၍ စာဖတ်ခြင်းအလေ့အထစာဖတ်အကျင့်ကိုလည်း စာကိုအဖန်တလဲလဲဖတ်ရှုရာမှ ရရှိလာနိုင်ပါသည်။

လူတောထဲမဝင်ဝံ့သူများ၊ လူပရိတ်သတ်အလယ်တွင် မျက်နှာငယ်သူများ၊ ပညာဗဟုသုတနည်းသဖြင့် မည်သည့်စကားမျှ ပြေပြစ်ထိရောက်စွာမပြောမဆိုနိုင်သူများသည် စာမဖတ်သူများ၊ စာဖတ်ခြင်းအလေ့အထမရှိသူများသာဖြစ်ကြပါသည်။ ထိုသူများသည် စာမဖတ်ကြသဖြင့် မိမိပတ်ဝန်းကျင်တွင် ဖြစ်ပျက်နေသော အကြောင်းအရာ၊ အဖြစ်အပျက်များကို မသိရှိကြရှာချေ။ ထိုသို့ မသိရှိသဖြင့်





မိမိဘာလုပ်ရမည်၊ ဘာပြောရမည်၊ မည်သို့ ပြုမူနေထိုင်ရမည်ကိုလည်း မသိရှိနိုင်ချေ။ ထိုကြောင့်ခေတ်အမြင် ခေတ်အတွေးမရှိသော၊ခေတ်နောက်ကျသူ လူတစ်ယောက်အဖြစ် ပတ်ဝန်းကျင်တွင် မျက်နှာငယ်စွာနေထိုင်ကြရသည်။ စာမဖတ်ခြင်းသည် စာမတတ်ခြင်းနှင့်တူတူဖြစ်၍ စာမတတ်ခြင်း၏ဆိုးကျိုးများကို မလွဲကေန်ခံစားရမည်မှာ သေချာသည်။

စာဖတ်ခြင်းကြောင့် ကောင်းကျိုးများစွာ ခံစားနိုင်ကြပါသည်။ ယနေ့လူ့လောကအလယ်တွင် စိတ်သွားတိုင်းကိုယ်ပါပြီး ထည်ဝါစွာနေနိုင်သူများ၊ နိုင်ငံများကိုကြည့်လျှင် သူတို့သည် စာဖတ်သူများစာဖတ်လေ့ရှိသူများဖြစ်ကြသည်ကို တွေ့မြင်နိုင်ပါသည်။ အင်္ဂလိပ်တို့သည် ကျွန်ုပ်တို့မြန်မာနိုင်ငံထက်သေးငယ်သော နိုင်ငံငယ်ကလေးကိုသာ ပိုင်ဆိုင်ထားနိုင်သော်လည်း သူတို့နိုင်ငံထက် များစွာကြီးမားသော အိန္ဒိယအစရှိသော နိုင်ငံအများအပြားကို လွှမ်းမိုးအုပ်ချုပ်နိုင်ခဲ့ကြသည်မှာ စာဖတ်သောအလေ့ရှိခြင်းနှင့် စာများများဖတ်သောကြောင့်ဟုဆိုကြပါသည်။ စာဖတ်လျှင် စာကရသော ဗဟုသုတများကြောင့် အမြင်ကျယ်လာရသည်။ အမြင်ကျယ်လာသူသည် အတွေးထက်သန်၍ အယူအဆမှန်ကန်ထိရောက်သည်။ အတွေးအခေါ် အယူအဆထက်သန်မှန်ကန်သူသည် အကြံသစ်ဉာဏ်သစ်များရရှိကာ အလုပ်တစ်ခုကို အောင်မြင်ထမြောက်စေနိုင်သောအကျိုးကိုရရှိနိုင်သည်။

လောကနီတိကျမ်းတွင် "လက်နက်မပါဘဲ စစ်မြေပြင်သို့ မထွက်ရာ၊ အဖော်မပါဘဲ ခရီးမသွားရာ၊ ကျမ်းဂန်စာပေအထောက်အထားမပါဘဲ စကားမဆိုရာ" ဟု လမ်းညွှန်ဖော်ပြထားရာ စာပေ

ကျမ်းဂန်ဗဟုသုတများသည် မည်မျှတန်ဖိုးကြီးကြောင်း သိသာနိုင်ပါသည်။ မြန်မာစာဆိုကြီး ပဒေသရာဇာကလည်း လူသည် စာပေကဗျာ၊ ပျို့လင်္ကာများကို မပြတ်ဖတ်ရှုကာ နေထိုင်သင့်ကြောင်း "စာပေဝတ္ထု၊ ရတုကဗျာ၊ ပျို့လင်္ကာနှင့်၊ သာသည့်သီချင်း၊ အဲစောင်းငြင်းကို၊ မကင်းမပြတ်၊ ဖတ်ရွတ်လေ့ကျက်၊ တီးမှုတ်လျက်သာ နေကောင်းစွာ" ဟု အလေးအနက် တိုက်တွန်းထားပါသည်။ ထို့အတူ စာဆိုအရှင် ရှင်မဟာရဋ္ဌသာရသည် "မှတ်ပြန်သော်ကား၊ ဖတ်ပြန်ခြားက၊ မကင်းမပြတ်၊သားမယားပင်၊ သိမြင်ကင်းကွာ၊ မလိမ္မာလည်း၊ စာပေစကား၊နေတိုင်းကြားက၊ ထူးခြားလိမ္မာရှိသည်သာတည်း" ဟု စာဖတ်ခြင်းကြောင့် အိမ်တွင်းရှိသားမယားနှင့် အိမ်သူအိမ်သားများသည်ပင် ထူးထူးခြားခြားလိမ္မာရေးခြားရှိလာနိုင်ကြောင်း ဖော်ညွှန်းခဲ့သည်ကို တွေ့ရပါသည်။

စာဖတ်ခြင်းအကျိုးကားကြီးမားလှသည်။လူကိုပြည့်စုံစေသည်၊ ဗဟုသုတကြွယ်ဝစေသည်။ လူ့အသိ၊ လူ့အလိမ္မာများကို တိုးစေသည်။ တစ်နေ့နည်းနည်း အဆက်မပြတ်ဖတ်သွားပါက ကျောင်း၊ တက္ကသိုလ်မတက်ရဘဲဘွဲ့၊ ဒီဂရီတစ်ခုနှင့်ညီမျှသော ပညာကိုပင်ရနိုင်သည်။ ဟားဘဒ်တက္ကသိုလ်ပါမောက္ခ အယ်လီကော့ ကလည်း "တစ်နေ့လျှင် မိနစ်သုံးဆယ်မျှ စာဖတ်သွားလျှင် (၄)နှစ်ကြာသောအခါ သိပ္ပံဘွဲ့နှင့်ညီမျှသော ပညာကိုရနိုင်သည်" ဟုဆိုခဲ့သည်မှာ မှတ်သားဖွယ်ရာကောင်းလှသည်။

စာဖတ်ခြင်းကြောင့် လက်ငင်းချက်ခြင်းပင် အကျိုးထူးရနိုင်ကြောင်းကို ကျွန်ုပ်သည် ဤနေရာတွင် သက်သေပြလိုသည်။ ပြီးခဲ့သောနှစ် ဒီဇင်ဘာလတွင် ကျွန်ုပ်တို့ ကျောင်းအပါအဝင် မြို့နယ်





အတွင်းရှိ အလယ်တန်းကျောင်းများမှ အလယ်တန်းအဆင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတစ်ခုကျင်းပပါသည်။ ထိုပြိုင်ပွဲသို့ ကျွန်ုပ်သည် ကျောင်းကိုယ်စား တက်ရောက်ယှဉ်ပြိုင်ခဲ့သည်။ အားလုံး(၆) ယောက်ပြိုင်ပါသည်။ ပထမမေးခွန်းမှာ "မကြာသေးမီက နိုင်ငံတော်က အသစ်ခန့်ထားတာဝန်ပေးခဲ့သည့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးမှာမည်သူနည်း" ဟုဖြစ်ပါသည်။ ထိုမေးခွန်းကို သတင်းစာမှန်မှန်ဖတ်လေ့ရှိသူ ကျွန်ုပ်သည် "ဦးမျိုးညွန့်" ဟု ဖြေနိုင်ပါသည်။ အခြားငါးယောက်က မဖြေနိုင်ကြပါ။ တစ်ဖန် "လူတစ်ယောက်၏ နှလုံးခုန်နှုန်းသည် တစ်မိနစ်လျှင် မည်မျှရှိသနည်း" ဟုမေးပြန်ရာ အခြားကျောင်းသားငါးယောက်မှာ ခေါင်းကုတ်ပြီးစဉ်းစားသော်လည်း မဖြေနိုင်ကြပါ။ စာဖတ်များသောကျွန်ုပ်ကမူ မဆိုင်းမတွ မှန်ကန်စွာ ဖြေနိုင်ခဲ့ပါသည်။

အားလုံးကိုချုံ၍ဆိုရလျှင် စာဖတ်ခြင်းသည် အမှန်ပင်အကျိုးများလှပါသည်။ လူကိုလည်း ရင့်ကျက်ကြံ့ခိုင်စေပါသည်၊ မိမိကိုယ်ကိုလည်း ယုံကြည်စိတ်ချစေပါသည်။ စာဟူသည် မကောင်းသောစာဟူ၍သာရှိပါသည်။ မဖတ်သင့်သောစာဟူ၍ မရှိပါ။ ဖတ်ရှုရာမှရရှိသောအသိများကို မည်သည်ကအမှန် မည်သည်ကအမှားဟူ၍ ခွဲခြားကာ ဆောင်ရန်၊ ရှောင်ရန်သာဖြစ်ပါသည်။ မည်သို့ဆိုစေ စာဖတ်ခြင်း၏အကျိုးကို လက်တွေ့ခံစားသိမြင်ခဲ့ရသော ကျွန်ုပ်သည် အားလပ်သောအချိန်များတွင် စာအုပ်စာပေများနှင့်သာ အဖော်ပြုကာ တစ်သက်တာလုံး နေထိုင်သွားရန် သန္နိဋ္ဌာန်ချလိုက်မိပါတော့သည်။

◆ ◆ ◆ ◆ ◆

# ၃၁။ မိုးရာသီ

**ရေးရန်ပုံကြမ်းအချက်အလက်များ**

- မြန်မာနိုင်ငံတွင် ရာသီဥတု (၃)မျိုးရှိပုံ
- မိုးရာသီ၏ ထူးခြားသောမြင်ကွင်းများ
- ကျောင်းသားများနှင့် မိုးရာသီ
- မိုးရာသီ၏ လူသားတို့အပေါ်ကျေးဇူးပြုပုံများ
- မိုးရာသီအပေါ်ထင်မြင်ချက်သဘောထား

မြန်မာနိုင်ငံတော်သည် ကမ္ဘာ့ရာသီဥတုအခြေအနေအရ အပူပိုင်းဇုံအတွင်းကျရောက်နေသော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ထို့ကြောင့် အခြားတိုင်းပြည်များနှင့်မတူဘဲ တစ်နှစ်တွင် နွေ၊ မိုး၊ ဆောင်း ဟူ၍ ရာသီဥတုသုံးမျိုးရှိသည်။ တစ်နှစ်တာဟူသော ဆယ့်နှစ်လရာသီစက်ဝန်းတွင် နွေရာသီလေးလ၊ မိုးရာသီလေးလ၊ ဆောင်းရာသီလေးလစီ ကြာညောင်းကာ နိုင်ငံတွင်းနေပြည်သူတို့အား အလုပ်အကျွေးပြုလျက်ရှိသည်။ ယင်းတို့ထဲမှ မိုးရာသီသည် ဝါဆိုလပြည့်ကျော်တစ်ရက်မှ တန်ဆောင်းမုန်းလပြည့်နေ့ထိ ရှည်လျားကြာညောင်းပါသည်။





မိုးရာသီသည် နွေရာသီ၊ ဆောင်းရာသီတို့နှင့်မတူဘဲ တမူထူးခြားနေပါသည်။ မိုးရာသီဟုခေါ်ဝေါ်ကြသည့်အတိုင်း ထိုကာလတွင် မိုးအလွန်ရွာသွန်း၍ ကြည့်လေတိုင်းမှာ မိုးရေများဖွေးနေတတ်ပါသည်။ မိုးများလွန်းသော အောက်ပြည် အောက်ရွာတို့တွင် မိုးရာသီရောက်လျှင် လယ်ကွင်းပြင်များသည် မိုးရေများပြည့်လျှံကာ ပင်လယ်ကြီးများသဖွယ် တွေ့မြင်နိုင်ကြပါသည်။ မြစ်၊ ချောင်း၊ အင်း၊ အိုင် များတွင်လည်း မိုးရေကြောင့် ရေများသည် အဟုန်ပြင်းစွာ တဝေါဝေါနှင့် စီးဆင်းနေတတ်ကြသည်။ တောတောင်တခွင်ကိုကြည့်လျှင်လည်း သစ်ပင်များသည် မိုးရေကို တဝကြီးသောက်သုံးထားရသည်ဖြစ်ရာ အကိုင်းအခက်အရွက်များ ဝေဆာဖွံ့ထွားလျက် မြရောင်လိမ်းချယ်ထားဘိသကဲ့သို့ စိမ်းလန်းစိုပြေနေပါသည်။

လူများနေထိုင်ရာ မြို့ရွာကျေးလက်များတွင် မိုးရေများကြောင့် အေးမြလန်းဆန်းနေပြီး နွေရာသီ၏ အပူဒဏ်ကို အပြင်းအထန်ခံစားခဲ့ရသမျှ အတိုးချကာ မပူလွန်း၊ မအေးလွန်းသော နွေးထွေးမှုကိုခံစားနိုင်ကြပါသည်။ သို့သော် မိုးရာသီ၏အကျည်းတန်လှသော မြင်ကွင်းအချို့ကို လေပြင်းကျသောနေ့၊ မိုးကြီးသောနေ့များတွင် မြင်ရတတ်ပါသည်။ လေပြင်းများသည် သစ်ပင်ကြီးများကို ပြိုလဲစေကာ လူအသွားအလာနှင့် လူနေအဆောက်အအုံများကို အန္တရာယ်ပေးတတ်ပါသည်။ မုန်တိုင်းနှင့်အတူရွာသွန်းသော မိုးသည်လည်း လူနှင့် အိုးအိမ်အဆောက်အဦး၊ လယ်ယာစိုက်ခင်းများကို ဖျက်ဆီးပစ်တတ်သည်။ လမ်းကြီးလမ်းငယ်အသွယ်သွယ်တွင် ကျိုးကျဖျက်စီးနေသော သစ်ပင်၊ သစ်ကိုင်းများ၊ လမ်းတစ်ဘက်တစ်ချက်ရှိ ရေမြောင်းထဲတွင် ရေများတဝေါဝေါစီးဆင်းနေပုံများကို မြင်ရသော

အခါ မိုးရာသီ၏ အနိဋ္ဌာရုံများကြောင့် ကြောက်ရွံ့ထိတ်လန့်မှုများကို ခံစားကြရလေသည်။

ကျွန်ုပ်တို့ကျောင်းသားများအဖို့ မိုးရာသီသည် ရှောင်လွှဲ၍မရသောရာသီဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့၏ စာသင်ကျောင်းများသည် တစ်နှစ်တာ ပညာသင်ကြားရေးခရီးကို ဤမိုးရာသီတွင်ပင် စတင်ကြရသည်။ မိုးနှင့်ကျောင်းဖွင့်ချိန်သည် ကြိုတင်ချိန်းဆိုထားဘိသို့အလား တိုက်ဆိုင်နေပါသည်။ ထို့ကြောင့် ကျောင်းသူကျောင်းသားများသည် မိုးသဲသဲထဲတွင် စိုစိုရွှဲရွှဲကျောင်းတက်ကြရပါသည်။ လေပြင်းပါ ပါ၍ရွာသောနေ့တွင် ကျောင်းသားများသည် ထီးတခြား၊ လွယ်အိတ်တခြားဖြစ်ကာ ရေမြောင်းထဲကျသူကျ၊ လဲသူလဲနှင့်ဒုက္ခများစွာ ရောက်ကြရပါသည်။ ကျောင်းရောက်ပြန်တော့လည်း အင်္ကျီလုံချည်စိုစိုရွှဲရွှဲနှင့် စာသင်ခန်းမှောင်မှောင်ထဲတွင် စာသင်ကြားရသည်မှာ စိတ်တွင်ကျဉ်းကြပ်လှသည်။

သို့သော်မိုးရာသီ၏ ချစ်စရာကောင်းကွက်များလည်း ရှိပါသည်။ မိုးမရွာသောနေ့များသည် သာယာလှပနေတတ်ပြီး အတန်းထဲ၌ စာသင်ကြားရသည်မှာ ပျော်စရာကောင်းလှပါသည်။ ကျောင်းရှေ့ရှိကျောင်းဥယျာဉ်ထဲမှ ခေါင်ရမ်းပန်း၊ သစ္စာပန်း၊ ကြက်မောက်ပန်းတို့မှာ လှချင်တိုင်းလှနေကြသည်။ ပတ်ဝန်းကျင်တစ်ခုလုံးသည် နွေးထွေးနေသည်ဖြစ်ရာ မောပန်းနွမ်းနယ်မှုမရှိဘဲ ကျောင်းတက်ကျောင်းဆင်းရသည်မှာ တစ်မျိုးပျော်စရာကောင်းနေပါသည်။ အထူးသဖြင့် အိမ်တွင်ညပိုင်းစာကျက်ရသည်မှာ အဆင်ပြေလှပါသည်။ လေ့ကျင့်ခန်းပြုလုပ်ရာ၌လည်းကောင်း၊ စာများကျက်မှတ်ရာ၌လည်းကောင်း ဉာဏ်ပွင့်လင်း၍ အဆင်ပြေလွယ်ကူပါသည်။





မိုးရာသီသည် ကျွန်ုပ်တို့ ကျောင်းသား ကျောင်းသူများကိုသာမက မြန်မာနိုင်ငံ၏ကျေးဇူးရှင်များဖြစ်ကြသော တောင်သူလယ်သမားများ၊ အလုပ်သမားများကိုလည်း အကျိုးဆောင်နိုင်သည်။ အထူးသဖြင့် မိုးရေနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်း ဝင်ရောက်ရသည့် တောင်သူလယ်သမားများအဖို့ ကျေးဇူးကြီးမားလှသည်။ လယ်ကွက်များကိုထွန်ယက်ခြင်း၊ မျိုးပုံခြင်း၊ မျိုးကျဲခြင်းတို့ကို မိုးဦးကျကာလတွင်ပြုလုပ်နိုင်ကြ၍ ကောက်စိုက်ခြင်း၊ ကန်သင်းပြင်ခြင်းတို့ကိုမိုးလယ်တွင် ပြုလုပ်ကြသည်။ တောင်သူလယ်သမားတို့၏ မိုး ရာသီလယ်ကွင်းပြင်အလှမှာ စာဖွဲ့၊ ကဗျာဖွဲ့ရလောက်အောင်ပင် ပန်းချီကားကြီးတစ်ခုပမာ လှပနေပါတော့သည်။

မြို့ပြကျေးရွာ၊ ရပ်ကွက်နေပြည်သူများလည်း မိုးဖြိုင်ဖြိုင်ရွာသွန်းနေသောကြောင့် ရေတွင်းရေကန်များရေပြည့်ကာ သောက်ရေသုံးရေအတွက်ပူပင်စရာမလိုဘဲ စိတ်ချလက်ချသုံးစွဲနိုင်ကြပါသည်။ တစ်နေ့တာစားဝတ်နေရေးအတွက် လှုပ်ရှားရုန်းကန်နေကြရသည့် အလုပ်သမားများသည်လည်း မပူလွန်း မအေးလွန်းသော ရာသီဥတုကြောင့် ပင်ပန်းနွမ်းနယ်မှုမရှိဘဲ လုပ်ငန်းကိုတွင်ကျယ်စေပါသည်။ စက်ရုံအလုပ်ရုံများတွင် အလုပ်လုပ်နေကြသော ကာယ၊ ဉာဏ အလုပ်သမားများသည် သွားစရာ၊ လာစရာနည်းပါးခြင်း၊ စိတ် ပျံ့လွင့်ခြင်းမရှိသောကြောင့် နိုင်ငံတော်၏ ကုန်ထုတ်လုပ်ငန်းကို တိုးတက်ဖွံ့ဖြိုးစေပါသည်။

မိုး၏ကောင်းကျိုးပေးပုံမှာ ရေးပြ၍ မကုန်နိုင်လောက်အောင်ပင် များပြားလှသည်။ လူသားတို့အပေါ် သာမက အခြားသက်ရှိတိရစ္ဆာန်များ၊ သစ်ပင်ပန်းမာန်များ ဤကမ္ဘာလောကကြီးအတွင်းမှ

မပျောက်သွားအောင်လည်း မိုးရေကပင်ထိန်းသိမ်းပေးထားသည်။ မြန်မာနိုင်ငံဒေသ အသီးသီးတွင် မိုးရွာသွန်းမှုများသည် မတူညီကြချေ။ အီကွေတာနှင့်နီးသော အောက်မြန်မာနိုင်ငံတွင် မိုးရေချိန်လက်မ (၂၀၀) ကျော်ရွာသွန်း၍ အထက်ပိုင်းဒေသတွင် မိုးရွာသွန်းမှုနည်းပါးပြီး အချို့ဒေသတွင် (၂၀)ကျော်သာ ရွာသွန်းသည်။ ထို့ကြောင့် ထိုမိုးနည်းဒေသတို့တွင် ဆည်များ၊ ရေ လှောင်တာမံများပြုလုပ်၍ ရေထိန်းကာ စိုက်ပျိုးရေးတွင်အသုံးပြုကြရသည်။

အချုပ်ကိုဆိုရသော် မိုးရာသီသည် မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့ တိုးတက်ဖွံ့ဖြိုးရေးအတွက်အားထားရသော မိတ်ဆွေဖြစ်သကဲ့သို့ အသက်သခင်ကျေးဇူးရှင်လည်းဖြစ်သည်။ ရေသာမရှိလျှင် မြန်မာတိုင်းရင်းသားအားလုံး၏ ဘဝရပ်တည်နိုင်စွမ်းမရှိတော့ဘဲ တောတောင်ရေမြေများသည်လည်း ခြောက်သွေ့ကာ သဲကန္တာရအဖြစ်သို့ ရောက်သွားမည်မှာသေချာနေပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ကျောင်းသူ ကျောင်းသားအပါအဝင် ပြည်သူတစ်ရပ်လုံး မိုးရွာလျှင် ပျော်ရွှင်ကြည်နူးကြရပြီး မိုးရာသီရောက်မည့်အချိန်ကို ထာဝရမျှော်လင့်စောင့်စားမည်သာ ဖြစ်သည်။

◆ ◆ ◆ ◆ ◆



## ၃၂။ ဆောင်းဟေမန်

**ရေးရန်ပုံကြမ်းအချက်အလက်များ**

- တစ်ဆယ့်နှစ်ရာသီ၊ ရာသီစက်ဝန်းကြီး အဆက်မပြတ်လည်ပတ်နေပုံ
- ဆောင်းရာသီတွင် သဘာဝအလှအပများ
- ဆောင်းရာသီနှင့် လူသားများဘဝ
- ဆောင်းရာသီနှင့် ကျောင်းသူကျောင်းသားများ
- ဆောင်းရာသီအပေါ် ရှုမြင်ခံစားချက်

ဥတုရာသီဟူသော စက်ဝန်းကြီးသည် တစ်နေရာတည်းတွင် ရပ်တန့်၍မနေ အမြဲထာဝရလည်ပတ်၍နေပေသည်။ မိုးရာသီကုန်ဆုံးလျှင် ဆောင်းရာသီရောက်လာသည်။ ဆောင်းရာသီကုန်ဆုံးသွားပြန်လျှင်နွေရာသီသည်ရောက်လာသည်။ တစ်ဖန် နွေရာသီကုန်ဆုံးသောအခါ မိုးရာသီပြန်လည်ရောက်ရှိလာပြန်သည်။ ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် နွေ၊ မိုး၊ ဆောင်းဟူ၍ ရာသီဥတုသုံးမျိုးရှိသည်။ ရာသီဥတုသုံးမျိုးတွင် လေးလစီဖြင့် ပိုင်းခြားထားသော

ရာသီဥတုသုံးမျိုးပေါင်း၍ ရာသီစက်ဝန်းကြီး တစ်ပတ်လည်ပတ်ပြီးသောအခါ တစ်နှစ်ဆိုသော အချိန်သည် ကုန်ဆုံးခဲ့သည်။

နွေ၊ မိုး၊ ဆောင်း ဟူသောရာသီဥတုသုံးမျိုးအနက် ဆောင်းရာသီသည် အလှအပဆုံး၊ အသာယာဆုံး၊ ပျော်မွေ့ဖွယ်အကောင်းဆုံးဖြစ်ပါသည်။ မိုးသည် စိုစွတ်လွန်းသည်။ နွေသည် ခြောက်သွေ့လွန်းသည်။ ဆောင်းရာသီသည် မစွတ်စိုလွန်း၊ မခြောက်သွေ့လွန်းဘဲ ချမ်းမြမြနှင့် ချစ်စဖွယ်ကောင်းလှသည်။ ဆောင်းရာသီခေါ် ဟေမန္တရာသီသည် ကြည်နူးလွမ်းဆွတ်ဖွယ် သဘာဝအလှအပများဖြင့် အထူးသာယာလှပါသည်။ ဆောင်းရာသီ၏ အထိမ်းအမှတ်သည် မြူနှင်းများဖြစ်သည်။ ဟေမန္တဥတုဟု ခေါ်ဝေါ်ရခြင်းမှာ ဆီးနှင်းများတဖြိုက်ဖြိုက်၊ တဖွဲဖွဲကျနေတတ်သောကြောင့် ခေါ်ဆိုရကြောင်း စာပေကျမ်းဂန်များတွင်တွေ့ရပါသည်။

ဆောင်းရာသီ၏ ထူးခြားချက်များမှာ ငွေရောင်မြူနှင်းများခြုံသိုင်း မှုန်မှိုင်းနေရုံမျှသာမဟုတ်။ ရှုမောဖွယ် သဘာဝရာသီအလှအပများလည်းပါဝင်ပါသည်။ ဟေမန္တရာသီတွင် လောကဓါတ်ကြီးတစ်ခုလုံးသည် အခြားရာသီများနှင့်မတူ အထူးသာယာကြည်နူးဖွယ်ကောင်းလှသည်။ ရပ်ရွာစ်ခွင်ကို ရှုမျှော်လိုက်တိုင်း သစ်လွင်တောက်ပသော ရွှခင်းလှလှလေးများကို နတ်ပန်းချီရေးထားသည့်ပမာ ရှုမြင်ခံစားနိုင်ကြပါသည်။သစ်ပင်တောတောင် ရေမြေတို့သည် လှချင်တိုင်းလှပ၍ နေပါတော့သည်။ ဤသည်ကို ရည်ရွယ်၍ စာဆိုတော် ဦးအောင်ကြီးက "သာစွလေ၊ ရွက်ဝေမြလို၊ ခါကိုညီလင့်၊ ပင်တိုင်းတင့်၍၊ နှင်းနှင့်မြူငွေ့၊ လပြည့်နေ့ဝယ်၊ ပြိုင်ရွှေဖုသျှ၊ မဏာရဟု၊ ဆောင်းလရာသီ" ဟုစာပန်းချီခဲ့ပါသည်။





ဆောင်းရာသီရောက်လာလျှင် ဂမုန်းပန်း၊ အင်ပန်း၊ သဇင်ပန်းစသောပန်းမျိုးစုံတို့သည် နှင်းရည်ကို သောက်သုံးကာ ဝင့်ကြွားကြိုင်လှိုင်စွာ ဖူးပွင့်လာကြသည်။ ထိုအခါ ပန်းဝတ်ရည်ကိုချွေယူသောက်သုံးရန် တစ်ပင်ပျံကူး၊ မြူးတူးပျော်ပါးစွာ ပျံသန်းသွားလာနေကြသော လိပ်ပြာ၊ ပိတုန်း စသည်တို့ကို မြင်ရသည်မှာ ပျော်မြူဖွယ်ကောင်းလှသည်။ ထို့ကြောင့် ရှေးစာဆိုတစ်ဦးက "ငွေနှင်းရယ်တဲ့မှုံဝေဝေ၊ ပျံမွှေးငယ်ခိုင်သဇင်နဲ့၊ ဂမုန်းအင်ပန်တော်ဦးကြတယ်၊ ထူးတဲ့လေလေ" ဟု ဆောင်းရာသီ၏အလှကို ဖော်ကျူးထားပါသည်။

သစ်ပင်ပန်းပင်နှင့် တောတောင်ရေမြေ၊ ရာသီတို့သည် ဆောင်းရာသီတွင် အစွမ်းကုန် ဖူးပွင့်ဝေဆာနေကြသလို လူသားများသည်လည်း တက်ကြွလန်းဆန်းကာ ပျော်ပါးရွှင်လန်းလာကြသည်။ ရာသီဥတုမှာ ခြောက်သွေ့ပွင့်လင်းစပြုလာသဖြင့် သွားရေးလာရေး၊ လုပ်ရေးကိုင်ရေးတို့တွင် လွယ်ကူသက်သာလာပါသည်၊ အထူးသဖြင့် ကျွန်ုပ်တို့၏ကျေးလက်ရှင် လယ်သမားကြီးများသည် စိုက်ပျိုးသီးနှံမျိုးစုံကို ရိတ်သိမ်းခြွေလှေ့ကြရာတွင် ဆောင်းရာသီ၏နှင်းမှုံများအောက်တွင် ပျော်ရွှင်စွာလုပ်ကိုင်နိုင်ကြပါသည်။ အကြောင်းကြောင်းကြောင့် ခရီးသွားလာရသူများအဖို့လည်း အေးချမ်းပျော်ရွှင်စွာ ခရီးသွားနိုင်ကြသဖြင့် အကျိုးများလှပါသည်။

ထိုပြင် ဤဟေမန္တရာသီသည် ဝါလကင်းလွတ်သီတင်းကျွတ်ပြီးသည့်အခါသမယ ဖြစ်သောကြောင့် ရပ်တိုင်းရွာတိုင်းတွင် မီးထွန်းပွဲများ၊ ကထိန်ပွဲများကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပနေကြသဖြင့် ကျက်သရေမင်္ဂလာရှိလှပါသည်။ ထိုမျှသာမက ဆောင်းရာသီသည်

ကျွန်ုပ်တို့ ကျောင်းသူကျောင်းသားတို့အား ကျောင်းစာသင်နှစ်ဝက် ကျိုးပြီဖြစ်၍ မကြာခင်ရောက်လာတော့မည့် အတန်းတင်စာမေးပွဲကြီးအတွက် အားသွန်ခွန်စိုက်ကြိုးစားကျက်မှတ်သွားကြရန် သတိပေးနှိုးဆော်နေသကဲ့သို့ ရှိနေပြန်ရာ ဆောင်းရာသီသည် အလုပ်သမား၊ လယ်သမား၊ ခရီးသွားပြည်သူများသာမက ကျွန်ုပ်တို့ ကျောင်းသားကျောင်းသူများအဖို့ ကျေးဇူးရှင်ဟုဆိုလျှင် လွန်အံ့မထင်ပါ။

ကျွန်ုပ်တို့ ကျောင်းသားများသည် ရာသီသုံးမျိုးရှိသည့်အနက် မိုးရာသီနှင့် ဆောင်းရာသီများ၌သာစာပေ၊ ပညာရပ်များကို သင်ယူကြရပါသည်။ နွေရာသီရောက်လျှင်ကား အတန်းတင်စာမေးပွဲများကို ဖြေဆို၍ ကျောင်းရက်ရှည်ပိတ်ထားလေ့ရှိပါသည်။ ကျွန်ုပ်တို့ ကျောင်းတက်၍ စာသင်ရသော မိုးနှင့် ဆောင်းရာသီနှစ်ခုတွင် ဆောင်းသည် မိုးထက် ပို၍ ကျွန်ုပ်တို့အား အကျိုးပြုပေးနိုင်သည်ဟုဆိုချင်ပါသည်။ မိုးရာသီမှာ မိုးဖြိုင်ဖြိုင်ရွာနေသဖြင့် အမြဲတမ်းပင်စိုစွတ်နေလေ့ရှိပါသည်။ထီးတစ်ဖက် လွယ်အိတ်တစ်ဖက်နှင့်ကျောင်းတက်ရသည်မှာ ဆင်းရဲဒုက္ခရောက်လှပါသည်။ ကျောင်းနှင့်ဝေးသောနေရာမှ စက်ဘီးနှင့်လာရသူများအဖို့ကား ပိုလို့ပင်ဒုက္ခရောက်ရပါသည်။ ကျောင်းတက်၍ စာသင်ရပြန်တော့လည်း အဝတ်စိုစိုနှင့် ကျောင်းခန်းမှောင်မှောင်ထဲ၌ သင်ကြားရသဖြင့် အခက်အခဲများတွေ့ရပါသည်

မိုးရာသီကုန်ဆုံး၍ ဆောင်းရာသီရောက်သောအခါတွင်ကား အခြေအနေသည် ပြောင်းလဲသွားပါသည်။ ဆောင်းရာသီ အအေးဓါတ်ကြောင့် ပေါ့ပါးလန်းဆန်းလာပါသည်။ ကျောင်းသွားကျောင်း





ပြန်သွားလာရာတွင် လွယ်ကူအဆင်ပြေလှပါသည်။ ကျောင်းသို့ရောက်၍ စာသင်ရသည်မှာလည်း ဦးနှောက်ဉာဏ်ရွှင်လန်း၍ သင်သမျှကို သဘောပေါက်နားလည်ပါသည်။ ကျောင်း၏တွဲဖက် သင်ရိုးနှင့်အညီ ကာယလေ့ကျင့်ခန်းများ၊ အားကစားလှုပ်ရှားမှုများကို ပြုလုပ်ကြရာတွင်လည်း သက်သာအဆင်ပြေပြီး ပျော်ရွှင်ဖွယ်ကောင်းလှပါသည်။ ထိုပြင်ညဘက်တွင် အိမ်၌ကျောင်းသင်ခန်းစာများ လေ့လာကျက်မှတ်ရာတွင်လည်း အအေးဓါတ်ကြောင့် ကျက်မှတ်လေ့လာသမျှ အလွယ်တကူနားလည် သဘောပေါက်နိုင်ပါသည်။ ထို့ကြောင့် ဆောင်းရာသီသည် ကျွန်ုပ်တို့၏ မိတ်ဆွေကြီးဖြစ်သည်ဟုလည်းဆိုနိုင်ပါသည်။

လောကနီတိကျမ်းတွင် တစ်နှစ်တွင် တစ်ဆယ့်နှစ်လ ရှိသည့်အနက် "သရဒ်" ခေါ်တန်ဆောင်မုန်းလသည် အလှဆုံး၊ အသာယာဆုံး၊ အမွန်မြတ်ဆုံးသောလဟုဆိုထားပါသည်။ ထိုလတွင် ကြတ္တိကာ နက္ခတ်ပေါ်ထွန်း၍ ခဝဲပန်းပွင့်ပါသည်။ထို့အတူ နတ်တော်လတွင် မိဂသီနက္ခတ်နှင့် ဂမုန်း၊ သဇင်ပန်း၊ ပြာသိုလတွင် ဖုဿနက္ခတ်နှင့် ခွါညိုပန်း၊ တပို့တွဲလတွင်မာဃနက္ခတ်နှင့် ပေါက်ပန်း သရဖီပန်းပေါ်ထွန်း ပွင့်ဖူးကြပါသည်။ ထိုကာလတွင် ထွန်းပေါ်ကြသောနက္ခတ်များမှာ အလင်းလက်ဆုံး၊ အပေါ်လွင်ဆုံးဖြစ်သကဲ့သို့ ခဝဲပန်း၊ သဇင်ပန်း၊ ခွါညိုပန်း၊ သရဖီပန်းတို့သည် လည်း အမွှေးဆုံး အလှဆုံးဖြစ်ကြပေရာ ထိုနက္ခတ်၊ ထိုပန်းများကို ကိုယ်စားပြုထားသော ဟေမန္တရာသီသည်လည်း ရာသီသုံးမျိုးတွင် အလှပဆုံး၊ အထွန်းလင်းဆုံး၊ အသာယာဆုံးဖြစ်လေသည်။

ထို့ကြောင့် ဟေမန္တရာသီသည် သစ်ပင်ရေမြေတောတောင် သဘာဝကို အလှပဆုံးအတင့်တယ်ဆုံး ဖြစ်အောင် ဖန်ဆင်းပေးနိုင်သကဲ့သို့ အလုပ်သမား၊ လယ်သမားနှင့် ကျွန်ုပ်တို့ကျောင်းသူကျောင်းသားများအား ပေါ့ပါးရွှင်လန်းစေပြီး ပြုသမျှကိစ္စများ ပြီးမြောက်အောင်မြင်အောင် စွမ်းဆောင်ပေးနိုင်သဖြင့် ကျွန်ုပ်သည် တစ်သက်တာလုံး ဆောင်းရာသီနှင့်သာ တွေ့ကြုံဆုံစည်းနေရပါစေဟု ဆုတောင်းနေမိပါတော့သည်။

◆ ◆ ◆ ◆ ◆

## ၃၃။ နွေဂိမှာန်

**ရေးရန်ပုံကြမ်းအချက်အလက်များ**

- မြန်မာဥတုရာသီသုံးမျိုးအနက်မှ နွေရာသီသည် နှစ်သက်စရာအကောင်းဆုံးဖြစ်ပုံ
- နွေဂိမှာန်ကာလ၏ကြည်နူးဖွယ်သဘာဝအလှများ
- နွေရာသီ၏ဖွားဖက်တော်သစ်ပင်ပန်းမန်နှင့် ကျေးငှက်သာရကာများ
- မြန်မာတို့ဘဝနှင့်နွေရာသီအလှ
- ကျောင်းသူကျောင်းသားများနှင့်နွေရာသီ

မြန်မာနိုင်ငံသည် အပူပိုင်းဇုံအတွင်း ကျရောက်တည်ရှိနေသော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး နွေ၊ မိုး၊ ဆောင်း ဟူ၍ ရာသီဥတုသုံးမျိုးရှိပါသည်။ ထိုရာသီဥတုသုံးမျိုးစလုံးသည် မြန်မာတစ်မျိုးသားလုံးအား စားဝတ်နေရေးအဆင်ပြေအောင် တစ်ဘက်တစ်လမ်းမှအကျိုးပြုနေကြပေသည်။ မိုးရာသီရောက်လျှင် မိုးရေကိုအမှီပြုပြီး စိုက်ပျိုးရေးလုပ်ငန်းဝင်ရသည်။ ဆောင်းရောက်လျှင် ဆောင်းသီးနှံများစိုက်ပျိုး၍ စားဝတ်နေရေးအတွက် အပိုဝင်ငွေများကိုရယူ

ပေးပါသည်။ နွေရာသီရောက်လျှင်ကား တစ်နှစ်တာပင်ပန်းထားသမျှကိုအတိုးချပြီး ပျော်ပွဲရွှင်ပွဲများကို ပြုလုပ်ကျင်းပကြသည်။ ဘုရားပွဲတော်များ၊ သင်္ကြန်ပွဲတော်များကို ခြိမ့်ခြိမ့်သဲကျင်းပပြီး သံသရာရိက္ခာကုသိုလ်ဒါနများကို ပြုလုပ်ကြရသည်။ ထိုရာသီဥတုသုံးမျိုးစလုံးသည် မြန်မာတို့အဖို့ နှစ်သက်စရာ၊ ကြည်နူးစရာကောင်းလှပါသည်။ သို့သော်ကျွန်ုပ်အဖို့ဆိုရလျှင်မူ နွေရာသီခေါ်ဂိမ္ဟဥတုသည် နှစ်သက်စဖွယ်အကောင်းဆုံး၊ ပျော်မွေ့ဖွယ်အကောင်းဆုံးဟု ဆိုချင်ပါသည်။

မှန်ပါသည်။ နွေဂိမှာန်သည် အခြားသောရာသီဥတုနှင့်မတူ တစ်မူထူးခြားနေပါသည်။ နွေရောက်ပြီဆိုလျှင် နွေနိဒါန်းအဖြစ် ဥဩသံများကို ထိုမှဤမှကြားလာရသည်။ တောတောင်တစ်ခွင်လုံးသည် ဆောင်းဝတ်လွှာရုံကြီးကိုခွါချကာ နွေဇာပဝါပါးကို လွှမ်းခြုံထားသဖြင့် မျှော်လေတိုင်းကြည်နူးဆွတ်ပျံ့ဖွယ်ကောင်းလှသည်။ မြောက်လေလိုလို၊ တောင်လေလိုလို၊ လေပွေလေရူးကလေး အရှေ့တွင် အလိုက်သင့်ကြွေလင့်သွားကြသော ရွက်ဝါများသည် မြေပြင်သို့ တဖြုတ်ဖြုတ်ကြွေကျနေသည်။ ထိုမြင်ကွင်းအလှကိုတွေ့ရသော ရဟန်းစာဆိုရှင်ဥတ္တမကျော်သည် -

"လေခမြေသက်၊ ဈာန်ဝိဘက်သို့၊ သစ်ရွက်ရော်ရီ ကြွနှီဝယ်၊ သိဂီ တစ်ဝက်၊ ဖက်၍ဆေးစုံ၊ ခြယ်သောပုံသို့၊ ရဂုံမြိုင်တွင်း၊ တောလုံးလင်းသား" ဟု နွေသရုပ်ကို စာပန်းချီခြယ်သခဲ့ပါသည်။

လေရူး၏ဆော်သွေးယူဆောင်ရာသို့ လိုက်ပါသက်ဆင်းသွားရသော ရွက်ကျင်ရွက်ဟောင်းတို့နေရာတွင် ကျေးငှက်မြသွင်၊ ပုရစ်ဆင်နေသော ရွက်ဖူးရွက်သစ်ကလေးများသည် အစီအရီပေါ်ထွက်





နေသည်မှာ တစ်မျိုးတစ်ပုံလှပတင့်တယ်နေပါသည်။ နေပူကျဲကျဲထဲတွင် အားခဲတင်းခံနေသောရိုးတံကလေးပေါ်တွင် မကြာမီပင် သစ်ရွက်နုကလေးပေါ်ထွက်လာပြီး တစ်တောလုံးသည် မြသားကမ္ဗလာကြီးခင်းထားသလိုမျက်စိပသာဒတွင် ပန်းရလျက်နေပါသည်။

နွေ၏အပူရှိန်ကြောင့် မြစ်ချောင်းအင်းအိုင်ထဲရှိ ရေများသည်ခမ်းခြောက်ကာမြစ်ပြင်ဆက်တွင် သဲသောင်ဖွေးဖွေးများကိုတွေ့မြင်ကြရမည်ဖြစ်သည်။ ကောင်းကင်ထက်တွင်မူ ပြာရင့်ရောင်မကာန်းကွက်သဏ္ဍာန် တိမ်များသည်အကွက်လိုက် ထွက်ပေါ်နေပေရာ နွေ၏ကောင်းကင်အလှသည် ပန်းချီကားချပ်ကြီးတစ်ခုပမာလှပ၍နေပါသည်။ အထူးသဖြင့် "ဆောင်းကျွတ်လုပြီ၊ နွေရာသီလည်း၊ မပီတတ်သေးဘဲ ဝိုးဝါးတွေးနေသော" အချိန်အခါ သမယဖြစ်နေပေရာ နွေရာသီ၏သဘာဝအလှမှာ စာသ၍မကုန်နိုင်အောင် ရှိနေပေသည်။

"မြိုင်ခြေငယ်သင်းပါလို့၊ အင်းကြင်းငယ်ရွှေဖီ၊ ဝတ်မှုံငယ်စီသည်၊ မြစ်နဒီသောင်တခိုက၊ မောင် မယ်ညိုမြူးပြန်တော့လေး" ဟူ၍ မဟာအတုလမင်းကြီး၏ လွမ်းချင်းပါစာချိုးအတိုင်း အင်ကြင်းပန်း၊ သရဖီပန်းများသည် ဝေဝေဆာဆာ ဖူးပွင့်လာကြပါသည်။ ထို့အတူ ပေါက်လဲပန်း၊ ကံ့ကော်ပန်း၊ စကာဝါပန်းနှင့် သဇင်ပန်းသည် မွှေးကြူသင်းပျံ့နေကြပါသည်။

နွေဂိန်မှာန်အခါရောက်လျှင်၊ တောဝန်းကျင်၊ မြိုင်တစ်ခွင်မှာ ဘာသာဘာဝအလျောက် မြူးတူးပျော်ပါးနေကြသော ကျေးငှက်သာရကာအပေါင်းတို့ကလည်း နွေဂိမှာန်၏အလှကို အားဖြည့်ထား

ဖြန်သည်။ စာဆိုဦးယာက နွေရာသီနှင့် ကျေးငှက်သာရကာတို့၏ သဘာဝအလှကို သူ၏အဲချင်းကဗျာတစ်ပုဒ်တွင် -

"တွန်ကူသာသာ၊ ငှက်တို့မှာလည်း၊ စုကာရုံးလို့၊ ခြိမ့်အုန်းငယ် တူးသီ၊ အမသံညောင်း၊ သိုက်နန်းငယ်အောင်းလို့၊ သာပေါင်းငယ် ချိုသည်" ဟု တင်ပြစပ်ဆိုခဲ့ပါသည်။ နွေရာသီကား သြကာသလော ကကြီး၏သဘာဝအလှနှင့် ကျေးငှက်သာရကာတို့၏ အလှတို့ ကြောင့် စာသ၍မကုန်နိုင်အောင် တင့်တယ်သာယာလှပေသည်။ ထို့ကြောင့်ပင် ဤဂိမှာနရာသီ၏အလှနှင့် ကြည်နူးဖွယ်ရာတို့ကို မြင်တွေ့ခံစားရသူတို့အနေနှင့် သာမန်လူသားကိုမဆိုထားနှင့် တရား မွေ့လျော်၊ ပုဂ္ဂိုလ်ကျော်များဖြစ်သည့် ရသေ့သူတော်တိုင်မှ ဥာဏ် မခိုင်ဈာန်ယိုင်လျှောရလောက်အောင်ပင် ထူးခြားသောရာသီဖြစ် ပါသည်။

နွေဂိမှာန်သည် မြန်မာတစ်မျိုးသားလုံးအတွက် ထူးခြားသော ရာသီဟုဆိုနိုင်ပါသည်။ မြန်မာတို့ဘဝနှင့် နွေဂိမှာန်၏အလှတို့သည် အချင်းချင်း အကျိုးပြုဆက်သွယ်နေကြသည်ဟုလည်း ဆိုနိုင်ပါ သည်။ မြန်မာတစ်မျိုးသားလုံးသည် ဖက်ဆစ်စနစ် သံဖနောင့် အောက်မှ ဤရာသီတွင်ပင် စတင်တော်လှန်ကာ ရုန်းထွက်ခဲ့ကြ သည်။ မြန်မာနိုင်ငံ၏ ကျေးလက်ဒေသနေပြည်သူတို့သည် နိုင်ငံ တော်၏အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်း တို့ကို မိုးနှင့်ဆောင်းရာသီများတွင် အားသွန်ခွန်စိုက် ရုန်းကန်လှုပ် ရှားခဲ့သဖြင့် ဤရာသီရောက်မှသာလျှင် ခေတ္တခဏ အမောဖြေ အနားယူကြရသည်။ ထိုအချိန်တွင် မိမိတို့၏သံသရာခရီးအတွက် ရိက္ခာထုပ်များကို စုဆောင်းထုပ်ပိုးသည့်အနေနှင့် ဘုရားပွဲများ၊





ရဟန်းခံရှင်ပြုပွဲများကို ခြိမ့်ခြိမ့်သဲမျှ ကျင်းပကြရသည်မှာ ဂိမှာန ရာသီအခါသမယ၏ ထူးခြားချက်တစ်ရပ်ဖြစ်သည်။

နွေရာသီနှင့်ပတ်သက်ဆက်နွယ်နေသော ကျွန်ုပ်တို့ကျောင်း သူကျောင်းသားများအဖို့ ဂိမှာန်ရာသီသည် တစ်မျိုးတစ်ဘာသာ ထူးခြားနေပါသည်။ တစ်မိုးလုံး၊ တစ်ဆောင်းလုံး အားသွန်ခွန်စိုက် ကြိုးစားလေ့လာသင်ယူခဲ့ရသော ကျောင်းသင်ခန်းစာများသည် မတ်လခေါ် နွေရာသီအခါသမယတွင် စာမေးပွဲအသီးသီးကို ဖြေဆို ကာ နိဂုံးချုပ်ကြရပါတော့သည်။ တစ်နည်းဆိုရသော် နွေရာသီသည် ကျောင်းသူ၊ ကျောင်းသား၊ စာသင်သားအပေါင်းတို့၏ ပန်းတိုင် ဟုလည်း ခေါ်ဆိုနိုင်ပါသည်။ ကျွန်ုပ်တို့သည် တိုပန်းတိုင်ကို အောင် မြင်စွာ လှမ်းကိုင်နိုင်ရန်အတွက် ဤနွေဂိမှာန်သည် ကျွန်ုပ်တို့အား နေ့မအိပ်၊ ညမအိပ်ကြိုးစားကျက်မှတ်သွားရန် သတိပေးနှိုးဆော် နေသည့် ကျေးဇူးရှင်ဟုလည်း ခေါ်ဆိုနိုင်ပါသည်။

ကျောင်းသားနှင့်နွေရာသီ၊ နွေရာသီနှင့်ကျောင်းသားတို့သည် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ဆက်သွယ်နေကြသည့် ခွဲမရသော အတွဲတစ်ခုဖြစ်ပါသည်။ ကျွန်ုပ်တို့ကျောင်းသားများသည် အမိနွေ ဂိမှာန်၏ ရင်ခွင်သို့ဝင်ရောက်ကာ အတန်းတင်စာမေးပွဲကြီးအတွက် ကြိုတင်ပြင်ဆင်နိုင်ကြပါသည်။ မိမိတို့ဘဝ ထွန်းတောက်အောင်မြင် ရေးအတွက် အစွမ်းကုန်ကြိုးစားသွားရတော့မည်ဖြစ်ပါသည်။ နွေ မိခင်၏ ရင်ခွင်ကိုခိုလှုံကာ အစီအရီပေါ်ထွက်လာသော ရွက်သစ် ရွက်နုကလေးများပမာ ကျွန်ုပ်တို့ကျောင်းသားလူငယ်တို့၏ အနာ ဂတ် မှာလည်း တက်ကြွလန်းဆန်း ဖူးပွင့်ဝေဆာလာတော့မည်ကား အမှန်ပင်ဖြစ်ပါတော့သည်။

◆ ◆ ◆ ◆ ◆

## ၃၄။ ။နေဝင်ချိန်အလှ

**ရေးရန်ပုံကြမ်းအချက်အလက်များ**

- တစ်နေ့တာရှိအချိန်များတွင် နေဝင်ချိန်သည် အထူးလှပသာယာပုံ
- ညနေ နေဝင်ချိန်၏သဘာဝအလှအပများ
- ညနေချိန်၏လူ့လောကသဘာဝအလှအပများ
- တောလက်ကျေးရွာတို့၏ လုပ်ငန်းသိမ်းချိန်အလှ
- မြို့ပြဒေသများ၏ အနားယူအပန်းဖြေချိန်အလှ

တစ်နေ့တာသည် အကြမ်းအားဖြင့် တစ်ဆယ့်နှစ်နာရီကြာပါသည်။ ယင်းတို့အနက် နံနက်နေထွက်ချိန်၊ နေ့ခင်းမွန်းတည့်ချိန်၊ ညနေ နေဝင်ချိန်ဟူ၍ အဓိကအချိန်သုံးမျိုးရှိရာ ထိုအဓိကအချိန်သုံးမျိုးတွင် နံနက်နေထွက်ချိန်သဘာဝနှင့် ညနေ နေဝင်ချိန်အလှတို့သည် ကြည်နူးနှစ်သက်ဖွယ်အကောင်းဆုံးဖြစ်ပါသည်။ နံနက်နေထွက်ချိန်အလှသည် ကြည့်မဝရှုမဆုံးအောင် လှပသာယာသလို ညနေ နေဝင်ချိန်သည်လည်း တစ်မျိုးတစ်ဘာသာ သာယာကြည်နူးဖွယ်ကောင်းလှပါသည်။





ညနေနေဝင်ချိန်၏ သဘာဝအလှသည် ဘယ်ပန်းချီရေးလို့မမှီအောင် အထူးလှပပါပေသည်။ ဝင်တော့မည့်ဆဲဆဲနေမင်း၏ ဝါဝင်းတောက်ပသောအရောင်ကြောင့် အနောက်ဘက်မိုးကုတ်စက်ဝိုင်း၏ မိုးကောင်းကင်သည် ဖြူ၊ နီ၊ ဝါ၊ ပြာရောင်စုံချယ်ပြီး လှချင်တိုင်းလှနေတတ်ပါသည်။ ထိုအလှသည် ရာသီချိန်ခါကိုလိုက်ပြီး မတူညီကြချေ။ မိုးရာသီတွင် ဖြူ၊ နီ၊ ဝါ၊ ပြာ ဆေးရောင်စုံချယ်ထားသည့် ပန်းချီကားချပ်ကြီးထက်တွင် ပုလ္လဲဆီရောင်၊ ခရမ်းရောင်များရောစွက်ကာ လေးကိုင်းသဏ္ဌာန် သက်တန့်ရောင်စဉ်တန်းနှင့်အတူ ကြည်နူးဖွယ်လှပသာယာနေတတ်ပါသည်။ တစ်ခါတစ်ရံတွင် မိုးတိမ်မိုးသားများက ဝင်ရောက်လာတတ်ပြီး မိုးရာသီ၏ နေဝင်ချိန်အလှကို အားဖြည့်ပေးနေသကဲ့သို့ ရှိနေသည်။ ဟေမန္တရာသီ၏ နေဝင်ချိန်ပန်းချီကားကြီးကား မိုးနှင့်မတူ၊ တစ်ဘာသာထူးခြားနေပါသည်။ ဆောင်းနှင်းများ၏ ဖြူလွလွဇာပဝါပါးအောက်တွင် ဖြူ၊ နီ၊ ဝါ၊ ပြာဆေးရောင်စုံများပက်ဖျန်းထားသကဲ့သို့ ရင်သပ်ရှုမောစွာ ရှုစားနိုင်ပြန်သည်။

ညနေ နေဝင်ချိန်အလှကား ကောင်းကင်ထက်ရှိ တိမ်ပန်းချီကားမျှသာမဟုတ်၊ ဩကာသလောကအတွင်းရှိ သစ်ပင်တောတောင်ရေမြေတို့၏ သဘာဝအလှသည်လည်း ရှုမငြီးနိုင်အောင်ပင်ဖြစ်သည်။ နေမင်းကြီးသည် တစ်နေ့တာမိမိ၏တာဝန်ကို ကျေပွန်စွာထမ်းဆောင်ပြီးနောက် တစ်ညတာအနားယူနိုင်ရန် အနောက်ဂေါယာကျွန်းဆီသို့ ယွန်းတော့မည့်ဆဲဆဲတွင် နံနက်မိုးသောက်ချိန်မှစပြီး အစာရှာထွက်သွားကြသော ကျေးငှက်သာရကာများသည် တေးသီချင်းများဆိုကျူးကာ မိမိတို့အိပ်တန်းရှိရာဆီသို့ ပြန်လာ

ကြလေပြီ။ တောအထပ်ထပ် တောင်အသွယ်သွယ်ရှိ သစ်ပင်ကြီးငယ်များသည် ဆည်းဆာချိန်၏ တောင်ပြန်လေညှင်းကလေး၏ ဝှေ့ယမ်းကြည်စယ်မှုကြောင့် ယိမ်းက၍နေကြပါသည်။ လူ့လောက၏ နေဝင်ချိန်အလှကား လှပတင့်တယ်ပါဘိသည်။

ညနေ နေဝင်ချိန်အလှနှင့်အတူ အပြိုင်လှနေသည့် အလှတစ်မျိုးလည်းရှိပါသေးသည်။ နေဝင်ချိန်လူ့လောကအလှပင်ဖြစ်ပါသည်။ လောကလူသားများသည် စားဝတ်နေရေးအတွက် နံနက်နေထွက်ချိန်မှ နေဝင်သည့်တိုင် စီးပွါးရှာကြရသည်။ ညနေ နေဝင်ချိန်သို့ရောက်သောအခါ ထိုထိုသောလုပ်ငန်းအဝဝမှ ခေတ္တနားရချေတော့သည်။ တစ်နေ့တာချွေးဒီးဒီးကျအောင် ပင်ပန်းထားသမျှ၍အချိန်ရောက်မှအနားမယူလျှင် နက်ဖြန်မိုးလင်းသောအခါ ဆက်လုပ်ရန်အင်အားရှိတော့မည်မဟုတ်ချေ။ ကျန်းမာရေးအတွက် လှုပ်ရှားသူကလှုပ်ရှား၊ အိမ်မှုဗာဟီရကိစ္စတွေမှာ ဝိုင်းကူသူကဝိုင်းကူ၊ ရေမိုးချိုးသူကချိုးနှင့် ပြားပန်းခတ်မျှ ပြေးလွှားလှုပ်ရှားနေကြရသည်။ အချို့ကလည်း ကိုယ့်အိမ်ကိုယ့်ရာမှာပင် ညနေစာစားကြရသည်၊ အချို့မှာမူ ကြိုတင်ချိန်းဆိုထားသောနေရာသို့သွားပြီး စားသောက်ရန် ဟန်ပြင်နေကြသည်။

ကျွန်ုပ်တို့ကျောင်းသားများသည်လည်း လူကြီးများနည်းတူ အလုပ်ရှုပ်နေကြရသည်။ တစ်နေ့လုံးစာသင်ပြီး ပြန်လာကြရသည့်အတွက် ကိုယ်လက်လှုပ်ရှားအားကစားတစ်ခုခုကိုလုပ်ကြရသည်။ အနည်းဆုံး ခြင်းလုံးခတ်ခြင်း၊ ဘောလုံးဆော့ကစားခြင်းတို့ကို လုပ်ဖြစ်ကြသည်။ ပြီးမှရေချိုးကာ ညစာစားရန်ပြင်ဆင်ကြသည်။ ကျူရှင်တက်ရသူများအဖို့ကား အသက်ရှူမှားရလောက်အောင် အလုပ်ရှုပ်





ကြရသည်။ ကျောင်းကပြန်ရောက်သည်နှင့် အကျီအဝတ်အစားလဲကာကျူရှင်ဆရာမထံသို့ ပြေးရသည်။ အနည်းဆုံးတစ်နာရီကြာအောင် စာသင်ကြရပြန်သည်။ ကျူရှင်ပြီး၍အိမ်ပြန်လာသောအခါ မိုးလည်းချုပ်နေပြီ။ ကိုယ်လက်လှုပ်ရှားချိန်မရတော့။ ကပျာကရာ ရေချိုးပြီး ထမင်းစားရပါသည်။

ကျေးလက်တောရွာများတွင်မူ ယခုအချိန်သည် အလုပ်လုပ်၍ကောင်းတုန်းပင်ဖြစ်သည်။ တောင်သူဦးကြီးများသည် မိုးမချုပ်ခင်မှာ လုပ်လက်စများကိုသိမ်း၍ အိမ်ပြန်ခရီးကိုစတော့သည်။ ဘဝခရီးဖော် နွားတစ်ရှဉ်းကိုဆွဲကာ ပေါက်တူးပေါက်ပြားကိုထမ်းပြီး ရွာဆီသို့ပြန်လာပုံမှာ ထူးခြားသောမြင်ကွင်းတစ်ခုဖြစ်ပါသည်။ ရွာတောင်ဘက်ရှိရေကန်ဆီသို့ ရေခပ်ဆင်းနေကြသော တော၏သမီးပျိုကလေးများလည်း သီချင်းကလေးတညည်းညည်းနှင့် ပြုံးရွှင်နေကြသည်။ ပါးနှစ်ဘက်တွင်ပါးကွက်ကြားကိုယ်စီနှင့် ချယ်မှုန်းထားရာ မြို့သူများရှုံးလောက်အောင် လှနေကြပါသည်။ ရွာထဲရှိ မန်ကျည်းပင်အုပ်ဆီမှ ဇရက်၊ စာကလေးအုပ်တို့၏ တစာစာမြည်နေသောအသံများကလည်း ညနေ နေဝင်ချိန်လောက သဘာဝ အလှနှင့်အပြိုင် သာယာလှပါသည်။

ရွှာန်ဘေးရှိချောင်းထဲတွင် ငါးရှာရာမှပြန်လာကြသော တံငါသည်များ၏ သေ့တက်များ၏အသံကိုကြားနေရပြန်သည်။ လှေကိုထိုးဝါးနှင့်ထိုး၍ကမ်းကပ်သူကကပ်၊ ကျောက်ချသူကချ၊ ကမ်းနဖူးရှိသစ်ပင်တွင်ကြိုးချည်သူကချည်၊ လှေဝမ်းထဲမှ ငါးတောင်းများကိုသယ်သူကသယ်နှင့် အလုပ်ရှုပ်နေကြသည်။

ရွှာတောင်ဘက်ရှိလယ်ကွင်းပြင်ကြီးဆီမှ တသုန်သုန်ဆော်သွေးတိုက်ခတ်လာသော လေညှင်းကလေးကလည်း ရွာအပြန်နွားကျောင်းသားလေးတို့၏ပုလွေသံလွင်လွင်ကို သယ်ဆောင်လာလေသည်။ ရွှေဝါရောင်စပါးခင်းကြီးများသည် တောင်လေအသွေးတွင် ဘယ်ညာယိမ်းနွဲ့နှင့် ညနေဆည်းဆာနေဝင်ချိန်ကို လက်ပြနှုတ်ဆက်နေသယောင်ယောင်။

မြို့ပြဒေသမှ ညနေ နေဝင်အလှသည် တောလက်ဒေသ၏နေဝင်ချိန်အလှနှင့်မတူ၊ တစ်မူထူးခြားနေပြန်သည်။ မြို့ပေါ်ရှိ ပန်းခြံများတွင် ပန်းမျိုးစုံများက အစွမ်းကုန်ဖူးပွင့်ဝေဆာနေ ကြသည်။ အပန်းဖြေအနားယူသူများသည် စိမ်း၊ နီ၊ ဝါ၊ ပြာ ရောင်စုံခုံတန်းကလေးများပေါ်တွင် ထိုင်နေရင်းစကားစမြည် ပြောဆိုနေကြသည်။ လှသွေးကြွယ်စ အပျိုမကလေးများသည် တောလက်တောရွာများမှ အပျိုမလေးများကဲ့သို့ ရေခပ်မဆင်းကြပါ။ ပါးကွက်ကြားကို ဘယ်ပြန်ညာပြန်မရိုက်။ မိတ်ကပ်၊ ပါးနီ၊ နှုတ် ခမ်းနီများနှင့် လှပစွာဖြီးလိမ်းပြင်ဆင်ပြီး ပန်းခြံထဲလမ်းလျှောက်သူ လျှောက်၊ ရှုပ်ရှင်ရုံဆီသွားသူသွား၊ ညဈေးတန်းဘက်သို့ လှမ်းသူ လှမ်းနှင့် လှုပ်ရှားနေကြပါသည်။ ထိုသို့သောမြို့ပြအလှ မြင်ကွင်းများသည် မီးရောင်စုံများအောက်တွင် နေဝင်ချိန်အလှနှင့် အားချင်းပြိုင်နေပါသည်။ မည်သို့ဆိုစေ ညနေ နေဝင်ချိန်ဆည်းဆာအလှသည် လောကသဘာဝ၊ လူတို့၏လှုပ်ရှားမှုအလှနှင့်အတူ အပြိုင်လှနေသည်မှာ ရှု၍မဆုံး၊ ကြည့်၍မဝနိုင်အောင်ပင် ရှိနေပါသေးသည်။

◆ ◆ ◆ ◆ ◆



# ၃၅။ မြန်မာ့သင်္ကြန်

**ရေးရန်ပုံကြမ်းအချက်အလက်များ**

- မြန်မာနိုင်ငံတွင် ပွဲတော်အမျိုးမျိုးရှိပုံ
- မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်သည် တမူထူးခြားသောပွဲတော်ဖြစ်ပုံ
- သင်္ကြန်ပွဲတော်၏ ရည်ရွယ်ချက်နှင့်ကျင်းပပုံ
- ထိုသင်္ကြန်ပွဲတော်၌ မြန်မာတစ်မျိုးသားလုံး ပျော်ရွှင်ကြည်နူးကြပုံ
- မြန်မာ့ရိုးရာ ယဉ်ကျေးမှုဓလေ့ထုံးစံများကိုထိန်းသိမ်းပြီး အစဉ်အလာမပျက် ပါဝင်ဆင်နွှဲသင့်ပုံ

မြန်မာလူမျိုးတို့သည် ထေရဝါဒ ဗုဒ္ဓသာသနာကို ကိုးကွယ်သူများဖြစ်၍လည်းကောင်း၊ အေးချမ်းပျော်ရွှင်စွာ နေထိုင်တတ်သူများဖြစ်၍လည်းကောင်း ဘာသာရေးဆိုင်ရာ ပျော်ပွဲရွှင်ပွဲများကို တစ်နှစ်ပတ်လုံး ကျင်းပလေ့ရှိကြပါသည်။ မြန်မာ့ပြက္ခဒိန်တွင် (၁၂)လရှိရာ လစဉ်လတိုင်းတွင် ရာသီပွဲတစ်ခုရှိနေသည်ကိုတွေ့နိုင်ပါသည်။

ဥပမာအားဖြင့် တန်ခူးလတွင် သင်္ကြန်ပွဲ၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲ၊ နယုန်လတွင် စာပြန်ပွဲ၊ ဝါဆိုလတွင် ဝါဝင်ပွဲ သို့မဟုတ် ဝါဆိုပွဲ၊ စသည်ဖြင့် အသီးသီးရှိကြပါသည်။ ထိုပွဲတော်အခါကာလများတွင် မြန်မာတို့သည် ကုသိုလ်ဒါနများပြုလုပ်ရင်း ပါဝင်ဆင်နွှဲလေ့ရှိကြသည်။

မြန်မာတို့၏ ဆယ့်နှစ်လရာသီပွဲတော်များတွင် သင်္ကြန်ပွဲတော်သည် ထူးခြားလှပါသည်။ ထူးခြားသောအချက်တစ်ခုမှာ သင်္ကြန်ပွဲတော်ကြီးကို မြန်မာနိုင်ငံတစ်ဝှမ်း၌ တစ်ချိန်ထဲတွင် နိုင်ငံသားအားလုံးက တပျော်တပါး ဆင်နွှဲကြသောကြောင့်ဖြစ်ပါသည်။ ရန်ကုန်၊ မန္တလေးစသော မြို့ကြီးများတွင် မြို့နေပြည်သူများ မဏ္ဍပ်ကြီးများထိုးပြီး ရေပက်ခံကားအမျိုးမျိုးကိုစီးကာ ရေပက်ကစားနေချိန်၌ တောလက်ကျေးရွာများ၌လည်း လှည်းယာဉ်လေးစီး၍လည်းကောင်း၊ ခြေကျင်လျှောက်၍လည်းကောင်း သင်္ကြန်ပွဲကိုဆင်နွှဲကြရသည်။ ရွှေတိဂုံ၊ ဗိုလ်တထောင်၊ ဆူးလေ၊ မဟာမုနိစေတီ ဘုရားများတွင် ဘုရားဖူးများ ကျိတ်ကျိတ်တိုးနေကြသည့်အချိန်တွင် ကျေးလက်ဒေသရှိရွာဦးစေတီလေးတွင် ရွာသားများကတပျော်တပါး ပန်း၊ ဆီမီး၊ ရေချမ်းများကို ကပ်လှူနေကြမြဲဖြစ်ပါသည်။

သင်္ကြန်ပွဲတော်ကို မြန်မာတို့သည် နှစ်စဉ် ပိတောက်များရွှေရည်လူးသော နှစ်ဆန်းအချိန်တွင်ကျင်းပကြလေ့ရှိပါသည်။ နှစ်ဟောင်းကုန်ပျောက်၍ နှစ်သစ်ရောက်လာသည့်အချိန်တွင် နှစ်ဟောင်းကာတင်ရှိခဲ့သော မကောင်းသည့် အညစ်အကြေးများကို နှစ်သစ်ဆီသို့ မကူးဆက်လာအောင် ဆေးကြောသုတ်သင်ကာ လာမည့်နှစ်သစ်တွင် ကောင်းကျိုးမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံစေရန်





ရည်ရွယ်ပြီး ရေပက်ကစားခြင်း၊ ကောင်းမှုကုသိုလ်များ ပြုလုပ်ကြခြင်းဖြစ်ပါသည်။ ရေသည် မကောင်းသောအညစ်အကြေးများကို ဆေးကြောသုတ်သင်နိုင်စွမ်းရှိစေပေရာ တစ်ဦးကိုတစ်ဦး ကြည်လင်သန့်ရှင်းသောရေဖြင့် ထိုသူတို့၌ တင်ကျန်စွန်းထင်းနေသော အကုသိုလ်အညစ်အကြေးများ သန့်စင်ကုန်ပျောက်သွားမည်ဟု ယုံကြည်ကြလေသည်။

အချို့ကလည်း ဗြဟ္မာကြီးဦးခေါင်းကို တစ်နှစ်လျှင်တစ်ဦးကျစီ သယ်ဆောင်ထားရသော နတ်သမီးက တစ်နှစ်ပြည့်မြောက်ပြီဖြစ်၍ တစ်ဦးထံသို့လွှဲပြောင်းပေးအပ်လိုက်ရာ ထိုအချိန်တွင် သင်္ကြန်ပွဲတော် ကျင်းပရခြင်းဖြစ်သည်ဟုဆိုကြသည်။ မည်သို့ဆိုစေ သင်္ကြန်ဟူသောဝေါဟာရမှာ သင်္ကန်ဟူသော သက္ကတဝေါဟာရဖြစ်၍ ကူးပြောင်းခြင်းအနက်ရသောကြောင့် တစ်နှစ်တာကုန်ဆုံး၍ နှစ်သစ်ဆီသို့ကူးပြောင်းချိန်တွင် မြန်မာတစ်မျိုးသားလုံးက ပျော်ပျော်ပါးပါး ရေကစားကြခြင်းသာဖြစ်ပါသည်။

မြန်မာတို့၏ သင်္ကြန်ပွဲတော်ကျင်းပပုံမှာလည်း တစ်မျိုးတစ်ဘာသာထူးခြားလှပါသည်။ သင်္ကြန်ပွဲတော်သည် လူမှုရေးနှင့် ဘာသာရေး ရောနှောပေါင်းစပ်ထားသော ပွဲတော်ဟူ၍လည်း ဆိုနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် သင်္ကြန်ပွဲတော်တွင် တစ်ယောက်နှင့်တစ်ယောက် ညီအစ်ကို မောင်နှမအရင်းအချာပမာ ရေပက်ကြ၊ နောက်ကြ၊ ပြောင်ကြ၊ ကျီစယ်ကြနှင့် တစ်ရွာလုံး၊ တစ်မြို့လုံးက အုန်းအုန်းကျွက်ကျွက်ပါဝင် ဆင်နွှဲကာ အခြားတစ်ဘက်ကလည်း ကုသိုလ်ဒါနများကို ပြုနိုင်ကြသောကြောင့်ဖြစ်ပါသည်။

မြန်မာ့သင်္ကြန်ပွဲတော်သည် မြန်မာ့ပြက္ခဒိန်နှင့်အညီ နှစ်မဆန်းမီ (၄)ရက်ကြိုတင်၍ အကြိုနေ့၊ အကျနေ့၊ အကြတ်နေ့၊ အတက်နေ့များတွင် စည်ကားသိုက်မြိုက်စွာကျင်းပသော ပွဲတော်ကြီးဖြစ်လေသည်။ ဤသို့အကြိုနေ့မှ နှစ်ဆန်းတစ်ရက်နေ့တိုင် ငါးရက်တိတိကျင်းပကြခြင်းမှာလည်း မြန်မာ့သင်္ကြန်၏ ထူးခြားချက်တစ်ရပ်ပင်ဖြစ်ပါသည်။ မြန်မာပြက္ခဒိန်အလိုအားဖြင့် မြန်မာသင်္ကြန်သည် တန်ခူးလတွင်ကျလေ့ရှိသည်။ ကျေးရွာများတွင် ရွာလယ်အရိပ်ကောင်းသည့်နေရာ၌ မဏ္ဍပ်များထိုးကာ ရေပက်ကစားကြသည်။ အချို့သောကာလသားများသည် ရေဖလားတွင် နံ့သာရေများထည့်ပြီး မိမိနှစ်သက်သဘောကျရာ မိန်းမပျိုလေးများကို သပြေခက်ဖြင့် ပက်ဖျန်းကြသည်။ ရေပက်ခံရသူ မိန်းမပျိုလေးများကလည်း ထိုရေကို မေတ္တာရေအဖြစ်တန်ဖိုးထားကြကာ တစ်ဦးနှင့်တစ်ဦး ပိုမိုရင်းနှီးလာစေပါသည်။

လူငယ်လူရွယ်များ ဤသို့ တပျော်တပါးရေပက်ကစားနေကြစဉ် လူကြီးများနှင့် အဘိုးအဘွားများသည် ဘုန်းတော်ကြီးကျောင်းသို့သွားကာ ဥပုသ်သီတင်းဆောက်တည်ကြသည်။ ရဟန်းသံဃာတော်များအား ဆွမ်းကပ်ခြင်း၊ ဘုရားတွင် ဆီမီးပန်းများကပ်လှူခြင်း၊ တရားနာခြင်း၊ သားကောင်နှင့် ငါးများကို ဘေးမဲ့ပေးခြင်းစသည့် ကုသိုလ်ကောင်းမှုများကို ပြုလုပ်ကြသည်။ လူငယ်လူရွယ်များကလည်း မုန့်လုံးရေပေါ်၊ မုန့်လက်ဆောင်း၊ ရွှေရင်အေး စသော မုန့်များကျွေးမွေးခြင်း၊ ကျောင်းကန်ဘုရားသို့သွား၍ ဘုရားသပ္ပါယ်ခြင်း၊ သက်ကြီးရွယ်အိုများအား ရေချိုးပေးခြင်း၊ ခြေသဲလက်သည်းလှီးပေးခြင်း၊ သနပ်ခါးနံ့သာရေများ လိမ်းကျံပေးခြင်းဖြင့်





ကုသိုလ်ယူလေ့ရှိပါသည်။ ထို့ကြောင့် သင်္ကြန်ပွဲတော်တွင် ကုသိုလ်လည်းရ ဝမ်းလည်းဝဆိုသလို လူငယ်ရောလူကြီးများပါ ပျော်ရွှင်ကြည်နူးကြရသည်။

မြို့ကြီးပြကြီးများတွင်မူ မဏ္ဍပ်ကြီးများတည်ဆောက်ကာ ရေပက်ခံကားများဖြင့် ရေကစားကြသည်။ ဘုန်းတော်ကြီးကျောင်းများ၊ စေတီပုထိုးများသို့သွားရောက်ကာ ကုသိုလ်ဒါနများ ပြုလုပ်ကြသည်။ အမြင်ဆန်းပြီး ပျော်စရာကောင်းလှသည်။ ရေပက်ခံမဏ္ဍပ်များ၊ အလှယာဉ်များကို ဆုပေးခြင်းဖြင့် မြို့ပြသင်္ကြန်ပွဲတော်ကို ပို၍စည်ကားစေသည်။

မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်သည် မြန်မာတို့၏ နူးညံ့သိမ်မွေ့လှသော ယဉ်ကျေးမှုအစဉ်အလာကို ဖော်ကျူးလှစ်ဟပြသည့် ရိုးရာပွဲတော်အဖြစ် ကမ္ဘာသို့ပင်ကျော်ကြားလှသည်။ ပါဝင်ဆင်နွှဲကြသော ကျွန်ုပ်တို့မြန်မာများသည်လည်း ရှေးရိုးရာအတိုင်း ယဉ်ကျေးသိမ်မွေ့စွာ ပြုမူသင့်ကြပါသည်။ မြန်မာ့ယဉ်ကျေးမှုနှင့် ဆန့်ကျင်ဖီလာဖြစ်နေသည့် အပြုအမူများကို အထူးရှောင်ရှားရန်လိုအပ်ပါသည်။ သို့မှသာလျှင် နှစ်ပေါင်းထောင်ချီ ဆင်နွှဲလာခဲ့သော မြန်မာ့သင်္ကြန်ပွဲတော်သည် မြန်မာတစ်မျိုးသားလုံး၏ စိတ်ဓါတ်အလှကို ဖော်ဆောင်၍ ဂုဏ်ရောင်ကို ထွန်းပြောင်နိုင်စေမည်မှာ အမှန်ပင်ဖြစ်ပါတော့သည်။

◆ ◆ ◆ ◆ ◆

# ၃၆။ ကောက်ရိတ်ချိန်

**ရေးရန်ပုံကြမ်းအချက်အလက်များ**

- လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် ကောက်ရိတ်ချိန်သည် ပျော်စရာကောင်းပုံ
- ကောက်ရိတ်ချိန်တွင် တွေ့မြင်ရသောမြင်ကွင်းများ
- ကျောင်းသူကျောင်းသားများနှင့် ကောက်ရိတ်ချိန်
- တောင်သူလယ်သမားများနှင့် ကောက်ရိတ်ချိန်
- တောင်သူလယ်သမားတို့၏ ဘဝအခြေအနေ တိုးတက်မှုနှင့် ဆက်စပ်နေပုံ
- ကောက်ရိတ်ချိန်မြင်ကွင်းမှတစ်ဆင့် မျှော်ခေါ်စဉ်းစားမိသော အမိနိုင်ငံတော်

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံထားသော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။လယ်ယာလုပ်ငန်းဖြင့်အသက်မွေးကြသည့် တောင်သူလယ်သမားများသည် မြန်မာနိုင်ငံလူဦးရေ၏ ၈၀ ရာခိုင်နှုန်းနီးပါးမျှရှိနေသဖြင့် ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသည် အရေးပါဆုံးနှင့် အထင်ရှားဆုံးဖြစ်ပါသည်။





မိုးရေကို အမှီကအားထားနေရသော တောင်သူလယ်သမားများသည် မိုးဦးကျအချိန်တွင် လယ်မြေကိုထွန်ယက်ကြရသည်။ မိုးဖြိုင်ဖြိုင်ရွာသောအခါ ကောက်စိုက်ကြရသည်။ မိုးကုန်၍ ဆောင်းရာသီရောက်သောအခါ စပါးများကိုရိတ်သိမ်းကြရသည်။ တောင်သူဦးကြီးတို့၏ လယ်ယာလုပ်ငန်းတွင် ကောက်စိုက်ချိန်နှင့် ကောက်ရိတ်ချိန်တို့သည် တမူထူးခြားပြီး ပျော်ရွှင်ဖွယ်ကောင်းလှပါသည်။ ယင်းတို့အနက် ကောက်ရိတ်ချိန်မှာ ကျွန်ုပ်တို့အတွက် ပို၍ကြည်နူးပျော်ရွှင်ဖွယ်ကောင်းလှသည်။

ကျွန်ုပ်သည် နိုင်ငံတော်အစိုးရက ဖွင့်လှစ်ပေးထားသော သရက်ပင်စုရွာအလယ်တန်းရွာသို့ နေ့စဉ်ကျောင်းတက်နေရသော ကျောင်းသားတစ်ယောက်ဖြစ်ပါသည်။ သရက်ပင်စုရွာသည် ကျွန်ုပ်တို့ထန်းတစ်ပင်ရွာကလေးနှင့် သုံးမိုင်ခန့်ဝေးပါသည်။ နွေ၊ မိုး၊ ဆောင်း သုံးရာသီစလုံးတွင် ကျယ်ဝန်းလှသောလယ်ကွင်းပြင်ကြီးကို ဖြတ်၍ ကျောင်းတက်ရပါသည်။ ကွင်းပြင်ကျယ်ကြီး၏ အလှပန်းချီကားကို ငေးမောရှုကြည့်ရင်း တာရိုးကြီးအတိုင်း လမ်းလျှောက်ရသည်မှာ တမျိုးပျော်စရာကောင်းလှပါသည်။ သုံးရာသီရှိသည့်အနက် ကောက်ရိတ်ချိန်တွင်ကျောင်းတက်ရသည်မှာ ပို၍ပျော်စရာကောင်းသည်ဟုထင်မိပါသည်။ ကောက်ရိတ်ချိန်တွင် မိခင်သဘာဝသည် တစ်မိုးတွင်းလုံးလွှမ်းခြုံထားသည့် မြသားရောင်ကမ္ဗလာကြီးကို ခွါချ၍ ရွှေဝါရောင်ပဝါကြီးကို လွှမ်းခြုံလိုက်သဖြင့် လယ်ကွင်းပြင်တစ်ခုလုံးသည် ဝင်းဝါ၍နေပါသည်။

ထိုအချိန်တွင် မြောက်ပြန်လေညင်းကလေးများက တသွင်သွင်တိုက်ခတ်လာပြန်ရာ ရွှေဝါရောင်စပါးနှံလေးများသည် လေနှင့်

အတူ ဘယ်ညာယိမ်း၍လှုပ်ရှားနေကြသည်မှာ လှပကျော့ရှင်းသော ယိမ်းသမလေးများစည်းချက်ဝါးချက်နှင့်အညီ ကခုန်မြူးတူးနေဘိသို့အလား ထင်မှတ်မှားလောက်ပါပေသည်။ နေအနည်းငယ်မြင့်လာသောအခါ မြူနှင်းများလွင့်ပါးကွယ်သွားသဖြင့် ကွင်းပြင်ကြီးတစ်ခုလုံးသည် နံနက်ခင်းနေရောင်အောက်တွင် ပို၍တောက်ပနေပါတော့ သည်။ ထိုအချိန်တွင် ကောက်ပင်များကြားရှိ ငါးများကိုရှာဖွေစားသောက်နေကြသော ငှက်ဖျိုင်းဖြူအုပ်များသည် ဟိုဟိုသည်သည် လူးလာပျံသန်းနေကြသည်မှာလည်း မျက်စိပသာဒတွင်ပန်းရလှပါသည်။

တစ်မိုးကုန်ပျောက် တစ်ဆောင်းရောက်လာပြီဖြစ်၍ ဩကာသလောကကြီးတစ်ခုလုံးသည် သစ်လွင်တောက်ပနေပါသည်။ ထိုအခါ ကျွန်ုပ်တို့ကျောင်းသားကျောင်းသူတို့၏ဘဝသည် အချိုးအကွေ့တစ်ခုဆီသို့ ရောက်သွားဘိသကဲ့သို့ အားတက်ရွှင်လန်းကာ ဉာဏ်ပညာများပွင့်လင်းလန်းဆန်းလာကြပါသည်။ ကျောင်းသူကျောင်းသားများသည် မိုးရာသီတစ်ခုလုံး စာများကို ကြိုးစားပမ်းစားကျက်မှတ်လေ့လာထားသမျှ ဆောင်းဦး ဟေမန္တရာသီကာလကောက်ရိတ်ချိန်သို့ရောက်သောအခါ မကြာမီရောက်လာတော့မည့် အတန်းတင်စာမေးပွဲကြီးအတွက် အမောဖြေရင်း ပညာရေးခရီးကို ဆက်ကြရပြန်သည်။ စွတ်စိုထိုင်းမှိုင်းသော သဘာဝရာသီလွန်မြောက်၍ ခြောက်သွေ့အေးမြသော သဘာဝရာသီသို့ ရောက်ရှိလာရာ ကျောင်းသင်ခန်းစာများကို လေ့လာခြင်းနှင့် ညအချိန်တွင်လေ့လာကျက်မှတ်ရာ၌ လွယ်ကူအဆင်ပြေလှပါသည်။





ကောက်ရိတ်ချိန်သည် ကျောင်းသူကျောင်းသားများအားတစ်နည်းအားဖြင့် အကျိုးပြုသလို ကျေးလက်ရှင်တောင်သူလယ်သမားများအားလည်း အကျိုးများစွာပြုနိုင်ပါသည်။ တောင်သူလယ်သမားများသည် ဆောင်းဦးကာလကောက်ရိတ်ချိန်သို့ရောက်လျှင် အထူးပင်ပျော်ရွှင်ကြည်နူးကြပါသည်။ သူတို့သည် တစ်ကွင်းလုံး ရွှေဝါရောင်ဖုံးနေသည့် စပါးခင်းများကိုကြည့်ရင်း မိမိတို့ဘဝတိုးတက်သာယာတော့မည့် အရေးကိုတွေးကာ ဝမ်းသာနေကြပါသည်။ တစ်ချိန်ထဲမှာပင် တဲရှေ့မြေပြင်တွင် ကောက်လှိုင်းများစုပုံရန် တလင်းကျယ်ကြီးကို ပြုလုပ်ကြရသည်။ ပြီးလျှင် ကောက်နှံစပါးများကို စတင်ရိတ်သိမ်းကြပါတော့သည်။ ရိတ်သိမ်းပြီးသောကောက်နှံများကို ကောက်လှိုင်းအဖြစ်ရစ်ပတ်စည်းနှောင်ကာ တလင်းဆီသို့ပို့ကြရပါသည်။ ကောက်နှံများကို ရိတ်သိမ်းရာတွင်မိသားစုအနေဖြင့်လည်းကောင်း၊ အခြားလုပ်သားများကို ငှားရမ်း၍လည်းကောင်း ရိတ်သိမ်းကြပါသည်။ ကောက်ရိတ်ချိန်မှာ လယ်အကြီးအငယ်ကိုလိုက်၍ (၁၅)ရက်မှ တစ်လအထိကြာညောင်းတတ်ပါသည်။

တောင်သူလယ်သမားတို့သည် ကွင်းပြင်ကြီးထဲ၊ နေပူထဲတွင်ကောက်ရိတ်ကြရသော်လည်း မမောမပန်းကြချေ။ အေးမြသောသဘာဝအခြေအနေက သူတို့၏လုပ်ငန်းအဆင်ပြေအောင် ကူညီပံ့ပိုးသကဲ့သို့ရှိနေပါသည်။ ကောက်ရိတ်ချိန်တွင် သူတို့အတွက်စားသောက်ဖွယ်ရာများပေါများလှပါသည်။ ဟင်းသီးဟင်းရွက်များကို သူတို့၏တဲနဘေးရှိစိုက်ခင်းလေးမှ ဆွတ်ခူးရရှိနိုင်ပါသည်။ ငါးများကိုမူ ရေခမ်းသေးသော လယ်ကွက်ထဲမှလည်းကောင်း၊ ရေကန်ထဲမှလည်းကောင်း ယူနိုင်ပါသည်။

ကောက်ရိတ်ချိန်သည် မြန်မာနိုင်ငံ၏ အဓိကအင်အားစုများဖြစ်ကြသည့်တောင်သူလယ်သမားများနှင့် ဆက်စပ်နေပါသည်။ သူတို့သည် ရိတ်သိမ်းပြီးသော စပါးကောက်လှိုင်းများကို တလင်းထဲတွင်စုပုံကာ စပါးနယ်ရပါသည်။ နယ်ပြီးသောစပါးကို စကောကြီးများနှင့် လေ့ကာအဖျင်းအမှော်များကို ရှင်းလင်းထုတ်ပစ်ရသည်။ သူတို့သည် တလင်းလယ်တွင်ပုံထားသော စပါးပုံကြီးကို ကြည့်ကာ ဝမ်းသာအားရဖြစ်ကြရသည်။ ဤစပါးကိုရောင်း၍ရသောငွေဖြင့် သူတို့သည်လာမည့်နွေဦး၌ သားကလေးကိုရှင်ပြုပေးနိုင်မည်မဟုတ်ပါလော။ ဘုရားပွဲ၊ သကြန်ပွဲစသည့် ဘာသာရေးပွဲလမ်းသဘင်များတွင် ပါဝင်ဆင်နွှဲကာ ကုသိုလ်ဒါနများကို ပြုကြရဦးမည်မဟုတ်ပါလော။ မှန်ပါသည်။ သူတို့တစ်နှစ်တာ ရုန်းကန်လှုပ်ရှားရာမှ ထွက်ပေါ်လာသောစပါးသီးနှံများဖြင့် သူတို့ဘဝ ဆက်လက်ရပ်တည်ရှင်သန်ရေးအတွက် ပံ့ပိုးအသုံးချသွားရပေဦးမည်။ သူတို့၏ အနာဂတ်သံသရာအတွက် ဒါနမျိုးစေ့များချသွားရပေဦးမည်။

ကောက်ရိတ်ချိန်သည် ကျောင်းသားများ၊ တောင်သူလယ်သမားများနှင့် သာမက တစ်နိုင်ငံလုံးနှင့်ဆက်စပ်အကျိုးပြုနေပါသည်။ ရိတ်၍ရသောစပါးများသည် နိုင်ငံသားအားလုံး၏ ဝမ်းစာအသက်သွေးကြောဖြစ်ပါသည်။ ထို့အတူ နိုင်ငံခြားကိုရောင်းချ၍ နိုင်ငံခြားငွေကိုရှာပေးကာ နိုင်ငံတော်တည်ဆောက်ရေးအတွက် အားထားရသော အခြေခံအင်အားလည်းဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကောက်ရိတ်ချိန်ရောက်တိုင်း ပျော်ရွှင်ကြည်နူးနေမည်သာဖြစ်ပါသည်။

◆ ◆ ◆ ◆ ◆



## ၃၇။ ပညာရဲ့ရင့်ပွဲလယ်တင့်

**ရေးရန်ပုံကြမ်းအချက်အလက်များ**

- ပညာဟူသည်
- ပညာရှိခြင်း၏အကျိုးများနှင့် သာဓကများ
- ပညာမဲ့ခြင်းဆိုးကျိုးများနှင့် သာဓကများ
- ပညာရဲရင့်သဖြင့်ပွဲလယ်တင့်ရပုံ မျက်မြင်ကိုယ်တွေ့ဖြစ်ရပ်များ
- ပညာကိုတတ်မြောက်အောင်လေ့လာဆည်းပူးပုံ
- ပညာကိုငယ်စဉ်ကပင် ကြိုးစားသင်ယူသင့်ကြပုံ

ပညာဟူသည် မိမိတွေ့ကြုံဆုံဆည်းနေရသောဖြစ်ရပ်များအပေါ် အမှားအမှန်ကို ဝေဖန်ဆန်းစစ်သိမြင်တတ်သော ဉာဏ်ကိုဆိုလိုပါသည်။ ကိစ္စများမြောင်လှသောလူ့လောကကြီးတွင် ဖြစ်ရပ်များလည်းအမျိုးစုံလင်လှသည်။ ထိုဖြစ်ရပ်များသည် အကောင်းလည်းရှိသည်။ အဆိုးလည်းရှိပါသည်။ မိမိကကောင်းသည်ထင်၍ ပြုလုပ်မိရာမှ အဆိုးဘက်ရောက်သွားသည့် အဖြစ်မျိုးရှိသလို မိမိက အဆိုး

ဟုထင်ထားသောအရာတို့သည်လည်း မမျှော်လင့်ဘဲ အကောင်းဖြစ်လာရသည့် အဖြစ်များလည်းရှိပါသည်။ တစ်ခါတရံ အဆိုးကို အဆိုးမှန်းမသိ၍ ပြုမိသဖြင့် ဒုက္ခရောက်ရသည့် အဖြစ်များလည်း ရှိပါသည်။ ထို့ကြောင့် မည်သည်ကအကောင်း မည်သည်ကအဆိုး ဟု ခွဲခြားသိမြင်နိုင်သောပညာသည် လူတိုင်းတွင်ရှိအပ်သည်သာ ဖြစ်သည်။

လူလောကကြီးတစ်ခုလုံး၌ အရေးကြီးဆုံးသောအရာကား ပညာသာလျှင်ဖြစ်သည်။ ပညာသာလျှင် လူတစ်ဦးတစ်ယောက်ကိုသာမက လူသားမျိုးနွယ်တစ်ခုလုံး တည်တန့်ရှင်သန်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်သော ရေသောက်မြစ်မကြီးဖြစ်သည်။ ပညာသည်သာ ဤလူလောကကြီးမှကွယ်ပျောက်သွားခဲ့ပါက ရေသောက်မြစ်မရှိသောသစ်ပင်ကြီးသည် မကြာမီမှာပင် သေကျေပျက်စီးသွားစေနိုင်သကဲ့သို့ လူလောကကြီးသည် ပျက်စီးကွယ်ပျောက်သွားမည်မှာ သေချာနေပါသည်။ ပညာ၏ဂုဏ်ကျေးဇူးကား စာဖွဲ့၍မကုန်နိုင်အောင် ကြီးကျယ်များပြားလှပါသည်။ လူ့လောကကြီးတစ်ခုလုံးအတွက် ပညာသာလျှင်အမိ ပညာသာလျှင်အဖဖြစ်ပါသည်။ ထို့ကြောင့် လူတိုင်းလူတိုင်းသည် ငယ်စဉ်အခါကပင် ပညာကိုအထူးတန်ဖိုးထား၍ သင်ကြားနေကြခြင်းဖြစ်ပါသည်။

ပညာသည် မျက်စိနှင့်တူပါသည်။ မျက်စိနှစ်ကွင်းအလင်းဆောင်သူများ ကြည့်မြင်လိုရာကို ကြည့်မြင်နိုင်ပြီး သွားလိုရာကို သွားနိုင်ပါသည်။ ဘဝတွင်တွေ့ရသောအခက်အခဲများ၊ ပြဿနာများကို အောင်မြင်စွာကျော်လွှားသွားနိုင်ပါသည်။ မည်သည်ကအမှန်





မည်သည်ကအမှားဟု ပိုင်းခြားဝေဖန်နိုင်သဖြင့် မိမိပြုသမျှ၊ ကြံစည်သမျှ၊ ပြောဆိုသမျှသည် အမှားကင်းစင်ပြီး အောင်မြင် ခြင်းပန်းတိုင်ကို အလွယ်တကူရောက်နိုင်ပါသည်။ အလောင်းတော်ပညာရှိ မဟောသဓာသုခမိန်သည် မိမိပညာကိုအသုံးချကာ ဝိဒေဟရာဇ်တိုင်း မိထိလာပြည်သို့ ဝိုင်းရံတိုက်ခိုက်လာသော တစ်ရာ့တစ်ပါးသောမင်းတို့၏စစ်ကို အောင်နိုင်ခဲ့ပါသည်။

လူတစ်ဦးတစ်ယောက်ကို မဆိုထားနှင့် လူအများနေထိုင်ရာ တိုင်းနိုင်ငံများသည်ပင် ပညာတတ်များပေါများသောနိုင်ငံသားများ ရှိပါမှ တိုင်းပြည်သည် တိုးတက်စည်ပင်နိုင်ပါသည်။ ယနေ့ ကမ္ဘာပေါ်၌ ကြီးပွားတိုးတက်နေသောနိုင်ငံကြီးများကို ကြည့်ပါလျှင် ဤသဘောကို မျက်ဝါးထင်ထင်တွေ့မြင်နိုင်ပါသည်။ တိုင်းပြည်တိုးတက်ရေးအတွက် တိုင်းသူပြည်သားတို့သည် လူမှုရေးဆိုင်ရာ တာဝန်ကျေကြရပါမည်။ နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှု တိုးတက်ရေးတွင် တစ်တပ်တစ်အားပါဝင်ဆောင်နိုင်ရမည်။ မိမိတိုင်းပြည်နှင့် လူမျိုးကို ကာကွယ်စောင့်ရှောက်နိုင်စွမ်းရှိရပါမည်။ ထိုသို့လုပ်ဆောင်နိုင်ဖို့ဆိုလျှင် ပညာတတ်ဖို့လိုပါသည်။ မိမိတို့နိုင်ငံအတွင်း၌ ပညာတတ်များပေါများလျှင် မိမိတို့နိုင်ငံသည် အဘက်ဘက်က တိုးတက်ဖွံ့ဖြိုးပြီး ကမ္ဘာ့အလယ်တွင်ထည်ဝါခန့်ငြားစွာနေနိုင်ပါမည်။

ပညာတတ်ဟုဆိုရာတွင် အသိပညာ၊ အတတ်ပညာများကို ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်ထားသူကိုဆိုလိုပါသည်။ အသိပညာရှင်များသည် နိုင်ငံတော်၏ ယဉ်ကျေးမှုစာပေ ဓလေ့ထုံးစံများကို စောင့်ရှောက်ထိန်းသိမ်းကာ တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်နိုင်ကြပါသည်။ ယနေ့တွင်ကမ္ဘာ့ထိပ်တန်းရောက်နေကြသော

အမေရိကန်နိုင်ငံ၊ ဂျပန်နိုင်ငံတို့သည် ထိုသို့သော အသိပညာရှင် အတတ်ပညာရှင်များ၊ အများအပြားရှိနေသောကြောင့် ဖြစ်ပါသည်။

လူ့လောကတွင်အောက်တန်းကျနေသူများသည် ပညာမဲ့သူများသာဖြစ်ကြပါသည်။ အသိပညာလည်းမရှိ အတတ်ပညာလည်း နတ္ထိဖြစ်နေသူများသည် လူ့ဘဝကိုရရုံမျှသာရှိကြပြီး လူဖြစ်ရကျိုးမနပ်ကြချေ။ မိမိဘဝတိုးတက်ကြီးပွားရေးကိုမဆိုထားနှင့် မိမိဘဝ၏ စားဝတ်နေရေးကိုပင် မဖြည့်ဆည်းမရှာကြံနိုင်ကြချေ။ လူကြားသူကြားထဲသို့ဝင်ရောက်ရာ၌လည်း မပြောတတ်မကြံတတ်ဖြစ်ကာ မျက်နှာငယ်ကြရပါသည်။ လူ့ပေါက်ပန်းများသဖွယ် အသုံးမကျဖြစ်ကြရပါသည်။ ပညာမတတ်သူသည် မိမိတစ်ဦးတည်းအတွက်သာမက မိမိလူမျိုးအတွက်လည်း မည်သို့မျှအကျိုးမပြုနိုင်ဘဲ ဆန်ကုန်မြေလေးဘဝနှင့်ပင် နိဂုံးချုပ်သွားရရှာသည်။ ထို့အတူ ပညာမတတ်သူဖိုးသူညများနေထိုင်ရာ တိုင်းနိုင်ငံသည်လည်း ဆင်းရဲကျပ်တည်းကာ ကမ္ဘာ့အလယ်တွင်မျက်နှာငယ်ရလေသည်။

ပညာတတ်သူများသည် ပညာအရောင်ကြောင့်ထွန်းပြောင်ရပါသည်။ ပညာရဲရင့်သဖြင့်လည်း ပွဲလယ်တင့်နိုင်ပါသည်။ ထို့ပြင် ပညာတွင်တန်ခိုးရှိပါသည်။ အရှိန်အဝါလည်းကြီးမားလှသည်။ ပညာရှင်ကို လူအများကလေးစားရိုသေရသည်။ မဟောသဓ ဇာတ်တော်ကြီးတွင် မဟောသဓသည် သေနက၊ ပက္ကုသ၊ ဒေဝိန္ဒ၊ ကာမိန္ဒ အမတ်တို့ထက်အသက်ငယ်သော်လည်း ပညာအရာ၌သာလွန်သဖြင့် ဝိဒေဟရာဇ်မင်းကြီး၏ ချီးမြှောက်ခြင်းကိုခံခဲ့ရသည်။ ပဉ္စာလရာဇ်တိုင်းပြည်မှ ကေဝဋ္ဋအမတ်ကြီးကိုပင် ပညာစွမ်းဖြင့် အနိုင်ယူခဲ့သည်သာမက မိထိလာပြည်ကြီးကိုလည်း ရန်သူများ၏လက်မှ ကယ်တင်နိုင်ခဲ့သည်။ မြန်မာ့သမိုင်းလာ ဝန်ဇင်းမင်းရာဇာ၊ ရာဇ



သကြ်န်၊ ဦးပေါ်ဦး၊ ယောမင်းကြီးဦးဘိုးလှိုင် စသောပညာရှိကြီးများသည် လူပင်သေသော်လည်း နာမည်မသေဘဲ ယနေ့တိုင်ထင်ရှားနေဆဲဖြစ်ပါသည်။

ထို့ကြောင့် ပညာကိုမရ-ရအောင် လေ့လာဆည်းပူးရမည့် တာဝန်သည် လူတိုင်း၌ရှိပါသည်။ ပညာတတ်လိုသောစိတ်ဆန္ဒကို ပြင်းပြစွာထားရှိ၍ ကြီးစွာသောလုံ့လဝီရိယဖြင့် ကြိုးစားသင်ယူကြရပါမည်။ ပညာသင်ကြားရာ၌ စာဆိုရှင် ရှင်မဟာရဋ္ဌသာရ၏ "သု-စိ-ပု-ဘာ-ဝိ-လိ-သိ-ဓာ" ဟူသောနည်းများအတိုင်း အပတ်တကုတ် လေ့လာသင်ယူကြရမည်ဖြစ်ပါသည်။ လောက၌ မတတ်သင့်သောပညာသာရှိပြီး မသိသင့်သောပညာဟူ၍မရှိချေ။ တစ်နေ့လျှင် တံပူတစ်ပြန်စာမျှ စာကိုကျက်သွားရာ နောက်ဆုံးတွင် ပိဋကတ်သုံးပုံကို အာဂုံဆောင်နိုင်သူဦးကျည်ပွေ့ကဲ့သို့ မလျှော့သောဇွဲဖြင့် ကျက်မှတ်လေ့လာသွားသင့်ကြပါသည်။

နောင်တခေတ်တွင် လူကြီးများဖြစ်လာကြမည့် ကျွန်ုပ်တို့ ကျောင်းသားများသည် ငယ်စဉ်ကျောင်းသားဘဝကပင် ပညာကို ကြိုးစားသင်ယူသင့်ကြသည်။ ဆရာမိဘတို့၏ ဩွန်ကြားဆုံးမမှုများကိုနာယူပြီး ပညာတတ်များဖြစ်လာအောင် ကြံဆောင်ကြရပေမည်။ သို့မှသာလျှင် ကျွန်ုပ်တို့သည် မိမိနှင့် မိမိလူမျိုးအကျိုးကို သယ်ပိုးဆောင်ရွက်ပေးနိုင်သော သားကောင်းရတနာများအဖြစ်သို့ ရောက်ရှိလာနိုင်မည်မှာ မလွဲဧကန်ပင် ဖြစ်ပါတော့သည်။

◆ ◆ ◆ ◆ ◆

## ၃၈။ စည်းကမ်းဟူသည် လူ့တန်ဖိုး

**ရေးရန်ပုံကြမ်းအချက်အလက်များ**

- လောကတွင် လူ့တန်းစေ့နေနိုင်ရေးတွင် စည်းကမ်းသည်အရေးကြီးလှပုံ
- စည်းကမ်းဟူသောဝေါဟာရ၏ သဘောအဓိပ္ပါယ်
- လူလောက၏ ကြီးပွားချမ်းသာရေးအတွက် စည်းကမ်းသည် အခြေခံကျလှပုံ
- စည်းကမ်းရှိခြင်း၊ လိုက်နာခြင်းဖြင့် ကောင်းကျိုးများရရှိနိုင်ပုံနှင့် သာဓကများ
- စည်းမဲ့ကမ်းမဲ့ ပရမ်းပတာနေခြင်းသည် ပျက်စီးဆုံးရှုံးခြင်း၏ အကြောင်းရင်းဖြစ်ပုံနှင့် သက်သေသာဓကအချို့
- ငယ်စဉ်ကပင် စည်းကမ်းရှိသူ၊ စည်းကမ်းလိုက်နာသူ ဖြစ်အောင်ကြိုးစားသင့်ပုံ





လူ့လောကထဲသို့ ရောက်ရှိလာသူတိုင်းသည် ဘဝအခြေတင့်၍ မြင့်မြတ်ကောင်းမွန်သော အဖြစ်သို့ရောက်ချင်သူများသာဖြစ်သော်လည်း လူတိုင်းသည် ထိုဘဝသို့ရောက်နိုင်ကြသည် မဟုတ်ချေ။ ထိုသူတို့သည် စိတ်ကဖြစ်ချင်၊ ရောက်ချင်ယုံမျှသာရှိ၍ တကယ်တန်းဖြစ်အောင်ရောက်အောင်ကိုမူ လက်တွေ့မလုပ်နိုင်သောကြောင့်ဖြစ်ပါသည်။ မိမိလိုရာပန်းတိုင်ဆီသို့ ဖြောင့်တန်းချောမောစွာရောက်နိုင်သော အခြေခံအကြောင်းတရားများဖြစ်ကြသည့် စိတ်ဓါတ်၊ စည်းကမ်း၊ လုံ့လ၊ ဇွဲ စသည်တို့ကို အရင်းခံထားနိုင်မှသာ ဖြစ်နိုင်ရောက်နိုင်မည်ဖြစ်ပါသည်။ လူ့ဘဝအခြေကို မြှင့်ပေးနိုင်သော စိတ်ဓါတ်၊ စည်းကမ်း၊ လုံ့လ၊ ဇွဲတို့တွင် စည်းကမ်းသည် အဓိကကျသော အကြောင်းရင်းတစ်ခုဖြစ်ပါသည်။

စည်းကမ်းသည် ဤမျှတန်ခိုးသတ္တိရှိသော လူ့စွမ်းအားတစ်ရပ်ဖြစ်သည်နှင့်အညီ စည်းကမ်း၏အဓိပ္ပါယ်နှင့် သဘောကိုသိရှိနားလည်ရန် လိုအပ်လာပါသည်။ စည်းကမ်းဟူသည် “စည်း” နှင့် “ကမ်း” ဟူသောဝေါဟာရနှစ်လုံးကို ရောမွှေပေါင်းစပ်ထားသည့် စကားလုံးဖြစ်ပြီး ကန့်သတ်ထားခြင်း၊ ထိန်းချုပ်ထားခြင်း၊ တားဆီးထားခြင်း၊ မကောင်းသည့်အဖြစ်သို့မရောက်အောင် ကာကွယ်စောင့်ရှောက်ထားခြင်းဟု အဓိပ္ပါယ်ရပါသည်။ တစ်လုံးတည်းအဖြစ် ချုံ့၍ဆိုရသော် မလိုလားဖွယ်သော ဘဝမျိုးသို့မရောက်သွားနိုင်အောင် လူကိုထိန်းချုပ်တားဆီးပေးထားသည့် အကြောင်းတရားဟု ဆိုရပါမည်။

မှန်ပါသည်။ “စည်း” ဟူသည် ကျူးကျော်ဝင်ရောက်လာခြင်းမရှိအောင် တားဆီးထားသောအရာဖြစ်၍ “ကမ်း”မှာ ရေစီး

ကြောင်းကြီးဖြောင့်တန်းစွာ စီးဆင်းသွားနိုင်အောင် နံဘေးသို့ လျှံကျမသွားအောင် ဟန့်တားကာကွယ်ထားသောအရာဖြစ်ပေရာ စည်းနှင့်ကမ်းကိုပေါင်းစပ်လိုက်သောအခါ သူတစ်ပါးက ကိုယ့်ဆီသို့ မကျူးကျော်မဝင်ရောက်လာအောင်၊ ကိုယ်ကလည်း သူတစ်ပါးဆီ ကျူးကျော်ဝင်ရောက်ခြင်းမရှိအောင် ဟန့်တားကာကွယ်ထားသော လူ့ကျင့်ဝတ်တရားဟု ဆိုနိုင်ပါသည်။ ထို့ကြောင့် စည်းကမ်းသည် လူအချင်းချင်းပေါင်းသင်းဆက်ဆံရေးတွင် ချောမွေ့ပြေလည်မှုရှိစေရန် ဖန်တီးပေးသော ပီယဆေး၊ မိမိထံသို့မလိုလားအပ်သည့် ဘေးအန္တရာယ်တစ်စုံတစ်ရာ မဝင်ရောက်လာအောင် ကာကွယ်ထားသည့် အုတ်တံတိုင်း၊ လူ့လောကအလယ်တွင် ထည်ဝါခန့်ငြားစွာ နေထိုင်အသက်ရှင်နိုင်စေသည့် ကျင့်ဝတ်များပင်ဖြစ်ပါသည်။

စည်းကမ်းသည် လူတိုင်းအတွက်မရှိမဖြစ် အရေးကြီးလှသော အသက်သွေးကြောကြီးဖြစ်ပါသည်။ ကြီးပွားချမ်းသာခြင်းဟူသည် စည်းကမ်းကို အခြေမခံဘဲ မည်သည့်အခါမှ ဖြစ်ပေါ်လာရိုးမရှိချေ။ စည်းကမ်း၏သဘောကိုနားလည်သူများ၊ စည်းကမ်းနှင့်အညီ နေထိုင်ပြုမူပြောဆိုတတ်သူများသာလျှင် ကြီးပွားခြင်း၊ ပျော်ရွှင်ချမ်းမြေ့ခြင်းတို့ကို လက်ဝယ်ပိုင်ပိုင်ရနိုင်ပါသည်။ စည်းကမ်းတွင် တန်ခိုးရှိသည်။ ဖြစ်လိုရာကိုဖြစ်စေနိုင်သော အင်အားရှိသည်။ ဘေးအန္တရာယ်ဟူသမျှကို ကျော်လွှားလွန်မြောက်နိုင်သော သတ္တိရှိသည်။ စည်းကမ်းကိုဆောင်ထားလျှင် အသက်ဆုံးသည့်တိုင်အောင် ဆင်းရဲဒုက္ခနှင့် တွေ့နိုင်ကြမည်မဟုတ်ချေ။ ထို့ကြောင့် ပညာဉာဏ်ရင့်ကျက်သော အမျိုးကောင်းသားသမီးတို့သည် စည်းကမ်းသာလျှင်





ကိုးကွယ်ရာ၊ စည်းကမ်းသာလျှင် အားထားရာအဖြစ်မှတ်ယူကာ စည်းကမ်းနှင့်အညီ နေထိုင်ပြုမူကြလေသည်။

ကျွန်ုပ်တို့သည် ကြီးပွားချမ်းသာနေကြသော ကမ္ဘာ့နိုင်ငံကြီးများကိုကြည့်ကာ ထိုနိုင်ငံတို့သည် စည်းကမ်းရှိသောကြောင့် တိုးတက်ကြီးပွားရသည်ဟု ကောက်ချက်ချလေ့ရှိကြပါသည်။စင်စစ်မှာမူ စည်းကမ်းရှိသည်မှာ ထိုနိုင်ငံများမဟုတ်ကြချေ။ ထိုနိုင်ငံများအတွင်း မှီတင်းနေထိုင်ကြသော နိုင်ငံသားများကသာ စည်းကမ်းရှိသူများဖြစ်ကြသောကြောင့် သူတို့၏နိုင်ငံသည် ကြီးပွားတိုးတက်ရခြင်းဖြစ်ကြောင်း သတိမူသင့်ကြပါသည်။ စည်းကမ်းသည် လူတစ်ဦးတစ်ယောက်ကို ဘဝ၏အထွတ်အထိပ်ဆီသို့ပို့ ဆောင်ပေးနိုင်သည်သာမက ထိုသူအတွက်ကြီးမားသော ဂုဏ် သိက္ခာများကိုလည်း ရရှိစေနိုင်ပါသည်။ မြန်မာနိုင်ငံသမိုင်းတွင် သာလွန်မင်းတရားကြီးသည် စည်းကမ်းရှိရာ၌ နာမည်ကြီးလှသူဖြစ်ပါသည်။ သူသည် နိုင်ငံသားတို့ ဆင်းရဲခြင်းမှကင်းဝေးကြစေရန် နိုင်ငံတွင်း လှည့်လည်၍ ပြည်သူတစ်ဦးစီ၏ နေထိုင်စားသောက်ပုံကို ထိန်းသိမ်းကြပ်မတ်ပေးလေ့ရှိပါသည်။

တစ်ခါသော် မင်းကြီးသည် ထမင်းရည်ကို မြေကြီးပေါ်သို့ ငှဲ့နေသူ မိန်းမတစ်ဦးကိုမြင်၍ ဤသို့ ထမင်းရည်ကို မြေကြီးပေါ်သို့ အလဟဿသွန်ချလိုက်မည့်အစား ခွက်ဖြင့်ခံယူ၍ သားငယ်သမီးငယ်များကို အာဟာရအဖြစ်ကျွေးမွေးနိုင်ကြောင်း ပြောဆိုညွှန်ပြတော်မူခဲ့ပါသည်။ မှန်ပါသည်၊ စည်းကမ်းသည်အရာဝတ္ထုတစ်ခုကို သူနေရာနှင့်သူ အသုံးချတတ်ဖို့၊ အလေအလွင့်၊ အလဟဿမဖြစ်အောင် ထိန်းသိမ်းတတ်ဖို့နှင့်လည်း သက်ဆိုင်ပါသည်။ တစ်နည်း

ဆိုသော် စည်းကမ်းသည် ချွတာခြင်း၊ အကျိုးမဲ့ဖြစ်အောင် မပြုလုပ်ခြင်း၊ စဉ်းစားဆင်ခြင်တတ်ခြင်းဟူသော အရည်အချင်းကောင်း တစ်ရပ်လည်းဖြစ်ပါသည်။

ဘဝတွင်နုံချာ၍ အောက်တန်းကျနေသူများ၊ စိတ်သွားတိုင်းကိုယ်မပါဘဲ အခက်အခဲများနှင့် ရင်ဆိုင်နေရသူများ၊ ဆင်းရဲမွဲတေသူများကိုကြည့်ပါလျှင် စည်းကမ်းမရှိသူများဖြစ်ကြသည်ကို တွေ့မြင်ရပေမည်။ သူတို့သည် အနေအထိုင်စည်းကမ်းမရှိသူများ၊ အပြောအဆိုစည်းကမ်းမရှိသူများ၊ အလုပ်လုပ်ရာ၌ စည်းကမ်းမရှိသူများဖြစ်ကြသည်။ စည်းကမ်းမရှိသူများသည် မိမိတို့ တစ်ဦးတစ်ယောက်တည်းကိုသာ ဆင်းရဲမွဲတေစေနိုင်သည်မဟုတ်။ မိမိအိမ်ထောင်စု၊ မိမိရပ်ရွာ၊ မိမိတိုင်းပြည်ကိုပါ ဆင်းရဲမွဲတေအောင် ပြုမူဖန်တီးနိုင်သူများဖြစ်ကြပါသည်။ အဆုံးစွန်ပြောရလျှင် ကျွန်ုပ်တို့နိုင်ငံတော်ကြီးသည်တစ်ချိန်က ထီးစည်ကျိုးပေါက်၍ သူ့ကျွန်ဘဝသို့ရောက်ရှိခဲ့သည်မှာ မြန်မာတွေ စည်းကမ်းမရှိကြ၍ဖြစ်ကြောင်း အချုပ်တန်းဆရာဖေက “မြန်မာတွေစည်းကမ်းဖောက်လို့၊ ထီးနန်းပျောက်ဖြစ်ပြီ၊ မိုးငြမ်းထောက် အသစ်မိုသည်၊ ညစ်ပလီလူမျိုး၊ မိပစ်လို့ဖရှောင်သွေသည်၊ ခွကောင်တွေ ခွေးဖြစ်ပေါ့ဗျိုး” ဟု စာချိုးခဲ့သည်မှာ အသဲနာဖွယ်ကောင်းလှပါသည်။

အားလုံးကိုချုံ၍ဆိုရသော် စည်းကမ်းသည်လူ၏တန်ဖိုး၊ လူ့ဘဝကိုအမြင့်ဆီသို့ တွန်းတင်ပေးသောအရာ၊ လူမျိုးတစ်မျိုးကို ထိန်းသိမ်းပေးသောအင်အား၊ နိုင်ငံတစ်နိုင်ငံကို ကြီးပွားတိုးတက်စေသော စွမ်းပကားကြီးတစ်ခုဖြစ်ပါသည်။ ထိုကြောင့် ကျွန်ုပ်တို့ကျောင်းသူ၊ ကျောင်းသားများသည် ယခုငယ်စဉ်ကပင် ပညာများကို





သင်ရင်း စည်းကမ်းနှင့်နေတတ်ထိုင်တတ်သူများ၊ စည်းကမ်းလိုက်နာတတ်သူများ၊ စည်းကမ်း၏တန်ဘိုးကို နားလည်သူများဖြစ်အောင် ကြိုးပမ်းအားထုတ်သင့်လှပါတော့သည်။

◆ ◆ ◆ ◆ ◆

# ၃၉။ ဇွဲလုံ့လ

**ရေးရန်ပုံကြမ်းအချက်အလက်များ**

- ဇွဲလုံ့လဟူသောအဓိပ္ပါယ်
- ကြိုးစားမှုဟူသမျှသည် ကြီးပွားတိုးတက်ရေးအတွက် အခြေခံဖြစ်ပုံ
- ဇွဲလုံ့လဖြင့် အောင်မြင်ကြီးပွားချမ်းသာရပုံသာဓကများ
- ဇွဲလုံ့လမရှိ ပျင်းရိခြင်းကြောင့်ဆင်းရဲဒုက္ခရောက်ရပုံ သာဓကများ
- ကြီးပွားတိုးတက်လိုသူတို့အတွက် ဇွဲလုံ့လမှတစ်ပါး အခြားအားကိုးစရာမရှိပုံ

"ဇွဲ" သို့မဟုတ် "လုံ့လ" ဟူသောစကားနှစ်လုံးကို လူတိုင်း ကြားဘူးကြပေမည်။ အပေါ်ယံကကြည့်လျှင် ဇွဲ၊ လုံ့လ ဟူသည် ကြိုးစားအားထုတ်ခြင်းသဘောဟူ၍သာ သိရှိနားလည်ထားကြ သော်လည်း စင်စစ်တွင်မူ ဇွဲ၊ လုံ့လသည် ထိုထက်လေးနက်ထွေပြား သော အဓိပ္ပါယ်ကိုဆောင်နေသည့် ဝေါဟာရ စကားလုံးများဖြစ်ကြ





သည်။ "ဇွဲ" သည်မဖြစ်မနေ၊ မရမနေ၊ ဖြစ်အောင်၊ ရအောင်လုပ် မည်ဟူသော စိတ်ဓါတ်အရည်အချင်းဖြစ်၍ "လုံ့လ" သည် မဖြစ် ဖြစ်အောင်၊ မရရအောင်လုပ်နိုင်စွမ်းရှိသည့် ခန္ဓာကိုယ်ကြံခိုင်မှု ဆိုင်ရာ အရည်အချင်းဖြစ်ပါသည်။ ထို့ကြောင့် ဇွဲ နှင့်လုံ့လကို ပေါင်းစပ်၍ ဝေါဟာရတစ်လုံးတည်းအဖြစ် အဓိပ္ပါယ် ဖွင့်ဆိုရသော် "မဖြစ်လျှင်မနေ၊ မရလျှင်မနေ၊ ဖြစ်အောင်၊ ရအောင်လုပ်မည် ဟူ သော စိတ်ဖြင့် တကယ်ဖြစ်လာ၊ ရလာအောင် အားသွန်ခွန်စိုက် ကြိုးစားကာ အကောင်အထည်ဖော်နိုင်သည့် အင်အား" ကို ဆိုလို ခြင်းဖြစ်ပါသည်။

ဇွဲ၊ လုံ့လသည် လူတစ်ဦးချင်းကိုသော်လည်းကောင်း၊ လူတစ် စု၊ တစ်ဖွဲ့၊ တစ်နိုင်ငံလုံးကိုသော်လည်းကောင်း ကြီးပွားတိုးတက် စေလိုပါလျှင် "ဇွဲလုံ့လ" ကိုသာ လက်ကိုင်ထားကြရမည်ဖြစ်ပါ သည်။ မည်သည့်အလုပ်မျိုးကိုမဆို ဇွဲလုံ့လဖြင့် ကြိုးစား လုပ်ကိုင် သွားမည်ဆိုလျှင် မိမိတို့လိုချင်သောပန်းတိုင်ကို အမှန်မုချရောက် ရမည်သာဖြစ်ပါသည်။ ယနေ့ ကျွန်ုပ်တို့လူ့လောက ကမ္ဘာကြီးတွင် အံ့ဖွယ်ဆန်းပြား ဖြစ်ထွန်းတိုးတက်မှု အဖုံဖုံသည် ဇွဲလုံ့လကိုအရင်း တည်အခြေခံ၍သာ ဖြစ်ပေါ်လာရခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဇွဲ လုံ့လဟူသည် လူ့ဘဝကြီး၏ ပျော်ရွှင်ချမ်းမြေ့မှု၊ ဝပြော သာယာမှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့၏ အခြေခံအုတ်မြစ်ဖြစ်သည်ဟု ဆိုလိုက်ရ ခြင်း ဖြစ်ပါသည်။

ဇာတ်တော်ကြီးဆယ်ဘွဲ့လာ မဟာဇနကမင်းသားသည် ဇွဲ လုံ့လကိုအရင်းတည်ကာ မင်းအဖြစ်ကိုရရှိခဲ့သူဖြစ်ပါသည်။ သူသည် သမုဒ္ဒရာထဲတွင် သင်္ဘောပျက်၍ကူးခတ်နေရသော်လည်း ဘယ်

ဝယ်သောင်ကမ်း ၊ ဘယ်ဆီမှန်းပြီး ကူးခတ်နေခြင်းမဟုတ်။ ရှိသမျှ အင်အားဖြင့် ဇွဲလုံ့လကို အရင်းတည်ကာ ကူးခတ်နေခြင်းသာဖြစ်ပါသည်။ မိမိ၏အား၊ ခြေလက်အစုံအညီရှိလျက်နှင့် သေလျှင်သေပါစေတော့ဟု စိတ်ပျက်လက်လျှော့ငိုကြွေးမနေပဲ ယောက်ျားတို့လုံ့လ သေခါမှလျှော့မည်ဟု ဇွဲတင်းထားသူဖြစ်ပါသည်။ သူ၏ ကြီးမား ခိုင်ခံ့သော ဇွဲလုံ့လကြောင့် သူသည်ကမ်းပေါ်သို့ရောက်ရှိကာ ယောက်ျားတကာတို့၏ အထွတ်အထိပ်ဖြစ်သည့် မင်းစေကရာဇ် အဖြစ်သို့ရောက်ရှိခဲ့သည်။ ထိုသည်မှာ ဇွဲလုံ့လရှိခြင်း၏ အကျိုးကျေးဇူးရှိပုံကို အထင်အရှားဖော်ပြလိုက်ခြင်းဖြစ်ပါသည်။

ကျွန်ုပ်တို့အတန်းထဲရှိသူငယ်ချင်းများအနက် ခင်မောင်လှဆိုသော သူငယ်ချင်းတစ်ယောက်ရှိပါသည်။ သူသည် ဇွဲလုံ့လ အလွန်ကြီးမား သူတစ်ယောက်ဖြစ်ပါသည်။ အချိန်ရှိတိုင်း စာကိုသာ ဂရုတစိုက်လေ့လာကျက်မှတ်နေတတ်ပါသည်။

ထို့ကြောင့် လစဉ်စာမေးပွဲများနှင့် အစမ်းစာမေးပွဲများတွင် သူသည်အမြဲပင် ပထမရပါသည်။ စင်စစ်ဆိုလျှင် ခင်မောင်လှသည် ဉာဏ်ကောင်းလှသူမဟုတ်သော်လည်း ဇွဲလုံ့လအရင်းခံဖြင့် ပထမနေရာကို ထိန်းထားနိုင်ခြင်းဖြစ်ပါသည်။ အခြားသော လူမှုရေး၊ စီးပွားရေး ၊ နိုင်ငံရေး ကိစ္စများတွင်လည်း ကြိုးစားနိုင်သူ၊ အားထုတ်နိုင်သူတို့ကသာ ထိပ်ဆုံးသို့ရောက်နိုင်ကြပါသည်။လောကတွင် ထိပ်ဆုံးသို့ရောက်နေသူများ၏ဘဝကို တစေ့တစောင်းကြည့်ရှုလိုက်လျှင် သူတို့ထဲတွင်မွေးစဉ်ကာလက ငွေခွန်းကလေးကိုက်ပြီးမွေးလာသူများသည် မရှိသလောက်ရှားပါးလှသည်။ ထိုသူတို့သည် အောက်ဆုံးအဆင့်မှ ဇွဲလုံ့လကိုအားပြုကာ တက်လှမ်းလာသူများဖြစ်ကြောင်း တွေ့ရမည်ဖြစ်ပါသည်။





မြန်မာမှုစကားများထဲတွင် "ယောက်ျားတံခွန်၊ လူရည်ချွန်က၊ ကောင်းကင်တမွတ်၊ ကြယ်ကိုဆွတ်လည်း၊ မလွတ်စတမ်း၊ ရမြဲလမ်း" ဆိုသော စကားတစ်ခွန်းရှိပါသည်။ မဖြစ်နိုင်သည်ကို စိတ်ကူးယဉ်ပြီး တင်စားပြောဆိုထားသောစကားမဟုတ်ပါ။ တကယ်ဖြစ်ချင်၊ တကယ်လုပ်အဟုတ်ဖြစ်ရမည့်အားမာန်ကို တင်စားထားသည့်စကားတစ်ခွန်းဖြစ်ပါသည်။ မည်သည့်နေရာ မည်သည့်ကိစ္စမှာမဆို တကယ်ဖြစ်လိုသောဆန္ဒသာရှိခဲ့လျှင် ဇွဲလုံ့လကိုသာ အရင်းခံပြီး ကြိုးစားပါက မုချဖြစ်ရမည်သာဖြစ်ပါသည်။ ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် ဂျပန်နိုင်ငံသည် စစ်ရှုံးနိုင်ငံအဖြစ် လောင်စာနှင့်ပြာပုံအတိနှင့်ကျန်ရစ်ခဲ့သည်။ ဂျပန်လူမျိုးတို့သည် လောင်စာနှင့် ပြာပုံကြီးအကြားမှ လူးလွန့်နိုးထလာပြီး နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို အားသွန်ခွန်စိုက်အလုပ်လုပ်ခဲ့ကြသည်။ တစ်ဘက်ကလည်း မိမိတို့၌ရှိပြီးသောဖြစ်သော ခေတ်မီနည်းပညာများကို ပိုမိုတိုးတက်ဆန်းသစ်လာအောင် ကြိုးစားကြသည်။ ဂျပန်တို့၏ ကြီးမားသော ဖြစ်ချင်သည့်ဆန္ဒကို မည်သည့်အရာကမှ ဟန့်တားနိုင်ခြင်းမရှိဘဲ သူတို့၏ကြံ့ခိုင်သောဇွဲလုံ့လကြောင့် ဂျပန်နိုင်ငံသည် ပြန်လည်ဦးမော့လာကာ ကမ္ဘာပေါ်တွင် အချမ်းသာဆုံးနိုင်ငံကြီးတစ်နိုင်ငံသို့ပင် တက်လှမ်းနိုင်ခဲ့ပါသည်။

ဇွဲလုံ့လမရှိ စိတ်ဓါတ်ပျော့ညံ့နိမ့်ကျသူများကား မည်သည့်အလုပ်ကိုပင်လုပ်လုပ် အရှုံးနှင့်သာရင်ဆိုင်ကြရမည်မှာ သေချာသည်။ ထိုသူတို့သည် မိမိကိုယ်ကို အားမကိုးသူများ မိမိစွမ်းအင်နှင့်သတ္တိကို မယုံကြည်ကြသူများသာဖြစ်ကြပါသည်။ ကံကိုယုံ၍ ဆုးပုံနင်းမည့်သူများလည်းဖြစ်ကြသည်။ ကံမကောင်း၍ မအောင်မြင်၊

ဆုံးရှုံးရသည်ဟု ကံကိုပုံချလေ့ရှိကြသည်။ ဇွဲလုံ့လမရှိသူများ၏ ခံစားရရှိနိုင်သည့်ဆိုးကျိုးများကား များပြားလှသည်။ ဇွဲလုံ့လမရှိခြင်း ၊ ဇွဲလုံ့လကိုအားမကိုးခြင်းသည် ခံနိုင်ရည်မရှိခြင်း၊ စိတ်ဓါတ်ပျော့ညံ့ခြင်းကြောင့်ဖြစ်ပါသည်။ ခံနိုင်ရည်မရှိခြင်းသည် အခက်အခဲကိုတွေ့ကြုံလျှင် အလွယ်တကူလက်လျှော့တတ်ကြသည်။ ထို့အတူ စိတ်ဓါတ်ပျော့ညံ့ခြင်းသည် စစ်မရောက်ခင်တွင် မြားကုန်နေတတ်သော လူနုံလူညံ့ဘဝသို့ တွန်းပို့ပေးနေသည်နှင့် တူနေပေသည်။ ထိုသဘောကို လှေပြိုင်ပွဲ ၊ လှည်းပြိုင်ပွဲများတွင် တွေ့နိုင်ပါသည်။ သူနှင့်ငါ အပြိုင်နွှဲရသည့်ပွဲတွင် တစ်ဖက်သားက မိမိထက်အနည်းငယ်သာသွားသည်နှင့် တက်ချကာအရှုံးပေးတတ်ကြပါသည်။

ယနေ့ကမ္ဘာကြီးသည် လျှင်မြန်သောအရှိန်အဟုန်ဖြင့် တိုးတက်နေပါသည်။ ယခင်ကအိပ်မက်ထဲမှာပင် မမြင်မက်ဘူးသည့် ဖြစ်ပေါ်တိုးတက်မှုတို့သည် အံ့မခန်းအောင် လူ့ယဉ်ကျေးမှုအတွင်းသို့ ဝင်ရောက်နေသည်။ ယင်းတိုးတက်မှု၊ ဖြစ်ထွန်းမှုတို့နှင့်အတူ ကျွန်ုပ်တို့သည် အမှီလိုက်ပါသွားနိုင်ရန် လိုအပ်ပါသည်။ ဤရာစုနှစ်သစ် အခါသမယတွင် ကျွန်ုပ်တို့သည် သူတစ်ပါးနိုင်ငံ၊ သူတစ်ပါးလူမျိုး၏နောက်နားတွင် ကျန်ရစ်မနေစေလိုလျှင် ကျွန်ုပ်တို့သည် ဇွဲလုံ့လကို အားကိုးကြရမည်ဖြစ်ပါသည်။ ဇွဲလုံ့လ ကြီးမားသူများ ၊ အခက်အခဲများကို ရင်ဆိုင်ကျော်လွှားနိုင်သူများ၊ ကိုယ့်အားကိုယ်ကိုးတတ်သူများဖြစ်အောင် လေ့ကျင့်ပျိုးထောင်နိုင်ရန် အရေးကြီးလှပါသည်။

အချုပ်ကိုဆိုရသော် မည်မျှနိမ့်ကျသောဘဝသို့ရောက်နေရစေကာမူ ၊ မိမိအားဆိုးရွားသော လောကဓံတရားများ မည်မျှ





ရိုက်ခတ်ကာ နှိပ်စက်နေစေကာမူ ဇွဲလုံ့လကို မလျှော့ဘဲ ဆက်လက်ကြိုးစားသွားလျှင် မိမိလိုချင်၊ ဖြစ်ချင်သော ပန်းတိုင်ဆီသို့ မုချရောက်ရမည်သာဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ကျောင်းသားလူငယ်များသည် ပညာတတ်ကြီးများ ဖြစ်လာကြစေရန် မလျှော့သောဇွဲလုံ့လဖြင့် ကြိုးပမ်းအားထုတ် သွားရမည်သာဖြစ်ပါတော့သည်။

◆ ◆ ◆ ◆ ◆

# ၄၀။ တစ်နေ့တစ်လံ ပုဂံဘယ်ပြေး

**ရေးရန်ပုံကြမ်းအချက်အလက်များ**

- ရှေးလူကြီးသူမများသည် နှောင်းလူတို့အတွက် စကားပုံများထားခဲ့ပုံ
- "တစ်နေ့တစ်လံ ပုဂံဘယ်ပြေး" ဆိုသော စကားပုံ၏အဓိပ္ပါယ်
- မည်သည့်အလုပ်မျိုးကိုမဆို မလျှော့သောဇွဲဖြင့် ဆက်လုပ်ခြင်းဖြင့် အောင်မြင်ခြင်းများကိုရရှိနိုင်ပုံ
- စိတ်ဓါတ်ပျော့ညံ့ခြင်းသည် အရာရာတွင် ကျရှုံးမှုနှင့်ရင်ဆိုင်ရတတ်ပုံ
- အခက်အခဲမည်မျှပင်တွေ့စေကာမူ စိတ်ဓါတ်မလျှော့ဘဲ မိမိလိုလားသောပန်းတိုင်ကို အရောက်သွားသင့်ပုံ
- ဤစကားပုံအတိုင်း ကျွန်ုပ်တို့ကျောင်းသူ ကျောင်းသား တို့သည် မိမိတို့သင်ယူနေရသောဘာသာရပ်များကို ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်အောင် ကြိုးစားသင့်ကြပုံ





ရှေးလူကြီးသူမများသည် သားစဉ်မြေးဆက်များအား လက်ဆင့်ကမ်းအမွေပေးခဲ့ကြရာတွင် လယ်ယာ ၊ ဥစ္စာ ၊ရွှေငွေ စသော ရုပ်ဝတ္ထုပစ္စည်းများကိုသာမက စိတ်ပိုင်းဆိုင်ရာ အသိအလိမ္မာများကိုလည်း လက်ဆင့်ကမ်းပေးသွားကြပါသည်။ ရုပ်ပိုင်းဆိုင်ရာအမွေသည် စိတ်ပိုင်းဆိုင်ရာအမွေလောက် တန်ဖိုးမရှိသည့်အပြင် အရှည်သဖြင့် သုံးစွဲလိုက်နာနိုင်ခြင်းမရှိသောကြောင့် ရှေးသူဟောင်းတို့က ယခုကဲ့သို့ စိတ်ပိုင်း၊ အသိအလိမ္မာ ပိုင်းဆိုင်ရာအမွေများကို လက်ဆင့်ကမ်းပေးခဲ့ရခြင်း ဖြစ်ပါသည်။ သူတို့ပေးခဲ့သော စိတ်ဓါတ်အမွေကို ထာဝစဉ်မှတ်သား၍လွယ်ကူစေရန် စကားပုံများအဖြစ် ဖန်တီးခဲ့ကြပါသည်။ များစွာသော စကားပုံများထဲတွင် ဤ "တစ်နေ့တစ်လံ ပုဂံဘယ်ပြေး" ဆိုသော စကားပုံသည် ထင်ရှား၍လူသိများလှပါသည်။

"တစ်နေ့တစ်လံ ပုဂံဘယ်ပြေး" ဆိုသောစကားပုံ၏ အဓိပါယ်မှာ "ပုဂံမြို့ဆီသို့လျှောက်လှမ်းသွားနေသူသည် တစ်နေ့လျှင် တစ်လံမျှ မှန်မှန်သွားနေလျှင် ပုဂံမြို့သည် မည်မျှဝေးနေစေကာမူ တစ်နေ့တွင်ရောက်ရမည်သာဖြစ်သည်။" ဟု ဆိုလိုခြင်းဖြစ်ပါသည်။ တစ်နည်းဆိုသော် တောင်ကြီးသည် မည်မျှပင်မြင့်မားနေစေကာမူ နောက်သို့ပြန်မလှည့်ဘဲ ဆက်၍သာတက်သွားလျှင် အမြင့်ဆုံးဆိုသော တောင်ထိပ်ဆီသို့ မုချရောက်ရမည်ဟု အဓိပ္ပါယ်ရပါသည်။ ရှေးလူကြီးသူမများက မိမိဘဝအတွက် မျှော်လင့်ထားအပ်သော အရာတစ်ခု၊ သို့မဟုတ် ဖြစ်လိုရာကိစ္စတစ်ခုကို စိတ်ဓါတ်မကျဘဲ မလျှော့သောဇွဲဖြင့် ဆက်ပြီးကြိုးစားသွားလျှင် မုချရရမည်၊ ဖြစ်ရမည်ကိုသိရှိ၍ မဖြစ်မနေအားထုတ်ကြိုးစားနိုင်ကြစေရန် တိုက်တွန်း

အားပေးထားခြင်းဖြစ်ပါသည်။ "တောင်ကြီးတော့ ဖဝါးအောက်၊ လှိုင်းကြီးတော့လှေအောက်" ဟူသော စကားပုံတို့သည်လည်း ထိုသဘောကို ဖော်ညွှန်းနေပါသည်။

မှန်ပါသည်။ မည်သည့်ကိစ္စ ၊မည်သည့်အလုပ်မှာမဆို စိတ်ခါတ်ကြံခိုင်မှုသည် အဓိကဖြစ်ပါသည်။ စိတ်ဓါတ်ကြံခိုင်မှုကို "ဇွဲ" ဟု တစ်နည်းခေါ် ဆိုနိုင်ပါသည်။ စိတ်ဓါတ်ကြံခိုင်မှု၊ ဇွဲ တို့သည် လက်မလျှော့သောသဘော၊ နောက်မဆုတ်သောသဘော၊ မဖြစ်မနေ ဆက်၍ဆက်၍ပြုလုပ်လိုသောသဘောဖြစ်၍ အရာရာကို အောင်မြင်ထမြောက်အောင် ဖန်တီးပေးနိုင်သောအင်အားရှိလေသည်။ ထိုအင်အားကိုအသုံးချ၍ကြိုးစားလျှင် ပထဝီမြေပြင်ပေါ်တွင်ရှိသော အရာများကိုမဆိုထားနှင့် ကောင်းကင်ထက်၌ရှိသောကြယ်များကိုပင် ဆွတ်ယူနိုင်ပါသည်။

အောင်မြင်ခြင်းဟူသည် စိတ်ဓါတ်ခိုင်မာသူ၊ နောက်ကြောင်းမပြန်တတ်သူ ၊ ဇွဲလုံ့လရှိသူတို့နှင့်သာ သက်ဆိုင်သော အဖိုးတန်ဆုလာဘ်ကြီးဖြစ်ပါသည်။ စိတ်ဓါတ်ပျော့ညံ့သူ ၊ အရှုံးပေးလက်လျှော့တတ်သူတို့နှင့် လားလားမှမထိုက်သော အရာလည်းဖြစ်ပါသည်။ ဤအဆိုမှန်ကန်ကြောင်းကို နိပါတ်တော်လာ မဟာဇနကဇာတ်တော်ထဲမှ ဇနကမင်းသားက လက်တွေ့ပြခဲ့ပါသည်။ သင်္ဘောပျက်၍ ကမ်းမမြင်လမ်းမမြင်သော သမုဒ္ဒရာကြီးထဲတွင် ဇနကမင်းသားသည် မလျှော့သောဇွဲဖြင့်ကူးခတ်နေသည်။ သူယခုကဲ့သို့ကူးခတ်နေသည်မှာ ကမ်းစပ်ဆီသို့ ရောက်သည် မရောက်သည်မှာ မိမိနှင့်မဆိုင် ၊ မိမိအသက်ရှင်နေသမျှ ကူးခတ်နေရမည်မှာ မိမိတာဝန်ဟုနှလုံးပိုက်မှတ်ယူထားခြင်းကြောင့်ဖြစ်ပါသည်။ အားကျဖွယ်ပင်ဖြစ်ပါသည်။





တစ်သိန်းဆိုသောငွေအသပြာသည် တစ်ကျပ်ကစခဲ့သည်ကို မမေ့အပ်ပေ။ တစ်ကျပ်မှနောက်တစ်ကျပ် ၊ ထိုမှ နောက်တစ်ကျပ် တိုး၍ တိုး၍လာခြင်းအားဖြင့် တစ်သိန်းဆိုသောအစုအပေါင်းကြီးသည် ဖြစ်ထွန်းပေါ်ပေါက်လာရသည် မဟုတ်ပါလော။ ထို့အတူ ရေတစ်အိုး၊ ရေကန်တစ်ကန်သည် ချက်ချင်းလက်ငင်း ပြုန်းစားကြီးဖြစ်လာရသည်မဟုတ်ပါ။ မိုးရေတစ်စက်ချင်း၊ မိုးတစ်ပေါက်ချင်းစုပေါင်း၍သာ ဖြစ်ပေါ်လာရခြင်းဖြစ်ပါသည်။ တောင်ပို့တစ်လုံး၊ တောင်ကြီးတစ်တောင်သည်လည်း မြေတစ်မှုန့်ခြင်း၊ သဲတစ်ပွင့်ခြင်းတို့၏ အပေါင်းအစည်းသာဖြစ်ပါသည်။ သဲတစ်ပွင့် နောက်ထပ်တစ်ပွင့်နှင့် သဲပွင့်ပေါင်းများစွာသည်လည်းကောင်း၊ ရေတစ်စက်၊ နောက်ထပ်ရေတစ်စက်နှင့် ရေစက်ပေါင်းများစွာသည်လည်းကောင်း၊ အလွန်တရာကြီးမားသော တောင်တစ်တောင်၊ ရေကန်ကြီး တစ်ကန်ဖြစ်ထွန်းလာအောင် ဖန်ဆင်းပေးခဲ့သည်မဟုတ်ပါလော။

ထိုနည်းတူစွာပင် ပုဂ်မြို့သည်မည်မျှပင်ဝေးစေကာမူ ခြေလှမ်းတစ်လှမ်း၊ နောက်ထပ်တစ်လှမ်း၊ ဆက်၍ဆက်၍လှမ်းသွားပါလျှင် နောက်ဆုံးတစ်ချိန်တွင် ရောက်ရမည်သာဖြစ်ပါသည်။ ဤသည်မှာ ဘယ်သောအခါမှမမှားနိုင်သော ထာဝရမှန်ကန်နေမည့် သစ္စာတရားဟုလည်း ဆိုနိုင်ပါသည်။ ကျွန်ုပ်တို့သည် တစ်စုံတစ်ခုကိုလို၍ ပြုလုပ်ကြသည်။ လုပ်ရင်းနှင့် အခက်အခဲ တစ်စုံတစ်ရာကိုတွေ့သောအခါ ဖြစ်မည်မဟုတ်၊ ရနိုင်မည်မဟုတ်ဟုဆိုကာ လက်လျှော့လိုက်တတ်ကြသည်။ ထို့ကြောင့် လက်တစ်ကမ်း၌ ရောက်နေသော ပန်းတိုင်နှင့်လွဲရချေသည်။ ထိုနည်းဖြင့် ဘဝ၏ အောင်မြင်ခြင်းဟူသမျှသည် ထိုသူနှင့် ကြာလေဝေးလေ ဖြစ်ရရှာသည်။

ပုဂံခေတ်တွင် ထင်ရှားသော ဦးကျည်ပွေ့ခေါ် ရဟန်းကြီးသည် စာမတတ်သောဘဝမှ တစ်နေ့လျှင် တံပူတစ်ပြန်စာကို ကျက်မှတ်လေ့လာခဲ့ရာ သူ၏မလျှော့သောဇွဲကြောင့် နောက်ဆုံးတွင် ပိဋကတ်သုံးပုံဆောင် ရှင်ဒိသာပါမောက်ခေါ် မင်းဆရာအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။ တစ်နေ့လျှင်တံပူတစ်ပြန်စာမျှသော စာလုံးကလေးများသည် နောက်ဆုံးတစ်နေ့တွင် စာလုံးကလေးပေါင်း သိန်းသန်းမကရှိသော ပိဋကတ်သုံးပုံအဖြစ်သို့ ရောက်ရှိသွားရသော သက်သေသာဓကပင်ဖြစ်ပါသည်။

ကျွန်ုပ်တို့ကျောင်းသူ ကျောင်းသားတို့သည် "တစ်နေ့တစ်လံ ပုဂံဘယ်ပြေး" စကားပုံလာ အသိအားမာန်များကို အစိုပ္ပါယ်ရှိစွာ အသုံးချသွားပါလျှင် ကျွန်ုပ်တို့သင်ယူနေသော ပညာရပ်များကိုမဆိုထားနှင့်၊ ဇနကမင်းသားနှင့် ဦးကျည်ပွေ့တို့လက်ဝယ်ပိုင် ပိုင်ရခဲ့သောအောင်မြင်မှုမျိုးကိုပင် ရရှိနိုင်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် နေ့စဉ်ကျောင်းမှန်မှန်တက်၍ တစ်နေ့တာသင်ယူခဲ့သောစာများကို နေ့စဉ်ပုံမှန် ကျက်မှတ်သွားကြပါလျှင် စာမေးပွဲ ကျရှုံးသူများ၊ လိုရာပန်းတိုင်သို့မရောက်သူများအဖြစ်သို့ အဘယ်မှာလျှင် ရောက်နိုင်ပါတော့အံ့နည်း။

◆ ◆ ◆ ◆ ◆



# ၄၁။ ကျန်းမာခြင်းသည် လာဘ်တစ်ပါး

**ရေးရန်ပုံကြမ်းအချက်အလက်များ**

- လူ့ဘဝတွင် ကျန်းမာရေးသည်အရေးကြီးပုံ
- ကျန်းမာရေးနှင့်ပြည့်စုံသဖြင့် ခံစားရသော အကျိုးများ
- ကျန်းမာရေးချို့တဲ့ညှိုးဖျင်းသောကြောင့် ရရှိသောအပြစ်များ
- လူတိုင်းကျန်းမာကြံ့ခိုင်မှသာ နိုင်ငံတော် တိုးတက်နိုင်ပုံ
- ကျန်းမာစေသော အလေ့အထကောင်းများကို ပျိုးထောင်ထားသင့်ပုံ

လူ့ဘဝတွင် မည်သည့်အရာသည် အရေးကြီးဆုံး၊ အမှန်မြတ်ဆုံးဖြစ်သနည်းဟု မေးခွန်းထုတ်လာပါလျှင် ကျန်းမာရေးသည် အရေးကြီး၊ အမွန်မြတ်ဆုံးဖြစ်သည်ဟု မဆိုင်းမတွပင် ဖြေဆိုရမည်ဖြစ်ပါသည်။ လူသည် သွေး၊ သား၊ အရိုး၊ အကြော၊ တို့ဖြင့် တည်

ဆောက်ထားသဖြင့် ထိုအသွေး၊ အသား၊ အရိုး၊ အကြောတို့ သန့်ရှင်းစင်ကြယ်၊ ခိုင်မာတောင့်တင်းနေပါမှ ဤခန္ဓာကိုယ်ကြီးသည် ကြံ့ခိုင်ပြီး စိတ်ဓါတ်သည်လည်း လန်းဆန်းကြည်လင်နေမည်ဖြစ်ပါသည်။

ယနေ့ကမ္ဘာတွင် ကျန်းမာရေးဟူသော အဓိပ္ပါယ်ကိုဖွင့်ဆိုကြရာတွင် ခန္ဓာကိုယ်ကျန်းမာသန်စွမ်းပြီး စိတ်ဓါတ်ကြံ့ခိုင် လန်းဆန်းနေပါမှ ထိုသူကို ကျန်းမာသည်ဟုဆိုထားပါသည်။ တစ်နည်းဆိုရလျှင် လူတစ်ယောက်တွင်ရှိသော ခန္ဓာကိုယ်ရော စိတ်ဓါတ်ပါ နှစ်မျိုးစလုံး ကျန်းမာကြံ့ခိုင်နေပါမှ ကျန်းမာသူဟုခေါ် ဆိုနိုင်ပါသည်။ ခန္ဓာကိုယ်ကသာကျန်းမာသန်စွမ်းပြီး စိတ်ဓါတ်ကျဆင်းသိမ်ငယ်နေလျှင် ထိုသူကို ကျန်းမာသူဟုမခေါ် ဆိုနိုင်သကဲ့သို့ စိတ်ဓါတ်ကသာလန်းဆန်းတက်ကြွနေပြီး ခန္ဓာကိုယ်ကြီးက သန်စွမ်းမှုမရှိဘဲ ချိနဲ့နေလျှင်လည်း ထိုသူကိုကျန်းမာသူဟု မခေါ် ဆိုနိုင်ချေ။

ကျန်းမာရေးသည် အရေးကြီးလှပါသည်။ ကျန်းမာနေလျှင် စိတ်ကပျော်ရွှင်ကြည်နူးနေပေမည်။ ဘယ်လိုအစားအစာမျိုးကိုပဲ စားရ စားရ စားသမျှ အရသာရှိနေမည်သာဖြစ်ပါသည်။ မည်သည့်နေရာမှာပဲနေရနေရ ဝမ်းမြောက်ပျော်ရွှင် လန်းဆန်းနေမည်ဖြစ်ပါသည်။ ထို့ကြောင့် သုံးလူ့ထွတ်ထား မြတ်စွာဘုရားကပင်လျှင် "အာရောဂျံ ပရမံလာဘံ" ဟု ကျန်းမာခြင်း၏တန်ဖိုးကြီးပုံကို ချီးမွမ်းမိန့်ကြားခဲ့ပါသည်။

ကျန်းမာခြင်းနှင့်ပြည့်စုံသူများအဖို့ ခံစားရသောအကျိုးကျေးဇူးများမှာ ကြီးမားများပြားလှချေသည်။ လူသည် စိတ်သွားတိုင်းကိုယ်ပါတတ်သောသတ္တဝါဖြစ်ပါသည်။ စိတ်သွားရာ၊ စိတ်ဦးဆောင်





ရာသို့ လိုက်ပါနိုင်သောခန္ဓာကိုယ်သည် ကျန်းမာရေးနှင့်ပြည့်စုံနေပါမှ ဖြစ်နိုင်ပေမည်။ စိတ်ကအလုပ်ခွင်ရှိရာသို့ သွားချင်နေသော်လည်း ခြေနှစ်ချောင်းကကျိုးနေလျှင် မည်သည့်နည်းနှင့်မျှ ရောက်နိုင်မည်မဟုတ်ချေ။ လူသည် စားဝတ်နေရေးပြည့်စုံစေရန် အလုပ်လုပ်ရပါမည်။ အလုပ်လုပ်နိုင်ရန်မှာ ကျန်းမာတောင့်တင်းသော ခန္ဓာကိုယ်ရှိရေးသည် အလွန်လိုအပ်ပါသည်။ ကျန်းမာရေးနှင့် ပြည့်စုံသူများသည် အလုပ်ကိုကောင်းစွာလုပ်နိုင်သောကြောင့် ဘဝတွင် လိုအပ်သောအရာတို့ကို ခံစားရရှိနိုင်ပါသည်။

ကျွန်ုပ်တို့ကျောင်းသားများသည် ကျောင်းသင်ဘာသာရပ်သင်ခန်းစာများကို နေ့ရောညပါ ကြိုးစားအားထုတ်နိုင်ပါမှ ထူးချွန်သူများဖြစ်လာနိုင်မည်ဖြစ်ပါသည်။ ထူးချွန်ထက်မြက် သူများကိုကြည့်လျှင် သူတို့သည် ကျန်းမာရေးနှင့် ပြည့်စုံသူများဖြစ်သည်ကို တွေ့ရပါမည်။ ကိုယ်ခန္ဓာကျန်းမာသန်စွမ်းသူသည် ဦးနှောက်ရွှင်ကြည်နေသဖြင့် ဆရာ၊ ဆရာမတို့သင်ကြားသမျှကို နားလည်သဘောပေါက်နိုင်မည်ဖြစ်ပါသည်။ စာများကို ကျက်မှတ်ခြင်း၊ လေ့ကျင့်ခန်းများပြုလုပ်ခြင်းများပြုလုပ်ရာတွင်လည်း အခက်အခဲမရှိ လွယ်ကူသက်သာစွာလုပ်နိုင်ပါသည်။

ဂရိကောင်းစားစဉ်အခါက စပါးတားနိုင်ငံသည် ကျန်းမာသောပြည်သူပြည်သားများကိုသာ အလိုရှိသဖြင့် ပညာရေးထက် ကျန်းမာရေးကိုဦးစားပေးသော နိုင်ငံဖြစ်ပါသည်။ ကျန်းမာသောလူငယ်များသည်သာ နိုင်ငံကို ကာကွယ်စောင့်ရှောက်နိုင်စွမ်းရှိသည့် စစ်သားကောင်းများဖြစ်လာနိုင်မည်ဟုယုံကြည်သည်။ လူငယ်လူရွယ်များကို ကျန်းမာသန်စွမ်းအောင် လေ့ကျင့်ပျိုးထောင်ပေး

သည်။ ထို့ကြောင့် ထိုခေတ်တွင် စပါးတားနိုင်ငံသည် အင်အားတောင့်တင်း၍ ပြိုင်ဘက်ကင်းသောနိုင်ငံအဖြစ်သို့ ရောက်ရှိလာပြီး ပတ်ဝန်းကျင်နိုင်ငံများ၏လေးစားခြင်းကိုခံခဲ့ရသည်။

ထို့အတူ ကျန်းမာရေးညံ့ဖျင်းခြင်း၊ ကိုယ်လက်အင်္ဂါ မသန်စွမ်းမကြံ့ခိုင်ခြင်းကြောင့် မိမိနိုင်ငံနှင့်လူမျိုး နစ်နာဆုံးရှုံးရသော သာဓကများလည်း ရှိပါသေးသည်။ တိုင်းပြည်တစ်ပြည်၊ လူမျိုးတစ်မျိုးကို မဆိုထားနှင့် လူတစ်ဦးချင်းကိုကြည့်လျှင်ပင် ထို သဘောကို အထင်အရှားတွေ့မြင်နိုင်ပါသည်။ စားဖွယ်သောက် ဖွယ်၊ ခြွေရံသင်းပင်း၊ ခေတ်မီအသုံးအဆောင်များ၊ မည်မျှပေါများ စေကာမူ ကျန်းမာရေးချို့ယွင်းပြီး မကျန်းမမာဖြစ်နေသူအား အဘယ်မှာလျှင် စိတ်နှလုံးကြည်မွေ့ချမ်းသာအောင် စွမ်းဆောင်ပေးနိုင်ပါအံ့နည်း။

ကမ္ဘာကျော်သူဌေးကြီးတစ်ဦးဖြစ်သူ ရော့ခ်ဖဲလားသည် နေ့စဉ်ဝင်ငွေ ဒေါ်လာသန်းနှင့်ချီပြီးရှိနေပါလျက် သူသည် ကျန်းမာရေးချို့တဲ့သူဖြစ်သဖြင့် စားချင်တိုင်းမစားနိုင်ချေ။ သူ၏ကျန်းမာရေးအခြေအနေအရ ဆရာဝန်က သူ့အားနို့တစ်ခွက်၊ ပေါင်မုန့်တစ်ချပ်၊ ကြက်ဥတစ်လုံးထက်ပို၍မစားရန်ညွှန်ကြားထားသဖြင့် သတ်မှတ်ထားသောပုံစံအတိုင်းသာ စားသောက်ရရှာသည်။ ထို့ကြောင့် သူသည် "တစ်ရက်တစ်လေလောက် ကျန်းကျန်းမာမာနေရလျှင် ဘယ်လောက်ကောင်းလေမလဲ" ဟု ညည်းညူရှာပါသည်။ ဤသည်မှာ ကျန်းမာရေးညံ့ဖျင်းသောကြောင့်ခံစားရသော ဆိုးကျိုးများ၏ သာဓကတစ်ခုပင်ဖြစ်ပါသည်။

နိုင်ငံတစ်နိုင်ငံ တိုးတက်ဖွံ့ဖြိုးရေးတွင် ကျန်းမာရေးသည် အခြေခံကျလှပါသည်။ နိုင်ငံအတွင်း မှီတင်းနေထိုင်သူများသည်





ခေတ်မီပညာများကို မည်မျှပင်တတ်မြောက်ထားသော်လည်း ကျန်းမာရေးမကောင်းဘဲ ခန္ဓာကိုယ်ကြံ့ခိုင်သန်စွမ်းခြင်းမရှိလျှင် တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် မည်သို့မျှဆောင်ရွက်နိုင်ကြမည် မဟုတ်ချေ။ အလုပ်လုပ်နိုင်စွမ်းရှိသည့် ကာယအား၊ ဉာဏအားများသည် ကျန်းမာသောကိုယ်ခန္ဓာထဲမှပင် ထွန်းပေါ်လာနိုင်ပါသည်။ ကာယအားသည် အလုပ်ကို မဖြစ်မနေလုပ်နိုင်သော အားဖြစ်သကဲ့သို့ ဉာဏအားသည် ဆန်းသစ်မှု၊ တီထွင်မှုတို့ကို ဖော်ထုတ်ပေးနိုင်သော အားဖြစ်ပါသည်။ ထိုအားများသည်သာ မိမိနိုင်ငံတိုးတက် ဖွံ့ဖြိုးစေအောင် ဆောင်ကြဉ်းပေးနိုင်ပါသည်။ ကြံ့ခိုင်သန်စွမ်းသော ကာယအား၊ ဉာဏအား နှစ်မျိုးစလုံးကိုရရှိစေရန်မှာ လူတိုင်း၊ နိုင်ငံသားတိုင်း ကျန်းမာသန်စွမ်းရေးအပေါ်တွင် တည်မှီနေပါသည်။

လူတိုင်း ကျန်းမာသန်စွမ်းစေနိုင်သော နည်းလမ်းကောင်းများကား ရှိပြီးဖြစ်သည်။ ထိုနည်းစနစ်အတိုင်း လိုက်နာကျင့်သုံးနိုင်ဖို့သာလိုပါသည်။ လူတစ်ဦးတစ်ယောက်၏ ကျန်းမာရေးတွင် အစားအသောက်၊ အနေအထိုင်နှင့် ကိုယ်လက်လှုပ်ရှားမှုတို့သည် အခြေခံကျလှပါသည်။ မှန်ပါသည်။ အစားအသောက်သည် လူ၏ခန္ဓာကိုယ်အတွက် အင်အားကိုရရှိစေပါသည်။ မိမိခန္ဓာကိုယ်အနေအထားအရ စနစ်တကျစားသောက်နိုင်လျှင် ဆေးသည်လည်း အစာ၊ အစာသည်လည်းဆေးဖြစ်၍ ကျန်းမာရေးကိုများစွာအထောက်အကူပြုနိုင်ပါသည်။ အနေအထိုင်မှန်ကန်ရေးသည်လည်း အရေးကြီးလှပါသည်။ အညောင်းခံခြင်း၊ မိမိနှင့်မသင့်လျော်သောအရပ်ဒေသတွင်နေထိုင်ခြင်း၊ အအိပ်အနေမရှိ အနားယူ ခြင်းမရှိ လွန်ကဲစွာအလုပ်လုပ်ခြင်းတို့သည် ကျန်းမာရေးကို ထိခိုက် ကျဆင်းစေ

နိုင်ပါသည်။ ကိုယ်လက်လှုပ်ရှားမှုသည် ခန္ဓာကိုယ်ကြီး တစ်ခုလုံးရှိ အကြောအချင်၊ အသွေးအသား၊ ဓါတ်သဘာဝတို့ကို ညီညွတ်မျှတစေ၍ သက်ရှည်ကျန်းမာခြင်းကို ဖြစ်စေနိုင်ပါသည်။

အားလုံးကိုခြုံ၍ဆိုရသော် ကျန်းမာခြင်းသည် လူ့လောကတွင် တန်ဖိုးအရှိဆုံး၊ အမွန်မြတ်ဆုံးသော လာဘ်တစ်ပါးဖြစ်ပါသည်။ ကျန်းမာခြင်းနှင့်ပြည့်ဝနေသူအဖို့ ဤကမ္ဘာလောကကြီးသည် ထာဝရ လှပတင့်တယ်နေပြီး လူ့ဘဝ၏ ကောင်းကျိုးချမ်းသာများကို မုချခံစားနိုင်မည်မှာ မလွဲဧကန်ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ ကျောင်းသူကျောင်းသားလူငယ်များသည် သင်ယူလိုသော ခေတ်မီပညာရပ်များကို ထိရောက်အောင်မြင်စွာ သင်ယူတတ်မြောက်နိုင်ရေးအတွက် မိမိကိုယ်ကို ကျန်းမာနေအောင် စံနစ်တကျလေ့ကျင့်ပျိုးထောင်ထားနိုင်ရန် လိုအပ်ပါသည်။

◆ ◆ ◆ ◆ ◆



# ၄၂။ တို့တောရွာ

**ရေးရန်ပုံကြမ်းအချက်အလက်များ**

- ရွာကလေး၏အမည်နှင့် တည်နေရာ
- ရွာအတွင်းနေထိုင်သူများနှင့် အလုပ်အကိုင်
- အိမ်ကျောင်းလမ်းတံတားများ သပ်ရပ်စွာ တည်ဆောက်ထားပုံ
- ရွာကလေးမှ မခွဲခွါသွားချင်အောင် ဆွဲဆောင်ထားသည့် လှပသာယာပုံ

လူ့လောကတွင် အခြေချနေထိုင်ရန် လူ့ဘဝရလာသူတိုင်းသည် မွေးဖွားရာဇာတိမြေကား ရှိကြရသည်ချည်းပင်ဖြစ်ပါသည်။ အချို့မှာတောရပ်၊ တောဒေသတွင်မွေးဖွားကြ၍ အချို့မှာ မြို့ကြီးပြကြီးများတွင် မွေးဖွားခဲ့ကြပါသည်။ သို့သော် မြို့ကြီးပြကြီးများတွင် မွေးဖွားခဲ့ရသူများသည် လူနည်းစုဖြစ်ပြီး အများစုမှာ ကျေးလက်တောရွာများတွင်သာ မွေးဖွားကြီးပြင်းလာကြရပါသည်။ ကျွန်ုပ်သည်လည်း မြို့နှင့်ကွာလှမ်းသော ကျေးလက်တောရွာ ကလေးတစ်ခုတွင် မွေးဖွားသန္ဓေစင်ခဲ့ရသူတစ်ယောက် ဖြစ်ပါသည်။

ကျွန်ုပ်မွေးဖွားသန့်စင်ရာ ရွာကလေးကား ဥသျှစ်ကုန်းရွာကလေးပင်ဖြစ်ပါသည်။ ဥသျှစ်ပင်များပေါက်ရာနေရာ ဖြစ်သောကြောင့် ဥသျှစ်ကုန်းရွာဟု ခေါ်ဝေါ်ခြင်းဖြစ်ကြောင်း လူကြီးသူမများပြောသည်ကို ကြားရဘူးပါသည်။ သို့သော် ယခုအခါ၌ကား ဥသျှစ်ပင်များကို တစ်ပင်စနှစ်ပင်စသာတွေ့ရပြီး အုန်းပင်၊ သရက်ပင်များကိုသာတွေ့ရပါသည်။ ရွာကလေးတည်ထားပုံမှာ အကွက်အကွင်းကျလှပါသည်။ ရိုးမတောင်၏ အရှေ့ဘက်ခြမ်းတွင်ရှိပြီး သစ်တောများ၊ လယ်ကွင်းများ ဝိုင်းရံထားပါသည်။ အခြားတောရွာများနှင့်လည်းကောင်း၊ မြို့နှင့်လည်းကောင်း အချိန်မရွေးဆက်သွယ်သွားလာနိုင်သဖြင့် လူစည်ကားသော ရွာတစ်ရွာလည်းဖြစ်ပါသည်။

ဥသျှစ်ကုန်းရွာကလေးမှာ တည်နေပုံအနေအထား ကောင်းမွန်ပြီး စီးပွါးရေးအခြေအနေကောင်းသဖြင့် မြို့နယ်၏ ဂုဏ်ဆောင်စံပြရွာတစ်ရွာလည်းဖြစ်ပါသည်။ ရွာကိုဝင်လိုက်သည်နှင့် တစ်ပြိုင်နက် ထုံးသင်္ကန်းဖွေးဖွေးနှင့် ရွာဦးစေတီကို လှမ်းပြီးဖူးမြော်နိုင်ကြပါသည်။ စေတီတော်၏အနောက်တွင် ရွာဦးဘုန်းတော်ကြီးကျောင်းရှိပါသည်။ ညီညာပြန့်ပျူးသော မြေနီလမ်းကလေးသည် အရှေ့မှအနောက်သို့ ဖြောင့်တန်းနေပါသည်။ မြေနီလမ်းကလေး၏ တစ်ဘက်တစ်ချက်တွင်ကား သပ်ရပ်စွာတည်ဆောက်ထားသော အိမ်များကိုတွေ့ရမည်ဖြစ်ပါသည်။

ရွာသားများမှာ လယ်ယာစိုက်ပျိုးရေးနှင့် အသက်မွေးကြသောတောင်သူလယ်သမားများ ဖြစ်ကြပါသည်။ မိုးရာသီတွင် စပါး၊ ဝါဂွမ်း၊ ပြောင်းများစိုက်ပျိုး၍ ဆောင်းရာသီတွင် ပဲအမျိုးမျိုးနှင့် နှမ်းများကို အများအပြားစိုက်ပျိုးကြပါသည်။ ယခုအခါ နိုင်ငံတော်





အစိုးရက ကျေးရွာနှင့်(၃) မိုင်အကွာ၌ ဆည်ကြီးတစ်ခုကို တည်ဆောက်ပေးထားသဖြင့် ဆည်ရေသွင်းပြီး ဆောင်းနှင့်နွေ သီးနှံအမျိုးမျိုးကို စိုက်ပျိုးနိုင်ကြပြီဖြစ်ရာ ဥသျှစ် ကုန်းရွာကလေးသည် ယခင်ကနှင့်မတူ၊ ဖွံ့ဖြိုးတိုးတက်လာချေပြီ။

ဥသျှစ်ကုန်းရွာသားများမှာ အခြားရွာသားများနှင့်မတူဘဲ အလွန်အလုပ်လုပ်ကြပါသည်။ မိုး၊ နွေ၊ ဆောင်း သုံးရာသီစလုံးတွင် အလုပ်နှင့်လက် မပြတ်၊ တက်ကြွစွာ လှုပ်ရှားလုပ်ကိုင်ကြပါသည်။ တစ်ဘက်က စိုက်ပျိုးသီးနှံများကိုစိုက်ပျိုးလုပ်ကိုင်ရင်း အားလပ်သောအချိန်များတွင် တောတက်ကာ ထင်းခုတ်ဝါးခုတ်လေ့ရှိပါသည်။ တောနှင့်နီးသဖြင့် ရွာထဲမှလူအချို့သည် တောကောင်များကို ရှာဖွေဖမ်းဆီးပြီး ရွာထဲတွင်ရောင်းချလေ့ရှိပါသည်။ ထို့ကြောင့် ဥသျှစ်ကုန်းရွာသားများသည် စားသောက်စရာပေါများလှသည်။

ဥသျှစ်ကုန်းရွာသည် ရွာတည်နေဟန် ကောင်းမွန်သလောက် နေအိမ်၊ ကျောင်းစသော အဆောက်အဦများသည်လည်း သပ်ရပ်သန့်ရှင်းလှသည်။ အိမ်များမှာ ပျဉ်ခင်း၊ ပျဉ်ကာ၊ အင်ဖက်များမိုးထားကြပြီး နံဘေးတစ်ဘက်တစ်ချက်တွင် ခြံဝင်းများခတ်ထားကြပါသည်။ လယ်သမားများနေထိုင်ရာဖြစ်သောကြောင့် အိမ်နောက်ဘက်တွင် နွားတင်းကုပ်၊ ကောက်ရိုးစင်များကို စနစ်တကျဆောက်လုပ်ထားကြပါသည်။ ခြံဝင်းထဲတွင် မြက်ပင် ပေါင်းပင်နှင့် အမှိုက်သရိုက်များမရှိဘဲ သန့်ရှင်းနေသဖြင့် ဖြောင့်တန်းညီညာသော မြေနီလမ်းကလေးနှင့် လိုက်ဖက်ညီကာ ပနံရလှပါသည်။

ထို့ပြင် ရွာဦးဘုန်းကြီးကျောင်း၏ မြောက်ဘက်မြေကွက်လပ်တွင် ကျေးရွာမူလတန်းကျောင်းကို ဆောက်လုပ်ထားပါသည်။

စာသင်ကျောင်းကလေးမှာ အုတ်၊ တိုက်ကျောင်းမဟုတ်ပါ။ သစ်ခင်း၊ သစ်ကာ၊ သွပ်မိုးထားသော တစ်ထပ်ကျောင်းတစ်ဆောင်ဖြစ်ပါသည်။ စာသင်ကျောင်းကို လုံခြုံစွာကာရံထားပြီး ခြံစည်းရိုးတစ်လျှောက်တွင် ပန်းပင်၊ သီးပင်များကို စီတန်းကာ စိုက်ပျိုးထားသဖြင့် ကျောင်းနေကလေးများအဖို့ ပျော်စရာကောင်း လှပါသည်။ ထို့အတူ စာသင်ကျောင်းကလေး၏နံဘေးတွင် ကျေးရွာဆေးပေးခန်းလည်း ရှိပါသည်။ ကျေးရွာသူကျေးရွာသားတို့၏ကျန်းမာရေးကို အနီးကပ် ကူညီစောင့်ရှောက်ပေးနေသည့် တစ်ခုတည်းသောဆေးပေးခန်းဖြစ်ပါသည်။

ကျေးရွာလယ်သမားမိသားစုပေါင်း (၂၅၀)ခန့် နေထိုင်ပြီး ကလေးလူကြီးစုစုပေါင်း (၁၃၀၀)ခန့်ရှိပါသည်။ ကျေးရွာမူလတန်းကျောင်းကို လွန်ခဲ့သောနှစ် (၃၀)လောက်ကပင် ဖွင့်လှစ်သင်ကြားပေးခဲ့သဖြင့် ကျေးရွာသားများထဲတွင် စာမတတ်သူများမရှိပါ။ အားလုံးနီးပါး မူလတန်းပညာတတ်မြောက်ထားကြပြီး မိဘတတ်နိုင်၍ ပညာထူးချွန်သူအချို့မှာ မြို့ပေါ်တက်ရောက်ကာ အထက်တန်းပညာများကိုပင် သင်ကြားနေကြချေပြီ။

ရွာသူရွာသားများသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား၍ အားသွန်ခွန်စိုက်လုပ်ကိုင်ကြသဖြင့် ရွာကလေး၏ စီးပွါးရေးအခြေအနေမှာ ကောင်းမွန်တိုးတက်လာရာ ပျဉ်ထောင်၊ ပျဉ်ခင်းနှင့် သွပ်မိုးထားသော အိမ်ကြီးအိမ်ကောင်းများကို ဆောက်လုပ်နေထိုင်နိုင်ကြပါသည်။ ကျေးရွာ၏စီးပွါးရေး တောင့်တင်းခိုင်မာလာသည်နှင့်အညီ ကျေးရွာ၏ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေးစသော လူမှုရေးအပိုင်းသည်လည်း ရေမြင့်လျှင် ကြာတင့်သလို တိုးတက်ဖွံ့ဖြိုး





လာပါသည်။ ဆောင်းရာသီဝင်သည့်အချိန်မှ မိုးရာသီဝင်သည်အထိ ဥသျှစ်ကုန်းရွာကလေးသည် ကထိန်ပွဲ၊ ဘုရားပွဲ၊ ရှင်ပြုအလှူပွဲများနှင့် စည်ကားနေတတ်ပါသည်။ ဆိုင်းသံ၊ ဗုံသံများကြားတွင် ဥသျှစ်ကုန်းရွာသားများ၏ မျက်နှာများမှာ ပျော်ရွှင်လန်းဆန်းနေကြပါသည်။

အထူးသဖြင့် ဥသျှစ်ကုန်းရွာကလေး၏ ရွာဦးဆု တောင်းပြည့်စေတီတော်၏ နှစ်စဉ်ဘုရားပွဲတော်မှာ စည်ကားလှပါသည်။ ပွဲတော်ရက်ကား တပေါင်းလပြည့်ဖြစ်ပါသည်။ ဇာတ်ပွဲနှင့် အခြားပျော်ပွဲရွှင်ပွဲများကို အဖိတ်နေ့ညနှင့် လပြည့်နေ့ညတွင် မြိမ့်မြိမ့်သဲမျှ ကျင်းပကြသည်။ ဘုရားရင်ပြင်အနီးတွင် မဏ္ဍာပ်ကြီးထိုး၍ နှစ်ရက်တိုင်တိုင် စတုဒိသာအဖြစ် လာသမျှဘုရားဖူးဧည့်သည်များကို ကျွေးမွေးဧည့်ခံလေ့ရှိသည်မှာ အလွန်ပျော်စရာကောင်းလှပါသည်။

ဥသျှစ်ကုန်းစံပြရွာကလေး၏ သာယာလှပ၊ ပျော်ရွှင်ဖွယ်ကောင်းပုံများကို စာဖွဲ့ပြီးရေးပြရလျှင် ကုန်နိုင်ဖွယ်မရှိပါ။ ကျေးရွာကလေး၏အနေအထား၊ ရွာသူရွာသားတို့၏စိတ်ဓါတ်၊ လိုက်လှဲပျူငှာ ပျော်ရွှင်စွာနေတတ်သောဓလေ့နှင့် ဘုရားတရား ကြည်ညိုသက်ဝင်ပုံတို့မှာ နှစ်သက်မြတ်နိုးဖွယ်ရာပင်ဖြစ်ပါသည်။ ထို့ကြောင့် ဥသျှစ်ကုန်း၏အလှ၊ သဘာဝနှင့် ကျေးရွာသားတို့၏ နှစ်လိုဖွယ်ရာအမူအရာ ဓလေ့ထုံးစံများကို ရောက်ဖူးသူတို့သည် ဥသျှစ်ကုန်းရွာကလေးကို ဘယ်သောအခါမှ မေ့နိုင်တော့မည်မဟုတ်ချေ။ ဥသျှစ်ကုန်းဇာတိဖြစ်သော ကျွန်ုပ်အဖို့မှာမူကား အဘယ်မည်သောအကြောင်းကြောင့် ထိုရွာကလေးမှ ခွဲခွါသွားနိုင်ပါတော့အံ့နည်း။

◆ ◆ ◆ ◆ ◆

## ၄၃။ မှုးယစ်ဆေးဝါးတို့ရှောင်ရှား

**ရေးရန်ပုံကြမ်းအချက်အလက်များ**

- ကျွန်ုပ်မမေ့နိုင်သောမြင်ကွင်းတစ်ခု
- လူကိုဖျက်အရက်ဆိုသောစကားရှိခဲ့ပုံ
- မည်သူ့ကိုမျှအကျိုးမပေးသောအဖျက်လုပ်ငန်း
- အနုမြူလက်နက်ထက် ကြောက်မက်ဖွယ်ကောင်းသောအန္တရာယ်ဆိုး
- ရှောင်လေဝေးဝေးမူးယစ်ဆေး

ကျွန်ုပ်တစ်သက်တာတွင် မည်သည့်အခါမှ မေ့ပျောက်၍မရနိုင်သောအဖြစ်အပျက်တစ်ခုနှင့်ကြုံဆုံခဲ့ရဘူးပါသည်။ ထိုအဖြစ်အပျက်ကား အခြားမဟုတ်ပါ။ ကျွန်ုပ်၏ ဝမ်းကွဲအစ်ကို တော်စပ်သူတစ်ယောက်အကြောင်းပင်ဖြစ်ပါသည်။ ပြီးခဲ့သည့်နှစ်၊ သီတင်းကျွတ်လပြည့်နေ့ညကဖြစ်ပါသည်။ ကျွန်ုပ်၏အစ်ကိုအမည်မှာကိုလူဖော်ဖြစ်ပါသည်။ သူသည် ကျောင်းနေသည့်အရွယ်ဖြစ်သော်





လည်း ကျောင်းမနေပါ။ အိမ်အလုပ်ဆိုလျှင်လည်း ဘာတစ်ခုမှ ဝိုင်းဝန်းကူညီခြင်းမရှိပါ။ ရပ်ကွက်ထဲရှိ အကျင့်ပျက်လူငယ်များနှင့် ပေါင်းသင်းပြီး တာဝန်မဲ့နေသူဖြစ်ပါသည်။ ကျွန်ုပ်သည် သတ္တမတန်းကျောင်းသားအရွယ်၊ လူမမယ်ကလေးတစ်ယောက်သာဖြစ်၍ သူဘာတွေလုပ်၍ ဘယ်ကိုသွားနေသည်ကိုမသိပါ။

သီတင်းကျွတ်လပြည့်နေ့ညသည် ကောင်းကင်တွင် မိုးရိပ်များဆင်နေသဖြင့် မှုန်ပျပျဖြစ်နေပါသည်။ လမ်းထဲမှအိမ်များသည် မီးလုံးမီးတိုင်များအလှဆင်ပြီး ထွန်းညှိထားသောကြောင့် အိမ်ရှေ့လမ်းမကြီးသည် လင်းလျက်နေပါသည်။ ရပ်ကွက်ထဲမှ ခလေးသူငယ်များသည် လမ်းပေါ်တွင် ပြေးလွှားဆော့ကစားနေကြသည်။ ထိုစဉ်တွင် လမ်းထိပ်မှ ကိုးနာရီသံချောင်းခေါက်သံ ကိုကြားလိုက်ရပြီး မရှေးမနှောင်းမှာပင် "အမေရေ. . . သားကို ကယ်ပါဦး၊ အမေရေ. . . သားကိုကယ်ပါဦး" ဆိုသောအသံကြီးကို ကြားလိုက်ရသဖြင့် ကျွန်ုပ်သည် အိမ်ရှေ့ပြေးထွက်၍ ကြည့်လိုက်ပါသည်။ ကျွန်ုပ်၏ဝမ်းကွဲအစ်ကို၊ ကိုလူဖော်သည် သူတို့အိမ်ရှေ့ ခါးပြင်ပေါ်တွင်လဲကာ ပါးစပ်ကအော်ဟစ်နေသည်ကို တွေ့ရပါသည်။ တစ်ချိန်တည်းမှာပင် အဖေ၊ အမေတို့သည်လည်း ထိုအိမ်ဆီသို့ ပြေးသွားကြသည်။

ကျွန်ုပ်သည် ခါးပြင်တွင် လူးလိမ့်ဟစ်အော်နေသော အစ်ကိုလူဖော်ကို စိတ်မကောင်းစွာ ကြည့်နေမိပါသည်။ အိမ်သားများသည် သူ့အား အိမ်ထဲသို့ပွေ့ချီကာ ဖျာပေါ်တွင် သိပ်ထားပါသည်။ "ဆရာဝန်မြန်မြန်သွားခေါ်" ဆိုသော ဘကြီးမြ၏ အသံကိုကြားရပြီး လူတစ်ယောက်သည် စက်ဘီးတစ်စီးနှင့် ပြေးထွက်သွားသည်

ကိုတွေ့ရပါသည်။ မိနစ်နှစ်ဆယ်ခန့်ကြာသောအခါ ဆရာဝန်ရောက်လာ၍ အစ်ကိုလူဖော်ကို စမ်းသပ်ကြည့်သောအခါ လူနာအသက်မရှိတော့ကြောင်းပြောပါသည်။ ကျွန်ုပ်သည် ဆရာဝန်၏အသံကိုကြားရ၍ စိတ်မကောင်းလွန်းသဖြင့် တစ်ကိုယ်လုံးတုန်လှုပ်နေပါသည်။

ခဏကြာလျှင် အဖေနှင့်အမေတို့ ပြန်ရောက်လာရာ အစ်ကိုလူဖော်သေဆုံးသွားရသည်မှာ နံပါတ်ဖိုးဘိန်းဖြူထိုး၍ဖြစ်ကြောင်းပြောပါသည်။ ထိုအခါ ကျောင်းတွင်တစ်ခါက မြို့နယ်ဆရာဝန်ကြီးဟောပြောသွားသော ဘိန်းဖြူအန္တရာယ်ကြီးမားပုံကို သတိရလိုက်သဖြင့် များစွာတုန်လှုပ်သွားမိပါသည်။ ဘိန်းဖြူအန္တရာယ်ကြီးမားပုံကို ကျွန်ုပ်၏အစ်ကိုလူဖော်က ကိုယ်တိုင်ပြသွားပြီဖြစ်၍ ယုံမှားသံသယမရှိတော့ပါ။ လူ၏အသက်ကိုပင်သေစေအောင် အန္တရာယ်ပေးနိုင်သော သေမင်းတမန်ဘိန်းဖြူပါလားဟု ပါးစပ်ကပင်ရေရွတ်မိပါသည်။

ကျွန်ုပ်၏အဘိုးသည် "လူကိုဖျက်အရက်" ဟု မကြာခဏပြောလေ့ရှိပါသည်။ လူငယ်များက သူ့ကိုလာပြီးကန်တော့လျှင် ဤစကားကိုပြောပြီးဆုံးမလေ့ရှိသည်။ ထိုစကားကိုကြားစဉ်က ကျွန်ုပ်သည် မည်သို့အဓိပ္ပါယ်ရှိသည်ကိုမသိပါ။ အရက်ကလူကို ဖျက်သည်ဟူ၍သာ နားလည်ပါသည်။ သို့သော် ယခုအခါတွင် ထို စကား၏အဓိပ္ပါယ်ကို ကောင်းကောင်းကြီး သဘောပေါက်ခဲ့ပါလေပြီ။ မူးယစ်စေတတ်သည့် အရက်စသည့်အရာတို့သည် လူတစ်ယောက်၏ဘဝကို ဖျက်ဆီးပစ်နိုင်တကားဟု သံဝေဂရမိပါသည်။





မှန်ပါသည်။ အရက်စသောမူးယစ်ဆေးများသည် လူကိုကောင်းကျိုးမပေး၊ ဆိုးကျိုးများကိုသာပေးနိုင်ပါသည်။ အရက်သေစာသောက်စားသူတို့သည် အရက်၏အရှိန်ကြောင့် အမှားအမှန်ခွဲခြားနိုင်သောစိတ်များသည် ပျောက်လွင့်သွားသည်။ ပါးစပ်ကပြောချင်ရာပြော၊ လက်ကလုပ်ချင်ရာလုပ်တော့သည်။ ကြောက်ရမှန်း၊ ရွံ့ရမှန်း၊ ရှက်ရမှန်းမသိတော့ချေ။ မိသားစုစိတ်ဆင်းရဲ၊ ကျန်းမာရေးထိခိုက်၊ စီးပွါးရေးပျက်ခြင်းသည်သာ အဖတ်တင်ပါသည်။ တစ်ခါတစ်ရံ အဆင်မသင့်လျှင် ရာဇဝတ်မှုကျူးလွန်ကာ ရဲစခန်းသို့ပင်ရောက်ရပေဦးမည်။ မည်သူ့ကိုမျှအကျိုးမပြုသည့် အဖျက်အန္တရာယ်ကြီးပါပေ။

ယနေ့ဆိုလျှင် "အရက်"သည် ခေတ်နောက်ကျသွားချေပြီ။ အရက်ကိုကျော်လွှား၍ ဆေးခြောက်၊ ဘိန်း၊ စိတ်ကြွဆေး၊ နံပါတ်ဖိုးဘိန်းဖြူ တို့ပေါ်ပေါက်လာခဲ့သည်။ အရက်၏ဆိုးကျိုးကို အလေးမထား၊ ဂရုမပြုသူများသည် ထိုဆေးခြောက်၊ ဘိန်းဖြူ ဘိန်းမဲတို့ကို ဆက်လက်၍ စားသုံးကြပြန်သည်။ ထိုသို့သော ဆေးခြောက်၊ ဘိန်းဖြူတို့သည်"လူကိုဖျက်အရက်" ဆိုသောအရက်ထက် အဆပေါင်းများစွာလူကိုဒုက္ခပေးနိုင်ပါသည်။ စားသုံးသူများကို စီးပွါးပျက်စေသည်။ ကျန်းမာရေးပျက်ပြားစေသည်။ လူမှုဒုက္ခများကိုခံစားစေသည်။ အချိန်မီရပ်တန့်ကမရပ်လျှင် အသက်နှင့်ခန္ဓာကို အိုးစားကွဲစေသည်မှာ သေချာနေပါသည်။

ဆေးခြောက်၊ဘိန်းမဲ၊ ဘိန်းဖြူစသော မူးယစ်ဆေးများ၏အန္တရာယ်မှာ အတိုင်းအဆမရှိကြီးမားလှသည်။ ကမ္ဘာ့လူသားတစ်ရပ်လုံး ကြောက်ရွံ့ထိတ်လန့်နေကြသည့် အနုမြူလက်နက်များထက်

အဆရာထောင်မက ကြောက်မက်ဖွယ်ကောင်းလှသည်။ အနုမြူလက်နက်များသည် မည်မျှပင်စွမ်းအားကြီးမားစေကာမူ နံပါတ်ဖိုးဘိန်းဖြူနှင့်စာလျှင် အသေးအမွှားမျှသာဖြစ်သည်။ ဒုတိယကမ္ဘာစစ်ကာလတွင် ဂျပန်ပြည်၊ ဟီရိုရှီးမားမြို့ကို မဟာမိတ်တို့က အနုမြူဗုံးကို ကြဲချခဲ့ရာတွင် တစ်နေရာ၊ တစ်မြို့လောက်မျှသာ ထိခိုက်သေကြေခဲ့ကြသည်။ ဘိန်းဖြူစသော မူးယစ်ဆေးတို့မှာမူ တစ်မြို့တစ်နေရာတည်းသာမဟုတ်၊ တစ်နိုင်ငံတည်းသာမဟုတ်၊ တစ်ကမ္ဘာလုံး၊ လူမျိုးနွယ်တစ်ခုလုံးကိုပင် ပြုတ်ပြုတ်ပြုန်းသွားအောင် နင်းချေဖျက်ဆီးပစ်နိုင်သော အင်အားရှိပါသည်။

မူးယစ်ဆေးသုံးစွဲသူသည် ပထမငွေကုန်သည်။ ဒုတိယ အလုပ်ပျက်အကိုင်ပျက်ဖြစ်လာသည်။ တတိယ စိတ်ဓါတ်ရော၊ ကိုယ်ခန္ဓာပါ ညှိုးနွမ်းကျဆင်းလာသည်။ ထို့မှ ကမ္ဘာကျော်ခုခံအားကျဆင်းမှုရောဂါစွဲကပ်လာသည်။ မိမိ၏ မိသားစုနှင့်ဆွေမျိုးများအားဆင်းရဲဒုက္ခအမျိုးမျိုးကိုပေးလေသည်။ ဤနည်းဖြင့် နိုင်ငံတော်၏အဖိုးတန်လူ့အရင်းအမြစ်များကိုကုန်ခမ်းစေသည်။ နောက်ဆုံးတွင် သူတို့နိုင်ငံနှင့်လူမျိုးကိုဆင်းရဲမွဲတေမှု၊ ခေတ်နောက်ကျမှု၊ ဂုဏ်သိက္ခာညှိုးနွမ်းမှုဟူသောဒုက္ခတွင်းထဲသို့ ဆွဲချသွားမည်မှာ သေချာနေပါသည်။

ဤမျှကြီးမားသော ဆိုးကျိုးကိုပေးနိုင်သည့် မူးယစ်ဆေးများကို ကျွန်ုပ်တို့သည် လက်နှင့်မျှမတို့မိအောင် ရှောင်ကြဉ်ကြရန်လိုပါသည်။ ရှောင်ကြဉ်ရာတွင် ဆေးလိပ်၊ အရက်ကအစ ရှောင်ကြဉ်နိုင်လျှင် အကောင်းဆုံးဖြစ်သည်။ "ဘိန်းဖြူအစဆေးလိပ်က" ဟုဆိုထားသည့်အတိုင်း ကျွန်ုပ်တို့ကျောင်းသားလူငယ်များသည် ဆေး





လိပ်ကို အပေါင်းအဖော်များနှင့် အပျော်သောက်ခြင်းကို လုံးဝမပြုမိအောင်သတိပြုကြရပါမည်။ သို့မဟုတ်လျှင် ဆေးလိပ်ကိုလက်ကြားညှပ်ကာ စတိုင်တစ်မျိုးထုတ်ပြီး အပျော်သောက်ကြရာမှ တစထက်တစတက်ကာ ဘိန်းဖြူသမားတစ်ယောက်အဖြစ်သို့ ရောက်သွားနိုင်ပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် မူးယစ်ဆေးဝါးများသည် လူတစ်ဦးတစ်ယောက်၏ဘဝကိုသာ နစ်မွန်းပျက်စီးစေနိုင်မည်မဟုတ်၊ လူတစ်ဦးမှတစ်ဆင့် မိသားတစ်စု၊ ရွာတစ်ရွာ၊ လူမျိုးတစ်မျိုး၊ တိုင်းနိုင်ငံတစ်ခုလုံးကို ဖျက်ဆီးနိုင်သည့်အပြင် ကမ္ဘာကြီးတစ်ခုလုံးကိုပင်ကျောက်ခေတ်ဆီသို့ ပြန်လည်တွန်းပို့နိုင်သော အင်အားရှိပါသည်။ ထို့ကြောင့် မိမိလူမျိုး၊ မိမိတိုင်းပြည်ကို ချစ်မြတ်နိုးသူတိုင်းသည် မူးယစ်ဆေးများကို အဆိပ်ပြင်းသောမြွေပမာ ဝေးစွာရှောင်ကြဉ်သင့်သည်။

◆ ◆ ◆ ◆ ◆

## ၄၄။ မေ့မရနိုင်သောမြင်ကွင်းတစ်ခု

**ရေးရန်ပုံကြမ်းအချက်အလက်များ**

- လူတိုင်းတွင် မေ့ပျောက်၍မရနိုင်သော မြင်ကွင်းအဖြစ်အပျက်များရှိကြပုံ
- ကျွန်ုပ်အဖို့တစ်သက်တာမေ့မရသော မြင်ကွင်းတစ်ခု
- ထိုမြင်ကွင်းမှတွေ့ကြုံခံစားချက်များ
- နောင်တစ်ခေတ်နိုင်ငံသားကောင်းတို့အတွက် ပြယုဂ်တစ်ခု
- ကျွန်ုပ်ကိုယ်တိုင် စွဲမြဲခိုင်မာစွာချလိုက်သော အဓိဋ္ဌာန်

လူသည် ကောင်းရာ၊ မကောင်းရာကို ထိတွေ့ခံစားနိုင်သော နှလုံးသားဖြင့်ဖွဲ့စည်းတည်ဆောက်ထားသည့် သတ္တဝါဖြစ်ပါသည်။ နှစ်သက်သဘောကျစရာတွေ့လျှင် ဝမ်းမြောက်ပျော်ရွှင်တတ်၍ သဘောမကျ၊ မနှစ်သက်သောအနိဋ္ဌာရုံကိုတွေ့လျှင် ဝမ်းနည်းကြေ





ကွဲတတ်ကြသည်။ ထို့ကြောင့် လူတိုင်းတွင် ဘယ်သောအခါမှ မေ့မရနိုင်အောင် စွဲမြဲနေသော မြင်ကွင်းအဖြစ် အပျက်များသည် တစ်ခုမက ရှိနေတတ်ကြပါသည်။ ဥပမာအားဖြင့် မိမိငယ်စဉ်က ရှင်ပြုရာတွင် မြင်းစီးပြီးရှင်လောင်းလှည့်ခဲ့ရသော အဖြစ်အပျက်မြင်ကွင်းမျိုး၊ မိမိနေထိုင်ရာကျေးရွာထဲသို့ သောင်းကျန်းသူများဝင်ရောက်လာကာ သေနတ်သံများ နားကွဲလုမတတ်ပေါ်ထွက်လာပြီး တစ်ရွာလုံးကို မီးရှို့ဖျက်ဆီးခဲ့သည့်မြင်ကွင်းမျိုး၊ မိမိတို့ကျောင်းရှေ့တစ်နေရာတွင် ကားနှစ်စင်းတိုက်၍ ကားပေါ်ရှိလူများ သေကြေပျက်စီး ဒဏ်ရာရကြသည့် မြင်ကွင်းမျိုး စသည်ဖြင့် အမျိုးမျိုးရှိနိုင်ပါသည်။

ထိုသို့သောမြင်ကွင်းများတွင် စိတ်ကြည်နူးဝမ်းမြောက်စရာမြင်ကွင်းနှင့် ကြောက်ရွံ့ထိန့်လန့်ကာ ကြေကွဲဝမ်းနည်းရသော မြင်ကွင်းဟူ၍ နှစ်မျိုးနှစ်စားရှိပါသည်။ ထိုနှစ်မျိုးနှစ်စားအနက် ကျွန်ုပ်တွေ့ကြုံခဲ့ရသော မြင်ကွင်းမှာ ကြည်နူးဝမ်းမြောက်ဖွယ်ရာ မြင်ကွင်းမျိုးဖြစ်ပါသည်။ ထိုမြင်ကွင်းသည် ကျွန်ုပ်၏စိတ်ကြေးမုံထက်တွင် မနေ့ကဖြစ်ပျက်ခဲ့သလို ထင်ထင်ရှားရှားစွဲမြဲ ထင်ကျန်ရစ်ဆဲဖြစ်ပါသည်။ ထိုမြင်ကွင်းကားအခြားမဟုတ်။ တက္ကသိုလ်ဝင်စာမေးပွဲကြီးတွင် ဘာသာစုံဂုဏ်ထူးရသူနှင့် လေးဘာသာဂုဏ်ထူးရသူ၊ သုံးဘာသာဂုဏ်ထူးရသူကျောင်းသားကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်သော ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားပင် ဖြစ်ပါသည်။

ကျွန်ုပ်ပညာသင်ကြားနေသောကျောင်းသည် ကျွန်ုပ်တို့မြို့နယ်ဂုဏ်ဆောင် အခြေခံပညာအစိုးရအထက်တန်းကျောင်း၊ အမှတ်(၁) ဖြစ်ပါသည်။ နှစ်စဉ်တက္ကသိုလ်ဝင်စာမေးပွဲကြီးတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသားကျောင်းသူများကို ဂုဏ်ပြု

ဆုချီးမြှင့်သည့်အခမ်းအနားကို ကျင်းပမြဲဖြစ်ပါသည်။ ယခု ကျွန်ုပ်ဖော်ပြလိုသော အခမ်းအနားမှာ လွန်ခဲ့သောနှစ်က ကျင်းပခဲ့သော ဂုဏ်ပြုအခမ်းအနားပင်ဖြစ်ပါသည်။ ထိုအခမ်းအနားသို့ ကျွန်ုပ်တို့ သတ္တမတန်းအပါအဝင် အဋ္ဌမတန်း၊ နဝမတန်းနှင့် ဒသမတန်းများမှ ကျောင်းသားများအားလုံး တက်ရောက်ကြရပါသည်။ ထိုအခမ်းအနားကိုပြင်ဆင်ထားပုံ၊ လူကြီးမိဘများနှင့် ဆရာ၊ ဆရာမများတက်ရောက်လာကြပုံ၊ ဆုရကျောင်းသူ ကျောင်းသားများစင်မြင့်ပေါ်တက်၍ဆုယူပုံ၊ ကျောင်းအုပ်ကြီးနှင့် ဌာနဆိုင်ရာလူကြီးများက ဆုများပေးအပ်ပုံ စသည့်လှုပ်ရှားမှုများသည် ကျွန်ုပ်၏မျက်လုံးထဲတွင် မြင်နေဆဲဖြစ်ပါသည်။

ကျောင်းခန်းမကြီး၏စင်မြင့်ကြီးသည် ခါတိုင်းနှင့်မတူ၊ ဝင့်ကြွားတောက်ပနေသည်။ ကတ္တီပါကြက်သွေးရောင် ကန့်လန့်ကာကြီးထက်တွင် "ပညာရည်ချွန်ဆုပေးပွဲအခမ်းအနား" ဆိုသောစာတန်းကြီးက နေရာယူထားပါသည်။ သဘာပတိစားပွဲ၊ အခမ်းအနားမှူးစားပွဲနှင့် စကားပြောစင်မြင့်များကို နေရာတကျလှပစွာ ပြင်ဆင်ထားပြီး မီးချောင်းများက လင်းလက်နေပါသည်။ မကြာခင်မှာပင် ခန်းမကြီးသည် ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ ဆရာ၊ ဆရာမများ၊ မိဘများ၊ ဆုရကျောင်းသားများနှင့် အတန်းအသီးသီးမှ ကျောင်းသားများနှင့် ပြည့်သွားပါတော့သည်။

နံနက် (၁၀)နာရီထိုးလေပြီ။ အစီအစဉ်အရ သဘာပတိကျောင်းအုပ်ဆရာကြီးက မိန့်ခွန်းပြောပါသည်။ ဆက်လက်ပြီး မြို့နယ်အကြီးအကဲများက အမှာစကားပြောကြသည်။ ထို့နောက် ထူးချွန်သူကျောင်းသူ၊ ကျောင်းသားများအား ဆုချီးမြှင့်ပါသည်။





ပထမဦးစွာ တက္ကသိုလ်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးရ ကျောင်းသူကို ရွှေတံဆိပ်ဆုဖြင့် ဂုဏ်ပြုချီးမြှင့်ပါသည်။ ထိုအခါ ခန်းမကြီးတစ်ခုလုံး လက်ခုပ်သြဘာသံများဖြင့် လွှမ်းမိုးသွားပါသည်။ ပြီးလျှင် လေးဘာသာဂုဏ်ထူး၊ သုံးဘာသာဂုဏ်ထူး၊ နှစ်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သောကျောင်းသူ၊ ကျောင်းသားများကို ဆက်ပြီးဆုချီးမြှင့်ပါသည်။ အဆင်သင့်စောင့်ဆိုင်းနေကြသော ဓါတ်ပုံဆရာများကလည်း ဓါတ်ပုံများကို တစ်ဖြတ်ဖြတ်နှင့်ရိုက်နေကြပါသည်။

ထိုမြင်ကွင်းကိုတွေ့ရသောအခါ ကျွန်ုပ်၏စိတ်များသည် လှုပ်ရှားတက်ကြွလာပြီး ဆုရကျောင်းသူ၊ ကျောင်းသားများကို အားကျမိပါသည်။ သူတို့လိုငါလည်းဖြစ်လျှင်၊ ဂုဏ်ပြုခံရလျှင် မည်မျှကောင်းလိုက်မည်နည်းဟု ဆန္ဒဖြစ်မိပါသည်။ ပညာသည် အဖိုးအနဂ္ဃထိုက်တန်လှသည်။ ပညာရှိရင့်ပွဲလယ်တင့်နိုင်သည်ဆိုသော ရှေးလူကြီးများ၏စကားမှန်ကန်ပုံကို လက်တွေ့ပင်သိရှိသွားရပါသည်။ ထို့ပြင် မိမိ၏ကဲ့သို့ စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခြင်းသည် မိဘများ၏ဂုဏ်၊ ဆရာ၊ ဆရာမများ၏ဂုဏ်နှင့် မိမိ၏ကျောင်းဂုဏ်တို့ကိုပါ မြှင့်တင်ပေးရာရောက်ကြောင်းကိုပါ နားလည်သဘောပေါက်မိပါသည်။ ထို့ကြောင့် ကျွန်ုပ်၏ရင်ထဲတွင် "ယောက်ျားတံခွန်၊ လူရည်ချွန်က၊ ကောင်းကင်တမွတ်၊ ကြယ်ကိုဆွတ်လည်း၊ မလွတ်စတမ်း၊ ရမြဲလမ်း" ဆိုသောစကားအတိုင်း မဖြစ်မနေကြိုးစားချင်စိတ်များ တဖွားဖွားပေါ်ပေါက်လာပြီး ငါလည်း တက္ကသိုလ်ဝင်တန်းမှာ သူတို့ကဲ့သို့ ဘာသာစုံဂုဏ်ထူးနှင့် အောင်မြင်နိုင်ရန် ယခုကတည်းက ကြိုးစားသွားမည်ဟု စိတ်ကို ဆုံးဖြတ်ချက်ချလိုက်ပါသည်။

အခြားတဘက်ကကြည့်ပြန်လျှင် ဤဆုပေးပွဲအခမ်းအနားသည် နောင်တစ်ခေတ် နိုင်ငံ့သားကောင်းရတနာများ မွေးထုတ်ရာ ပြယုဂ်တစ်ခုအဖြစ်မြင်နိုင်ပါသည်။ ကျောင်းသား ကျောင်းသူတစ်ဦး၏ ထူးချွန်အောင်မြင်မှုသည် ကြိုးစားနေရုံ ကျောင်းမှန်မှန်တက်နေရုံနှင့် မပြီးသေးပေ။ မိဘဆရာသမားတို့၏ အားပေးချီးမြှောက်မှုသည်လည်း အရေးတကြီးလိုအပ်လှပါသည်။ အမြင့်ထိပ်ဖျားဆီသို့ တက်ရောက်လိုသူသည် အမြင့်သို့တက်ရန်လှေခါးသည် အဓိကလိုအပ်နေသကဲ့သို့ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျောင်းမှ ဤကဲ့သို့ ဂုဏ်ပြုအခမ်းအနားကို နှစ်စဉ်ကျင်းပနေခြင်းဖြင့် ဤကျောင်းမှ ထူးချွန်သူကျောင်းသားများ နှစ်စဉ်ပေါ်ထွက်လာမည်ကား သေချာနေပါသည်။

ယခုအခါ နိုင်ငံတော်ကလည်း ပညာရေးမြှင့်တင်မှု အစီအစဉ်နှင့်အညီ အထူးအားပေးနေသည်မှာ ဝမ်းမြောက်စရာကောင်းလှပါသည်။ နိုင်ငံတော်၏အနာဂတ်ကောင်းစားရေး၊ တိုးတက်ဖွံ့ဖြိုးရေးသည် ယနေ့ အခြေခံပညာကျောင်းအသီးသီးတွင် ပညာသင်ယူနေကြသည့် ကျောင်းသူ ကျောင်းသားများအပေါ်တွင် များစွာတည်မှီနေပါသည်။ သူတို့ထူးချွန်လျှင် ထူးချွန်သလောက်၊ ထက်မြက်လျှင် ထက်မြက်သလောက် နိုင်ငံတော်ကြီးသည်လည်း ကမ္ဘာ့အလည်တွင် ထည်ဝါခန့်ငြားကာ လူမျိုး၏ဂုဏ်ကိုလည်း မြှင့်တင်ပေးမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းသူ ကျောင်းသားတစ်ဦးစီ၏ အမိနိုင်ငံတော်၏ ဂုဏ်ရည်ကို မြှင့်တင်လိုစိတ်၊ မဖြစ်မနေကြိုးစားလိုစိတ်၊ မိမိကိုယ်တိုင် ထက်မြက်ထူးချွန်သူတစ် ယောက်ဖြစ်လိုသောစိတ်ကို တိုးတက်ကြီးမားလာအောင် ဤ သို့သော ဆုများဂုဏ်ပြုချီးမြှင့်သည့်





အခမ်းအနားများကို နေရာအနှံ့၌ နှစ်စဉ်ကျင်းပပြုလုပ်ပေးသင့်ပါသည်။

ကျွန်ုပ်ကိုယ်တိုင်တက်ရောက်ခဲ့ရသော ကျွန်ုပ်တို့ကျောင်း၏ ဂုဏ်ပြုဆုပေးပွဲအခမ်းအနားကား ကျွန်ုပ်အား အဖိုးမဖြတ်နိုင်သော စိတ်ဓါတ်အင်အားများကို လက်တွေ့ပေးခဲ့သဖြင့် ကျွန်ုပ်သည် များစွာကျေနပ်အားရမိပါသည်။ ဤစိတ်ဓါတ် အင်အားဖြင့် ကျွန်ုပ်သည် မျှော်မှန်းထားသည့် ပန်းတိုင်ဆီသို့ မုချရောက်ရမည်မှာ သေချာပါသည်။ ထို့ကြောင့် ဤ "ပညာရည်ချွန် ဆုပေးပွဲ အခမ်းအနား" ကြီးကို ကျွန်ုပ်သည် ဘယ်သောအခါမှ မေ့နိုင်တော့မည်မဟုတ်ဘဲ စိတ်တွင် ထာဝရစွဲမြဲနေတော့မည်သာဖြစ်ပါတော့သည်။

◆ ◆ ◆ ◆ ◆

# ၄၅။ စာမတတ်သူပပျောက်ရေး

**ရေးရန်ပုံကြမ်းအချက်အလက်များ**

- စာတတ်မြောက်ရေးသည် လူတိုင်းအတွက် ရှိသင့်သောအရည်အချင်းဖြစ်ပုံ
- တိုင်းပြည်အင်အားတောင့်တင်းရေး၊ ဖွံ့ဖြိုးရေးအတွက် စာတတ်မြောက်သူများ၊ ပညာတတ်များသည် မရှိမဖြစ်လိုအပ်ပုံ
- မြန်မာတို့သည် စာမတတ်မြောက်မှုဟူသောအမွေဆိုးကို လွတ်လပ်ရေးနှင့်တစ်ပါတည်းဆက်ခံရရှိခဲ့ပုံ
- စာမတတ်မှုပပျောက်မှုအတွက် နိုင်ငံတော်မှ ကြိုးစားအားထုတ်နေပုံများ
- လူတိုင်းစာတတ်မြောက်ပြီး စာမတတ်သူများ ပပျောက်အောင် အမျိုးသားရေးလှုပ်ရှားမှုဖြင့် အကောင်အထည်ဖော်ရာတွင် နိုင်ငံသားတိုင်းက ကူညီဆောင်ရွက်သင့်ကြပုံ





- သို့မှသာ နိုင်ငံတော်အတွင်းဖိုးသုညများ ပပျောက်၍ ကမ္ဘာ့အဆင့်မီနိုင်ငံတစ်နိုင်ငံအဖြစ်သို့ ရောက်ရှိလာနိုင်ပုံ

"စာမတတ်သူအကန်းနှင့်တူ" ဆိုသောစကားပုံတစ်ခုကို မှတ်သားခဲ့ရဘူးပါသည်။ လူ့ဘဝသို့ရောက်၍ ခြေလက်ဦးခေါင်း မျက်စိနားအစုံအလင်ရှိနေသော်လည်း စာမတတ်လျှင် ထိုသူသည် မျက်စိကန်းနေသူတစ်ဦးနှင့်မခြား၊ လူ့လောကကြီးအတွက် မည်သို့မျှအသုံးကျတော့မည် မဟုတ်သဖြင့် ထိုသူရလာသောလူ့ဘဝသည် အချည်းနှီးဖြစ်ရပုံကို ဖော်ကျူးထားခြင်းဖြစ်ပါသည်။

မှန်ပါသည်။ စာတတ်မြောက်ခြင်းသည် လူသားတိုင်းတွင်ရှိအပ်သော အနိမ့်ဆုံးအရည်အချင်းတစ်ရပ်ဖြစ်ပါသည်။ စာမတတ်သဖြင့် စာဖြင့်ရေးထားသော လူ့ဘဝအတွက်တန်ဖိုးရှိလှသော ဗဟုသုတအကြားအမြင်များကိုမရနိုင်ဘဲ ဖိုးသုညဘဝသို့ အလွယ်တကူပင် ရောက်ရှိသွားရတော့သည်။ ထိုစာမတတ်သူသည် မိမိအိမ်၊ မိမိရွာ၊ မိမိတိုင်းပြည်တွင် ဘာတွေဖြစ်ပျက်နေသည်ကို သိခွင့်မရသဖြင့် သူ၏ဘဝမှာ အိမ်တွင်မွေးထားသော တိရစ္ဆာန်တစ်ကောင်နှင့် အတူတူပင်ဖြစ်နေတော့မည်ဖြစ်ပါသည်။

တိုင်းပြည်နိုင်ငံတစ်နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးတွင် ထိုတိုင်းပြည်အတွင်းမှီတင်းနေထိုင်ကြသူ နိုင်ငံသားများ၏ စာတတ်မြောက်မှုအပေါ်တွင်တည်မှီနေပါသည်။ စာတတ်မြောက်သူဦးရေများသော တိုင်းနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်ရန် အလားအလာရှိပြီး စာတတ်သူဦးရေနည်းသော တိုင်းနိုင်ငံများအတွက်မူ အောက်ကျနောက်ကျဖြစ်

ရမည်သာဖြစ်ပါသည်။ ယနေ့တိုးတက်ဖွံ့ဖြိုးနေသော နိုင်ငံများကို ကြည့်လျှင် စာတတ်သူဦးရေများသော နိုင်ငံဖြစ်ကြောင်း တွေ့ရမည် ဖြစ်ပါသည်။ ထို့ကြောင့် မဖွံ့ဖြိုးသေးသောနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲ နိုင်ငံများအတွက် စာတတ်မြောက်သူများသည် မရှိမဖြစ်လိုအပ် သည်မှာ ထင်ရှားနေပါသည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံသည် ကိုလိုနီနယ်ချဲ့လက်အောက်မှ ရုန်း ထွက်ပြီး လွတ်လပ်ရေးရရှိခဲ့သော်လည်း ထိုလွတ်လပ်ရေးနှင့်အတူ စာမတတ်မှုအမွေဆိုးသည်လည်း တစ်ပါတည်းပါလာခဲ့လေသည်။ နယ်ချဲ့လက်အောက်တွင် သူ့ကျွန်အဖြစ် နှစ်ပေါင်းများစွာ နေခဲ့ရသ ဖြင့် လူမှုရေး၊ စီးပွားရေးတို့ အောက်တန်းကျခဲ့ရသည်။ ထိုအခါ ပြည်သူတို့၏ ပညာရေးသည်လည်း လျစ်လျူပြုခြင်း ခံရပြန်သဖြင့် နိုင်ငံတော်အတွင်း စာမတတ်သူ ဖိုးသုညများ၊ များပြားနေရခြင်းမှာ စင်စစ်အံ့သြဖွယ်ရာမရှိချေ။

ထို့ကြောင့် လွတ်လပ်ရေးရပြီးနောက် နိုင်ငံတော်ကိုပြန်လည် ထူထောင်ရာတွင် နိုင်ငံတော်အစိုးရသည် နိုင်ငံတော်အတွင်း စာ မတတ်သူပပျောက်ရေးလုပ်ငန်းကို အင်တိုက်အားတိုက်ဆောင်ရွက် ခဲ့ကြသည်။ သို့သော်စာမတတ်သူပပျောက်ရေး လှုပ်ရှားမှုလုပ်ငန်း များတွင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုနည်းပါးသဖြင့်လည်း ကောင်း၊ ကျောင်းနေအရွယ်ကလေးသူငယ်များအား လူတိုင်း ကျောင်းနေနိုင်အောင် မဆောင်ရွက်ပေးနိုင်ခြင်းကြောင့်လည်း ကောင်း စာမတတ်သူပပျောက်ရေးလုပ်ငန်းများသည် အရာမထင် ဖြစ်ခဲ့ရသည်။

သို့သော် နောက်ပိုင်းကာလများတွင် ထိုချွတ်ယွင်းချက်များကို ပြုပြင်နိုင်ခဲ့ခြင်းကြောင့် စာမတတ်သူပပျောက်ရေးလုပ်ငန်းများကို





အောင်မြင်စွာအကောင်အထည်ဖော်နိုင်ခဲ့ရာ စာမတတ်သူပပျောက် ရေးဆိုင်ရာ နိုင်ငံတကာဆုများကိုပင် ရရှိနိုင်ခဲ့ပါသည်။ ယနေ့အချိန် အခါတွင် နိုင်ငံတော်အစိုးရသည် စာမတတ်သောဖိုးသုညများသည် နိုင်ငံတော်ကြီးကို ခေတ်မှီတိုးတက်သောနိုင်ငံတော်ကြီးအဖြစ် ချီတက်ရာတွင် အဟန့်အတားကြီးတစ်ခုအဖြစ် သိမြင်သဘော ပေါက်ခဲ့သည့်အတိုင်း စာမတတ်သူပပျောက်ရေးလုပ်ငန်းဆိုင်ရာ လှုပ်ရှားမှုများကို အမျိုးသားရေးအသွင်ဖြင့် အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်နေပါသည်။

စာမတတ်သူပပျောက်ရေးလုပ်ငန်း အောင်မြင်ရေးမှာ ကျေး လက်ဒေသနေ ပြည်သူအများစု၏ စီးပွါးရေးအခြေအနေနှင့် ဆက် စပ်နေရကား နိုင်ငံတော်ကမျှော်မှန်းသလို ဖြစ်မလာသေးချေ။ စာမ တတ်သူများသည် အသက်အရွယ်အလိုက် ကျန်ရှိနေသေးသည်မှာ ဝမ်းနည်းဖွယ်ကောင်းလှပါသည်။ သို့သော် ကျေးလက်နေ ပြည်သူ တို့၏ စီးပွါးရေးတိုးတက်လာသည်နှင့်အမျှ စာမတတ်သူ ဦးရေမှာ လည်း တစ်ဖြည်းဖြည်းကျဆင်းလာပြီး နောက်ဆုံးတွင်လုံးဝပပျောက် သွားရမည်သာဖြစ်ပါသည်။

နိုင်ငံတော်အတွင်း စာမတတ်သူများပပျောက်ရေးတွင် ကျောင်းနေအရွယ် ကလေးများအားလုံး မူလတန်းအဆင့်ပညာကို စတင် သင်ယူနိုင်ကြဖို့လိုပါသည်။ တစ်နည်းဆိုသော် အရွယ်ရောက် သူတိုင်းကျောင်းနေနိုင်ရေးကို အဓိကထားတွန်းအားပေးရန် ဖြစ် ပါသည်။ တောနေကလေးသူငယ်များ ကျောင်းသို့မရောက်လာနိုင် အောင် အတားအဆီးဖြစ်နေသည့် အရာအားလုံးကို ဖယ်ရှားပစ် ရန်လိုပါသည်။ ကျွန်ုပ်တို့ကျောင်းသူ ကျောင်းသားများအပါအဝင်

ပြည်သူလူထုတစ်ရပ်လုံးကလည်း အသိရှိရှိဖြင့် တစ်တပ် တစ်အား ပါဝင် ကူညီသင့်သည်။

ယနေ့အချိန်အခါသည် "ပညာရှေ့ခေတ်" ဖြစ်ပါသည်။ ပညာတတ်သောတိုင်းပြည်များက ပညာရည်နိမ့်ကျသော တိုင်းပြည်များ၏ ရှေ့တွင်ရောက်နေကြသည်ကို သတိပြုကြရန် လိုပါသည်။ ကျွန်ုပ်တို့သည် သိမှတ်ဖွယ်ရာ၊ တတ်မြောက်ဖွယ်ရာ ပညာရပ်များကို ဆက်လက်သင်ယူသွားကြရန် များစွာလိုနေသေးသည်။ စက္ကန့်နှင့်အမျှ နည်းပညာများ၊ ဆက်သွယ်ရေးစနစ်များ တစ်ဟုန်ထိုး တိုးတက်နေသောခေတ်ကြီးတွင် အမီလိုက်နိုင်ရန် တစ်ခုတည်းသောထွက်ပေါက်မှာ လူတိုင်းစာတတ်မြောက်ရေးပင်ဖြစ်ပါသည်။ ပြည်သူလူထုများစာတတ်မြောက်လျှင် စိုက်ပျိုးရေး၊ စက်မှုလက်မှုနှင့် သိပ္ပံပညာဆိုင်ရာ ပညာရပ်များကို ဆည်းပူးလေ့လာနိုင်ကြမည် မဟုတ်ပါလော။

အခြားတစ်ဘက်မှ ကြည့်လျှင်လည်း "ပညာလို အိုသည်မရှိ" ဆိုသကဲ့သို့ လူတိုင်းသည် တစ်သက်တာကျောင်းပညာရေးကို လေ့လာလိုက်စားရန်လိုအပ်နေပါသည်။ နေ့ရှိသရွေ့စာများကို ဖတ်မှတ်နေကြရမည် ဖြစ်ပါသည်။ ဆိုလိုသည်မှာ လူတိုင်းသည် ထာဝရကျောင်းသားကြီးများဖြစ်ကြရပါမည်။ ခေတ်အမြင် ခေတ်အတွေးများ ရရှိနိုင်အောင် စဉ်ဆက်မပြတ်လေ့လာနေကြရပေမည်။ ထို့ကြောင့် ပြည်သူတစ်ရပ်လုံး၏ စာတတ်မြောက်ရေးသည် ခေတ်မီတိုးတက်ဖွံ့ဖြိုးသောနိုင်ငံတစ်နိုင်ငံအဖြစ် တည်ဆောက်နေသော ကျွန်ုပ်တို့နိုင်ငံအတွက်မည်မျှအရေးတကြီးလိုအပ်နေကြောင်း သိရှိနားလည်ရန်မှာ ထင်ရှားနေပါတော့သည်။

◆ ◆ ◆ ◆ ◆

# ၄၆။ စားနပ်ရိက္ခာတိုးစေရာ

**ရေးရန်ပုံကြမ်းအချက်အလက်များ**

- သက်ရှိသတ္တဝါအားလုံးသည် အစာအာဟာရအပေါ်တွင် မှီပြီးအသက်ရှင်နေရပုံ
- ကျွန်ုပ်တို့နိုင်ငံအတွက် စားနပ်ရိက္ခာ လုံလောက်ရန်အရေးကြီးပုံ
- ကျွန်ုပ်တို့နိုင်ငံ၏ စားနပ်ရိက္ခာ ထုတ်လုပ်ရေးသည် အစဉ်တိုးတက်ရန်လိုအပ်ပုံ
- ယနေ့နိုင်ငံတော်မှ စားနပ်ရိက္ခာထုတ်လုပ်ရေးအတွက် လယ်ယာကဏ္ဍနှင့် သားငါးမွေးမြူရေးကဏ္ဍတို့တွင် အားပေးကူညီနေပုံ
- တောင်သူလယ်သမားကြီးများ အားကြိုးမာန်တက် သီးနှံများ ထုတ်လုပ်နေပုံ
- စပါးသီးနှံများ ပိုလျှံစွာထုတ်လုပ်ပြီး ကမ္ဘာ့ပြည်သူများ စားနပ်ရိက္ခာလုံလောက်ရေးနှင့် နိုင်ငံခြားငွေရရေးအတွက် ကြိုးပမ်းသင့်ကြပုံ

"သဗ္ဗေသတ္တာ အာဟာရ ဋ္ဌိတိကာ" ဟုမြတ်စွာဘုရား ကိုယ်တော်တိုင် ဟောကြားညွှန်ပြတော်မူခဲ့ပါသည်။ သတ္တဝါခပ်သိမ်းသည် အစာအာဟာရများပေါ်တွင်မှီ၍ အသက်ရှင်နေကြရသည်ဟု ဆိုလိုပါသည်။ မှန်ပါသည်။ ဤလောကတွင် အစာအာဟာရ စားသောက်မှီဝဲမှုမရှိဘဲ အသက်ရှင်နိုင်သူ တစ်ဦးတစ်ယောက်မှမရှိပါ။ သတ္တဝါအားလုံးသည် အစာအာဟာရပေါ်တွင် မှီခိုပြီး အသက်ရှင်နေရသည်ချည်းသာဖြစ်ပါသည်။ ကျွန်ုပ်တို့ လူသားအားလုံးသည် အစာအာဟာရပေါ်တွင်သာ မှီခိုအားထားပြီး အသက်ရှင်လှုပ်ရှားနေကြရသည်မှာ အမှန်ပင်ဖြစ်ပါသည်။

ကျွန်ုပ်တို့ နိုင်ငံတော်သည် နိုင်ငံတကာအဆင့်မီ နိုင်ငံတော်သစ်ကြီးဆီသို့ ဦးတည်ကာ ရှေ့သို့ ချီတက်နေပါသည်။ နိုင်ငံတော်ကြီး တိုးတက်ဖွံ့ဖြိုးရေးသည် အကျိုးတရားဖြစ်၍ ထိုသို့ဖြစ်အောင် အကောင်အထည်ဖော်ရမည့် လူသားများ၏ ကာယဉာဏ ခွန်အားများ ပြည့်ဖြိုးရေးသည် အကြောင်းတရားဖြစ်ပါသည်။ နိုင်ငံသားပြည်သူများ ကာယဉာဏခွန်အားများ တိုးတက်စေအောင် လိုအပ်သောအစာအာဟာရများကို ဝဝလင်လင်မစားသောက်နိုင်ပါက ထိုနိုင်ငံသားတို့၏ ကာယဉာဏခွန်အားတို့ဖြင့် အကြောင်းခံပြီး အကောင်အထည်ဖော်ရသော နိုင်ငံတော်သစ်ကြီးသည်လည်း မည်သည့်နည်းနှင့်မျှ ဖြစ်ပေါ်လာနိုင်မည်မဟုတ်ချေ။ ထို့ကြောင့် ကျွန်ုပ်တို့နိုင်ငံအတွက် စားနပ်ရိက္ခာများ လုံလောက်အောင်ထွက်ရှိရေးသည် မည်မျှအရေးကြီးလှကြောင်း သိသာနိုင်ပါသည်။

ကျွန်ုပ်တို့နိုင်ငံ၏ လူဦးရေသည် တစ်နှစ်ပြီးတစ်နှစ် တစ်ဖြည်းဖြည်းတိုးတက်နေသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရစဉ်က (၁၈)





သန်းသာရှိသော်လည်း ယနေ့ဆိုလျှင် သန်းပေါင်း(၅၀)ပင် ပြည့်နေချေပြီ။ ကျွန်ုပ်တို့နိုင်ငံ၏ လူဦးရေတိုးနှုန်းမှာ (၂.၃) ရာခိုင်နှုန်းဖြစ်၍လာမည့်(၁၀)နှစ်အတွင်းမှာပင် သန်းပေါင်း(၆၀)သို့ ရောက်ပြီးကျော်လွန်သွားစေမည့်အခြေအနေရှိနေပါသည်။ ထိုသို့ နှစ်စဉ်တိုးတက်လာသောလူဦးရေနှင့်အညီ နိုင်ငံတော်၏ စားနပ်ရိက္ခာထုတ်လုပ်ရေးသည် များစွာအရေးကြီးလာပါသည်။ လူဦးရေတိုးနှုန်းနှင့်အညီ ရိက္ခာထုတ်လုပ်မှု တိုးတက်မှုနှုန်းသည်လည်း တိုးတက်လာရမည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။ထိုသို့ မဟုတ်လျှင် ကျွန်ုပ်တို့သည် ရိက္ခာပြတ်၍ အငတ်ဘေးနှင့်ကြုံတွေ့ရမည်မှာ သေချာနေပါသည်။

လူ့လောကတွင် ရွှေငွေရတနာများသည် ရေထက်အဖိုးတန်၍ လူကြိုက်များလှပါသည်။ သို့သော် အသက်ရှင်ရေးအတွက် ရေသည် ရွှေငွေ ရတနာများထက် အဆပေါင်းများစွာ တန်ဘိုးကြီးလှပါသည်။ ထို့အတူ စပါး၊ ဆန်၊ ဟင်းသီးဟင်းရွက်၊ သားငါး စသည်တို့သည်လည်း ရွှေငွေရတနာများထက် ပို၍တန်ဘိုးကြီးလှပါသည်။ အခြားတစ်ဘက်တွင်လည်း ဆန်စပါး၊ ပဲအမျိုးမျိုးတို့သည် နိုင်ငံတော်အတွက် နိုင်ငံခြားငွေအများအပြားရရှိရန် စွမ်းဆောင်ပေးနိုင်ပေရာ စားနပ်ရိက္ခာ သီးနှံများနှင့် သားငါးများ ဖွံ့ဖြိုးတိုးတက်ရေးသည် ပို၍အရေးကြီးလာပါသည်။ ဤအခြေအနေနှင့်သဘောထားကို သိရှိသော နိုင်ငံတော်အစိုးရသည် စားနပ်ရိက္ခာထုတ်လုပ်ရေး၏ အဓိကအခန်းမှပါဝင်သော လယ်ယာကဏ္ဍနှင့် သားငါးကဏ္ဍများကို အရှိန်အဟုန်နှင့် တိုးတက်လာအောင် စီမံကိန်းချမှတ်ကာ ဆောင်ရွက်အကောင်အထည်ဖော်နေပါသည်။

နိုင်ငံတော်အစိုးရသည် လယ်ယာကဏ္ဍ တိုးတက်စေရေးအတွက် တစ်ဘက်မှ သီးနှံပိုမိုထွက်ရှိလာရေးအတွက် လုံးပမ်းအားထုတ်နေသကဲ့သို့ တစ်ဘက်ကလည်း လယ်ယာလုပ်ငန်းအတွက် အဓိကလိုအပ်ချက်ဖြစ်သော ရေရရှိစေရန် ဆည်မြောင်းများ၊ ရေလှောင်တမံများကို တူးဖော်ပြုလုပ်ကာ တောင်သူလယ်သမားတို့အား ကူညီဆောင်ရွက်ပေးနေပါသည်။ ထိုနည်းတူစွာပင် သီးနှံအောင်မြင်ရေးအတွက် သွင်းအားစုများဖြစ်သော ဓါတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ မျိုးကောင်းမျိုးသန့်နှင့် ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များကို ဖြန့်ချိပေးနေပါသည်။ အထူးသဖြင့် အဓိကသီးနှံ ဖြစ်သောစပါးကို ပိုမိုအောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် သုတေသနပြုကာ ကမ္ဘာ့အဆင့်မီ မျိုးကောင်းမျိုးသန့်များရရှိရန် အားသွန်ကြိုးပမ်းလျှက်ရှိနေပါသည်။

ထို့ပြင် ပဲ၊ နှမ်း၊ နေကြာစသော ဆီထွက်သီးနှံများကို တိုးချဲ့စိုက်ပျိုးပြီး နိုင်ငံအတွင်း ဆီစားသုံးမှုဖူလုံအောင် ကြံဆောင်ကြိုးပမ်းနေပါသည်။ ဆီထွက်သီးနှံများအောင်မြင်စွာ ဖြစ်ထွန်းလာသည်နှင့် အမျှ နိုင်ငံခြားမှ ဆီတင်သွင်းရ၍ ကုန်ကျရသော ငွေယိုပေါက်တစ်ခုကိုပါ ပိတ်ဆို့လာနိုင်သဖြင့် နိုင်ငံအတွက်များစွာ အကျိုးများနိုင်ပါသည်။ ထို့အတူ စားသုံးမှုအတွက် မရှိမဖြစ်သော သားငါးဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရသည် အထူးအားပေးနေပါသည်။ သားငါးမွေးမြူရေးသည် ပြည်သူတစ်ရပ်လုံး အာဟာရပြည့်ဝစွာစားသုံးနိုင်ရေးတွင် ဆန်စပါးကဲ့သို့ပင် အရေးကြီးလှပါသည်။ နိုင်ငံတော်ပိုင် ငါးမွေးမြူရေးကန်ကြီးများ၊ မွေးမြူရေးစခန်းကြီးများ ထူထောင်ကာ သားငါးကဏ္ဍတိုးတက်ရေးအတွက် ဆောင်





ရွက်နေသည်မှာ အားရစရာကောင်းလှပါသည်။ သားငါးမွေးမြူရေးလုပ်ငန်းကို သိပ္ပံနည်းကျစွာဖြင့် တပ်မတော် တပ်ရင်းတပ်ဖွဲ့များဦးဆောင်ပြီး အကောင်အထည်ဖော်နေကြ ပါသည်။

စားနပ်ရိက္ခာ ထုတ်လုပ်ရေးတွင် အဓိကတာဝန်ယူထားရသူများမှာ တောင်သူလယ်သမားများ ဖြစ်ကြပါသည်။ နိုင်ငံတော်၏ လယ်ယာစိုက်ပျိုးရေးကိုအခြေခံ၍ စက်မှုနိုင်ငံတော်ကိုတည်ထောင်ရေးဟူသော ရည်မှန်းချက်နှင့်အညီ နိုင်ငံတော်သည် တောင်သူလယ်သမားများ၏ လုပ်ငန်းခွင်သာယာရေး၊ ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များ သိရှိနားလည်ရန် ပညာပေးရေးနှင့် တောင်သူလယ်သမားတို့၏ ဘဝမြင့်မားရေးတို့ကို အစွမ်းကုန်ကူညီဆောင်ရွက်ပေးနေပါသည်။ ဤအခြေအနေအတိုင်းသွားပါက မဝေးတော့သည့်အချိန်တွင် နိုင်ငံတော်သည် ပြည်တွင်းစားသုံးမှု ဖူလုံရုံသာမက နိုင်ငံခြားတိုင်းပြည်များကိုပင် ရောင်းချပေးနိုင်တော့မည်ဖြစ်ပါသည်။

ယနေ့ကမ္ဘာတွင် အစာအာဟာရကို လုံလောက်ဝလင်စွာ မစားသုံးရသဖြင့် ကျန်းမာရေးနိမ့်ကျပြီး ဒုက္ခပင်လယ်ဝေနေကြရသည့်တိုင်းနိုင်ငံများကို တွေ့နိုင်ပါသည်။ ကျန်းမာရေးမကောင်းသဖြင့် စိုက်ပျိုးသီးနှံများကိုမထုတ်လုပ်နိုင်၊ သီးနှံများအလုံအလောက်မထုတ်လုပ်နိုင်သဖြင့် အာဟာရချို့တဲ့၊ အာဟာရချို့တဲ့၍ ကျန်းမာရေးညံ့ဖျင်း၊ ဤသို့မုန့်လုံးစက္ကူကပ်သလို အဆိုးသံသရာထဲတွင် တဝဲလည်လည် ဖြစ်နေရတော့သည်။ ဤအခြေအနေမှ အမြန်ဆုံးရုန်းထွက်လာနိုင်ရန် ကမ္ဘာ့ကုလသမဂ္ဂ၊ စားနပ်ရိက္ခာ အဖွဲ့ကြီး၏ အကူအညီဖြင့် ကြိုးပမ်းနေကြသော်လည်း ကြောက်ခမန်းလိလိ တိုးပွားနေသော လူဦးရေကြောင့် အခက်အခဲများစွာ တွေ့နေရပါသည်။

မည်သို့ဆိုစေ ကမ္ဘာ့မိသားစုအဖွဲ့ဝင်ဖြစ်သော ကျွန်ုပ်တို့သည် စပါးသီးနှံများကို ပိုလျှံလာအောင် စိုက်ပျိုးထုတ်လုပ်ပြီး ပြည်တွင်းရိက္ခာဖူလုံရေးသာမက ကမ္ဘာ့မိသားစု စားနပ်ရိက္ခာလုံလောက်ရေး အတွက်ပါ ကြိုးပမ်းကြမည် ဆိုပါက ကုသိုလ်လည်းရ ဝမ်းလည်းဝပြီး နိုင်ငံအတွက် အကျိုးရှိမည်မှာစေကန်ပင်ဖြစ်ပါတော့သည်။

◆ ◆ ◆ ◆ ◆





## ၄၇။ သစ်ပင်များ

**ရေးရန်ပုံကြမ်းအချက်အလက်များ**

- လူသားမိတ်ဆွေ သစ်ပင်များ
- သစ်ပင်များ၏ လူသားအကျိုးပြုပုံ
- သစ်ပင်၏ အသုံးဝင်ပုံများ
- သစ်ပင်များ မရှိသောနေ့
- လောကဝန်းကျင် သာယာလိုလျှင် သစ်ပင်များကို စိုက်ပျိုးရန်နှင့် ထိန်းသိမ်းရန် လိုအပ်ပုံ

လူသားတို့အား အကျိုးပြုသည့် အရာများထဲတွင် သစ်ပင်များသည် ထိပ်ဆုံးမှပါဝင်နေသည်ဟုဆိုလျှင် မှားမည်မဟုတ်ပါ။ လူသားတို့နေထိုင်ရာကမ္ဘာကြီးသည် တောအထပ်ထပ်တောင်အသွယ်သွယ်ဖြင့် လွှမ်းခြုံဖြန့်ကျက်ထားပါသည်။ တစ်ဖန် ထိုတောထိုတောင်များသည် သစ်ပင်ကြီးငယ်များပေါက်ရောက်ကာ မြသားကမ္ဗလာကြီးကို ဖုံးအုပ်ထားသကဲ့သို့ စိမ်းလန်းနေပါသည်။ ထိုထိုသော တောတောင်ရေမြေသဘာဝများကို အမှီပြုကာ သန်းပေါင်း

များစွာသော လူသတ္တဝါတို့သည် ပေါက်ဖွားရှင်သန်နေကြရသဖြင့် လူသားနှင့်သစ်ပင်၊ သစ်ပင်နှင့်လူသားတို့သည် တစ်ဦးနှင့်တစ်ဦး အမှီသဟဲပြုကာ အပြန်အလှန် အကျိုးပြုနေကြရပေသည်။

မှန်ပေသည်။ သစ်ပင်များသည် လူသားတို့၏ မိတ်ဆွေများ ဖြစ်ပါသည်။ တစ်နည်းဆိုသော် သစ်ပင်များကြောင့် လူသားမျိုးနွယ်များနှင့် လူတို့နေထိုင်ရာကမ္ဘာကြီးသည် ယနေ့ထက်တိုင် တည်တန့်ခိုင်မြဲနေရခြင်း ဖြစ်ပါသည်။ သစ်ပင်တို့၏ လူသားအကျိုးပြုပုံတို့မှာ မရေမတွက်နိုင်အောင် များလှပါသည်။ လူသတ္တဝါတို့သည် အသက်နှင့်ခန္ဓာတည်မြဲရန်အတွက် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို မှီဝဲစားသောက်ကြရသည်။ ထိုအသီးအရွက်တို့ကို မည်သည့်နေရာကရပါသနည်း။ ထို့အတူ လူတို့သည် မိုး၊ လေ၊ နေပူနှင့် ရာသီဥတုဒဏ်ကို ကာကွယ်ရန်အတွက် နေအိမ်များကို ဆောက်လုပ်နေထိုင်ကြရသည်။ ထိုအိမ်ဆောက်ရန် သစ်ဝါးများကို မည်သည့်နေရာက ရရှိပါသနည်း။ လူတို့စားစရာနှင့် နေထိုင်စရာ ပစ္စည်းများကို သစ်ပင်များမှရရှိခဲ့ပါသည်။

သစ်ပင်တို့သည် လူတို့အား စားသောက်ရန်နှင့် နေထိုင်ရန်သာ အကျိုးပြုနိုင်သည်မဟုတ်။ အခြားသော နည်းလမ်းများစွာဖြင့်လည်း အကျိုးပြုနိုင်ပါသေးသည်။ လူတို့နေထိုင်ရာကမ္ဘာကြီး စိမ်းလန်းစိုပြေနေစေရန် သစ်ပင်များကသာဖန်တီးပေးနိုင်ပါသည်။ ထို့အတူ ကမ္ဘာကြီး၏ ရာသီဥတုမျှတညီညွတ်နေစေရန်လည်း သစ်ပင်များကသာ ထိန်းသိမ်းထားနိုင်ပါသည်။ မြစ်ကမ်းပါးနေလူများနှင့် သီးနှံစိုက်ခင်းများကို ရေလွှမ်းမိုးခြင်းအန္တရာယ်မှ ကာကွယ်ထားနိုင်သည်မှာလည်း သစ်ပင်များကြောင့်သာလျှင်ဖြစ်ပါသည်။ လူ





သတ္တဝါတို့သည် ဇီဝဖြစ်စဉ်သဘောအရ လေထဲမှ အောက်ဆီဂျင်ဓါတ်ကိုမှီဝဲရ၍ ကာဗွန်ဒိုင်အောက်ဆိုက်ဓါတ်ကို ပြန်လည်ရှူထုတ်ပေးရသည်။ ခေတ်မီသိပ္ပံနည်းအရ စူးစမ်းလေ့လာကြည့်သော အခါ လူတို့ရှူထုတ်စွန့်ပစ်လိုက်သော ကာဗွန်ဒိုင်အောက်ဆိုဒ်ဓါတ်ကို သစ်ပင်များကစုပ်ယူ၍ လူသားသက်ရှိတို့အတွက် လိုအပ်သည့် အောက်ဆီဂျင်ဓါတ်ကို ပြန်လည်ထုတ်လွှတ်ပေးသည်ဟု ဆိုပါသည်။ ထို့ကြောင့် သစ်ပင်များသည် လူတို့အတွက် စားဖို့ နေဖို့သာမက အသက်ရှင်နိုင်ရန်အတွက်ပါ အကျိုးပြုနေသော ကျေးဇူးရှင်ဟု ဆိုနိုင်ပါသည်။

လူတို့၏ နေ့တဓူဝ အသက်ရှင်နေထိုင်ရေးသည် သစ်ပင်များနှင့် ကင်းပြီး ဖြစ်နိုင်မည် မဟုတ်ချေ။ နေအိမ်များကို မိုးကာရန်ဖက်များကို သစ်ပင်များကပေးပါသည်။ အစားအစာချက်ပြုတ်ရန်ထင်းကို သစ်ပင်များကပေးပါသည်။ အဆုံးစွန်ပြောရလျှင် လူများသက်ရှည်ကျန်းမာစေရန် လိုအပ်သော ဆေးဝါးမျိုးစုံကိုပင် သစ်ပင်၊ သစ်မြစ်၊ သစ်ခေါက်၊ သစ်ရွက်၊ သစ်ပွင့်၊ သစ်သီးများကရရှိနိုင်ပါသည်။

လွန်ခဲ့သော နှစ်ပေါင်းများစွာက ပြိုလဲသွားသော သစ်ပင်ကြီးများသည် အပေါ်ယံမြေလွှာများ ဖို့မံမှုကြောင့် မြေကြီးထဲတွင်မြုပ်နေရာမှ ရုပ်ပြောင်းကာ ရေနံခဲများဖြစ်လာကြသည်။ ယင်းတို့ကို ဘူမိဗေဒပညာရှင်များက စူးစမ်းရှာဖွေတွေ့ရှိခဲ့ရာ သိပ္ပံနည်းဖြင့် ရေနံနှင့်ဓါတ်ငွေ့များကို ထုတ်လုပ်နိုင်ခဲ့ကြသည်။ ထို့ကြောင့် လူသားတို့ဘဝ တည်မြဲရေးနှင့် တိုးတက်ဖွံ့ဖြိုးရေးအတွက် မရှိမဖြစ်သော ရေနံဓါတုပစ္စည်းများနှင့် ဓါတ်ငွေ့များကို သစ်ပင်များက ထုတ်လုပ်

ပေးခဲ့ကြောင်း သိသာနိုင်ပါသည်။ သစ်ပင်တို့၏ လူသားအကျိုးပြုပုံမှာ ရေးပြ၍မကုန်နိုင်အောင် များပြားလှပါသည်။

သစ်ပင်တို့၏ လူသားတို့အပေါ်အကျိုးပြုပုံမှာ များပြားလှသည်နှင့်အညီ သစ်ပင်၏ အသုံးဝင်ပုံမှာလည်း များပြားလှပါပေသည်။ ယခု ကျွန်ုပ်တို့ဖတ်နေရသော စာအုပ်များ၊ ရေးနေရသော စာရေးစက္ကူများသည်ပင် သစ်ပင် ဝါးပင်တို့မှ ထုတ်လုပ်ပေးခဲ့သော ပစ္စည်းများဖြစ်သည်ဟုဆိုလျှင် အချို့သောလူများ ယုံကြည်နိုင်ကြမည်မဟုတ်ချေ။ နေပူထဲမှ ရောက်လာသူများအဖို့ သစ်ရိပ်ဝါးရိပ်များသည် အလွန်အေးမြလှပါသည်။ သဘာဝထီးကြီးကိုမိုးထားပေးသကဲ့သို့ လူကိုရွှင်လန်းချမ်းမြေ့စေပါသည်။ အားလုံးကိုခြုံ၍ဆိုရသော် သစ်ပင်များသည် ကျွန်ုပ်တို့လူသားတို့အတွက် အစားအစာအဖြစ်လည်းကောင်း၊ ဆေးဝါးများအဖြစ်လည်းကောင်း၊ နေထိုင်စရာအဖြစ်လည်းကောင်း၊ လူ့အသုံးအဆောင်အဖြစ်လည်းကောင်း အသုံးဝင်လှပါပေသည်။

သစ်ပင်များသည် လူသားတို့အတွက် နည်းအမျိုးမျိုးဖြင့် အကျိုးပြုနေသဖြင့် အကယ်၍ သစ်ပင်များသည် ဤလောကကြီးထဲမှပျောက်ကွယ်သွားခဲ့သော် မည်သို့ရှိမည်ကို ဆင်ခြင်စဉ်းစားဖွယ်ကောင်းလှသည်။ အဖြေကို အရှည်အဝေး တွေးပြီး စဉ်းစားနေစရာလိုမည်မထင်ပါ။ ယနေ့သစ်ပင်များသည် ဤကမ္ဘာကြီးမှပျောက်ကွယ်သွားလျှင် နက်ဖြန်မှာပင် လူသားမျိုးနွယ်တစ်ခုလုံးသည်လည်းလုံးဝပျောက်ကွယ်သွားမည်မှာ သေချာနေပါသည်။ ထို့ကြောင့် လူသားများအဓွန့်ရှည်စွာ ဤကမ္ဘာပေါ်တွင် အသက်ရှင်နေထိုင်သွားလိုပါလျှင် မုချကေန် ပြုလုပ်ရမည့်အရာမှာ သစ်ပင်များ ဤမြေပေါ်





မှ မဆိတ်သုဉ်းမပျောက်ကွယ်သွားအောင် ကာကွယ်စောင့်ရှောက်ရေးပင်ဖြစ်ပါသည်။

ဤသဘောကို ကောင်းကောင်းကြီး နားလည်သဘောပေါက်ထားသော တိုင်းကြီးပြည်ကြီးသားများမှာ သစ်ပင်ကို ရတနာတစ်ပါးသဖွယ် သဘောထားပြီး ကောင်းစွာထိန်းသိမ်းစောင့်ရှောက်ထားကြသည်။ သစ်ပင်ကို အရမ်းကာရော ခုတ်လှဲခြင်း၊ တောင်ယာ မီးရှို့ခြင်း စသည်တို့ကို မပြုလုပ်ကြချေ။ သက်ဆိုင်ရာ တိုင်းပြည် နိုင်ငံအစိုးရများကလည်း သစ်တောဆိုင်ရာဥပဒေများ ပြဋ္ဌာန်း၍ သစ်ပင်သစ်တောများကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ထားကြလေသည်။ သစ်ပင်များ၏ တန်ဖိုးနှင့် အကျိုးပြုပုံကို အလေးအမြတ်ပြု၍ "ကမ္ဘာ့သစ်ပင်စိုက်ပျိုးရေးနေ့" ကို ပြဋ္ဌာန်း ပေးထားသည်ကို တွေ့ရပါသည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံသည်လည်း သစ်တောသယံဇာတများနှင့် ပေါကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ သစ်ပင်သစ်တောများ မပြုန်းတီးရေးကို စနစ်တကျကာကွယ်စောင့်ရှောက်နေပါသည်။ သစ်တောသယံဇာတများကို ထိန်းသိမ်းထားခြင်းသည် သစ်ပင်သစ်တောများကို မှီ၍နေကြသော သားရဲတိရစ္ဆာန်များ၊ ကျေးငှက်များ၊ သစ်ခွစသော ပန်းမာန်များ၊ ဆေးဖက်ဝင် သစ်ဥသစ်ဖုများကို မပျောက်မပျက်သွားအောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းလည်းမည်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် သစ်ပင်များသည် ကျွန်ုပ်တို့လူသားများ၏ မိတ်ဆွေ၊ ကျေးဇူးရှင်များဖြစ်၍ သစ်ပင်များစိမ်းလန်းစိုပြေနေသမျှ ကာလပတ်လုံးကျွန်ုပ်တို့လူ့ကမ္ဘာကြီးသည်လည်း ထာဝစဉ်

တည်တံ့ခိုင်မြဲနေမည်သာ ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် သစ်ပင်များကို ခုတ်လှဲခြင်း၊ ဖျက်ဆီးခြင်းတို့ကိုရှောင်ရှား၍ ရှိပြီး သစ်ပင်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ အသစ်စိုက်ပျိုးခြင်းဖြင့် ဤကမ္ဘာကြီး ထာဝရစိမ်းလန်းစိုပြေနေအောင် ကြိုးပမ်းသွားရမည် ဖြစ်ပါတော့သည်။

◆ ◆ ◆ ◆ ◆



## ၄၈။ ခုခံအားကျဆင်းမှုရောဂါကာကွယ်ပါ

**ရေးရန်ပုံကြမ်းအချက်အလက်များ**

- ခုခံအားကျဆင်းမှုရောဂါဟူသည်
- ရောဂါရခြင်းအကြောင်းများ
- ရောဂါဖြစ်ပွားခံစားနေကြရပုံ
- ကာကွယ်ကုသရန်နည်းလမ်းများ
- ရောဂါသည်များအပေါ် ကောင်းစွာပြုမူဆက်ဆံသင့်ကြပုံ

ခုခံအားကျဆင်းမှုရောဂါဟူသည် ရှေးယခင်ကမရှိခဲ့၊ မကြားခဲ့ဘူးသေးသော ရောဂါဆန်းတစ်မျိုး၏ အမည်ဖြစ်ပါသည်။လူတို့၏ တီထွင်ကြံဆမှုဆိုင်ရာ သိပ္ပံပညာ တိုးတက်ထွန်းကားလာမှုနှင့်အတူ ဖြစ်ပေါ်လာသော ရောဂါဆိုး၊ ကပ်ရောဂါ တစ်ခုလည်းဖြစ်ပါသည်။ ယင်းရောဂါ စွဲကပ်ခြင်းခံရသူသည် ခန္ဓာကိုယ်တွင်းရှိ ပြင်ပရောဂါများ အလွယ်တကူမဝင်ရောက်လာအောင် ဟန့်တားခုခံထားနိုင်သည့် အင်အားကို ကျဆင်းသွားစေသဖြင့် ထိုရောဂါကို ခုခံအားကျဆင်းမှုရောဂါဟု ခေါ်ဝေါ်နေကြခြင်းဖြစ်ပါသည်။ ထိုရောဂါသည်

ကုရာနတ္တိဆေးမရှိသဖြင့် ကမ္ဘာ့လူသားအပေါင်းတို့အား ကြောက်ရွံ့ထိတ်လန့်နေအောင် ခြိမ်းခြောက်လျက်ရှိပါသည်။

ခုခံအားကျဆင်းမှုရောဂါသည် ၁၉၈၀ခုနှစ်လောက်က အမေရိကန်ပြည်ထောင်စုတွင် စတင်ဖြစ်ပွားခဲ့သည်ဟုဆိုပါသည်။ ထိုရောဂါကိုဟန့်တားပိတ်ပင်ရန်မလွယ်ကူသဖြင့် ယခုအခါ တစ်ကမ္ဘာလုံးသို့ ကူးစက်ပျံ့နှံ့သွားပြီး လူသန်းပေါင်းများစွာကို ဒုက္ခပေးလျက်ရှိနေပါသည်။ ခုခံအားကျဆင်းမှုရောဂါသည် ယခင်အခါက မကြားဘူး၊ မဖြစ်ဘူးကြသကဲ့သို့ ရောဂါရပုံသည်လည်း ထူးခြားလှပါသည်။ ကမ္ဘာ့လူသားများအား ဒုက္ခပေးနေသော ကြောက်မက်ဖွယ်ရောဂါဆိုးများ ဖြစ်ပေါ် ရရှိပုံနှင့် ဤခုခံအား ကျဆင်းမှု ရောဂါရရှိပုံတို့သည် မတူကြပါ။ ငှက်ဖျားရောဂါသည် ခြင်ကိုက်ခြင်းကိုခံရရာမှ စတင်ဖြစ်ပွားရပါသည်။ တီဘီ၊ ကင်ဆာ စသောရောဂါများသည် အနေအထိုင်၊ အစားအသောက်မှားယွင်းလွန်ကဲမှုကြောင့် ရောဂါဖြစ်ပေါ်ခံစားရသည်။ ခုခံအားကျဆင်းမှု ရောဂါသည်ကား ခြင်ကိုက်၍လည်းမဟုတ်၊ အနေအထိုင်အစား အသောက်များကြောင့်လည်းမဟုတ်၊ မကောင်းသောအမူအကျင့်၊ စရိုက်သဘာဝမှားယွင်းလွန်ကဲမှုကြောင့်ဖြစ်ပေါ်ခံစားရသည်ဟု ဆေးပညာရှင်ကြီးများက ဆိုကြပါသည်။

ခုခံအားကျဆင်းမှုရောဂါကို အင်္ဂလိပ်ဘာသာအားဖြင့် "အေ-အိုင်-ဒီ-အက်စ်" ရောဂါ သို့မဟုတ် 'အိတ်ဒ်စ်' ရောဂါဟုခေါ်ကြပါသည်။ ထိုရောဂါကိုဖြစ်ပွားရရှိသည့် အကြောင်းရင်းများစွာရှိသည့် အထဲတွင် လိင်တူ၊ လိင်ကွဲချင်း ဆက်ဆံရာမှ ရရှိခြင်းသည် အများဆုံးဖြစ်သည်ဟုဆိုပါသည်။ အခြားရောဂါရစေသောနည်း





လမ်းများမှာ မူးယစ်ဆေးဝါးသုံးစွဲခြင်းနှင့် မူးယစ်ဆေးကို အပ်ဖြင့်ခန္ဓာကိုယ်တွင်းသို့ ထိုးသွင်းခြင်း၊ ရှိုးရိုးရောဂါများ ကုသရာတွင်အသုံးပြုသော ဆေးထိုးအပ်မှ ကူးစက်ခြင်း၊ အိတ်ဒ်စ် ရောဂါရှိနေသောမိခင်မှ မွေးဖွားလာခြင်းတို့ဖြစ်ကြပါသည်။

ဖော်ပြပါအကြောင်းရင်းများကြောင့် အေအိုင်ဒီအက်စ် ရောဂါတစ်ကမ္ဘာလုံးသို့ ကူးစက်သွားကာ လူသားများစွာတို့အား ထာဝရနာတာရှည် ရောဂါသည်ဘဝသို့ရောက်သွားစေခဲ့ပါသည်။ အထူးသဖြင့်အာရှနှင့် အာဖရိကတိုက်ရှိပြည်သူများသည် ရောဂါဖြစ်ပွားမှုနှုန်း အများဆုံးဖြစ်သည်ဟုဆိုကြပါသည်။ ထိုဒေသများသည် မူလကပင် ဆင်းရဲခြင်း၊ ရောဂါထူပြောခြင်း၊ စာမတတ်ခြင်းတို့ကြောင့်ဘဝအခြေအနေနိမ့်ကျလှသည့်အထဲတွင် ဤရောဂါက ထပ်၍နှိပ်စက်ပြန်လေရာ သူတို့၏အနာဂါတ်ဘဝမှာ မတွေးဝံ့အောင်ပင်ဖြစ်ပါသည်။

ယနေ့ကမ္ဘာပေါ်တွင်ဒေသအသီးသီး၌ ခုခံအားကျဆင်းမှုရောဂါကို ခံစားနေရသူများသည် သန်းပေါင်း (၄၀)ခန့်ရှိသည်ဟုဆိုပါ သည်။ ထိုရောဂါကြောင့် မိနစ်တိုင်း၊ နာရီတိုင်းတွင် မွေးကင်းစကလေးများ၊ ရောဂါခံစားနေရသူများသည် သေကြေပျက်စီးနေကြရသည်။ အခြားတစ်ဘက်ကလည်း အိတ်ဒ်စ်ရောဂါသည် ကူးစက်ရောဂါတစ်မျိုးဖြစ်သောကြောင့် စက္ကန့်တိုင်း၊ မိနစ်တိုင်းတွင်ရောဂါကူးစက်ခြင်းခံနေရသည်။ ကုလသမဂ္ဂအဖွဲ့ကြီး၏ ထုတ်ပြန်ချက်အရ ယနေ့ကမ္ဘာပေါ်တွင် တစ်နာရီပြည့်တိုင်း လူပေါင်း (၆၀၀)မျှသည် အိပ်ချ်အိုင်ဗွီပိုး ဝင်ရောက်ကူးစက်ခြင်းခံနေကြရသည်ဟု

သိရှိရပါသည်။ ဤနှုန်းအတိုင်းသာ ဆက်၍သွားနေလျှင် နောက်လာမည့်ဆယ်စုနှစ်အနည်းငယ်အတွင်း ကမ္ဘာ့လူမျိုးနွယ်စုတစ်ခုလုံးသည် ခုခံအားကျဆင်းမှုရောဂါ၏ သားကောင်များဘဝသို့ မုချမသွေ ရောက်သွားတော့မည်မှာ သေချာနေပေတော့သည်။

အေအိုင်ဒီအက်စ်ရောဂါ ဖြစ်ပွားကူးစက်ခံရခြင်းသည် လူတစ်ဦးတစ်ယောက်သာ ခံစားရသည်မဟုတ်ချေ။ ဝေဒနာရှင်ရောဂါသည်နှင့် ပတ်သက်ဆက်နွယ်နေသည့် မိဘမောင်နှမများ၊ ဇနီးခင်ပွန်း သားသမီးများ၊ ဆွေမျိုးသားချင်းများ အတွက်လည်း လူမှုဒုက္ခပေါင်းစုံကို ခံစားစေပါသည်။ ထို့ကြောင့် ထိုသူတို့ကိုယ်စားပြုနေထိုင်နေသော ကျေးရွာ ၊ရပ်ကွက်၊ မြို့နယ်၊ တိုင်းပြည်၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသည်များကိုလည်း ကျဆင်းထိခိုက်စေနိုင်ပြန်သဖြင့် ထိုရောဂါကြောင့် တိုင်းပြည်နှင့်လူမျိုးပါထိခိုက်နစ်နာရမည်မှာ သေချာနေပါသည်။

ယနေ့ဆေးသိပ္ပံဆိုင်ရာ ပညာရှင်များသည် အေအိုင်ဒီအက်စ်ရောဂါကိုကုသပေးနိုင်ရန် အစွမ်းထက်သောဆေးဝါးများကို တီထွင်ကြံဆဖော်စပ်နေကြသည်။ သို့သော်ဆယ်စုနှစ်နှစ်ခုကျော် လွန်လာခဲ့သည့်တိုင်အောင် အာနိသင်ထက်မြက်သော ဆေးဝါးများကို တီထွင်ဖော်ထုတ်ပေးနိုင်ခြင်းမရှိသည်မှာ ဝမ်းနည်းဖွယ်ကောင်းလှပါသည်။ ထို့ကြောင့် ဤရောဂါဆိုးကြီးကို ပျောက်ကင်းအောင်ကုသပေးခြင်းဖြင့် ဖယ်ရှားပစ်နိုင်ရန်မှာမဖြစ်နိုင်ချေ။ ကုသပေးသည့်နည်းလမ်းအစား ကာကွယ်သည့်နည်းလမ်းကို ကျယ်ပြန့်စွာ အသုံးပြုလျှက် ဟန့်တားနိုင်ရန်လိုအပ်လာပါသည်။ မီးဘေးကိုရှောင်၊ မလောင်ခင်တားဆိုသလို ကုသခြင်းထက် ကာကွယ်ခြင်းက ပို၍အ





ကျိုးများနိုင်ပါသည်။ သို့ဖြစ်၍ကျွန်ုပ်တို့သည် ကာကွယ်ရေးနည်းလမ်းကိုရှာကြံကာ ထိုရောဂါဆိုးကြီးကို ကာကွယ်ကြရပါမည်။

ကာကွယ်နိုင်မည့်နည်းလမ်းများကို သိပ္ပံပညာရှင်များဖော်ထုတ်ထားပြီးဖြစ်ရာ ထိုနည်းလမ်းများအတိုင်း တိတိကျကျလိုက်နာသွားရန်အရေးကြီးလှသည်။ လူတစ်ဦးစီ၏ ကိုယ်ကျင့်တရားကို ထိန်းသိမ်းစောင့်ရှောက်ထားနိုင်ရေးသည် အဓိကကျပါသည်။ အပျော်အပါးကိုဆင်ခြင်၍ ကာမဂုဏ်၌လွန်ကျူးမှုမရှိရန် သတိပြုကြရပါမည်။ မလိုအပ်ဘဲဆေးသွင်းခြင်း၊ ဆေးထိုးခြင်းတို့ကို ရှောင်ကြဉ်သင့်ပါသည်။ မူးယစ်ဆေးဝါးများ သုံးစွဲခြင်းကိုလည်း ရှောင်ရှားကြရပါမည်။ ဤသို့မိမိကိုယ်ကို ထိန်းသိမ်းစောင့်ရှောက်ထားခြင်းဖြင့် ထိုရောဂါဆိုးကြီးကို ကာကွယ်ဟန့်တားနိုင်ပါသည်။

တစ်ဘက်မှရောဂါကာကွယ်ရေးအတွက် သတိပြုနေထိုင်ရင်း အခြားတစ်ဘက်မှလည်း ဝေဒနာရှင်ရောဂါသည်များအား ပစ်မထားဘဲ လိုအပ်သောလူမှုရေးစောင့်ရှောက်မှုများကို ကြင်နာသောနှလုံးသားဖြင့် ပြုလုပ်ပေးရန်လိုပါသည်။ အရေးတယူဆက်ဆံခြင်း၊ အားပေးစကားပြောဆိုခြင်း၊ နှိမ့်ချခွဲခြားမှုများမှရှောင်ကြဉ်ခြင်း စသည်တို့ဖြင့် ဝေဒနာရှင်တို့၏ဘဝကိုရှင်သန်စေနိုင်ပါသည်။

ယခုအခါနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာနမှ ခုခံအားကျဆင်းမှုရောဂါတိုက်ဖျက်ရေးကို စီမံချက်ရေးဆွဲ၍ အင်တိုက်အားတိုက် အကောင်အထည်ဖော်ဆောင်ရွက်နေပါသည်။ ပြည်သူလူထုအား ရောဂါဆိုင်ရာ ပညာပေးမှုလုပ်ငန်းများကို ရေဒီယို၊ ရုပ်မြင်သံကြား၊ စာနယ်ဇင်းများမှတစ်ဆင့် လမ်းညွှန်ပေးနေပါသည်။

ကျွန်ုပ်တို့ကျောင်းသူ ကျောင်းသားတို့သည် နိုင်ငံချစ်စိတ် မျိုးချစ်စိတ်တို့ဖြင့်မိမိကိုယ်တိုင် ထိုရောဂါဆိုးမရရှိအောင် ကာကွယ်ရင်း အများပြည်သူတို့ ရောဂါကင်းဝေးရေး လှုပ်ရှားမှုများတွင် မဖြစ်မနေပါဝင်ကူညီဆောင်ရွက်သင့်လှပါတော့သည်။

◆ ◆ ◆ ◆ ◆



# ၄၉။ ကျွန်ုပ်၏အိမ်နားနီးပါးများ

**ရေးရန်ပုံကြမ်းအချက်အလက်များ**

- ပေါင်းသင်းဆက်ဆံရေး သတ္တဝါဖြစ်သောလူသည် တစ်ဦးတစ်ယောက်တည်းနေ၍မရပုံ
- မိမိအိမ်နားရှိ လူများ၊ ပတ်ဝန်းကျင်ရှိ လူများနှင့် လိုက်လျောညီထွေ နေသင့်ပုံ
- မိမိအိမ်နားနီးပါးရှိ လူများ
- သူတို့၏ စိတ်နေသဘောထားများ အမျိုးမျိုးရှိပုံ
- သူတို့နှင့် လိုက်လျောညီထွေ နေထိုင်ဆက်ဆံရပုံ
- တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ကျေးဇူးရှိပုံ
- အိမ်နားနီးပါးကောင်းများကြောင့် မိမိဘဝတိုးတက်လာရပုံ

လူသည်ပေါင်းသင်းဆက်ဆံရေးသတ္တဝါဖြစ်၍ အခြားလူများနှင့် ဆက်ဆံပေါင်းသင်းနေထိုင်ကြရပါသည်။ လူသည် မိမိ၏ အကျိုးအတွက် အခြားသောလူများကို အားထားမှီခိုနေရသလို အများအကျိုးအတွက်လည်း မိမိကိုယ်ကို အားထားမှီခိုနိုင်အောင် ပြုမူနေ

ထိုင်ကြရမည်ဖြစ်ပါသည်။ သစ်ပင်ကြီးငယ်များ အစီအရီပေါက်ရောက်နေသောတောကြီးထဲတွင် တစ်ပင်တည်းသောသစ်ပင်သည် မိုးဒဏ် လေဒဏ်များမှ လွတ်ကင်းသက်သာစေနိုင်သကဲ့သို့ အများကြား၌ လိုက်လျောညီထွေဆက်ဆံ နေထိုင်သူတစ်ဦးအဖို့ မလိုလားအပ်သောပြဿနာ၊ အန္တရာယ်အသွယ်သွယ်မှ လွတ်ကင်းသက်သာနိုင်ပါသည်။

ကျွန်မသည် လူထဲကလူသားတစ်ယောက်ဖြစ်၍ လူအများနှင့်ဆက်ဆံနေထိုင်ကြရပါသည်။ ပထမဦးစွာ မိဘ၊ မောင်နှမများပါဝင်သော အိမ်ထောင်စုတွင်နေထိုင်ရပါသည်။ တစ်ဖန် မိမိတို့အိမ်ထောင်စုတစ်ခုတည်းနေ၍မဖြစ်နိုင်ပြန်ရာ အခြားသောအိမ်ထောင်စုများ အကြားတွင် ရပ်ကွက်၊ ကျေးရွာအတွင်း အများနှင့်စုပေါင်းနေပြန်ပါသည်။ ဤသည်မှာ ဘဝပေးတာဝန်တစ်ခုအဖြစ် ခံယူပါသည်။

ကျွန်မတို့ရပ်ကွက်ထဲတွင် အိမ်ပေါင်း (၂၀၀)ကျော် ရှိပါသည်။ ကျွန်မတို့၏ အိမ်သည် ရပ်ကွက် အလယ်ပိုင်းလောက်တွင်ရှိပြီး အိမ်အနီးတစ်ဝိုက်တွင် အိမ် (၇)လုံးရှိပါသည်။ ကျွန်မတို့အိမ်ခေါင်းရင်းဘက်တွင် ဦးစိန်ထွန်း၊ ဒေါ်ခင်မေဆိုသော ဆရာဝန်ဇနီးမောင်နှံတို့ နေထိုင်ပါသည်။ ခြေရင်းဘက်တွင် ဆိုက်ကားသမားကိုသံခဲနှင့် မခွေးမတို့အိမ်ရှိပါသည်။ ကိုသံခဲ၊ မခွေးမတို့အိမ်နှင့်ကပ်ပြီး ကျောင်းဆရာ ဦးသာဦးနှင့် ဒေါ်လှလှတို့အိမ်ရှိပါသည်။ ကျွန်မတို့အိမ်မျက်နှာစာ၊ လမ်းတစ်ဘက်တွင်ကား ကုန်စုံဆိုင်တစ်ဆိုင်နှင့် လက်ဖက်ရည်ဆိုင်တစ်ဆိုင် ရှိပါသည်။





ကျွန်မသည် ဤသို့သော အိမ်နားနီးပါးတို့အလယ်တွင် နေထိုင်ရသည်မှာ ကံကောင်းသည်ဟုဆိုချင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်မတို့မိသားစုသည် ကျန်းမာရေးအရလည်းကောင်း၊ စားရေးသောက်ရေးအတွက်လည်းကောင်း၊ သွားလာရေးအတွက်လည်းကောင်း၊ ပညာရေးအတွက်လည်းကောင်း အကြောင်းတစ်စုံတစ်ရာရှိခဲ့လျှင် နီးနီးနားနားတိုင်ပင် အကူအညီရယူနိုင်သောကြောင့်ဖြစ်ပါသည်။ ကျန်းမာရေး ကိစ္စနှင့်စပ်လျဉ်းပြီး ရုတ်တရက်အရေးပေါ်ခဲ့လျှင် ကျွန်မတို့အိမ်ခေါင်းရင်းတွင် ဆရာဝန်နှင့် သူ၏ ဆေးခန်းရှိနေသဖြင့် အဆင်ပြေလှသည်။ ညအချိန်မတော်တွင် အရေးအကြောင်းပေါ်လာပါက အိမ်ခြေရင်းရှိ ကိုသံခဲ၏ ဆိုက်ကားကအသင့်ရှိနေသည်။ နေ့ဘက်တွင် ကျောင်း၌သင်ခဲ့သော သင်ခန်းစာများထဲမှ မရှင်းလင်း၊ နားမလည်သည်များရှိခဲ့လျှင် ကိုသံခဲတို့အိမ်နံဘေးရှိ ဆရာဦးသာဦးထံသွားရောက်ပြီး မေးလိုက်လျှင် လိုရာဆန္ဒပြည့်စုံနိုင်ပါသည်။

ထို့အတူ မီးဖိုချောင်ချက်ရေးပြုတ်ရေးအတွက် အမေဈေးမသွားနိုင်သောနေ့များတွင် အိမ်ရှေ့လမ်း၏တစ်ဘက်ရှိ ကုန်စုံဆိုင်ကလေးကိုအားကိုးနိုင်ပါသည်။ ဝက်သား၊ ကြက်သား၊ ငါးစသောသားကြီး ငါးကြီးမှလွဲပြီး ငရုတ်၊ ကြက်သွန်၊ ဆီ၊ ဆား စသည်တို့ကိုထိုဆိုင်ကလေးမှဝယ်နိုင်ပါသည်။ နံနက်အိပ်ယာမှထချိန်တွင် အဆာပြေစားသောက်ရန်အတွက်လည်း လက်ဖက်ရည်ဆိုင်ကလေးက အဆင်သင့်ရှိနေသည်။ ထိုလက်ဘက်ရည်ဆိုင်တွင် မုန့်မျိုးစုံကိုရရှိနိုင်ပါသည်။ မုန့်ခြောက်၊ မုန့်စိုကအစ ပဲပြုတ်အထိရနိုင်သဖြင့် နံနက်စောစောကျူရှင် သွားနေရသော ကျွန်မအတွက်အဆင်ပြေ

လှပါသည်။ ထိုမှူသာမက ကျွန်မတို့အိမ်ဆီသို့ရောက်လာသော ဧည့်သည်များအတွက် လက်ဘက်ရည်၊ ကာဖီ တစ်မျိုးမျိုးနှင့် အလွယ်တကူ ဧည့်ခံနိုင်ပါသည်။

ကျွန်မကဲ့သို့ပင် အခြားသူများသည်လည်း အိမ်နားနီးပါးရှိကြမည်မှာမလွဲဧကန်ပင် ဖြစ်ပါသည်။ ထိုထိုသော အိမ်နားနီးပါးများက မိမိတို့လတ်တလောပေါ်ပေါက်လာသည့်ကိစ္စများကို တတ်အားသမျှ ကူညီယိုင်းပင်းကြမည်မှာ ဧကန်ပင်ဖြစ်ပါသည်။ သို့သော် သူတစ်ပါး၏ အကူအညီယူကြရာတွင် မိမိနှင့် ထိုသူတို့၏ပေါင်းသင်းဆက်ဆံရေးအနေအထားသည် အလွန်အရေးပါလှသည်။ မိမိက မိမိ၏ အိမ်နားနီးပါးတို့အပေါ် လေးလေးစားစား၊ ချစ်ချစ်ခင်ခင် ပေါင်းသင်းဆက်ဆံထားနိုင်လျှင် မိမိအရေးကိစ္စကို ထိုသူတို့က အားတက်သရော၊ စေတနာရှိရှိ ကူညီကြမည်မှာသေချာပါသည်။ ထိုသို့မဟုတ်ဘဲ မိမိတစ်ဘက်တည်းကိုသာ ကြည့်၍ဆက်ဆံရေး မပြေဖြစ်ခဲ့ပါလျှင် ထိုသူတို့က လိုက်လိုက်လှဲလှဲ၊ စေတနာရှိရှိ ကူညီနိုင်ကြမည်မဟုတ်ချေ။ ထို့ကြောင့်မိမိနှင့် အနီးကပ်နေထိုင်သော အိမ်ထောင်စုမှလွဲလျှင် မိမိ၏ အိမ်နားနီးပါးများနှင့် အထူးအဆင်ပြေအောင် ဆက်ဆံပေါင်းသင်းသင့်ကြပါသည်။

ကျွန်မတို့၏ အိမ်နားနီးပါးအားလုံးလောက်မှာ စိတ်ထား နှလုံးထားကောင်းသူများဖြစ်ကြပါသည်။ ဆရာဝန်ကြီးဦးစိန်ထွန်းသည် အလွန်စိတ်ကောင်းသူဖြစ်သည့်ပြင် သူ၏သမီးတင်နီလာထွန်းနှင့် ကျွန်မမှာ အတန်းတစ်တန်းထဲမှ သူငယ်ချင်းများဖြစ်၍ ကျွန်မတို့မိသားစုကို အလွန်ခင်မင်ပါသည်။ ခြေရင်းရှိ ကိုသံခဲတို့ လင်မယားသည်လည်း ကျွန်မတို့မိဘများနှင့်အဆင်ပြေပါသည်။ အရက်များမူးလာလျှင် အော်ကြီးဟစ်ကျယ် ပြောတတ်သည်ကလွဲပြီး ရိုးသားသူဖြစ်ပါသည်။ ညအခါအရေးအကြောင်းရှိ၍ သူ့ဆိုက်ကားကိုအကူအညီတောင်းလျှင် မညည်းမညူ လိုက်ပို့ပေးရှာပါသည်။ ကျောင်းဆရာဦးသာဦးမှာ ဖေဖေ၏သူငယ်ချင်းဖြစ်၍ အထူးပြောဖွယ်မရှိပါ။ ကျွန်မမရှင်းသော ကျောင်းသင်ခန်းစာများကို စိတ်ရှည်လက်ရှည်ရှင်းပြတတ်ပါသည်။ လမ်းတစ်ဘက်ခြားမှ ကုန်စုံဆိုင်ရှင် ဒေါ်မြသည် အမေနှင့်တစ်ရွာတည်းသားဖြစ်၍ ဆွေမျိုးအရင်းအခြာတစ်ယောက်လို အားကိုးရပါသည်။ လက်ဘက်ရည်ဆိုင်ရှင် ဦးမြသာတို့လင်မယားသည်လည်း တစ်ခါတစ်ရံရန်ဖြစ်တတ်သည်ကလွဲပြီး စိတ်ကောင်းရှိသူများဖြစ်ကြပါသည်။

ဤကဲ့သို့ကျွန်မတို့မိသားစုနှင့် အိမ်နားနီးပါးများ အဆင်ပြေရသည်မှာလည်း အဖေနှင့်အမေတို့၏ နေထိုင်ဆက်ဆံရေးကောင်းမွန်မှုကြောင့်ပင်ဖြစ်ပါသည်။ အဖေသည် အိမ်နားနီးပါးများကို အထူးဂရုစိုက်ပါသည်။ အရေးကိစ္စများရှိလျှင် ကိုယ်ဖိရင်ဖိကူညီတတ်ပါသည်။ တစ်ခါက ကျောင်းဆရာဦးသာဦးမရှိခိုက် သူ့မိန်းမဒေါ်လှလှ မီးဖွားသောအခါ အဖေကိုယ်တိုင်ဆေးရုံပို့ပေးပါသည်။ အိမ်နားနီးပါးဟူသည် ဆွေမျိုးမတော်စပ်ကြသော်လည်း သူ့အရေး၊ ငါ့အရေးများပေါ်လာလျှင် အပြန်အလှန်ကူညီယိုင်းပင်းပေးကြရမည့်သူများဖြစ်ကြ၍ အရေးကြီးသူများဖြစ်ကြပါသည်။ ညီရင်းအစ်ကို၊ ဆွေမျိုးသားချင်း အရင်းအခြာများပမာ ချစ်ခင်ရင်းနှီးစွာ ပေါင်းသင်းဆက်ဆံသင့်ကြပါသည်။

ချုံ.၍ဆိုရသော် အများနှင့်အတူနေရသော လူတိုင်းသည် အိမ်နားနီးပါးတို့၏ဖေးမကူညီမှုဖြင့် နေထိုင်ကြရသည်ဖြစ်၍ အိမ်

နားနီးပါးများအပေါ် စစ်မှန်သော မေတ္တာစေတနာနှင့် ဆက်ဆံနေထိုင်ကြလျှင် မိမိဘဝသည် ပြေလည်တိုးတက်လာမည်မှာ အမှန်ပင်ဖြစ်တော့သည်။

◆ ◆ ◆ ◆ ◆



## ၅၀။ စည်းလုံးခြင်းသည်ခွန်အား

**ရေးရန်ပုံကြမ်းအချက်အလက်များ**

- စည်းလုံးခြင်း၏အဓိပ္ပါယ်
- စည်းလုံးညီညွတ်စွာနေထိုင်ခြင်းသည် အောင်မြင်ခြင်းဟူသမျှ၏ အားဖြစ်ပုံ
- စည်းလုံးခြင်းဖြင့်ရရှိနိုင်သော အကျိုးနှင့်သာဓကများ
- စည်းလုံးညီညွတ်ခြင်းမရှိ တကွဲတပြားဖြစ်ခြင်းကြောင့် ရနိုင်သော ဆိုးကျိုးများ
- ကျွန်ုပ်တို့သည် စည်းလုံးခြင်း အင်အားကို ယုံကြည်၍ ညီညွတ်စွာနေထိုင်သင့်ပုံ

စည်းလုံးခြင်းဟူသည် တစ်ပေါင်းတစ်စည်းဖြစ်ခြင်း၊ မကွဲပြားမခြားနားခြင်းဟူသော သဘောအဓိပ္ပါယ်ဆောင်နေပါသည်။ "စည်းလုံးခြင်း"ဟူသော ဝေါဟာရတွင် "စည်း" နှင့် "လုံး" ဆိုသည့် ဝေါဟာရနှစ်လုံးကို တွဲစပ်ထားခြင်းဖြစ်ပါသည်။ "စည်း"သည် ထင်းချောင်း၊ သစ်ချောင်းများကို တစ်ချောင်းတည်းသဘော၊ တစ်ချောင်း

တည်း အဖြစ်သို့ရောက်သွားစေရန် ချည်နှောင်ခြင်း ဖြစ်ပြီး "လုံး"မှာ အစ၊ အဆုံးမထင် အဝိုင်းပုံ "ဝ" လုံးလေးကဲ့သို့ တစ်သားတည်း၊ တစ်လုံးတည်းဖြစ်ခြင်းကိုဆိုပေရာ ထို "စည်း" နှင့်"လုံး" ကို ပေါင်းလိုက်သောအခါ ရေကိုခြားသော် အကြားမထင်၊ တစ်ဆက်တစ်စပ်တည်း၊ တစ်လုံးတစ်စည်းတည်းဖြစ်ခြင်းကိုဆိုလိုခြင်းဖြစ်ပါသည်။ ထို့ကြောင့် စည်းလုံးခြင်းဟူသည် ညီညွတ်ခြင်း၊ ပေါင်းစည်းခြင်း၊ တစ်စိတ်တစ်ဝမ်းတည်းဖြစ်ခြင်းဟူ၍လည်းဆိုနိုင်ပါသည်။

လူ့လောကကြီးဖွံ့ ဖြိုးတိုးတက်ရေး၊ ကြီးပွားချမ်းသာရေးကို ဦးတည်ပြီး ခေါ်ဝေါ်ပညတ်ထားသော ဝေါဟာရ စကားလုံးများထဲတွင် "စည်းလုံးခြင်း"သည် အရေးပါအရာရောက်လှသော ဝေါဟာရ တစ်လုံးဖြစ်ပါသည်။ လောကကိုစောင့်ရှောက်တတ်သော လောကပါလတရားဟုလည်းဆိုနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် စည်းလုံးခြင်းသည် လောကသား လူအပေါင်းတို့ကို ကောင်းရာမွန်ရာသို့ ပို့ဆောင်ပေးနိုင်သောကြောင့်ဖြစ်ပါသည်။ စည်းလုံးခြင်းတွင် ထူးခြားသောတန်ခိုးရှိသည်။ အခက်အခဲအတားအဆီးဟူသမျှကို ကျော်လွှားလွန်မြောက်သွားစေနိုင်သော စွမ်းအားရှိသည်။ ထို့ကြောင့် ရှေးသူဟောင်းလူကြီး သူမများက "စည်းလုံးခြင်းသည် ခွန်အား၊ စည်းလုံးညီညာအောင်ကြောင်းဖြာ၊ တစ်ယောက်အားနှင့်ယူသော်မရ တစ်သောင်းအားနှင့် ယူသော်ရ၏" စသည်ဖြင့် စကားပုံဆိုထုံးများအဖြစ် နောင်လာ နောင်သားများအတွက် ချန်ထားခဲ့ကြရခြင်းဖြစ်ပါသည်။

စည်းလုံးခြင်း၊ ညီညွတ်ခြင်းသည် အလွန်ကြီးမားသောအားဖြစ်ပါသည်။ မိမိ၏ အိမ်ထောင်စုကိုလည်းကောင်း၊ မိမိနိုင်ငံ၊ လူမျိုး





၏သမိုင်းကြောင်း ဖြစ်စဉ်ကိုလည်းကောင်း ပြန်ပြောင်းလေ့လာကြည့်လျှင် ထိုသဘောကို မျက်ဝါးထင်ထင်မြင်တွေ့နိုင်ပါသည်။ မိမိတို့အိမ်ထောင်စု၏ စီးပွားရေးအခြေအနေသည် တစ်အိမ်ထောင်လုံးရှိလူအများက စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်၊ စိတ်တူသဘောတူ လက်တွဲဆောင်ရွက်ကြသောအခါ တိုးတက်ကြီးပွားလာရသလို မိမိတို့မိသားစု စည်းစည်းလုံးလုံးရှိနေချိန်တွင် မည်သည့်အန္တရာယ်မှ မဝင်ရောက်လာနိုင်ချေ။ ထို့အတူ မြန်မာနိုင်ငံသမိုင်းကို ကြည့်လျှင်လည်း မြန်မာတစ်မျိုးသားလုံး စုစည်းညီညွတ်မှုရှိခဲ့သည့် ပုဂံခေတ်တွင် ပထမမြန်မာနိုင်ငံတော်ကြီးကိုလည်းကောင်း၊ တောင်ငူခေတ်တွင် ဒုတိယမြန်မာနိုင်ငံတော်ကြီးကိုလည်းကောင်း၊ ကုန်းဘောင်ခေတ်တွင် တတိယမြန်မာနိုင်ငံတော်ကြီးကိုလည်းကောင်း တည်ဆောက်နိုင်ခဲ့ကြသည်။ ကျွန်ုပ်တို့ယနေ့ရရှိ ခံစားနေကြသော လွတ်လပ်ရေးကိုရခဲ့ခြင်းမှာလည်း ဗိုလ်ချုပ်အောင်ဆန်း၏ ခေါင်းဆောင်မှုအောက်တွင် တိုင်းရင်းသားအားလုံးက တစ်စည်းတစ်လုံးတည်းနေထိုင်ကာ တိုက်ပွဲဝင်ခဲ့သောကြောင့်ဖြစ်ပါသည်။

စည်းလုံးညီညွတ်ခြင်းသည် ကြီးမားခိုင်ခန့်လှသော အင်အားကြီးတစ်ရပ်ဖြစ်သောကြောင့် မည်မျှကြီးမားသော အန္တရာယ်ပင်ဖြစ်စေကာမူ၊ မည်မျှခက်ခဲသိမ်မွေ့လှသော အရာကိုပင်ဖြစ်စေကာမူ မဟန့်တားနိုင်၊ မကျော်လွှားနိုင်၊ မရရှိနိုင်သောအရာသည်မရှိချေ၊ အားလုံးကျော်လွှားနိုင်၊ ရရှိနိုင်သည်သာဖြစ်ပါသည်။ ဤ သဘောကို လူသားများအကြားတွင်သာမက တိရစ္ဆာန်လောက၊ တိရစ္ဆာန်များကြားတွင်လည်း တွေ့မြင်နိုင်ပါသည်။ တစ်ခါက စိကြဂိဝါခိုမင်း

နှင့် နောက်ပါခိုတစ်သောင်းတို့သည် လယ်ကွင်းပြင်တစ်ခုမှ စပါးသီးနှံများကို အလုအယက်စားသောက်ကြသည်။ ထိုအခါ လယ်ရှင်ထောင်ထားသော ပိုက်ကွန်ထဲ၌မိနေကြသဖြင့် ကောင်းကင်သို့ပျံတက်၍ မိမိတို့နေရာသို့ ပြန်မသွားနိုင်ကြချေ။ ထိုအခါ စည်းလုံးညီညွတ်မှုအားကို နားလည်သိရှိသော ခိုမင်းက ခိုတစ်သောင်းလုံးကို မိမိအချက်ပေးလိုက်သည်နှင့်တစ်ပြိုင်တည်း ကောင်းကင်သို့ပျံတက်ရန်အမိန့်ပေးလိုက်ရာ ခိုအပေါင်းသည်လည်း တစ်ပြိုင်တည်းပျံတက်လိုက်လေသည်။ ထိုအခါ မိမိတို့ကိုဖုံးအုပ်ထားသော ပိုက်ကွန်ကြီးသည် ကောင်းကင်ထက်သို့ပါသွားပြီး ခိုအပေါင်းတို့သည်လည်း ပိုက်ကွန်အောက်မှ ပျံထွက်သွားနိုင်ကြသဖြင့် သေဘေးမှ လွတ်မြောက်ခဲ့ကြသည်။

စည်းလုံးခြင်းသည် ကြီးမားသော အန္တရာယ်ကြီးများကိုပင် တွန်းလှန်ဖြိုဖျက်နိုင်သလို စည်းလုံးခြင်းမရှိ၊ သူတလူငါတမင်း၊ တစ်ကွဲတစ်ပြားဖြစ်ခြင်းသည် ဘေးအန္တရာယ်၊ ဒုက္ခအမျိုးမျိုးနှင့် ဆုံတွေ့ကာ ပျက်စီးရခြင်း၏ အကြောင်းတရားလည်းဖြစ်ပါသည်။ အဘိုးအိုပြောသော ပုံပြင်ထဲကကဲ့သို့ စည်းထားသောထင်းစည်းကိုဖြည်၍ တစ်ချောင်းစီချိုးလိုက်သောအခါ ထင်းတစ်ချောင်းစီသည် အလွယ်တကူ ကျိုးသွားနိုင်သလို မညီညွတ်ခြင်း၊ တကွဲတပြားဖြစ် ခြင်းသည် အင်အားမဲ့သော၊ အရှိန်ကုန်သော မြားပမာ အသုံးမကျ ဖြစ်ရ မည်မှာ သေချာနေပါသည်။

ကျွန်ုပ်တို့နိုင်ငံသမိုင်းကို ပြန်လည်ကြည့်လျှင် စည်းလုံးညီညွတ်မှုမရှိသောကြောင့် ပျက်စီးဆုံးရှုံးပြီး သူတစ်ပါးကျွန်ဘဝသို့





ရောက်သွားခဲ့ရသည့် အဖြစ်ဆိုးကိုတွေ့ကြရမည်ဖြစ်ပါသည်။ ဘုရင်ကတစ်မျိုး၊ မိဖုရားကတစ်ဖုံ၊ မှူးမတ်များကတစ်ခြား အကွဲကွဲအပြားပြားဖြစ်ခဲ့ခြင်းကြောင့် ကျွန်တွင်းသို့ သက်ဆင်းခဲ့ကြရသည်မှာစင်စစ် မဆန်းကြယ်လှချေ။ ကမ္ဘာ့သမိုင်းစာမျက်နှာပေါ်တွင် တစ်ချိန်က စည်းလုံးညီညွတ်မှုမရှိသော တရုတ်ပြည်ကြီးသည် နယ်ချဲ့တို့၏ အစိတ်စိတ် အမွှာမွှာခွဲစိတ်ခံရသည့် ဖရဲသီးကြီးဘဝသို့ ရောက်ခဲ့ရသည့်အဖြစ်ကို သင်ခန်းစာအဖြစ်ရယူနိုင်ကြပါသည်။

စည်းလုံးညီညွတ်မှုရှိခြင်းကြောင့် ကြီးပွားရပုံနှင့် စုစည်းညီညွတ်မှုမရှိသောကြောင့် ဆင်းရဲဒုက္ခရောက်ရပုံတို့ကို ဘဝပေးသင်ခန်းစာများအဖြစ်ရယူနိုင်ရေးသည် အရေးကြီးလှပါသည်။ ယနေ့ကျောင်းများတွင် အခြေခံပညာကို ကြိုးစားသင်ယူနေကြသော ကျွန်ုပ်တို့ကျောင်းသူ ကျောင်းသားများသည် မဝေးတော့သည့်အချိန်တွင် မိမိတို့ရည်မှန်းထားအပ်သော အနာဂတ်ပန်းတိုင်ဆီကို လျှောက်လှမ်းသွားကြရတော့မည်ဖြစ်ပါသည်။ ထိုခရီးတလျှောက် အဆင်ပြေချောမောစွာ လျှောက်လှမ်းသွားနိုင်ရန် ကျွန်ုပ်တို့သည် စည်းလုံးခြင်း၏အင်အားကို အားထားယုံကြည်ကာ ပန်းတိုင်အရောက်သွားနိုင်ရန် အရေးကြီးလှပါသည်။ ထိုစည်းလုံး ညီညွတ်မှုအားဖြင့်ပင် မိမိ၏ဘဝကိုအကောင်းဆုံးဖြစ်အောင် တည်ဆောက်သွားရပေမည်။ ထိုစည်းလုံးညီညွတ်မှုအားဖြင့်ပင် မိမိ၏မိသားစု၊ မိမိ၏ အမျိုးအနွယ်၊ မိမိ၏ရိုးရာယဉ်ကျေးမှု၊ မိမိ၏ တိုင်းနိုင်ငံကို ထိန်းသိမ်းစောင့်ရှောက်၍ ကြီးပွားတိုးတက်အောင် ကြိုးဆောင်ကြိုးပမ်းသွားနိုင်ရန် လိုအပ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် စည်းလုံးခြင်းသည် စစ်မှန်သော အင်အားတစ်ရပ်ဖြစ်သောကြောင့် ကျွန်ုပ်တို့သည် တကွဲတပြားမနေဘဲ တစ်ဦးနှင့်တစ်ဦး စည်းစည်းရုံးရုံး၊ ညီညီညွတ်ညွတ်နေထိုင်ရန် ကြိုးစားသင့်ကြပါသည်။ သို့မှသာလျှင် ကျွန်ုပ်တို့လူမျိုး၊ ကျွန်ုပ်တို့နိုင်ငံကို တိုင်းရင်းသားစည်းလုံးမှုအင်အားဖြင့် ကြီးပွားတိုးတက်အောင် ကြိုးဆောင်နိုင်ကြမည်ဖြစ်ပါသည်။

◆ ◆ ◆ ◆ ◆

|တပည့်အပေါင်း ဂုဏ်ထူးဆွတ်ခူးနိုင်ကြပါစေ။|

ဦးဝမ်ထိန်




# ပတ္တမြားငမောက်စာပေ မှ

ဝယ်ယူရရှိနိုင်သည့် ပညာရေးအထောက်အကူပြု
ဆရာကြီး **ဦးဝမ်ထိန်** ၏ ကျောင်းသားလက်စွဲ
သင်ရိုးသစ်၊ သင်ရိုးကုန်နှင့် Grammar, Letters & Essays
**(မြန်မာစာစီစာကုံးစာအုပ်များ)**

၁။ ကမ္ဘာ့နေ့ကြီး ရက်ကြီးများနှင့် မြန်မာ့နေ့ကြီးရက်ကြီးများ
၂။ အခြေခံပညာအထက်တန်းပြိုင်ပွဲဝင် စံပြစာစီစာကုံးများ
၃။ အခြေခံပညာအလယ်တန်း ပြိုင်ပွဲဝင် စံပြစာစီစာကုံးများ
၄။ အလယ်တန်း စံပြစာစီစာကုံးများ (သတ္တမတန်းနှင့် အဋ္ဌမတန်းအတွက်)
၅။ စံပြတက္ကသိုလ်ဝင် စာစီစာကုံးများ (နဝမတန်းနှင့် ဒသမတန်းအတွက်)
၆။ အလယ်တန်းနှင့် အထက်တန်း ကျောင်းသားများအတွက်
English Grammar With Letters and Essays
၇။ အလယ်တန်း အင်္ဂလိပ်စာ (100) Letters and Essays
(သတ္တမတန်းနှင့် အဋ္ဌမတန်းအတွက်)
၈။ အခြေခံမူလတန်းနှင့် မူလတန်းလွန် စံပြစာစီစာကုံးများ
(တတိယတန်း၊ စတုတ္ထတန်းနှင့် ပဉ္စမတန်း၊ အဋ္ဌမတန်းအတွက်)
၉။ တက္ကသိုလ်ဝင်တန်း မြန်မာစာ ဖြေဆိုရေးသားနည်းလမ်းညွှန်
၁၀။ A Guide To English New Course For X
၁၁။ တက္ကသိုလ်ဝင် အထက်တန်း
Grammer Letters and Essays
(နဝမတန်းနှင့် ဒသမတန်းအတွက်)

ကျောင်းစာကြည့်တိုက်အတွက် အလိုရှိ၍
မှာကြားလိုပါက အထူးလျှော့ဈေးနှုန်းဖြင့်
ကျောင်းအရောက် ပို့ပေးပါမည်

မှာယူရန်လိပ်စာ

**ပတ္တမြားငမောက်စာပေ**

အမှတ် (၁၆၈/မြေညီ)၊ ၃၃ လမ်း(အပေါ်)၊ ရန်ကုန်မြို့။
ဆိုင်ဖုန်း- ၃၈၆၄၀၈၊ ၀၉၅၁-၁၄၀၈၆၊ အိမ်ဖုန်း-၃၉၅၀၁၁၊ ၀၉၅၁-၁၄၀၈၇